အောင်ကျော်ကျော်

ဘာသာပြန်

ဆိုရန်တို ထောက်လှမ်းရေး



စ — ဆဲ : ဆဲ : ချင် :

S. AARONS

ASSIGMENT-

SORRENTO SIREN

စီစဉ်သူ

ကြွယ်ဇေယျကို

ဖြန့်ချိရေး

ဥက္ကလာစာပေ

အမှတ် ၂၈၁၊ ဒု/ယာ၊ လမ်း ၄၀ (အထက်)
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ဒို့တာဝန်အရေးသုံးဝါး

ပြည်ထောင်စု မပြို့ကွဲရေး – ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြို့ကွဲရေး – ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး – ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စာမူခွင့်ပြုချက်အမှတ် - ၇၅/၂၀၀၀ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၈၂/၂၀၀၀(၃)
၂၀၀၀ - ခုနှစ်
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၅၀-ကျပ်
မျက်နှာဖုံးဒီဇိုင်း - ဇော်ဇော်

ထုတ်ဝေသူ - ဦးသန်းဆွေ၊ စစ်သည်တော်စာပေ (၀၁၄၇၃)
၁၁၃၁/က၊ ဥယျာဉ်လမ်း၊ ၁၉-ရပ်ကွက်၊
ဒဂုံတောင်ပိုင်း၊ ရန်ကုန်မြို့။

မျက်နှာဖုံး - ဦးကျော်စိန်၊ ကျောက်စိမ်းအော့ဖ်ဆက်(၀၂၉၀၉)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း - မထိုက်ထိုက်အောင်၊ အောင်စေတနာပုံနှိပ်တိုက်၊
စာသားပုံနှိပ် (၀၅၇၀၄)၊ အမှတ် ၉၀၊ ဝေပုလွှ ၂-လမ်း၊
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

အခန်း (၁)

သည်ခရီးကို အဆင်မပြေမှု စဖြစ်ခဲ့ရသည်။ စထွက်ကတည်းက မှားနေ၏။

ဘန်ကောက်မှ ဥရောပနိုင်ငံများသို့ ပျံသန်းမည့်လေယာဉ်သည် လေးနာရီ နောက်ကျပြီး ထွက်ခွာခဲ့ရသည်။ အီစတန်ဘူးတွင်လည်း မိနစ်(၂၀)ရပ်နားခဲ့ရသေးသည်။ ဂျနီဗာသို့ ဆမ် ဂျူရယ် ရောက်သော အခါ ည ၈း၀၀ နာရီ ရှိနေပြီ။

သူသည် စီးပွားရေးသံမှူး အသွင်ဖြင့် သံတမန်ရေးရာနိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်လာခဲ့၏။ လေယာဉ်ကွင်းတွင် ပြည်ဝင်ခွင့်ကိစ္စများ ဆောင်ရွက်ပြီး ခရီးသည်များ နားနေခန်းသို့ ထွက်လာသည်။ အင်တွန်ပက်(ခ)နှင့် မမျှော်လင့်ဘဲ ဗြုန်းခနဲ မျက်နှာချင်းဆိုင် ဆုံမိသည်။

သည်အဖြစ်မျိုးက မလွှဲသာမရှောင်သာ ကြုံရတတ်သည်။ ကြိုတင်ပြင်ဆင် စီစဉ်ထားသည့် ကိစ္စများမှာပင် အမှတ်မထင်ဖြစ်ပေါ်တတ်သည်။ ပက်(ခ)လည်း ဂျူရယ်ကဲ့သို့ပင် အံ့အားသင့်သွားသည်။

ဆမ်ဂျူရယ်သည် ဘာမှမဖြစ်သကဲ့သို့ပင် ခရီးသည်များအကြား ဟန်မပျက် တိုးဝှေ့ထွက်လာခဲ့သည်။ သူ့အား အရေးပေါ် ဆောင်ရွက်ရန် အထက်မှ အမိန့်ပေးထား၏။ လေယာဉ်က နောက်ကျပြီးထွက်ခဲ့ရသဖြင့် အချိန်အတော် လစ်ဟင်းသော်လည်း ကော်ဖီတစ်ခွက်ကိုတော့ သောက်လိုက်သည်။

ထို့နောက် ဆေးလိပ်ဆိုင်ဆီသို့ လျှောက်လာပြီး အမေ
ရိကန် စီးကရက်တစ်ဘူး ဝယ်သည်။

သူ့နောက်သို့ ပက်(ခ) နောက်ယောင်ခံလိုက်လာသည်ကို
မသိဟန်ဆောင်ကာ ဈေးနှုန်းရရ ဆက်လျှောက်လာခဲ့သည်။ ချက်
နိုင်ငံသား ပက်(ခ)က သူ့နောက်လိုက်ပြီး ခြေရာခံဖို့ ဆုံးဖြတ်
လိုက်ပြီး ဖြစ်ဟန်ရှိ၏။

ချက်လူမျိုး ကေဂျီယူသည် ကြိုတင်သိရှိပြီး သူ့အား
လေယာဉ်ကွင်းမှ လာစောင့်နေတာမျိုး ဖြစ်နိုင်သည်။

ပက်(ခ)သည် အစစအရာရာ သတိစီရိယရှိသူ ဖြစ်သည်။
သည်လိုမျက်နှာချင်းဆိုင် ရုတ်တရက်တွေ့ဆုံလျှင် ဘာလုပ်ရမည်ကို
အမြဲတန်း ဖြင်ဆင်ထားပြီးသူ ဖြစ်သည်။ သူတို့ နှစ်ဦးစလုံးသည်
ဤလုပ်ငန်းတွင် သမ္ဘာရင့်နေကြပြီ။ဂျူရယ်၏ မျက်နှာကိုမြင်လျှင်
မြင်ချင်း သူမှတ်မိသည်။ တစ်ပြိုင်တည်း သူဘာလုပ်ရမည်ကို ဆုံး
ဖြတ်ပြီးသား ဖြစ်သည်။ ဂျီနီဗာလေဆိပ်သို့ ဂျူရယ် ရောက်လာ
သည်ကို တွေ့လိုက်သည်နှင့် ကေဂျီယူ အစီအစဉ်များကို ပြောင်း
လဲပြင်ဆင်ရန် ဆုံးဖြတ်ပြီးဟန် ရှိသည်။

ဆမ်ဂျူရယ်က အများသုံး တယ်လီဖုန်းကို အသုံးပြုရန်
တယ်လီဖုန်းရုံကလေးထဲသို့ ဝင်သွားပြီး ၆၁၊ ၅၁၊ ၆၁ ဂဏန်း
များကို လှည့်လိုက်သည်။ ခရီးသည်များ နားနေခန်းသည် မီး
ရောင်များဖြင့် ထိန်ထိန်လင်းနေသည်။

စက်တင်ဘာလဆန်းပိုင်းတွင် ဂျီနီဗာရေကန်ကြီးကို ဖြတ်
သန်း တိုက်ခတ်လာသော လေသည် စိမ့်စိမ့်ကလေး အောနေပြီ
သို့သော် တယ်လီဖုန်းရုံကလေးထဲ၌ ပူအိုက်သလိုရှိ၏။

'ချက်အယ်လန် ပန်းချီပြခန်းကပါရှင်'

အမျိုးသမီးအသံကို ကြားရသည်။

'ဘန်ကောက်က အထုပ်ကြီးတစ်ထုပ် ရောက်နေပါတယ်'

ဆမ်ဂျူရယ်က ပြောလိုက်သည်။

တစ်ဖက်က ဘာသံမျှမတုံ့ပြန်ဘဲ အသက်ရှူသံသာ ကြား
ရပြီးမှ....

'ဆမ်လား'

'ဟုတ်တယ်'

'လေယာဉ် နောက်ကျသလား'

'အင်း....'

'ကြိုဆိုပါတယ်၊ ဆမ် ဒီကိုရောက်လာပြီဆိုတော့ ကျွန်မ
သိပ်ဝမ်းသာတာပဲ၊ နေကောင်းရဲ့လား ဆမ်'

'နေကောင်းပါတယ် အယ်လန်၊ မင်းကော'

'ကောင်းပါတယ်၊ ဆမ့်ကိုပဲ ကျွန်မတို့ စောင့်မျှော်နေကြ
ပါတယ်၊ ကျွန်မတို့ အချိန်သိပ်မရှိဘူး၊ လုပ်ငန်း မစ,ရသေးဘူး၊
ရှင့်ကိုရွေးချယ်ပြီး လွှတ်လိုက်တယ်ဆိုတော့ အားလုံး အဆင်ပြေ
နိုင်တာပေါ'

'မင်းရဲ့ လေသံအရဆိုရင် အလုပ်က အတော့်ကို ခက်ခဲ
မယ်နဲ့ တူတယ်'

'ဘယ်တုန်းကများ လွယ်လွယ်ကူကူ ဖြေရှင်းရဖူးလို့လဲဆမ်'

ဆမ်ဂျူရယ်က စကားဖြန်မပြောဘဲ ခဏ နေလိုက်သည်။
ပက်(ခ) လျှောက်လာသည်ကို တယ်လီဖုန်းရုံ မှန်တံခါးမှ တွေ့
မြင်နေသည်။ သစ်သားစည်ပိုင်းကြီးတစ်လုံး သူ့ဆီကို လိမ့်လာ
နေသလို လာနေသည်။ ပက်(ခ)သည် အတော်အိုဆာသွားပြီလို့
ဆမ်ဂျူရယ် ထင်မိ၏။

သို့သော် တင်းမာနေသော သူ့မျက်နှာနှင့် မာကျော
သော အောက်နှုတ်ခမ်းတို့သည် ယခင်အတိုင်း မိုက်မိုက်မဲမဲ လုပ်
မည့်အသွင်ကို ဆောင်လျက် ရှိနေသေးသည်။ ဤလုပ်ငန်းသည်
မိမ်တို့အား အရှယ်ကျစေသည်။ သက်တမ်းတိုစေသည်။ အန္တရာယ်
ကြီးမား၏။

သူသည် တယ်လီဖုန်းကို မျက်နှာပြန်မူလိုက်သည်။

'အယ်လန်၊ မင်း.... ဂျီနီဗာက နောက်ဆုံးထွက်ခွာသွား
ခဲ့တာ သုံးနှစ်တောင် ရှိသွားပြီနော်၊ အခုလို ပြန်ရောက်လာလိမ့်
မယ်လို့ မထင်ခဲ့ဘူး'

'ဟုတ်တယ်၊ မတွေ့ရတာ အတော်ကြာခဲ့ပြီ'

'ပက်(ခ)က ဘာဖြစ်လို့ လေယာဉ်ကွင်းက လာစောင့်နေ
ာလဲ'

'ဘယ်သူ....'

'ဗိုလ်မှူး အင်ဟွန်ဖက်(ခ)၊ ချက်ကိုစလိုဗေးကီးယား
ည်၊ နိုင်ငံတော်လုံခြုံရေးဌာနဖြစ်တဲ့ ကေယူဂျီက လူလေ၊ ပြည်ပ
ိုင်တွေမှာ အလုပ်လုပ်တဲ့ လူပေါ့၊ မြေနိမ့်ဗိုင်း ဒေသတွေမှာ
ထွူတွင်းဆိုင်ရာ စက်မှုအတတ်ပညာရှင် တစ်ယောက်အဖြစ်
ကာအကွယ်ယူပြီး လှုပ်ရှားခဲ့တယ်၊ လူသတ်လက်နက် ဌာန
စ်ခုမှာ ခေတ္တ အကြီးအကဲဖြစ်ခဲ့သေးတယ်၊ သူဟာ အမ်စတာ
ဒ်မှာ ဘော်ဘီလန်စထရောင်းကို သတ်ခဲ့တယ်ဆိုတာ မှင်းမှတ်မိ
ားရဲ့လား'

'သူ ရှင့်ကို မြင်သွားသလား'

အယ်လန်က စိုးရိမ်ကြီးစွာ မေး၏။

'မြင်သွားရုံတင် ဘယ်ကမလဲ၊ မျက်နှာချင်းဆိုင် တည့်တည့်
ဦး တိုးမိကြတယ်၊ အခု ဆယ်မိနစ်ရှိပြီ၊ ငါ့နောက်က မခွာဘဲ
က်နေတယ်၊ ဘာကြောင့်လဲ'

'ကျွန်မ မသိဘူး ဆမ်'

'မင်းနေရာက အနှောင့်အယှက်ကင်းရဲ့လား'

'ကင်းပါတယ်၊ ပန်းချီပြခန်းပဲ'

'ဗိုလ်မှူး ပက်(ခ) အဲဒီနေရာကိုသိလား'

'ရှင် ကြုံနေတာက တိုက်ဆိုင်မှုခဲ့ တူပါတယ်၊ နားထောင်
မ်းပါ၊ကျွန်မတို့ အချိန်သိပ်များများမရဘူး၊သူ့ ကို မျက်ခြည်ဖြတ်
ပြီး တတ်နိုင်တဲ့နည်းနဲ့ ဒီကို အမြန်ဆုံးရောက်အောင်လာပါ'

'ကောင်းပြီ အယ်လန်'

တယ်လီဖုန်းကို ပြန်ချလိုက်သည်။ အန်တွန်ပက်(ခ)သည်
ကာင်တာအနီးမှ ဆေးလိပ်ဆိုင်ကလေးတွင် ဒတ်(ချ)ဆေးပြင်း
ိပ်များ ဝယ်နေသည်။ ဂျူရယ်က တခြားဘက်သို့ ထွက်လာခဲ့
ည်။ပက်(ခ) နောက်ယောင်ခံ လိုက်မလာ။

ဂျူရယ်သည် အမြဲတမ်း သတိကြီးစွာ ထားတတ်သူ ဖြစ်
သည်။ သူ တယ်လီဖုန်း ပြောနေစဉ် ကေဂျီယူက မျက်ခြည်ပြတ်
မခံဘဲ အကဲခတ်နေ၏။ ထို့ကြောင့် သူ့မှာ အချိန်တွေပိုနေသည့်
ဟန်ဖြင့် ခရီးသည်နားနေဆောင်ထဲမှ စားသောက်ဆိုင်ထဲ ဝင်ပြီး
ကော်ဖီနှင့် အသားညှပ်ပေါင်မုန့် မှာလိုက်သည်။

ဂျူရယ်သည် အရပ်အမောင်းကောင်း၏။ ကိုယ်လုံး ကိုယ်
ထည် တောင့်တင်းပြီး အနားကောင့်းမောင်းသန် ယောကျ်ားပီသ
သည်။ အနက်ရောင်ဆံပင်တွင် နားထင်စပ်၌ ဆံဖြူအနည်းငယ်
ရောယှက်နေသည်။

သူ့မျက်နှာသွယ်သွယ်တွင် နက်ပြာရောင်မျက်လုံးအစုံသည်
တည်ငြိမ်စွာ အရောင်တောက်နေ၏။ အားကစားလိုက်စားသူပီပီ
သွက်သွက်လက်လက် လှုပ်ရှားတတ်သည်။ သန်မာသော လက်ဝါး
နှစ်ဖက်သည် နယူးအော်လင်းပြည်နယ် မြေနိမ့်ပိုင်းတွင် နေထိုင်
သော သူ့အဘိုး ဂျိုးနဲ့သန်၏ မျိုးဆက်အမွေအနှစ် ဖြစ်သည်။

သူသည် ဗဟိုထောက်လှမ်းရေးအဖွဲ့မှ ကေ ဌာနစိတ်၏
ဒုတိယအကြီးအကဲဖြစ်သည်။ ထိုတာဝန်ကို မယူမီက ပင်တာဂွန်
တွင် စစ်ဆင်ရေးမှူးအဖြစ် ပူးတွဲတာဝန်ယူခဲ့ရသည်။ ဥရောပတွင်
( ) အဖွဲ့နှင့် နှစ်ပေါင်း အတော်ကြာ အလုပ်လုပ်ခဲ့ရသည်။
ယခုတိုင် သူသည် တစ်ကိုယ်တည်းသမား ဖြစ်၏။ နောက်ဆုံး ဘယ်
လို ဘဝမျိုးနှင့် ရပ်တည်ခဲ့မည်ကို သူ မျော်မှန်းကြည့်ရှု မရနိုင်
သေး။

စားပွဲထိုးနှင့် စကားပြောနေသည်မှာ ဆယ်မိနစ်ခန့် ကြာ
သွား၏။ အစားအသောက်များကို စားပွဲပေါ် တင်ထားခဲ့ကာ
ခရီးသည် နားနေခန်းထဲမှ ထွက်ခဲ့သည်။ နောက်ကြောင်း
လုံးဝ မကြည့်တော့ဘဲ အင့်ကားများရှိရာသို့ တန်းတန်းမတ်
မတ် လျှောက်ခဲ့ပြီး အနီးဆုံး ကားထဲသို့ ဝင်ထိုင်လိုက်၏။

ကွိဂျူမောင့်အလွန်မှ အနောက်ဘက်ကမ်းပြတွင် ရှိသော
ဒီလာဖစ် ဟိုတယ်သို့မောင်းရန် ပြောလိုက်သည်။

သာလမ်းမကြီးပေါ်သို့ ရောက်နေပြီ။ ပန်းချီပြခန်း အရောင်းဆိုင်သည့် လမ်းမကြီး၏ လမ်းသွယ်အတွင်းမှ တိုက်အမှတ် (၇) ဖြစ်သည်။

ပန်းချီပြခန်းဆိုင်သည် လမ်းကျဉ်းကျဉ်းမြင့်မြင့် ဖြစ်၏။ အလယ်ခေတ် အဆောက်အဦးများ အကြားတွင် ဖိညှပ်ထားခြင်း ခံနေရသလို ရှိသည်။ မြေညီထပ်ကို ပြန်လည်ပြုပြင်ပြီး ဆိုင်ခန်း ဖွင့်ထားသည်။

အုတ်ကြွပ်မိုးပြီး ကျောက်ပြားမျက်နှာကြက်များ တပ်ဆင်ထားသော အပေါ်ဆုံးထပ်မှာ သတင်းယူ၊ သတင်းပို့ရာ ဆက်သွယ်ရေးဌာန ဖြစ်သည်။ ရေဒီယိုအသေးစားလေးများတပ်ဆင်ထား၏။ ထိုအခန်း၏အောက်ထပ်သည် ဆက်သားများအတွက် အိပ်ခန်းများဖြစ်သည်။ အစည်းအဝေးခန်းလည်း ရှိ၏။ ထိုအထပ်နှင့် ပန်းချီဆိုင်ခန်းအကြားမှပထမထပ်သည် အယ်လန်၏ကိုယ်ပိုင် အခန်း ဖြစ်သည်။

အယ်လန်ကို ဌာနတာဝန်ခံဒစ်တင်ဆန့်မက်ဖီးကလွှန်ခဲ့သည့် ခြောက်နှစ်က အလုပ်ခန့်ခဲ့သည်။ ဂျူရယ်ကိုယ်တိုင် ထောက်ခံချက်ပေးခဲ့သည်။ ထိုစဉ်က အယ်လန်မှာ ဂျနီဗာ တက္ကသိုလ်တွင် ကျောင်းတက်နေသော တက္ကသိုလ်ကျောင်းသူ မိန်းမချောတစ်ဦး ဖြစ်သည်။ သူမက သွက်လက်ချက်ချာသည်။ တည်ငြိမ်သည်။ အနုပညာ ဝါသနာပါသည်။

ထို့ကြောင့် ချက်အယ်လန် ပန်းချီပြခန်းကိုထူထောင်ခဲ့၏။ အမေရိကန်နိုင်ငံသူအဖြစ်မှ စွန့်လွှတ်ပြီး 'ကေ'ဌာနစိတ် အတွက် အလုပ်လုပ်ပေးသည်။ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးမားလှသည့် လုပ်ငန်းကို ဆောင်ရွက်ပေးခဲ့သည်။

ဆမ်ဂျူရယ် ရောက်လာချိန်တွင် ဆိုင်ပိတ်ထားသည်။ သူ ဆိုင်ရှေ့မှ ဖြတ်လျှောက်လာသည်။

အနည်းငယ်ပွင့်နေသော အစိမ်းရောင်တံခါးတစ်ခုကို တွေ့သည်။ အပေါ်ထပ်သို့ တစ်ဆက်တည်း တက်သွား၏။ ဒုတိယထပ်

သူ့ကို နောက်မှလိုက်၍ ထောက်လှမ်းနေသည် ဟူသော အတွေးကို ဖျောက်ဖျက်ပစ်လိုက်ပြီးသက်သောင့်သက်သာနေလိုက် သည်။ ပန်ကောက်တွင် မုတ်သုန်ရာသီ၏ အိုက်စပ်စပ် အပူဒဏ်ကိုခံ နေခဲ့ရာမှ ဆွစ်ဇာလန်နိုင်ငံ၏ စက်တင်ဘာလေအေးအေးအရသာ ကို နှစ်နှစ်ခြိုက်ခြိုက် ခံစားလိုက်သည်။ ဂျနီဗာမြို့လယ်ရှိလမ်းမျာ သည် လျှင်စစ်မီးရောင်များဖြင့် ထိန်ထိန်လင်းနေ၏။ လမ်းသွား လမ်းလာများဖြင့် စည်ကားနေ၏။ အလုပ်သမားနေ့မှစ၍ ကမ္ဘာ လှည့် ခရီးသည်များအလာ ကျဲသွားသည်။ တွေ့မြင်နေရသော အမေရိကန်အများစု ဆွစ်ဇာလန်တွင် အပြန်ထိုင်သူများဖြစ်ကြ သည်။

သူသည် အဌားကားပေါ်မှဆင်းလာပြီး ဒီလာဖစ်ဟိုတယ် ရှိ ညှော်ခန်းဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။ မကြာ ညှော်ခန်းမှ ပြန်ထွက်လာပြီး နောက်ထပ် အဌားကားတစ်စီး ငှား၏။ ဆိပ်ကမ်းလမ်းအတိုင်း မောင်းနှင်စေသည်။ ရပ်ကွက်များ အကျော်တွင် ကားပေါ်မှဆင်းလေသည်။ ညာဘက်သို့ ကွေ့ပြီး ဘာဂူးဆိုင်ကမ်းအတိုင်း လျှောက်လာသည်။ ပွန်ဒီအီစလီလမ်းကို ဖြတ်ပြီး ဂရန်းပြတိုက်ရှေ့သို့ သွားသော ဂူလီလာကော်ရက်ကာ လမ်းအတိုင်း ပြန်လျှောက်လာပြန်သည်။

ယခု သူ့ကို နောက်ယောင်ခံလိုက်မည့်သူ မရှိတော့ပြီ။

ချက်အယ် ပန်းချီပြခန်းသည် စီအိုင်အေအဖွဲ့အတွက်လုံခြုံရာ နေရာတစ်ခုဖြစ်သည်။ ဤနေရာမှ အယ်လန်အမ်းဘရစ်သည်သတင်း အဖို့အယူ လုပ်ပေးသည်။

ဂျူရယ်သည် တက္ကသိုလ်ပန်းခြံကို ကွေ့ဝိုက်ပြီး ဆင်ခြေ လျော ကျောက်တုံးလှေကားထစ်များမှ ဆင်းကာ ဂရန်းရွာလမ်း သို့ ရောက်လေသည်။

ညနေချမ်းလေသည် ငြိမ်းအေးစွာ တိုက်ခတ်လျက်ရှိသည်။ လွန်ခဲ့သည့် ရာစုနှစ်များကို ပြန်လည် သတိရစေသော ဆောင်ဒီဖိုး ရွှေဟောင်း ပန်းခြံကြီးဝန္ဓအရောက်တွင် ဘယ်သို့ကွေ့လိုက်သည်။ နောက်တစ်ခါ ဘယ်ဘက်သို့ ထပ်ကွေ့လိုက်သောအခါ ရှေ့စိန့်ပီ

တံခါးကို အသာခေါက်ပြီး အချက်ပေးလိုက်သည်။ အယ်လန်က သူ့ကို ဝင်ခွင့်ပြု၏။

'ဟယ်လို....ကျွန်မ ကြိုဆိုပါတယ်ရှင်'

'မင်းနဲ့တွေ့ရတာ ဝမ်းသာပါတယ်'

'ဝင်ခဲ့လေ၊ ပက်(ခ)ကို ဘယ်လိုလုပ်ပစ်ခဲ့လဲ'

'မျက်ခြည်ဖြတ်ထားခဲ့တယ်'

'ဒီလူဟာ ကျွန်မကို ထိတ်လန့်အောင် အမြဲတမ်း လုပ်ခဲ့တယ်၊ ဘော်ဘီစထရောင်းကို တကယ်ပဲ သူသတ်သလား'

'ငါတို့ အဲဒီလိုပဲ ယူဆကြတယ်'

သူမက ဦးဆောင်၍ ခန်းမကြီးထဲသို့ ဝင်လာကြသည်။ အယ်လန်သည် ယခင် သုံးနှစ်ကနှင့် မတူ။ ကိုယ်လုံးကိုယ်ထည် အချိုးကျ၊ တောင့်တင်းလာပြီး စိုစိုပြည်ပြည် ဖြစ်နေသည်။ သူမသည် ပိုးသားပျော့အင်္ကျီအဖြူဝတ်ထား၏။ ပြင်သစ်ပြည်လုပ် ဖိနပ်ကို စီးထားသည်။ သူ့ကိုယ်မှရေမွေးနံ့ ပျော့ပျော့က သင်းပျံ့နေ၏။ အရပ်မြင့်ပြီး ပခုံးနှစ်ဖက်က ဖြောင့်တန်းလျက် ရှိသည်။ နက်မှောင်သောဆံပင်နှင့် အညိုရောင် မျက်လုံးအစုံသည် သူမ၏ တည်ငြိမ်ဆက်မြက်မှုကို ရောင်ပြန်ဟပ်နေသည်။

'ထိုင်ပါဆမ်၊ အနားယူလိုက်ဦး'

သူမ၏အသံသည် လည်တိုင်တွင်းမှ တိုးညင်းစွာ ထွက်လာသည်။ ညွှေ့ခန်း မီးရောင်အောက်တွင် သူမမျက်နှာ မြင်ရသော အခါ သူမငိုထားသည်ဟု ဂျူရယ် ယူဆသည်။ အသေအချာတော့ မသိနိုင်။

အလွန် စိတ်သောကရောက်နေပုံ ရသည်။ သူမ အားယူ၍ ပြုံးနေသည်။

'ဗန်ကောက်ကနေ ခရီးရှည်ကြီး ပြန်ခဲ့ရတယ်နော်'

'ကမ္ဘာကြီးဟာ တစ်နေ့တခြား သေးငယ်လာပါပြီ'

'လက်လှမ်းမီတဲ့နေရာမှာ တခြားသူတွေရှိရှဲသားနဲ့ ဆမ့်ကို ရွေးချယ်ပြီးလွှတ်လိုက်တော့ ကျွန်မ သိပ်ဝမ်းသာတာပဲ'

'မင်းသားကြီး သုဇဏ္ဏဖန်ရဲ့ သတ္တုတွင်း နယ်မြေထဲမှာ အလုပ်လုပ်နေတဲ့ စီးပွားရေးမစ်ရှင်အဖွဲ့ကို ပက်(ခ)ရဲ့ လူတွေက အကူအညီပေးနေတယ်၊ သတ္တုတန်ငါးရာ ဝယ်ယူရေးမှာ ဝိုင်းဝန်းလုပ်အားပေးနေရတယ် ဆိုပါတော့၊ အဲဒီမှာ ချက်တွေလဲတူးဖော်နေကြတယ်၊ ပက်(ခ) တစ်ယောက် လေယာဉ်ကွင်း ရောက်နေတာဟာ ဒီအကြောင်းနဲ့ဆက်စပ်များနေသလား'

'ဒီကသတင်းပေါက်ကြားလို့ လေယာဉ်ကွင်းမှာ ပက်(ခ) လာစောင့်နေသာတော့ မဖြစ်နိုင်ဘူး၊ ဗန်ကောက်က ပေါက်ကြားတာ ဖြစ်ချင် ဖြစ်မယ်၊ ဒါပေမယ့် မတော်တဆ မှတ်မထင်တွေ့ဆုံတာမျိုးလဲ ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် သိပ်တော့ မကောင်းဘူး၊ သုဇဏ္ဏဖန် ကိစ္စအတွက် ဆမ် လာတာကို သူ သိများသွားမလား'

'အခုံ ငါသိထားတာတွေထက် နောက်ထပ် သိစရာတွေ ရှိဦးမယ်'

'ဗန်ကောက်မှာတုန်းက သူ့ကို အသေအချာမပြောလိုက်ဘူးလား'

'မနေ့ညက လေယာဉ်ပေါ်ကို ချက်ချင်း တက်ခဲ့ရတယ်၊ ဒီရောက်မှ ဇာတ်လမ်းစုံကို မင်း ပြောပြလိမ့်မယ်လို့ မှာလိုက်တယ်'

'ကောင်းပြီလေ၊ ဒီအမှုက ကျွန်မလက်ထဲမှာ ရှိပါတယ်၊ အမှန်အကန်တွေပါ၊ သံမှူးရုံးက စိုင်းလတ်ဟုန်ဆန်ပါ ဒီကိစ္စကို ပူးတွဲစုံစမ်းနေတယ်၊ စိုင်းလတ်ကိုသိလား'

'ပြည်ပရောက်နေတဲ့အက်ဖ်ဘီအိုင်သံမှူးကိုပြောတာလား၊ ငါ သိတယ်'

'သူ့ကို ဘဝင်မကျဘူးလား'

'နှစ်ပေါင်းအတော်ကြာ တို့နှစ်ယောက် အတူ အလုပ်လုပ်ခဲ့ဖူးတယ်၊ ရာဇဝတ်မှုပြဿနာရှိလား'

'စိုင်းကတော့ ရာဇဝတ်မှုလို့ပဲ စဉ်းစားတယ်၊ သူတို့ရုံးအဖွဲ့အနေနဲ့ နိုင်ငံတော်က ပေးထားတဲ့ အခွင့်အရေးကို လိုသလိုသုံးချင်တယ်၊ သူ့ကိုတော့ အသေးစိတ် ပြောမပြဘူး၊ ဆမ့်ကိုပဲ ပြောပြ

ယ်လို့ ကျွန်မစဉ်းစားထားပါတယ်၊ သူနဲ့အတူ ဆမ် အလုပ်လုပ်ရ
လိမ့်မယ်'

အယ်လန်၏ အသံသည် အနည်းငယ် တင်းမာလာသည်။ သူမ၏ အညိုရောင်မျက်လုံးများ အောက်ဘက် မျက်ရစ်များတွင် ခရမ်းနုရောင် ခြယ်သထားသည်ကို မတွေ့ရ။ ဂျူရယ်သည် သူမကို အကဲခတ်ကြည့်မိသည်။

အိမ်ရှေ့ဘက် ပြတင်းပေါက်မှ တိုးဝင်လာသည့် တက္ကသိုလ် ကျောင်းသားများ သီဆိုနေသော သီချင်းသံကို ကြားနေရလေသည်။

သူမသည် ပြောင်းဆန်ဖြင့် ချက်လုပ်ထားသော အရက်ကို ဖန်ခွက်ထဲသို့ လောင်းထည့်လိုက်ပြီး ဂျူရယ်အား လှမ်းပေးလိုက်သည်။ သူမလက်မှာ မသိမသာ တုန်လှုပ်နေ၏။ အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်နေရပုံ ရှိသည်။ စင်စစ် သူမသည် အမြဲတမ်း ကိုယ့်ကို ကိုယ် ယုံကြည်သူဖြစ်သည်။ လူတိုင်းနှင့် သင့်မြတ်အောင် ပေါင်းသင်း ဆက်ဆံတတ်သည်။

'ဒီမှာ အယ်လန်၊ မင်း ဘာဖြစ်နေတာလဲ'

'ကျွန်မ ဂနာမငြိမ် ဖြစ်နေတယ်ဆိုတာ ကျွန်မကိုယ် ကျွန်မ ဆိုပါတယ်၊ ဒါကို ဆမ် တွေ့မှာပေါ့၊ ရှင်ဟာ လူတစ်ယောက်ရင်ထဲမှာ ဘယ်လို ခံစားနေရတယ်ဆိုတာ ချက်ချင်း အကဲခတ်တတ်သူပါ၊ ကျွန်မ သည်းခံတတ်ပါတယ်၊ အခုတော့ ဖိစီးမှုဒဏ်ကို မခံနိုင်စော့ဘူး၊ ဒီမီးဟာ ဘယ်တော့မှ လျော့နည်းသွားမှာ မဟုတ်ဘူး၊ ဘယ်တော့မှ အဆုံးမသတ်တော့ဘူး'

ဆမ်ဂျူရယ်က ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီး....

'ဒါဟာ တို့ ကျင်လည်နေရတဲ့ ကမ္ဘာပဲ၊ အရင်တုန်းက တစ်ခါမှ မင်း ဒီလိုစိတ်သောက မဖြစ်ခဲ့ဖူးပါဘူး'

'ဟိုတုန်းက ဒီအဖြစ်မျိုးနဲ့ ကျွန်မ တစ်ခါမှမကြုံတွေ့ခဲ့ဖူးပါဘူး'

'မင်းကိုယ်တိုင် ဒီအမှုမှာ ပါဝင် ပတ်သက်နေသလား အယ်လန်'

'ဟင့်အင်း....ဒါပေမယ့် ဆိုပါတော့ ဒီအလုပ်ဟာ အရင်ကတော့ ကောင်းမွန်တဲ့ အလုပ်လို့ ကျွန်မ ယူဆမိတယ်၊ အခုခံမှုန်းလာပြီ၊ ကျွန်မနှိုင်းကိုပဲ ပြန်ချင်ပြီ၊ ကျွန်မကို ဒီအနှောင့်အဖွဲ့က ကြိုးဖြေလွှတ်ပေးပါတော့လို့ ကျွန်မရဲ့ဌာနမှူးကို တင်ပြခဲ့တယ်၊ ကျွန်မရဲ့ဇာတိ အလီန္ဒိုက်ပြည်နယ်ကိုပဲ ပြန်ချင်တယ်၊ လူတိုင်းလိုပဲ သာမန်ဘဝနဲ့ အေးအေးဆေးဆေး နေချင်လာပြီ၊ အီလန်လမ်းက ပျဉ်ချပ်မိုးအိမ်တလေးမှာပဲ ပြန်နေချင်စာယ်၊ ကျွန်မဘဝ ဘယ်လို နိဂုံးချုပ်ရမလဲလို့ စဉ်းစားရတာ ပင်ပန်းလှပါပြီ ဆမ်၊ အမ်စတာဒမ်က ဘော်ဘီလန်စထရောင်း အသတ်ခံရမှု၊ ဟောင်ကောင်မှာ ဂျွန်ပီတာ ရေနစ်သေတဲ့အမြွှစ်၊ လန်ဒန် မြေအောက်ရထားလမ်းမှာ အီလီအော့စ်ဂျာမီးရထားအတိုက်ခံပြီး သေခဲ့ရပုံ၊ ပြီးတော့ ဘယ်တော့မှ သတင်းမရဘဲ ပျောက်ဆုံးသွားကြတဲ့ သူတွေအကြောင်း၊ ဒါတွေကိုတွေးမိတိုင်း ကျွန်မအဖြစ်က ဝေဒနာအပြင်းအထန် ခံစားရပါတယ် ဆမ်'

'စိတ်ညစ်စရာတွေ မစဉ်းစားပါနဲ့၊ စိတ်ချမ်းသာအောင် သာနေပါ'

'စိတ်မကောင်းပါဘူး ဆမ်၊ ဒါဟာ မိန်းမသားတွေလုပ်ရမယ့် အလုပ် မဟုတ်ဘူး'

'မိန်းမသားတွေနဲ့မှ သင့်တော်တဲ့ အလုပ်တွေ, နေရာတွေ ရှိပါသေးတယ်'

'ကျွန်မအားလုံး နားလည်နိုင်အောင် ကြိုးပမ်းခဲ့ပါတယ်၊ ဒါပေမယ့်....'

'မင်းပြောချင်တာက ဒီအလုပ်က ထွက်ဖို့ စီစဉ်နေတယ်ပေါ့၊ အပြင်လူတစ်ယောက်နဲ့ လက်ထပ်ဖို့ဆိုတာလဲ ငါကြားပါတယ်၊ သူ့နာမည်က ဂျက်တောဘွတ် တဲ့လေ'

'ဟုတ်တယ်'

'သူနဲ့မင်း အဆင်မပြေဘူးဆို'

'အဲဒါထက် ပိုဆိုးပါတယ်'

'ဘာတွေဖြစ်နေကြလို့လဲ'

'သူနဲ့ပတ်သက်လို့ ဆမ့်ကို ခေါ်ရတာပဲ၊ မင်းသားကြီး သူဝဏ္ဏဖန်ရှရှေးဟောင်းပန်းချီကားတွေ ဂျနီဗာမှာအဝိုးခံရတယ်၊ သူ့ကို စွပ်စွဲထားတယ်၊ သတ္တုဝယ်ယူရေးလုပ်ငန်းမှာလဲ အကြီးအကျယ် အထိုးနှက် ခံနေရတယ်၊ အခု ဂျက် ပျောက်နေတယ်၊ ပန်းချီကားတွေလဲ ခြေရာပျောက်နေတယ်၊ ပန်းချီကားတွေကို ရှာရမယ်၊ ဂျက်ကို ဖော်ကောင်လုပ်ရမယ်၊ ကျွန်မတို့ လူသတ်ရမယ်'

☆

အခန်း (၂)

အယ်လန်သည် သူမ၏ ဧဧနာကို ရင်ဖွင့်ကြေညာခဲ့သည်။ ဤအဖြစ်သည် မကောင်းဟု ဂျူရယ် ယူဆ၏။ အယ်လန်သည် အလုပ်နှင့် ပတ်သတ်၍ နာမည်ကောင်း ရထားသူ ဖြစ်သည်။

ခါရှင်တန်မြို့အင်နာပိုလစ်လမ်း၊ နံပါတ် ၂၀ တွင်ရှိသော 'ကေ' ဌာနစိတ် ဗဟိုဌာန သူမ၏ ကိုယ်ရေးမှတ်တမ်းရှိ၏။ ဒုတိယ အကြီးအကဲအနေဖြင့် ဂျူရယ်အသေးစိတ် သိသည်။

အယ်လန်အမ်းတရစ်၊ အိမ်ထောင်မရှိ၊ အသက် ၂၆ နှစ်၊ ပြင်သစ်နိုင်ငံ၊ ဆော်ကုန်းမြို့တွင် ပန်းချီ နှစ်နှစ် သင်တန်းတက်ပြီး၊ ရေဆေးပန်းချီအနုပညာဘွဲ့ရခဲ့သည်။

မိဘများ ကွယ်လွန်၊ တစ်ဦးတည်းသော သမီး၊ နေထိုင်ခဲ့ရာ မြို့မှာ စပရင်းဖီးအီလီနွိုက်၊ အရပ် ၅ပေ ၇လက်မ၊ ကိုယ်အလေးချိန် ၁၁၈ ပေါင်၊ ဘယ်တက်ပခုံးတွင် မွေးရာပါ အမှတ်တစ်ခုရှိသည်။ ဆော်ကုန်းမြို့တွင်ပန်းချီသင်တန်းတက်စဉ်က ကားပွဲစားလုပ်ခဲ့၊ အောင်မြင်မှုရှိ။

သပ်သပ်ရပ်ရပ်ဝတ်စားတတ်သည်၊ ဆံပင်နီညို၊ မျက်လုံးညို၊ အသားအရည် စိုပြေ၊ မရီလင်းလယ်ယာသင်တန်း တက်ခဲ့သည်။ ဂျူဒိုတတ်၊ လက်နက်ငယ် ပစ်ခတ်ရာတွင် အေအာင့်ရ၊ ခေးမြောင်အသုံးချနည်း ကျွမ်းကျင်၊ စိတ်ပညာ စမ်းသပ်မှု၌ ၇၂၀ အမှတ်ရ၊ အပိုတတ်ကျွမ်းသောဘာသာ ပြင်သစ်၊ ဂျာမန်၊ ရုရှား။"

'အယ်လန်'

ဂျူရယ်က အယ်လန်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ခေါ်လိုက်လေသည်။

သူမ ကြိုးစားပြုံးလိုက်သည်။

'ကျွန်မ နားမလည်နိုင်ပါဘူး၊ ဆမ် ဘယ်ပုံ ဘယ်နည်း ခရီးဆက်မှာလဲ'

'ဖြစ်တဲ့နည်းနဲ့ ငါတို့ရှေ့ဆက်လျှောက်ကြရမှာပဲ၊ ဒါဟာ အလုပ်ပဲ'

'ဒီခရီးဟာ မှောင်မိုက်တယ်၊ ကြမ်းတမ်း လျှို့ဝှက် ချက်တွေများတယ်၊ အန္တရာယ်ကြီးမားတယ်၊ ဘယ်တော့မှလဲ မဆုံးနိုင်ဘူး'

'ဟုတ်တယ်...ဘာပဲဖြစ်ဖြစ် ရှေ့တိုးရမှာပဲ'

'ဂျက်တောဘွတ်အကြောင်း ပြောပါ'

'ကျွန်မ စိတ်ဓာတ် ချောက်ချား နေပါတယ်၊ ကိုယ်ရေး ကိုယ်တာအတွက် ဘေးရန်များလွန်း နေတယ်ဆိုတာလဲ နားလည်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ဆမ်ကို မထိခိုက်စေရပါဘူး၊ ကျွန်မထိုက်နဲ့ ကျွန်မကံပဲ ရှိပါစေ'

'မင်းကို ငါယုံကြည်ပါတယ်၊ မင်း အဲဒီ လူငယ်အပေါ် သံယောဇဉ် တွယ်မိနေပြီလား'

'ဟုတ်ပါတယ်၊ အခုထိ သံယောဇဉ် မပြတ်နိုင်ပါဘူး'

'တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်း ဒွန်ပန်းချီကားတွေကို သူခိုးယူသွားတယ်လို့ မင်းထင်သလား'

'ဟုတ်ကဲ့၊ သူလို့ပဲ ထင်ပါတယ်'

'ဒါဟာ မင်းအတွက် ထောင်ချောက်တစ်ခုပဲ အယ်လန်'

'ဆမ့်ကို စောင့်ရင်း ဒီအကြောင်းကို တစ်နေ့လုံး ကျွန်မ စဉ်းစားခဲ့ပါတယ်၊ ကျွန်မဇာတိမြေ အမေရိကန်ကိုပြန်ဖို့ ဆမ့်မှာ ဆန္ဒရှိကြောင်းကျွန်မသိပါတယ်၊ ဒါပေမယ့် ကျွန်မ အခု မပြန်ချင်သေးဘူး၊ ဒီ ပြဿနာရဲ့အဖြေကို အပြီးအပြတ် ကျွန်မသိချင်သေးတယ်၊ ပြောရမှာ စိတ်မကောင်းဘူး ဆမ်၊ ဂျက် အပေါ်

ချင်တဲ့စိတ်နဲ့ အမှန်ကို ဖုံးကွယ်မိမှာလဲ စိုးရိမ်တယ်၊ ဘာပဲဖြစ်ဖြစ် လုပ်ငန်း အပေါ်မှာသာ သစ္စာရှိရမယ် ဆိုတာ ကျွန်မ နားလည်ပါတယ်၊ တာဝန်သိသိနဲ့ အလုပ်လုပ်ရမှာပါ၊ လုပ်ငန်းအတွက် အန္တရာယ်ရှိမယ်ဆိုရင် သူ့ကို စွန့်ခွာရမှာပဲ မဟုတ်ဘူးလား'

'ဟုတ်တယ်'

'အလုပ်ကို အလုပ်နဲ့တူအောင် ဆမ် လုပ်မှာပဲ မဟုတ်လား'

'သိပ်ဟုတ်တယ်'

သူက ထပ်မံအတည်ပြုလိုက်သည်။

'ဒါပေမယ့် တကယ်တမ်း ကိုယ်တွေ့ကြုံလာတော့....'

သူမသည် စကားကို ဆက်မပြောသေးဘဲ ပင့်သက် တစ်ချက်ကို ခမ်ပြင်းပြင်း မှုတ်ထုတ်လိုက်သည်။

အယ်လန်သည် မိန်းမချောတစ်ဦးဖြစ်၏။

သို့သော် အခုတော့အကျည်းတန် အရုပ်ဆိုးနေပြီ။

သူမအတွက် စိတ်မကောင်း ဖြစ်ရသည်။

သို့တိုင် အလုပ်ကို ဦးစားပေးရမည်။

သူမနှင့် ပတ်သက်သောသူ့ဆုံးဖြတ်ချက်ကို မထိခိုက်စေရ။

'သတိထားပါ အယ်လန်'

'ကျွန်မ ယူကြုံးမရ ဖြစ်နေပါတယ် ဆမ်'

'မင်း စိတ်တည်ငြိမ်လာတဲ့အထိ ငါ စောင့်နိုင်ပါတယ်'

သူက အားပေးစကား ပြောသည်။

'ကျွန်မကို မင့်ညာပါနဲ့၊ ဒီပြဿနာကို ဖြေရှင်းဖို့ သုံးရက်ပဲ အချိန်ရတယ်၊ မင်းသားကြီး သုဝဏ္ဏဖန်ရဲ့ ရာဇသံပါ'

'ရာဇသံ....ဟုတ်လား'

'ဟုတ်တယ်ဆမ်....အဲ့ဒီဒွန်ပန်းချီကားတွေအကြောင်း ဆမ် သိပြီးပြီလား၊ မင်းသားကြီးပိုင် အဖိုးတန် ရှေးဟောင်း ပစ္စည်းတွေပါ၊ ဒါတွေ မနေ့ညက အခိုးခံရတယ်၊ ဒီကိစ္စဟာ အလွန် လျှို့ဝှက်တယ်၊ ကျွန်မတို့ရဲ့ တင်ပြချက်တွေကို မင်းသားကြီး လက်ခံအောင် ကြိုးစားရမယ်၊ ဒီဖြစ်ရပ်ဟာ သူ့နိုင်ငံတွင်းမှာသာ ဂြိုဟ်မွေ့မယ့် ပြဿနာမဟုတ်ဘူး၊ သတ္တုသိုက် အရောင်းအဝယ်

တွေ အားလုံးပျက်မယ်၊ မင်းသားကြီးရဲ့ နိုင်ငံကထွက်သမျှသတ္တိ
တွေ ဝယ်ယူရေးအတွက် (နိုရမ်ကို) သတ္တုကုမ္ပဏီနဲ့ ကျနော်မှာ
ဆွေးနွေး ညှိနှိုင်းနေတာ အခြေအနေ အလွန် ကောင်းတယ်၊
နိုရမ်ကို ကုမ္ပဏီနှစ် ပြိုင်ဘက်ဖြစ်တဲ့ ချက်မစ်ရှင်အဖွဲ့ကလဲ့မင်းသား
ကြီးနဲ့ ဆွေးနွေးနေကြတယ်၊ မင်းသားကြီးရဲ့ နိုင်ငံလိုကာကွယ်
ရေးအင်အား နည်းပါးတဲ့ ကြားနေနိုင်ငံထဲ ချက်တွေရဲ့ အတတ်
ပညာရှင်တွေ၊ လုပ်ငန်း ကျွမ်းကျင်သူတွေ ဝင်ရောက်သွားရင်
ဘာတွေဖြစ်လာနိုင်တယ် ဆိုတာ ဆမ်သိပါတယ်၊ မင်းသားကြီး
သူဝဏ္ဏဖန် ကမ်းလှမ်းလာသမျှ သတ္တုတွေ အားလုံး ဝယ်ယူနိုင်ဖို့
နိုရမ်ကို သတ္တုကုမ္ပဏီကို ကျွန်မတို့ အစိုးရကပဲ အားပေးခဲ့တယ်
ချက် မစ်ရှင်ကလဲ ကြိုးစားနေတယ်၊ ကျွန်မတို့နဲ့ ရက်ပေါင်း
အတော်ကြာဆွေးနွေးညှိနှိုင်းမှုဟာ မနွေက ညအထိ အောင်မြင်
တဲ့လက္ခဏာ ရှိနေပါတယ်'

'မင်းသားကြီးရဲ့ပန်းချီကားတွေကို တောဘုတ် ခိုးသွားတဲ့
အချိန်မတိုင်မီအထိလို့ ဆိုလိုဘာသား'

'ဟုတ်တယ်'

'ဒန်ဒွေးဟောင်း ပန်းချီကားတွေအကြောင်း ငါထိုက်သင့်
သလောက် သိခဲ့ရတယ်၊ ပန်းချီကား ၄ ချပ်ဟုတ်လား၊ ပိုးသား
ပေါ်မှာ ရေးဆွဲထားတယ်၊ အကျယ် ၃ ပေ၊ အရှည် ၁၀ ပေရှိ
တယ်၊ သပ်သပ်ရပ်ရပ် ကျစ်ကျစ်လစ်လစ်လိပ်လို့ရတယ်'

'ဟုတ်တယ်၊ အလိပ်ကိုဖြေလိုက်ပြီး တစ်ပုံချင်း ကြည့်လို့
ရတယ်'

အယ်လန်၏လေသံက ပညာသည်ဆန်သည်။

'တရုတ်ပြည်မှာ တန်မင်းဆက် အုပ်စိုးနေတဲ့ကာလ အေဒီ
၇၄၂ ခုနှစ်လောက်က အရှေ့တောင်အာရှကို ရောက်လာတဲ့
ဗုဒ္ဓဘာသာဝင် ပန်းချီဆရာတစ်ဦးရေးဆွဲခဲ့တဲ့ပုံကြိုးတွေပဲ၊ အင်
မတန် တန်ဖိုးရှိတဲ့ ဥေးဟောင်းလက်ရာ ပစ္စည်းတွေပါ၊ စံတင်ထား
ရလောက်အောင်ထူးခြားတယ်၊ ငွေကြေးတန်ဖိုး အနေနဲ့ ဒေါ်လာ
၁၅ သန်းကျော်တန်တယ်'

'သူဝဏ္ဏဖန်ကငွေကြေးအတွက် ဒီပစ္စည်းတွေဖြန့်လိုချင်တာ
မဟုတ်ပါဘူး'

'ငွေကြေးကိုသူမမက်မောမှာပါဘူး၊ ဒွန်ပန်းချီကားတွေဟာ
ဘုရင်ကောဇင်ကြီးကိုယ်တိုင် ရှူဒေသကို ဘုရားဖူးသွားခဲ့စဉ်က
ရောက်ခဲ့တဲ့ ဒေသရှခင်းတွေကို မှတ်တမ်းတင်ဖော်ပြထားတာတွေ
ပါ၊ အဲဒီဒေသဟာမင်းသားကြီး သူဝဏ္ဏဖန်ရဲ့ဘိုးဘွားတိုင်း
အမွေတွေပါပဲ၊ အခု အဲဒီဒေသမှာ သတ္တုတူးဖော်ရေးအတွက်
ချက်တွေနဲ့ ကျွန်မတို့စေးပြိုင်ပေးပြီး အကြိတ်အနယ် ဆွေးနွေး
ညှိနှိုင်းနေကြတယ်၊ မင်းသားကြီးဟာ ဒီပန်းချီကားတွေအပေါ်
မှာ အလွန်ဂုဏ်ယူဝင့်ကြွားပါတယ်၊ သူ့ဆွေစဉ် မျိုးဆက်ဘုရင်
တွေ၊ ကောဇင်ဆွေရှဲအထိမ်းအမှတ်တံဆိပ်တွေဟာ ပန်းချီကားကြီး
တွေထဲမှာပါတယ်၊ မှတ်တမ်းတင်ပန်းချီကားကြီးတွေ ဖြစ်ပါ
တယ်'

'မကြာခဏမီက ရောမမှာ ဒီပန်းချီကားတွေကို ပြသသေး
တယ် မဟုတ်လား'

'နှစ်နှိုင်းချစ်ကြည်ရေးနဲ့ ယဉ်ကျေးမှုဖလှယ်တဲ့သဘောနဲ့
မင်းသားကြီးက ပြတိုက်ကို ငှားလိုက်တယ်၊ ရက်သတ္တနှစ်ပတ်ပဲ
ခင်းကျင်းပြသခဲ့ပါတယ်၊ ပန်းချီကားစုဆောင်းတဲ့ အသိုက်အဝန်း
မှာ အတော်ကို လှုပ်ရှားသွားတယ်၊ ဥရောပတိုက်မှာ မရှိမဖြစ်
နဲ့လိုချင်တပ်မက်တဲ့သူတွေ အများကြီးရှိနေခဲ့တယ်'

'ရောမမှာအခိုးခံရတယ်လို့ ဆိုချင်တာလား'

'မဟုတ်ဘူး....မနွေညက ကျနော်ကိုယူလာခဲ့တယ်၊ သတ္တု
ရောင်းဝယ်ရေး ကိစ္စပြီးသွားလို့ မင်းသားကြီးသူဝဏ္ဏဖန် သူ့နိုင်ငံ
ပြန်တဲ့အခါတစ်ပါတည်းယူသွားဖို့စီစဉ်ထားတယ်၊ သတ္တုဝယ်ယူ
ရေးကိစ္စက ကျွန်မတို့ ကုမ္ပဏီအတွက် အိတ်ဝင်သပိတ်ဝင်ဖြစ်နေပြီ၊
ဒီဆွေးနွေးပွဲမှာတော့ ကျက်ရဲ့ဆောင်ရွက်ချက်ဟာ အံ့သြစရာ
ကောင်းလောက်ပါတယ်၊ သူဝဏ္ဏဖန်က သူ့ကို လုံးဝဥဿုံယုံကြည်
စိတ်ချတယ်၊ ကျက်ကလဲ သူ့ကိုယ်သူမင်းသားကြီးရဲ့သားလက်ရုံးလို့
ပြောတယ်၊ အခုတော့ဖြင့် ကျက်ရဲ့သစ္စာမဲ့တဲ့လုပ်ရပ်ဟာ ကျွန်မတို့

အဖို့ အလွန်ဆိုးဝါးတဲ့ အကျပ်အတည်းဖြစ်ခဲ့ရပြီး ပန်းချီကား ပြန်သယ်ဖို့ ထောမမြို့ကိုလွှတ်လိုက်တဲ့ မင်းသားကြီးလူတွေနဲ့ ဂျက် လိုက်ဆွဲးတယ်၊ ဂျနီဗာပြန်ရောက်ရင် မင်းသားကြီးတည်းခို နေတဲ့ ဟိုတယ်အခန်းမှာသိမ်းထားဖို့ပါ၊ မနေ့ညက အဲဒီ ပန်းချီကား ၄ ကားနဲ့ ဂျက်ပါပျောက်သွားတယ်'

'အင်တွန်ပက်(ခ)ကို အယ်လန်ဘယ်လိုသတ်မှတ်လဲ၊ ဒီကိစ္စ ဟာ သူလုပ်ရပ်ဖြစ်ရမယ်၊ သတ္တုရောင်းဝယ်ရေး ဆွေးနွေးပွဲကိုဖို့ အနားသတ်ဖို့ပြင်ဆင်နေချိန်မှာ ဂျက်နဲ့ပန်းချီကားတွေကို ကောက် ယူတာအစဖျောက်ပစ်ဖို့ဖြစ်ရမယ်၊ ဒါမှ သုဝဏ္ဏဖန်ဟာ အမေ ရိကန်တွေကိုစိတ်ဆိုးပြီးသတ္တုသိုက်အရောင်းအဝယ်ကိုဖျက်ပစ်လိုက် မယ်၊ အဲဒါဟာ ချက်တွေအဖို့ အောင်ပွဲပဲမဟုတ်လား'

'ဒါကို ကျွန်မလဲစဉ်းစားမိပါတယ်'

အယ်လန်က ထိုင်နေရာမှထ၍ရပ်လိုက်ပြီး ပြတင်းတံခါး ဆီသို့ လျှောက်သွားသည်။ နောက်သို့ပြန်လှည့်လိုက်ပြီး ဂျူရယ် ကို စူးစူးစိုက်စိုက် ကြည့်နေသည်။ စိန့်ပီယာလမ်းပေါ်ရှိ လက် ဖက်ရည်ဆိုင်မှ တက္ကသိုလ်ကျောင်းသားများသီဆို နေသော သီချင်းသံကို ခပ်သဲ့သဲ့ကြားရသည်။

'ဂျက်မှာအပြစ်ရှိနိုင်လား၊ တစ်နေ့ရာရာမှာ သူ အချုပ် အနှောင်ခံနေရမယ်၊ ဒါမှမဟုတ် အသတ်ခံရမယ်၊ သူ့ကိုကာကွယ် ဖို့ ကျွန်မမှာတာဝန်ရှိပါ့ဆဲလား'

'ဖြစ်ရပ်မှန်ကိုဘာဖြစ်လို့ မင်းပုံကွယ်ချင်တာလဲ'

'ကျွန်မကိုယ်တိုင်ရိုးသားဖို့ လိုအပ်စီမံယ်'

'ဂျက်ဟာ ဌေးဟောင်းပန်းချီကားသွဲ့ခိုးဖြစ်တယ်လို့ မင်း ယုံကြည်သလား'

'ဒီလောပစ်ဟိုတယ်အခန်းထဲက အလိပ်ကြီးတစ်လိပ်ကို ဂျက် ယူပြီး ထုတ်သွားတာမြင်တယ်လို့ မင်းသားကြီးကစွပ်စွဲထားတယ်၊ အဲဒီ အလိပ်ကြီးဟာ ပန်းချီကားလိပ်ကြီးပဲဖြစ်ရမယ်တဲ့'

'၅က်(ခ)က ဂျက်ကိုငွေပေးပြီးခိုင်းတာဖြစ်နိုင်တယ်'

'ချက်သတ္တုကုမ္ပဏီ အောင်နိုင်ရေးအတွက် ထိုးဇာတ် ဖြစ်မယ်'

'ဂျက်အချဉ်ပေါက်သွားပြီလား၊ ဂျက်အကြောင်း မင်း သိပါတယ်အယ်လန်၊ မင်းဟာ သူနဲ့ချစ်ကြိုက်ခဲ့ကြတယ်၊ အခုလဲ ချစ်နေဆဲပဲမဟုတ်လား၊ သူ့အပေါ်အကဲဖြတ်ဖို့ မင်းမှာ အချက် အလက်တွေ အများရှိပါတယ်'

'ကျွန်မ သူ့ကိုအကဲဖြတ်ပြီးပါပြီ၊ သူဟာ အော်ကျယ်ဟစ် ကျယ်နဲ့ ရမ်းရမ်းကားကား ရန်ဖြစ်တတ်တဲ့ အမေရိကန်လူမျိုး ပါ၊ သူ့ကို အင်ဂျင်နီယာတစ်ယောက်အဖြစ် လေ့ကျင့်ပေးခဲ့ တယ်၊ ဆမ်ကိုစိုင်းလင်ဟန်ဆန်က သူနဲ့ပတ်သက်တဲ့မှတ်တမ်းတွေပြု ပါလိမ့်မယ်၊ မင်းသားကြီးပိုင်တဲ့နယ်မြေထဲကသတ္တုတွင်းလုပ်ငန်း တွေကိုလေ့လာဖို့ ဂျက်သွားခဲ့ရတယ်၊ အဲဒီတုန်းက မင်းသားကြီး သုဝဏ္ဏဖန်က သူ့ကိုယုံကြည်စိတ်ချခဲ့တယ်၊ ဒါကြောင့်လဲ လွယ်လွယ် ကူကူနဲ့ ကျွန်မတို့ အမေရိကန်ကုမ္ပဏီအတွက် အလုပ်ဖြစ်တာပေါ့၊ အခု ဂျက်အချဉ်ပေါက်ပြီး မင်းသားကြီးရဲ့ ပန်းချီကားတွေကိုခိုး သွားတော့ ဒီအခွင့်အရေးတွေအကုန်လုံး ပေါက်ကွဲပျက်စီး သွားပြီ'

'သုဝဏ္ဏဖန်က တို့ကို အချိန်သုံးရက်ပဲပေးတယ် ဟုတ် လား'

'ဟုတ်တယ်၊ သုံးရက်မြောက်နေ့မှာ သူ့နိုင်ငံကိုသူပြန် မယ်၊ သူမထွက်ခွာမီ သူ့ပန်းချီကားတွေကို ပြန်လိုချင်တယ်၊ သစ္စာဖောက်ခံရတဲ့အတွက် ခံပြင်းနေတယ်၊ သူ့ဒေါသဟာ ဂျက်အပေါ်မှာတင်မဟုတ်တော့ဘဲ နို့ရမ်ကိုသတ္တုကုမ္ပဏီ အပါ အဝင် အမေရိကန်အားလုံးအပေါ် ကျရောက်ခဲ့တယ်၊ ဒီအချိန်မှာ အင်ကွန်ပက်(ခ)ပျော်နေမှာ သေချာတယ်'

'လေယာဉ်ကွင်းမှာတွေ့တုန်းကတော့ သူ့မျက်နှာကြည့်ရ ဟာ သိပ်ပျော်ရွှင်နေပုံမရပါဘူး'

အယ်လန် မျက်မှောင်ကုတ်လိုက်၏။

'ဘာပဲဖြစ်ဖြစ် ဂျက်ကိုတွေ့အောင်ရှာဖို့နဲ့ ပန်းချီကားတွေ မင်းသားကြီးလက်ထဲ ပြန်အပ်ဖို့အချိန်သုံးရက်ပဲ ရှိတယ်၊ မအောင်မြင်ရင် ကျွန်မတို့ အားလုံး မြောင်းထဲ ရောက်မယ်၊ ဗိုလ်ချုပ်ကြီး ဒစ်ကစ်ဆန် မက်ဖီးက ဒီကိစ္စကို အထူးဦးစားပေး လုပ်ရမယ်လို့ ညွှန်ကြားတယ်၊ ဒါကြောင့် ဒီအမှုကို ကိုင်တွယ်ဖို့ ရှင်ဟာ ကမ္ဘာပတ်ပြီး လာခဲ့ရတာ မဟုတ်လား'

ဂျူရယ် ထရပ်လိုက်သည်။ သူ့အရပ်က မြင့်မားသည်။ ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်သည်။ ညိုမှိုင်းမှိုင်း အပေါ်ဝတ်စုံ၊ ရှပ်အင်္ကျီအဖြူနှင့် နက်ပြာရောင် လည်စည်းတို့ကို ဝတ်ဆင်ထားသည်။ အထူးစီစဉ်ချုပ်လုပ်ထားသော ကုတ်အင်္ကျီအိတ်ထဲ၌ ဒသမ ၃၈–ပြောင်းတိုသေနတ်တစ်လက် ထည့်ထားသည်။

'အချိန်ကန့်သတ်ချက် ရှိနေတယ်ဆိုတော့ လုပ်ငန်းကိုအခုစမှ ဖြစ်မယ်၊ ဂျက်တောဘွတ်ဟာ ငါတို့ရဲ့ ပစ်မှတ် ဟုတ်, မဟုတ်တော့မသေချာဘူး၊ ပထမဆုံး သူ့အခန်းကို သွားရမယ်၊ သူ့လိပ်စာ မင်းမှာရှိလား'

'ရှိတယ်၊ အသင့်ပဲ'

'သော့ကော ရှိလား'

အယ်လန်၏ မျက်လုံးအစုံသည် ဂျူရယ့်အား စူးစိုက်ကြည့်နေသည်။

'သူ့ဆီ တစ်ချောင်း ပါသွားတယ်၊ မိတ္တူတစ်ချောင်း ကျွန်မမှာ ရှိတယ်'

'သူ့အခန်းမှာ ဘာထူးခြားလဲ'

'ကျွန်မ အကြိမ်ကြိမ် ဖုန်းဆက်တယ်၊ သံမှူးကိုယ်တိုင် ဘယ်မှာရှိမှန်း မသိဘူး၊ သူ့တယ်လီဖုန်း စာအုပ်ထဲမှာ လိပ်စာ တစ်ခု တွေ့တယ်၊ ရောမမြို့၊ ဂျနီဗာကန်ကြီးရဲ့ မြောက်ဘက်၊ လူစွန်း လမ်းပေါ်ကဒယ်ဆိုးလ်ဂေဟာပဲ၊ ဆမ့်ကို ကျွန်မစောင့်ရင်း အဲဒီဂေဟာကို စုံစမ်းကြည့်တယ်၊ အီတလီလူမျိုး လူကြီးလူကောင်း တစ်ယောက် နေထိုင်တယ်၊ အလွန်အပြစ်ကင်းစင်တဲ့ ပုဂ္ဂိုလ်တစ်ဦးပါ၊ သူ့နာမည်က နယ်စားကြီးတာနာဒိုအပိုလီယိုတဲ့'

'အပိုလီယို....ဟုတ်လား'

အယ်လန် ပင့်သက်ရှိုက်လိုက်၏။

'ဟုတ်ပါတယ်၊ ရှေးဟောင်း ပန်းချီကား စုဆောင်းသူပါ....'

'သူ့ကြောင့် ဂျက် ကျုံးသွင်းခံလိုက်ရတာ ဖြစ်မယ်၊ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်ဟာ လူကောင်းတစ်ယောက်အဖြစ် လူသိများတယ်'

'အမိုလီယိုဟာ တရုတ် ပန်းချီကားတွေကို အထူးပြုစုဆောင်းတယ်၊ ဒေါ်လာဆယ်သန်းကျော်ဖိုးရှိတယ်၊ နောက်ပြီး သူ့ဇနီးက အလွန်လှတဲ့ အမေရိကန်မပဲ၊ ရောမမြို့ကို မစ်ရှင်ကိစ္စနဲ့ ဂျက်သွားတဲ့အခါတိုင်း အဲ့ဒီအမျိုးသမီးနဲ့ ဆုံတွေ့ကြတယ်'

ဂျူရယ်က အယ်လန်အား စေ့စေ့ကြည့်လိုက်သည်။

'မင်းနဲ့ ပြိုင်ဘက်များလား အယ်လန်'

'ဒါတော့ကျွန်မ မသိဘူး၊ ကျွန်မ ဘ မိန်းမသားပါ၊ သဝန်ကြောင်ချင်သလိုလိုတော့ ဖြစ်တတ်တယ်'

သည်အချက်ကို ဂျူရယ် စိတ်ဝင်စားသွားသည်။

'ဂျနီဗာမြို့ထဲက ဒယ်ဆိုးလ်ဂေဟာမှာ အပိုလီယို၊ သို့မဟုတ် သူ့ဇနီး အခုရှိနေသလား'

'အဲဒီကို ဆက်သွယ်လို့မရဘူး'

'ငါကိုယ်တိုင် လေ့လာစစ်ဆေးကြည့်မယ်'

ဂျူရယ် ဆုံးဖြတ်ချက်ချလိုက်၏။

'အပြင်မသွားခင် နောက်ထပ် တစ်ခွက်လောက် ယူဦးမလား ဆမ်'

အယ်လန်က ဆန္ဒတောင်းခံသည်။

'မသောက်တော့ဘူး၊ ကျေးဇူးပဲ၊ ဒီကိစ္စမှာ မင်းအပေါ် မကျေနပ်ချက်တွေနဲ့ အထအနကောက်နေတယ်လို့ မင်း ပြောချင်သလား'

'ဂျက်တောဘုတ်ဆိုတဲ့ အာမခံကုမ္ပဏီကနေတစ်ယောက် ဒီအမှု
ပါနေတဲ့ အကြောင်း ပေါ်လွင်လာမှာပါ၊ ထုံးစံအတိုင်း နှိုင်
ခြား သံမှိုးဟာ အက်ဖ်ဘီအိုင်လက်အောက်ကို ချောက်ရပါတယ်
ကျန်မတို့ ပြေပြေလည်လည် လုပ်သွားရမှာပဲ၊ စိုင်းလပ်ခ်က စီ
ကောင်း ရှိပါတယ်၊ တစ်ဌာနနဲ့ တစ်ဌာန အပြိုင်အဆိုင်တော
ရှိကြတာပေါ့၊ ဒေသရဲကို အသိပေးနိုင်ဘူး၊ ဒီသုံးရက်အတွင်
နှုတ်ပိတ်ရေငုံနေဖို့ သူဌေးဖန်ကို အမြန်ဆုံး သတိပေးထားရမယ်
နိုင်ငံတကာရဲလဲ ဝင်မလာစေနဲ့၊ လူသိရှင်ကြား လုပ်လို့ မဖြစ်ဘူး

'ငါတို့အလုပ်ကို ထိပ်တန်းလျှို့ဝှက်အဆင့် ဖြစ်စေရမှယ်'

'မင်းသားကြီးရဲ့ ပန်းချီကားတွေ ပျောက်ဆုံးမှုမှာ အ
ရိုကန် တစ်ယောက် ပါဝင်နေသလို ဖြစ်အောင် ဂျက်ကို ဖမ်း
ချုပ်နှောင်ထားတယ် ဆိုတဲ့ ဆမ့် ယူဆချက်ဟာ ဖြစ်နိုင်စ
အကြောင်းနည်းပါတယ်၊ ကျန်မအထင်တော့ ဂျက်ကို သူတို့သ
ပစ်လိုက်ကြပြီ၊ အဲဒါမဖြစ်နိုင်ဘူးလား'

'တကယ်လို့ ပက်(ခ)က ဂျက်ကို ထိန်းသိမ်းထားတ
ဆိုတာ ဖြစ်ခဲ့ရင် ပြဿနာရဲ့ဆန့်ကျင်ဘက်ကိုစဉ်းစားကြည့်ရမယ်
ဂျက်တောဘုတ်က သူ့သဘောနဲ့သူ လုပ်တာ ဖြစ်ချင်ဖြစ်မယ်
ဒီလောက်ကြီးမားတဲ့ ပြဿနာကို တစ်စုံတစ်ဦးရဲ့ လုံ့ဆော် အ
ပေးမှုနဲ့ အလွယ်တကူ လုပ်လိမ့်မယ် မထင်ဘူး၊ ဂျက်ဟာ ဒီ
လူစားမျိုး မဟုတ်ဘူး၊ ငွေကြေးဆိုတာထက် ကြီးမားတဲ့ လုံ့ဆော
ချက် တစ်ခုခုကြောင့် ကျူးလွန်မိတာ ဖြစ်ရမယ်၊ဆင်ပေါက်ကြီ
တစ်ကောင်လို့ သန်မာထွာ ကျိုင်းတဲ့ ဂျက်လို လူတစ်ယောက်အ
ထူးခြားတဲ့ လုံ့ဆော်အားဆိုတာ မိန်းမတစ်ယောက်ဖြစ်နိုင်တယ်
'ဒါ ကျန်မ မသိဘူး'

အယ်လန်က ခပ်တိုးတိုး ပြောလိုက်သည်။ သူမရင်ထဲတ
နာကြည်းသွားပုံ ရသည်။

'ကွန်စတက်ဆာဒီး အဝိုလီယို ဆိုတဲ့ မိန်းမနဲ့ ပတ်သက်လို့
ကျန်မ ဘာမှကို မသိပါဘူး၊ ပုဂ္ဂိုလ်ရေးအရ ကျန်မက ပိုပြီး
နာကြည်းရမှာပေါ့'

'ဖြစ်နိုင်စရာ တခြား အမျိုးသမီး တစ်ယောက်ယောက်
ရှိသေးလား'

ဂျူရယ်က မိန်းမပြဿနာကို ဆုပ်ကိုင်ပြီး ဆက်မေးပြန်၏။

'ကျန်မ ဘာမှ ဆက်ပြောလို့မရတော့ဘူး၊ ကျန်မခေါင်း
ထဲမှာ နောက်ကျနေတယ်၊ ဘာမှ အဆုံးအဖြတ် ပြုနိုင်တဲ့အခြေ
အနေ မရှိပါဘူး'

အယ်လန်သည် စကားရပ်လိုက်ပြီး ဂျူရယ့်အား စူးစူး
ဝါးဝါးကြီး ကြည့်နေသည်။

'တကယ်လို့ ဂျက်မှာ အပြစ်ရှိတယ်ဆိုရင် ဝတ္တရားအတိုင်း
အရေးယူရမယ် မဟုတ်လား ဆမ်'

'ဆိုပါတော့'

'ဂျက်အတွက် အန္တရာယ် ကြီးမားတော့မယ်၊ သူဟာ....
ခေါင်းမာတယ်၊ ငွေလိုအပ်တယ်၊ တန်ဖိုးကြီးတဲ့ပန်းချီကားတွေရဲ့
ဆွဲဆောင်မှုကို မလွန်းလွန်နိုင်ခဲ့ဘူး၊ ဒါပေမယ့် သက်သက် ဆွဲ
ဆောင်မှု ပိုအားကောင်းတဲ့ အကြောင်းတစ်ခုတော့ ရှိရမယ်၊ သူ
လှမ်းမိတဲ့ ခြေလှမ်းဟာ ပြန်နှုတ်လို့မရအောင် ကျွံသွားပြီ'

အယ်လန်က သူ့ကိုထိန်းပြီး အေးအေးဆေးဆေး ပြောပြ
သည်။

'အယ်လန်၊ မင်း ဘာပြောစရာ ကျန်သေးလဲ'

ဂျူရယ်က မေးလိုက်သည်။

'ဂျက်က ဆမ့်ကိုသတ်မှာလား'

'သူ သတ်လို့မရပါဘူး'

'ဒါတော့ ကျန်မမသိဘူး၊ ဒီပြဿနာဟာ ကျန်မကိုခြောက်
လှန့်နေပါတယ်'

'တို့ စာနာ့ထောက်ထားနိုင်ပါတယ်'

'အခုအဖြစ်ဟာ ကျွန်မအတွက် ပိုဆိုးပါတယ်၊ ဂျက်မှာ ညာဉ်ဆိုးရှိတယ်ဆိုတာ ကျွန်မသိတယ်၊ သူဟာ ဆွဲဆောင်မှု ရှိသယောင် ဥပတိရုပ် ကောင်းသူတစ်ယောက် ဖြစ်ပါတယ်'

အယ်လန်အသံက တိမ်ဝင်သွားသည်။ မျက်နှာတွင် သွေးမရှိတော့။ ထ၍ ရပ်လိုက်ပြီး အခန်းထိပ်နံရံဆီသို့ လျှောက်သွားသည်။ နောက်သို့ ပြန်လှည့်လိုက်၏။ ဂျူရယ်အား ခပ်စိမ်းစိမ်း စူးစူးစိုက်စိုက် ကြည့်နေသည်။

'အစအဆုံးသတိစီရိယထားပါ'

'ကျေးဇူးတင်ပါတယ်'

'ဂျက်ဟာ ကျွန်မကို ပစ်မှတ်လို့ သဘောပိုက်ထားတယ်၊ ကျွန်မတော့ အခုအထိနားမလည်သေးဘူး၊ ကျွန်မကိုယ် ကျွန်မလဲ မယုံကြည်တော့ဘူး၊ ရှုပ်ထွေးနေပြီ၊ ကျွန်မဟာ သစ္စာရှိရှိ ခမ္မဓိဋ္ဌာန်ကျကျ မရပ်နိုင်တော့တဲ့အတွက် ဒီစစ်ဆင်ရေးတစ်ခုလုံးမှာ ဘေးထွက်နေချင်တယ်၊ ဂျက်က ဆမ့်ကိုမှသတ်စေချင်ဘူး၊ ဆမ်က ဂျက်ကိုသတ်မယ့် အရေးလဲကျွန်မ မှတ်ဝံ့ဘူး'

'ဒါတွေမပြောနဲ့တော့ အယ်လန်၊ မင်းသားကြီး သုဝဏ္ဏဖန်နဲ့တွေ့ဖို့ မင်း စီစဉ်ပေးနိုင်မလား၊ ငါ သူနဲ့တွေ့ချင်တယ်'

'မင်းသားကြီးကလဲ ဒီအမှုမှာ တာဝန်ယူကိုင်တွယ်မယ့် ပုဂ္ဂိုလ်နဲ့ တွေ့ချင်နေပါတယ်၊ ဆမ်နဲ့ပဲ တွေ့ရမှာပေါ့၊ သူဟိုတယ်မှာ ရှိတယ်၊ ထိုးစံအတိုင်း သူကတော့ တခမ်းတနားပဲ၊ သူ့ပန်းချီကားတွေ ပြန်ရရေးအတွက် သူ့ရဲ့နိုင်ထက်စီးနင်းဆက်ဆံမှုနဲ့ မာကျောကျော အပြောတွေကို ဆမ် ကြုံတွေ့ရမယ်၊ အမေရိကန် 'နိုရမ်ကို' သတ္တုကုမ္ပဏီကို နိုင်ငံတော်က အားပေးနေကြောင်းအပြင် အမျိုးသားလုံခြုံရေးကောင်စီနဲ့ အထက် လွှတ်တော်အမတ် ဝွတ်ယက်မင်းထံက ဂုဏ်ပြုတဲ့ သံကြိုးစာတွေရောက်လာကြောင်း ပြောပြပါ'

'သတ္တုစတော့ ရောင်းဝယ်ရေးမှာ အထက်လွှတ်တော်အမတ်တွေလဲ ရှယ်ယာတွေ အများကြီးဝယ်ထားကြတယ်'

ဂျူရယ် ထရပ်လိုက်သည်။

'ငါတို့အတွက် အချိန်မရဘူး၊ သုံးရက်ပဲရှိတယ်၊ ဒုန်းစိုင်းရမှာပဲ အယ်လန်'

'ကျွန်မ ဆမ့်ကိုစောင့်နေမယ်'

ဂျူရယ်က အယ်လန်ကို ဖွဖွကလေး နမ်းလိုက်သည်။ သူ၏ နှုတ်ခမ်းများသည် အေးစက်နေ၏။

'ကိုယ့်ကိုကိုယ် ဂရုစိုက်ပါ'

ဂျူရယ်က နှုတ်ဆက်လိုက်သည်။

☆

အခန်း (၃)

ဂျူရယ် မန်းချီဆိုင်မှ ထွက်လာသည့်အခါ ည ၉ နာရီ ကျော်ကျော်သာ ရှိသေးသည်။ သူသည် အီစတင်ဘူးလေဆိပ်မှစ၍ လေယာဉ်ပေါ်တွင် အိပ်ခဲ့၏။ နောက်ထပ် သည်လိုအနားယူခွင့် မျိုး ဘယ်တော့ရမည်မှာ မသေချာ။

အစစ အရာရာ ကြိုတင်သတိထားခြင်း အကျင့်ကို မိမိ၏ မွေးရာပါအကျင့်စရိုက်ကဲ့သို့ ဖြစ်လာသည်အထိ လေ့ကျင့်ခဲ့၏။ ဘယ်တော့မှ ပေါ့ဝေါ့ဆဆမလုပ်ခဲ့။ သူ့ဘဝ တစ်လျှောက်လုံး ဤပုံစံအတိုင်း နေထိုင်ခဲ့၏။

သူသည် ခရီးတန်ဆို ဆံကြိုးစာတစ်စောင်ပို့ရန် စဉ်းစားလာသည်။ အယ်လန်တစ်ယောက် နိုင်ငံခြားရေးတာဝန်မှ နုတ်ထွက်မည့်အကြောင်း ဖြစ်သည်။ လျှို့ဝှက်ထားသည့် လုံခြုံရေးအဆောက်အအုံရှိ စက်ကိရိယာ ဖက်(စ)ဖြင့် ပို့ပေးရန်ဖြစ်သည်။ သည်အဖြစ်သည် အလွန်စိတ်မကောင်းစရာပင်။ သို့သော် သူမအတွက် သေရေးရှင်ရေးမို့ နုတ်ထွက်ခွင့်ပြုလိုက်သည်ကပိုကောင်းပေမည်။

မိမိတို့လုပ်နေးတွင် တဖြည်းဖြည်း လုံးပါး ပါးနေသည့် အကြောင်းများ ရှိနေသည်။ အခြား မဟုတ်။ ရက်သတ္တပတ် ပေါင်း များစွာ နေ့မအိပ်၊ ညမအိပ် လုပ်ရှားခဲ့ရသဖြင့် အာရုံကြောများ ထုံထိုင်းလာခြင်း၊ ဖျတ်လတ်မှု လျော့ပါးလာခြင်း၊ ပြဿနာအပေါ် တုံ့ပြန်စဉ်းစားနိုင်မှု အားနည်းလာခြင်းများ

ဖြစ်သည်။ အယ်လန်၏ကိစ္စတွင် သူမှကိုယ်တိုင် ပါဝင်ပတ်သက်နေခြင်းကြောင့် အဘက်ဘက်မှ အားနည်းပြီး ဆင်ခြင်သုံးသပ် ဆုံးဖြတ်နိုင်စွမ်း မရှိတော့။

ဂျူရယ်သည် ဂရန်-ရူဘက်သို့ လျှောက်လာခဲ့ပြီး ညာဘက်သို့ ကွေ့လိုက်သည်။ လက်ဖက်ရည် ဆိုင် ငယ်များ၊ အစားအသောက် ဆိုင်များနှင့် ဟိုတယ်များကို ဖြတ်ကျော်လာခဲ့၏။ ညချမ်းသည် အေးစိမ့်စိမ့်ဖြင့် သာယာသလိုရှိသည်။ လမ်းသွားလမ်းလာ များဖြင့် စည်ကားနေ၏။ ငယ်ရွယ်သူ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသား စုံတွဲများသည် သစ်ချပင်ကြီးများ၏ အရိပ်တွင် တရွေ့ရွေ့ လှုပ်ရှားနေကြသည်။ ရှေးခေတ်ကျွန်းဟောင်း ကျဉ်းကျဉ်းများပေါ်တွင် မော်တော်ကားများ အသွားအလာ မရှိသလောက် နည်းပါးသည်။

ရပ်ကွက် ၂ ခုကို ဖြတ်ကျော်မလာမီကတည်းက သူ့နောက်မှ နောက်ယောင်ခံ လိုက်နေသည်ကို သူ သိနေကြောင်း အရိပ်လက္ခဏာ မပြခဲ့။ သူ့နောက် လိုက်လာသူထဲမှ ဒုတိယလူကို ဖော်ထုတ်ရန် ကြိုးစားလျက်ရှိ၏။ သူ့နောက်မှလိုက်သူနှစ်ယောက် ရှိသည်။ တစ်ဦးက ပြောင်ကျကျအကဲခတ်သည်။ ကျန်တစ်ဦးကမူ ပိပိရိရိ ရှိ၏။

ဂျူရယ်သည် တစ်ဦးကိုသာ ဖော်ထုတ်နိုင်ခဲ့သည်။

ထိုသူသည် သန်မာတောင့်တင်းသူ တစ်ယောက် ဖြစ်၏။ အရောင်ဖျော့ဖျော့ ကုတ်အင်္ကျီကိုဝတ်ပြီး ဦးထုပ်တောင်းကြီးကို ဆောင်းထားသည်။ အမှတ်နံပတ်(ခ)တော့ မဟုတ်ပါ။ ပက်(ခ)၏ လက်အောက်တွင် အမှုထမ်းအများကြီး ရှိသည်။

ဂျူရယ်သွားမည့်နေရာသည် အယ်လန်၏အိမ်နှင့် အလွန်နီးကပ်နေသဖြင့် အကျပ်အတည်းတွေ့ရသည်။ လျှို့ဝှက် မျက်လုံးစိမ်းများ၏ စောင့်ကြည့်ခြင်း ခံနေရသည်။ ဂျုံဗာလို ကြားနေနိုင်ငံတွင် ရှုပ်ရှုပ်ထွေးထွေး ရှိတတ်သည်။ မိမိ၏လုံခြုံရေးအတွက် အလွန်ဆိုးဝါးသည်။ သူ့နောက်သို့ နောက်ယောင်ခံ လိုက်နေသူသည် ဆွစ် ရဲဖြစ်နိုင်သည်။

သူ လမ်းကျဉ်းလေးတစ်ခုထဲသို့ ချိုးဝင်လိုက်သောအ
၉ နာရီ ၁၅ မိနစ် ရှိနေပြီ။ ထိုလမ်းသည် စိန့်ပီတာ ဘုရားရှိ
ကျောင်းဆီသို့ သွားရာလမ်း ဖြစ်သည်။ ကျောက်တုံးများ
ထားသည့် အဆင်းအတက်များနှင့် အကွေ့အကောက်
သည်။ လမ်း၏ တစ်ဖက်တစ်ချက်တွင် အလယ်ခေတ်ပုံစံ ကျော
တုံးများဖြင့် တည်ဆောက်ထားသော အဆောက်အအုံ
ရှိသည်။

အတော်ကလေး လျှောက်မိသောအခါ လီမန့်း ရေ
ကြီး၏ရှုခင်းကိုမြင်ရသည်။ သူ့နောက်သို့ လိုက်နေသော သူ
တုံ့ဆိုင်းသွား၏။ နောက် ဆက်၍လိုက်လာသည်။ လမ်း၏တစ်
တွင် အုတ်ရိုးထူထူနှင့် တံခါးဝင်ပေါက်များ ရှိနေသည်။ ဒုတ်
ကျောက်လှေကားအဆင့်သို့ရောက်သောအခါ ဂျူရယ်သည်တံ
ပေါက်တစ်ခုထဲသို့ ဝင်လိုက်သည်။ တံခါးအုတ်ရိုးတွင် ကပ်
အကာအကွယ်ယူပြီး နောက်မှလိုက်လာသူကို စောင့်နေသည်။

နောက်ယောင်ခံသူသည် ပြုန်းခနဲရပ်လိုက်၏။ လမ်း
မည်သူမှ မရှိ။ လမ်းတစ်ဖက်ရှိ ရှေးဟောင်းအိမ်အိုကြီး၏ ပြတ
ပေါက်များသည် မှေးမှေးမှိန်မှိန် ဖြစ်နေ၏။ ဂျူရယ်သည်
ရှည်ရှည်ဖြင့် စောင့်နေသည်။ မီးခိုးရောင် ကုတ်အင်္ကျီဝတ်ဆင်
သော နောက်ယောင်ခံလူသန်ကြီး လိုက်လာသည်။

ဂျူရယ်မြင်ကွင်းမှ ရုတ်တရက် ပျောက်သွားသဖြင့် ဇ
ဇဝါဖြစ်သွားသည်။ ထိုသူ တံခါးဝင်ပေါက်တည့်တည့်သို့ ရော
သည်နှင့်တစ်ပြိုင်နက် ဂျူရယ်ထည် လျှင်မြန်စွာအတိအကျလှုပ်
လိုက်သည်။ ဦးထုပ်နောက်ဘက် အောက်နှုတ်ခမ်းစပ်သို့ လျှပ်
ပြက်ရိုက်ချက်တစ်ချက် ပစ်သွင်းလိုက်သည်။ ထိုနေရာသည်
အောင်လုပ်လို့ရသည်။ မူးမေ့ရုံလည်းရိုက်လို့ရသည့်နေရာ ဖြစ်သ
လက်အချိန်အဆပေါ်မှာ မူတည်သည်။ ဂျူရယ်၏ ရိုက်ချက်
သိပ်မပြင်း။ ခပ်ဆဆသာ ရိုက်လိုက်ခြင်းဖြစ်သည်။

နောက်ယောင်ခံသူ၏ပါးစပ်မှ အင့်ခနဲ အသံတစ်ချက်
ပြီး ဒုးထောက်ကျသွားသည်။ လမ်းမီးမှိန်မှိန်အောက်တွင် မျက်

ကြောင်ကြောင်နှင့် မျက်ဖြူဆိုက်နေသည်ကို တွေ့ရသည်။ သူ့
နှုတ်ခမ်းသည်ကော့လန်နေ၏။ သူ့ပါးရိုးက မို့မောက်သည်။

'အထဲဝင်လိုက်'

ဂျူရယ်က တည်တည်ငြိမ်ငြိမ် အမိန့်မေးသည်။

ထို့နောက် တွန်းထိုး၍ အတွင်းဘက်သို့ ခေါ်လာခဲ့သည်။
သူကတုံ့ပြန် ရန်းကန်သည်။ လူသန်ကြီး၏ခေါင်းကိုကိုင်ကာ အနီး
ရှိ အုတ်နံရံနှင့်ဆောင့်လိုက်သည်။

ထိုသူ တစ်စုံတစ်ရာပြောရန် ကြိုးစား၏။

'မင်းရဲ့ မတောက်တခေါက် ပြင်သစ်စကားနဲ့ ငါ့ကိုပြောဖို့
မကြိုးစားနဲ့၊ မင်း ဆွစ်ဇာလန်လူမျိုးမဟုတ်ဘူး'

'ငါ့ကို လွှတ်ပါ'

ထိုသူက ဗလုံးဗထွေးအသံဖြင့် ပြောသည်။

'မင်းအင်္ဂလိပ်စကားက ပိုဆိုးတယ်၊ မင်းတို့ ကေဂျီယူ သင်
တန်းကျောင်းမှာ မလည်မဝယ်ဆရာက သင်ပေးလိုက်တာ ဖြစ်ရ
မယ်၊ မင်းဘာပြုလို့ ငါ့နောက်လိုက်နေတာလဲ'

'ကျုပ် မလိုက်ပါဘူး'

'မင်း ပတ်စပို့ပြစမ်း'

'မင်းက ဘာကောင်လဲ၊ ဒါဆွစ်နယ်မြေ'

'သွား....ရဲသွားခေါ်လိုက်'

ဂျူရယ့်အသံမှာ ထန်ထန်ရိုင်းရိုင်းဖြစ်သည်။ နောက်ကျော
တွင်ကပ်၍ ချုပ်ကိုင်ထားသော ထိုသူ၏ တံတောင်ဆစ်ကို ဖိ၍
အပေါ်သို့တွန်းလိုက်ရာ သူ အတော်ခံစားသွားရသည်။

'ထပ်မလုပ်နဲ့၊ ငါမခံနိုင်ဘူး'

'မင်း ဒီ့ထက်နာချင်လား'

'မွန်ဆီယာ ဂျူရယ်....'

'မင်း ငါ့နာမည်ကို သိနေတယ်၊ မင်းကို ဘယ်သူပြောလဲ'

'ဘယ်သူမှမဟုတ်ဘူး၊ ကျွန်တော့်ကို ပိုက်ဆံပေးပြီးလိုက်
ကြည့်ခိုင်းတာ'

'ဘယ်အချိန်ကလဲ'

'တစ်နာရီလောက်ရှိပြီ၊ ခင်ဗျားရောက်လာပြီးမကြာခင်ပဲ'

'မင်းကို ဗိုလ်မှူးပက်(ခ)ခိုဇ်းတာလား'

ထိုလူသည် သူ့နှုတ်ခမ်းကြီးများကို တင်းတင်းကြီး စေ့ထားလိုက်သည်။ သူ့မျက်လုံးတို့မှာ အမုန်းစိတ်တို့ဖြင့် တဖိတ်ဖိတ်တောက်လောင်လာ၏။

ဂျူရယ်သည် အခြေအနေအရသူ့ထံမှ တစ်စုံတစ်ရာ ရရှိရန်မရည်ရွယ်တော့။ အလုပ်နှောင့်နှေးသွားပေမည်။ ဂျူရယ်စဉ်းစား၏။ သူ့အတွက် သုံးရက်သာ အခွင့်အရေးရှိသည်။ ထို့ကြောင့်သည်ပြဿနာကိုအလျင်အမြန် ဖြေရှင်းလိုက်သည်။

ထိုလူ၏လည်ပင်းဘေးတစ်ဖက်ကိုတစ်ချက်ထိုးနှက်လိုက်၏။ အသံတစ်ချက်မှမထွက်ဘဲ ခွေကျသွားသည်။ သူ့ကိုယ်ကြီးကို ဝင်ပေါက်၏နောက်ကွယ်တွင် အသာလဲလျောင်းထားလိုက်သည်။ လှုပ်ရှား ထိတ်လန့်မှုမရှိ။

လမ်းထဲတွင် တိတ်ဆိတ်လျက်ပင်။ ထိုသူ၏ လက်ကို ကိုင်ပြီးသွေးတိုးစမ်းကြည့်သည်။ ဗိုလ်မှူးပက်(ခ)လို လူစားမျိုးအတွက် အကူအညီ ပေးရသူတွေကို ခြေလွန်လက်လွန်လုပ်ရန် မလိုအပ်ပေ။

နောက်ဆယ်မိနစ်ကြာသောအခါ ဂျူရယ်သည် ရှန်းမြစ်ကို ဖြတ်ကူးထားသော တံတားပေါ်မှ ဟောင်းနွမ်းသည့်အငှားကားပေါ်တွင်ရောက်နေသည်။ ကားသည် ဒီလာမက်ဟိုတယ်ဆီသို့ ဦးတည်လျက် ရှိနေသည်။

မင်းသားကြီးသည် သူ့အား ချက်ချင်းလက်ခံ တွေ့ဆုံသည်။ အမျိုးသားဝတ်စုံကို ဝတ်ဆင်ထားသော အစေအပါး တစ်ဦးက သူ့ကိုဦးညွှတ်ကြီဆိုကာ တလေးတစား နှုတ်ခွန်းဆက်ပြီး ဦးဆောင် ခေါ်သွားသည်။ ဂျူရယ်သည် ခန်းခန်းနားနား ပြင်ဆင်ထားသော အခန်းများစွာကို ဖြတ်သန်းခဲ့ပြီး အထူး တည်းခိုဆောင်ကြီးဧည့်ခန်းထဲသို့ဝင်ခဲ့သည်။

လိုက်ပို့သူ အစေအပါးသည် ရှိးရာဝတ်စုံကို ဝတ်ဆင်ထားသော်လည်း မင်းသားကြီးကမူ မီးခိုးရောင် အနောက်တိုင်းဝတ်စုံနှင့် ညိုမှိုင်းမှိုင်း လည့်စည်းကို ဆင်ယင်ထား၏။ ခြေထောက်တွင်

ပြောင်လက်နေသောအင်္ဂလိပ်ရှူးဖိနပ်ကို တွေ့ရသည်။ အခန်းထိပ်ရှိကြီးကျယ်ထည်ဝါလှသောကုလားထိုင်မြင့်မြင့်ကြီးတွင် ထိုင်နေ၏။

'မွန်ဆီယာ ဂျူရယ်'

သူက ပြင်သစ်စကားဖြင့် နှုတ်ဆက်သည်။

'ကျုပ်တို့ သည်းမခံနိုင်တော့ဘူး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်တို့ရဲ့တောင်းဆိုချက်ကို အမေရိကန်အရာရှိကြီးတွေက လေးလေးစားစားမရှိကြဘူး'

'ကျွန်တော့်လေယာဉ် နောက်ကျပြီး ထွက်ခဲ့ရပါတယ်'

ဂျူရယ်ကလေအေးအေးနှင့် ပြန်ပြောသည်။

'ကျွန်တော် ဘန်ကောက်ကရောက်လာတာ သိပ်မကြာသေးပါဘူး၊ ကျွန်တော့်ရဲ့ မစ်ရှင်အဖွဲ့နဲ့ နိုရမ်ကိုသတ္တု ကုမ္ပဏီက ကိုယ်စားလှယ်တွေကို တွေ့ဆုံရပါသေးတယ်'

'ခင်ဗျားက အင်ဂျင်နီယာလား'

'မဟုတ်ပါဘူး'

'အား...ဒုက္ခပေးမယ့်လူတစ်ယောက်ပဲ၊ ခင်ဗျားလဲ မွန်ဆီယိုတောတွတ်လို အမေရိကန်လူစားမျိုးနဲ့တူတယ်'

'မတူပါဘူး'

ဂျူရယ်က ပြန်ပြောသည်။

မင်းသားကြီးသည်မဲ့ပြုံးပြုံးလိုက်၏။ အသားညိုညိုမျက်နှာဝိုင်းဝိုင်းနှင့် ပိရိညီညာသော နှုတ်ခမ်းရှိ၏။ သူ့မျက်လုံးများသည် မီးခိုးရောင် ကျောက်ခဲလုံးများကဲ့သို့ မလှုပ်မယှက် စူးစူးစိုက်စိုက်ကြည့်တတ်သည်။

ဤမျက်လုံးများသည် သူ့မျိုးဆက်တစ်ဆက်တွင် ပြင်သစ်အမိ(သို့မဟုတ်) ပြင်သစ်အဖ ရှိခဲ့သည်ဟု ဖော်ညွှန်းနေသလို ရှိသည်။ သူ့နှုတ်ခမ်းထောင့်စပ်မှ ပါးပြင်ကို ဖြတ်ပြီး နားရွက်အောက်နားအထိ ခပ်ရေးရေး အမာရွတ်တစ်ခုရှိသည်။

'မကြာခင် ကျုပ်နိုင်ငံကို ပြန်ရတော့မယ်'

မင်းသားကြီးက ပြောသည်။

'သုံးရက်ပဲ စောင့်နိုင်မယ်၊ ကျုပ်ရဲ့ဆွေစဉ်မျိုးဆက် ပန်းချီကားတွေနဲ့ ပတ်သက်လို့ ခင်ဗျားကို သူ့တို့ပြောပြီးပြီလား'

'ဒီပန်းချီကားတွေကိုခွင့်ပြုချက်မရဘဲတောဘုတ်ယူသွားတဲ့အတွက် မင်းသားကြီးစိတ်ထိခိုက်နေတာကိုကျွန်တော်သိပါတယ်'

'သူခိုးသွားတာ'

မင်းသားကြီးက အသံပြတ်ပြတ်ဖြင့် အော်ဟစ် ပြော၏။

'အဲဒီ ပန်းချီကားတွေ ချက်ချင်း ပြန်ရအောင် လုပ်ပေးပါ၊ ခင်ဗျားကို ညည့်ခံဖို့ အချိန်မရှိဘူး၊ ပြီးမြောက်အောင် ခင်ဗျား ဘယ်လိုလုပ်မလဲ၊ ခင်ဗျားတို့ ပုံအပ်လိုက်ပြီ၊ ကျုပ်တို့ လိုချင်သလို ဖြစ်အောင်လုပ်ပေးပါ'

'ခင်ဗျားရဲ့ ပန်းချီကားကြီးတွေ ပျောက်ဆုံး သွားတဲ့အတွက် ဂျက်မှာ တာဝန်ရှိတယ်လို့ ယုံကြည်သလား'

ဂျူရယ်က ထိုအချက်ကို ထပ်၍ ပြောသည်။

'ခင်ဗျား စွပ်စွဲတာကို ကျွန်တော်တို့ ပြဿနာ မလုပ်ပါဘူး၊ ဒီလောက် အဖိုးထိုက်အဖိုးတန် ပစ္စည်းဟေ့ကို ဥရောပတိုက်မှာ ရှိကြတဲ့ အနုပညာသူဌေးတွေ မက်မက်မောမော ရှိကြမှာ သေချာပါတယ်'

'ဒီ ဒွန်း ပန်းချီကားလိပ်တွေရဲ့ တန်ဖိုးကို ငွေကြေးနဲ့ တွက်နေတာ မှဟုတ်ဘူး၊ ကျုပ်တို့အတွက် အမြတ်တနိုး ပစ္စည်းတွေ ဖြစ်တယ်၊ ရာစုနှစ်ခု၊ သုံးခုက ကျုပ်တို့မျိုးဆက်ကို ဖော်ပြထားတယ်၊ ကျုပ်တို့ရဲ့ သမိုင်းတန်ဖိုး အမြင့်ဆုံး ပိုင်ဆိုင်မှုပဲ'

မင်းသားကြီးသည် အာရှနိုင်ငံရေးတွင် ကျွမ်းကျွမ်းကျင်ကျင် ကြိုးတန်းလမ်းလျှောက်တတ်သူ ဖြစ်သည်။

ဂျူရယ့် အနေဖြင့် သူ့ လုပ်ငန်းထဲ ပါဝင်ပတ်သက်ရန် အကြောင်းမရှိ၊ ပေးအပ်သောတာဝန်ကို အောင်မြင်စွာဆောင်ရွက်ရန်သာဖြစ်သည်။

သူတို့နှစ်ဦး၏ တွေ့ဆုံပွဲသည် တိုတောင်းသော အချိန်အတွင်း၌ ပြီးဆုံးတော့မလိုရှိသည်။ ဂျူရယ်သည် သံတမန် တစ်ယောက်အနေဖြင့် သူ့ကိုယ်သူ မနည်းထိန်းရ၏။

အတွင်းအဓမ္မ စုပ်စို့ပြောဆိုနေသော မင်းသားကြီး ရှေ့မှောက်တွင် သည်းခံပြီးငြိမ်သက်စွာနေခဲ့ရသည်။ တောဘုတ်အား စုပ်စို့ရာတွင်လုံလောက်သော အထောက်အထားမရှိ၊ သံသယနှင့် စွဲချက်တင်ခြင်း ဖြစ်၏။ ခိုင်လုံသော အချက်အလက် နည်းပါးလှသည်။

တစ်နေ့က ညခြောက်နာရီ အချိန်တွင် ရောမမြို့မှပြန်လာကြသည့်မင်းသားကြီး၏ အထူးတည်းခိုဆောင်ရှိ အိပ်ခန်း တစ်ခန်း အတွင်းမှုပန်းချီကားများ ခိုးယူခြင်းခံရသည်။

နောက်တစ်နာရီခန့် ကြာသောအခါ တောဘုတ် ပျောက်ဆုံးနေသည်။ သူ့အခန်းတွင် မရှိတော့။ အနုပညာ ပစ္စည်းများထားရာအခန်းစောင့် တစ်ဦး သတိမေ့လဲကျနေသည်။

ဤ အချိန်အလက်များအရ ပန်းချီကားများကို တောဘုတ် ခိုးယူသည်ဟု စွဲချက်တင်သည်။

ဂျူရယ်က မင်းသားကြီး၏ အစေခံအား မေးခွန်းပြုရန် ပြောသောအခါ သုဝဏ္ဏဖန်က ပြောင်ပြောင်တင်းတင်းပင် ငြင်းပယ်လိုက်၏။

တွေ့ဆုံပွဲသည် မပြေမလည် အကျဉ်းအကျပ်ထဲ ရောက်နေသည်။

'ကျုပ်တို့ စဉ်းစားတာက ရှင်းရှင်းလေးပဲ'

သုဝဏ္ဏဖန် ပြုံးလိုက်သည်။

'ကျုပ်တို့မှာ လက်စားချေချင်တဲ့ သဘောမရှိဘူး၊ တောဘုတ်ကို အပြစ်ပေးဖို့ ခင်ဗျားကို ကျုပ်လွှဲအပ်တယ်၊ ဒီပြဿနာကို ကျုပ်တို့ ကျေနပ်လောက်အောင် ဖြေရှင်းမပေးမချင်းတော့ မြောက်အမေရိကန်က သတ္တုကုမ္ပဏီနဲ့ ညှိနှိုင်းဆွေးနွေးနေတာကို ရပ်ဆိုင်းထားရမယ်'

အမေရိကန် သတ္တုကုမ္ပဏီနှင့် ဆွေးနွေးပွဲကို ဖျက်သိမ်းမည်ဟု ခြိမ်းခြောက်အကျပ်ကိုင်ခြင်းမှ ဂျူရယ်အား သူ့ည့်ခန်း အတွင်းမှ ထွက်သွားရန် နှင်ထုတ်နေသလိုဖြစ်နေ၏။

အပြောအဆို အလွန်ရိုင်းပျသောသူနှင့် ဆက်ပြီး မျက်နှာချင်းဆိုင်ရန် အကြောင်းမရှိတော့။ တောဘုတ်ကိုတွေ့အောင်ရှာပြီး ပန်းချီကားများချက်ချင်းပြန်ပေးနိုင်ရေးအတွက် ဆောင်ရွက်ရန်သာ ရှိတော့သည်။

တောဘုတ်ဘယ်မှာရှိသည်ကို အယ်လန်မသိ။ သတင်းမရ၊ စိုင်းလပ်စ်ဟန်စင်ကတော့ တစ်နေ့လုံး မြေလှန်ပြီးလိုက်ရှာနေသည်။

ယူနှင့်ချက်ချင်းတွေ့ရန် ဂျူရယ်ဆုံးဖြတ်လိုက်သည်။

နှောင့်နှေးစရာ အကြောင်းတစ်ခုနှင့် ကြုံတွေ့နေရပြန်သည်။

ဟိုအယ်တံခါးမကြီးသို့ရောက်ရန် အခန်းပေါင်းများစွာကို ဖြတ်လျှောက်ခဲ့ရသည်။ တံခါးစောင့်သည် သူ့အားကြိုဆိုပြီး အစီပွဲပယ်မရှိသောအပြုံးဖြင့် သူ့အနားလာရပ်သည်။

'ခဏ....ဆရာ၊ဆရာအပြင်မထွက်မီ ဆရာနဲ့တိုးတိုးတိတ်တိတ် စကားပြောချင်တဲ့သူတစ်ယောက်ရှိတယ်'

တစ်ခါမှ်တည်းမှာ အနီးရှိဧည့်ခန်းတံခါး ပွင့်လာပြီး ပိုလ်မှူးကြီးအင်ကွန်ပက်(ခ) ထွက်လာသည်။

ရူတ်တရက်ပက်(ခ)ကိုတွေ့လိုက်တော့ ဂျူရယ်စိတ်လှုပ်ရှားသွားသည်။ သို့သော် ဟန်ကိုယ်ဖို့ဆိုသလို မျက်နှာပျက်မသွားရန် ကြိုးစားထိန်းထားလိုက်သည်။

ပက်(ခ)သည် သူ၏ မိကျောင်းပါးစပ်ပြဲကြီးကို ပြုံးလိုက်သည်။ သူသည် ညို့မှိုင်းမှိုင်း ကုတ်အင်္ကျီကို ဝတ်ဆင်ထားသည်။ သူ့ခန္ဓာကိုယ်သည် အချိုးမကျ ပုဝိုင်းဝိုင်း ဖြစ်သော်လည်း သူက်လက် ဖျတ်လတ်စွာ လျှောက်လာသည်။ သူ၏ လေးထောင့်စပ်စပ် လက်ဝါးကြီးကို ဂျူရယ့်ဆီသို့ ကမ်းလှမ်းလိုက်၏။

'မစ္စတာဂျူရယ်....ဒါဟာ ကြာနေဒသပါ'

ဂျူရယ်သည် ကမ်းလှမ်းလာသော လက်ကို တုံ့ပြန်ခြင်းမပြုချေ။ပက်(ခ)က ပြုံးပြီး သူ့လက်ကို ပြန်ချလိုက်သည်။

'မိတ်ဆွေ....ခင်ဗျားစိတ်တွေ လှုပ်ရှားနေပုံရတယ်'

'ကျွန်တော် ခင်ဗျားမိတ်ဆွေ မဟုတ်ပါဘူး'

ဂျူရယ်က ပြန်ပြောလိုက်သည်။

'ဩော်....ခင်ဗျား သိပ်စိတ်တိုနေတာလဲ ထင်တယ်'

'ကျွန်တော် စိတ်မတိုပါဘူး၊ ခင်ဗျား ဒီမှာ ဘာလာလုပ်တာလဲ ပက်(ခ)'

'ခင်ဗျားလို့ ဆိုပါတော့၊ ကျွန်တော်နဲ့ သုဝဏ္ဏဖန်တိုင်းပွားရေး ကိစ္စ စကားပြောခဲ့ကြတယ်၊ ဒါ့ထက် မပိုပါဘူး၊ သူ့နိုင်ငံနဲ့ ကျွန်တော်တို့ နိုင်ငံအကြား စီးပွားရေး အစီအစဉ်တွေ ဆောင်ရွက်ဖို့ သက်သက်ပါပဲ'

အစ်တွန်ပက်(ခ)သည် ကေဂျီယူအဖွဲ့တွင် မော်စကိုအစ်တန်းဆင်းတစ်ဦး ဖြစ်ကြောင်း ဂျူရယ် သိထားသည်။ သူ၏လည်ပင်းသည် ကမ္ဘာ့ဝေါဟာရတွင် အတုတ်ခိုင်ဆုံး ဖြစ်သည်။ လက်မောင်းများ၊ပခုံးများသည် နပန်းသမားကဲ့သို့သန်မာတောင့်တင်းသည်။ သံမဏိကဲ့သို့ မာကျောသော သွားများသည် ပြုံးလိုက်လျှင် ဝင်းလက်သွားသည်။ သူ၏ မျက်လုံးပြာသေးသေးကလေးများသည် အရောင်တောက်နေ၏။

သူ ရှင်ပြုနေသည်။ စူးစမ်းတတ်သည်။'ကေ' ဌာနစိတ်ရှိဝန်ထမ်းများထဲမှ ပက်(ခ)၏ ကိုယ်ရေးမှတ်တမ်းများအရ ပက်(ခ)သည် မော်စကို တက္ကသိုလ်မှအမြင့်ဆုံးဘွဲ့ကိုဂုဏ်ထူးဖြင့်ရရှိခဲ့သည်။ ဘာလင်တွင် အင်ဂျင်နီယာ အတတ်ပညာကိုသင်ကြားခဲ့ဖူးသည်။

လီနင်ဘွဲ့တံဆိပ်နှင့် အလံနီဘွဲ့တံဆိပ်များ ချိုးမြှင့်ခံရသည်။ သူ၏တိရစ္ဆာန်ကိုယ်လုံးကြီးသည် လှည့်စားဖြားယောင်းတတ်၏။ အန္တရာယ်ပေးတတ်သည်။

'ကျွန်တော်နဲ့ လိုက်ခဲ့ပါ ဂျူရယ်၊ ကျွန်တော်တို့ အပြင်မှာ စကားပြောကြရအောင်၊ အကောင်းဆုံး လုံခြုံမှုရှိပါတယ်'

'တယ်သူ့အတွက် လုံခြုံမှုလဲ'

ပက်(ခ)သည် ပခုံးနှစ်ဖက်ကို ဘွန့်လိုက်၏။

'ကျွန်တော်တို့အတွက် ယာယီငြိမ်းချမ်းရေးလို့ပဲ ဆိုကြပါစို့၊ ကျွန်တော်တို့ တစ်ဦးကို တစ်ဦး နားလည်ထားကြပါတယ်'

'ငြိမ်းချမ်းရေး....ဟုတ်လား'

'အပြင်မှာ စကားပြောကြရအောင်၊ ဒီနံရံတွေမှာ နားတွေ အများကြီး ရှိနေတယ်'

'ခင်ဗျားသိချင်တာကို ပြောပါ'

'ကျွန်တော်တို့ စီးပွားရေးအကြောင်း ပြောလို့ရလိမ့်မယ် ထင်တယ်၊ ကျွန်တော်တို့နှစ်ဦးစလုံးဟာ အကျိုးသင့် အကြောင်းသင့် စဉ်းစားတတ်တဲ့ သူတွေပါ၊ခင်ဗျားကို ကျွန်တော်လေးစားပါတယ် ဂျူရယ်၊ ခင်ဗျားအကြောင်းကို ကျွန်တော်တို့အားလုံး သိပါတယ်၊ ကျွန်တော်တို့အထဲမှာ တချို့က ခင်ဗျားကို ကြောက်ကြတယ်၊ ကျွန်တော်ကတော့ မကြောက်ပါဘူး၊ ဒါပေမယ့် ကျွန်တော်ရဲ့ အန္တရာယ်အရှိဆုံး ဆန့်ကျင်ဘက်တစ်ယောက် ဖြစ်တဲ့ ခင်ဗျားရဲ့ အရည်အချင်းကိုကျွန်တော်နားလည်ပါတယ်၊ဝမ်းနည်းစရာကတော့ ခင်ဗျားဟာ ခင်ဗျားရဲ့နယ်ချဲ့သမားဆရာသမားများအစွမ်း ဆင်ကန်းတောတိုး တာဝန်ထမ်းဆောင်ပေးရဦးမယ်၊ဒါ သဘာဝကျပါတယ်'

'ဝါဒဖြန့်ချိတဲ့စကားတွေ ရပ်လိုက်ပါ၊အချိန်မဖြုန်းပါနဲ့'

'ကျွန်တော် တောင်းပန်ပါတယ်၊ အမှန်ပဲ....ခင်ဗျားဟာ အချိန်လုပြီး အလုပ်လုပ်နေရတယ် ဆိုတာ နားလည်ပါတယ်၊ ခင်ဗျားတို့ကို သုဝဏ္ဏဖန်က ရာဇသံပေးထားတာကို ကျွန်တော်သိပါတယ်၊ အလွန်ဝမ်းနည်းစရာကောင်းတဲ့ ကိစ္စပဲ'

ဂျူရယ်သည် ပက်(ခ)နှင့်အတူလမ်းဘက်သို့လျှောက်လာခဲ့သည်။

ဟိုတယ်ထဲမှာ တစ်ခုခုဖြစ်သွားရင် ဆွစ်ရဲတွေနှင့် ပြဿနာဖြစ်မှာ သူ စိုးရိမ်သည်။

ညချမ်းသည် သာယာလျက် ရှိနေသည်။ ပက်(ခ)က မြစ်ကမ်းစပ်ရှိ ဆိပ်ခံဘက်သို့ မေးဆတ်ပြ၏။လူအများလမ်းလျှောက်

နေကြသည်။ ဂျူရယ်သည် လွန်ခဲ့သည့်နှစ်နှစ်ကျော်က ကေဂျီယူထိုးနှက်ခြင်းကို ခံခဲ့ရဖူးသည်။ ထို့ကြောင့် သတိဝိရိယအမြဲရှိနေသည်။

ပက်(ခ)မှာ လက်နက် ပါမလာသည့်တိုင် သူ့လက်သီးတစ်ချက်သည် မေ့သွားနိုင်သည်။ သို့မဟုတ် အသက်ထွက်သွားအောင် ထိုးနိုင်သည်။သတင်းစာလိပ်တစ်လိပ်နှင့် အပ်တစ်ချောင်းသည်ပင် အန္တရာယ်ရှိနိုင်သည်။ ထို့ကြောင့် ပက်(ခ)နှင့် လူချင်းနီးနီးကပ်ကပ် မနေလျာက်ဝံ့။ ပက်(ခ)အနေနှင့်လည်း သတိဝိရိယကို အမြဲတမ်း ထားရှိနေသည်။ သူတို့သည် ရန်သူများ ဖြစ်ကြသည်။

အခွင့်အရေးရလျှင် ရသလို အသုံးချမည်ကို နှစ်ဦးစလုံး နားလည်ထားကြသည်။ ဂျူရယ်သည် နားကိုသုံးပြီး အာရုံစိုက်ထားသည်။

'ကျွန်တော်တို့ ဒီနေရာမှာ စကားပြောလို့ရတယ်'

ပက်(ခ)က ရှုန်းမြစ်ကိုဖြတ်ပြီး ဆိပ်ခံဆီသို့ ထိုးထားသော အနီးဆုံးတံတားဘက်သို့ ခေါင်းကွေ့ရင်း ပြောလိုက်သည်။လေသေးသည် ကန့်ကြီးဆီမှ မြစ်ပြင်ကို ဖြတ်တိုက်လာသည်။

'အရေးပေါ်ကိစ္စနဲ့ ခင်ဗျားကို ခေါ်လိုက်တာ မဟုတ်လား'

ဂျူရယ်က ဘာမှပြန်မပြော။

'ဂျက် ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျားသိလား'

'ခင်ဗျားက အသေအချာသိနေတယ်ပေါ့'

'အဖွဲ့သားတစ်ယောက် ကိုယ်ကျိုးရှာသွားတယ်၊ အချဉ်ပေါက်သွားတယ် ဆိုတာဟာ အမြဲတမ်း မကောင်းတဲ့ကိစ္စပဲ'

'အခုအထိ ဂျက်တောဘွတ်ကို စွင့်စွဲနိုင်တဲ့ သက်သေအထောက်အထား အစအနတစ်ခုမှ မတွေ့ရသေးဘူး'

'မင်းသားကြီးရဲ့ အဖိုးတန်မန်းချီကားတွေကို သူခိုးသွားတာ အမှန်ပဲ'

ပက်(ခ) ရယ်လိုက်သည်။ သူ၏ တောက်ပြောင်သော မျက်လုံးကျင်းကလေးများက ဂျူရယ်ကို မော့ကြည့်နေသည်။

'လူတစ်ယောက်ဟာ တစ်ခါတရံ လက်ထဲရောက်လာတဲ့ အခွင့်အရေးကိုအသုံးချမှာပဲ၊ မစ္စတာတောဘုတ်လို စိတ်ဓာတ် ရေးရာညံ့ဖျင်းတဲ့လူမျိုးတစ်ယောက် ခင်ဗျားတို့ယန္တရားထဲရောက် ရှိနေတာ ကျွန်တော် အံ့အားသင့်မိတယ်'

'တောဘုတ်က ခင်ဗျားကိုဘာတွေပြောလို့လဲ'

ဂျူရယ်က သွေးတိုးစမ်းကြည့်သည်။

'သူနဲ့ကျွန်တော်တွေ့ဆုံခဲ့ရတယ်လို့ ပြောမိသလား၊ ခင်ဗျား လူ ကျွန်တော်တို့လက်ထဲမှာရှိနေတယ်လို့ ခင်ဗျားထင်လို့လား'

'ဖြစ်နိုင်တယ်'

'အခုလိုအခိုက်အတန့်မှာ မင်းသားကြီးဟာ အမေရိကန်တွေကို အလွန်စိတ်ပျက်သွားပြီ၊ ဒါကြောင့် ကျွန်တော်တို့ ကြည်နူးသွားတာ သဘာဝကျပါတယ်၊ သူ့ပန်းချီတားတွေ ပြန်မရလေကောင်းလဲ၊ ဒါမှ ကျုပ်တို့ရဲ့သတ္တုတွင်းဝန်ကြီးနဲ့ သဘောတူညီတဲ့ စာချုပ်တွေချုပ်ဖြစ်မယ်၊ သုဝဏ္ဏဖန်လက်မှတ်ထိုးဖို့ စာချုပ်စာတမ်းတွေအသင့်ဖြစ်နေပြီ၊ သူကလဲ လက်မှတ်ထိုးမှာပါပဲ မစ္စတာဂျူရယ်၊ ဒါ ကျွန်တော်တို့အတွက် အောင်ပွဲပဲ'

'ကျွန်တော်တို့အလုပ်လုပ်ဖို့ အချိန်နည်းနည်းပဲရပါတယ်'

ဂျူရယ်က အခြေအနေကိုပြောပြသည်။ ပက်(ခ)ကတော ဘုတ် ဘယ်မှာရှိသည်ကိုမမြော၊ သူသိသယောင်ယောင်ပြောသည့် တိုင် ယုတ္တိယုတ္တာမရှိလှ။

ဂျူရယ်သည် ကျောက်တံတားဘေးလက်တန်းမှ အောက် ဘက်သို့ စောင်းငဲ့ကြည့်လိုက်သည်။ သဘော်ဆိပ်တစ်လျှောက်တွင် အော်တိုမီးလုံးများသည် ပုံမှန်အတိုင်း လင်းလိုက်မှိတ်လိုက်ဖြင့် ဆိပ်ကမ်းကိုအလင်းရောင်ပေးနေသည်။ လမ်းသွားလမ်းလာများ သည် ပက်(ခ)ကိုလည်းကောင်း၊ ဂျူရယ်ကိုလည်းကောင်း ဂရု တစိုက်မရှိကြ။ ဂျူရယ်သတိထားမိသည်။ အင်အားကြီးမားပြီး ခြေသုတ်လက်သုတ်ရှိလှသော ပက်(ခ)လိုပုဂ္ဂိုလ်မျိုး မိမိအနား

မှာ နီးနီးကပ်ကပ်ရှိနေခြင်းအတွက် အမြဲတိုရိယရှိရမည်။ အသင့် ပြင်ထားရမည်။

သူသည် ပက်(ခ)၏လေးထောင့်စပ်စပ်မျက်နှာကို ကြည့်လိုက်သည်။

'ကျွန်တော် သိချင်တဲ့အကြောင်းတစ်ခုရှိတယ်'

သူက အသံတိုးတိုးဖြင့်ပြောသည်။

'လွန်ခဲ့တဲ့နှစ်နှစ်လောက်က ကျွန်တော် အမ်စတာဒမ်မှာ နေခဲ့ဖူးတယ်'

'ဩော်....ဟုတ်ပြီ၊ ရောတက်ဘော်ဘီအန်စထရောင်းကို ရည်ညွှန်းပြောတာကိုး'

'ဘော်ဘီဟာ ကျွန်တော့် သူငယ်ချင်းတစ်ယောက်ပါ'

'သူသေရတာဟာ ကျွန်တော်တို့ ပုဂ္ဂိုလ်ရေးတိုက်ပွဲမှာ ကံဆိုးတဲ့ဖြစ်ရပ်တစ်ခုပါ ဂျူရယ်'

'သူ့ကိုသတ်ဖို့အထိ မလိုအပ်ပါဘူး'

'ကျွန်တော်တို့ကတော့ လိုအပ်တယ်လို့ထင်ခဲ့တယ်၊ သူဟာ ခင်ဗျားသူငယ်ချင်းဖြစ်တဲ့အတွက် ဝမ်းနည်းပါတယ်'

'ဒီလုပ်ငန်းထဲမှာ အသုံးချလို့ရနိုင်လောက်အောင် ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက်ပါပက်(ခ)၊ လိုရင်းကိုပြောပါ'

ပက်(ခ)ပြုံးလိုက်သောအခါ သူ၏ သံမဏိသွားများဝင်း လက်သွားသည်။

'ခင်ဗျား ကျွန်တော့်ကိုဖယ်ရှားပစ်ဖို့ ဆုံးဖြတ်ခဲ့သလား ဂျူရယ်'

'အကျိုးရှိမယ်ဆိုတဲ့အခါမျိုးကြမှုပါ'

'ကျွန်တော်လဲ ခင်ဗျားအပေါ်မှာ ဒီလိုပဲဆုံးဖြတ်ထားပါ တယ်၊ ကျွန်တော်တို့နှစ်ဦးဟာ တစ်ယောက်နဲ့တစ်ယောက် အများကြီး နားလည်မှုရှိကြပါတယ်၊ ခင်ဗျားကိုဂုဏ်သိက္ခာရှိရှိနဲ့ အကြံ တစ်ခုပေးချင်ပါတယ်၊ ကျွန်တော်တို့ဟာ တစ်ဦးကိုတစ်ဦး မယုံကြည်ကြတာသဘာဝကျပါတယ်၊ ကျွန်တော်ပြောတာတွေကို ခင်ဗျား လက်ခံချင်မှလက်ခံမှာပါ၊ ကျွန်တော် ခင်ဗျားကိုခင်မင်

လေးစားပါတယ်၊ အရည်အချင်းပြည့်ဝတဲ့ မိမိရဲ့ဆန့်ကျင်ဘက်ကို မိမိကိုယ်တိုင် လေးစားချစ်ခင်လို့ရနိုင်ပါတယ်၊ မဟုတ်ဘူးလား၊ ကျွန်တော်ပြောချင်တာက ဒီပြဿနာကို ခင်ဗျား လုံးဝလက်လွှတ်လိုက်ဖို့ပါပဲ၊ ဒီပွဲဟာ ခင်ဗျားအတွက် ရှုံးပွဲကြီးဖြစ်နေပြီ၊ သုဝဏ္ဏဖန်ကို ကျွန်တော်တို့ဘောင်းဘီအိတ်ထဲ ထည့်ထားလိုက်ပြီ'

'ပန်းချီကားတွေ သူ့ကိုပြန်ပေးနိုင်ရင် သူ စိတ်ပြောင်းသွားမှာပါ'

'အဲဒီပန်းချီကားတွေက ဘယ်မှာလဲ'

'ကျွန်တော်တွေ့အောင်ရှာမယ်'

'အခုလောက်ဆို ဆွစ်စလန်မှာ ရှိချင်မှရှိတော့မယ်'

'ကျွန်တော့်အတွက် ရှိနေနိုင်ပါသေးတယ်'

'တောဘွတ်လဲ နိုင်ငံခြားကိုရောက်နေရောပေါ့'

ဂျူရယ်က ဘွင်းဘွင်းရှင်းရှင်း မေးလိုက်သည်။

သူက အဖြေရဖို့မမျှော်လင့်တော့၊ ပက်(ခ)သည် ငြိမ်သက်နေ၏။ သူ၏ဖားခုံညင်းလိုပါးစပ်ကြီးတို တင်းတင်းစေ့ထားသည်။ ရုန်းမြစ်ထဲမှ နောက်ကျိသောရေများကိုငုံ့ကြည့် နေ၏။ အငှားကားတစ်စီး ဟွန်းသံတိုးတိုးပေးပြီးဖြတ်မောင်းသွားသည်။ ဂျူရယ်ကသတိကြီးစွာဖြင့် တစ်ဖက်သို့လှည့်လိုက်သည်။ ပက်(ခ)ကို သူမြင်ကွင်းထဲမှအပျောက်မခံ၊ အငှားကားပျောက်ကွယ်သည် အထိ ကြည့်နေသည်။

တံတားပေါ်မှ ဖြတ်သွားဖြတ်လာများသည် သူတို့ကို ဂရုမစိုက်ကြ၊ အနီးအနားတွင်ရစ်ဝဲဝဲလုပ်နေသူတစ်ဦးတစ်ယောက်မှ သူမတွေ့ရ။

ပက်(ခ)သည် သူ့ထံမှ တစ်စုံတစ်ရာလိုချင်နေသည်ကို သူသိသည်။ ဤလုပ်ငန်းကိုလက်တွေ့ကျကျလုပ်ရမည်။ အမြင်ကျယ်ရမည်။

သူ့လက်ထဲတွင် ပက်(ခ)၏ကိုယ်ရေးမှတ်တမ်း ရှိသည်။ အကြောင်းအရာတချို့ သူ့ခေါင်းထဲသို့ဝင်လာသည်။

ပက်(ခ)သည် ယူဂိုစလားဗီးယားနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ဒရုဂျာအရေးအခင်းတွင် နောက်မှ ကြိုးကိုင်ဆရာကြီးဖြစ်သည်။

တခြားနိုင်ငံများ၏ နိုင်ငံရေးတွင်ဝင်ရောက်ပြီး သွေးထိုးသို့ဆော်ပေးတတ်သည်။

ပက်(ခ)သည်လျင်မြန်၏။ ကောက်ကျစ်သည်။ အန္တံရာယ်ကြီးသည်။

နိုင်ငံတကာ ဘာသာစကားများကို ကျွမ်းကျင်စွာပြောတတ်သည်။

အင်္ဂလိပ်စကားပြောရာတွင် အပြစ်ပြောစရာမရှိလောက်အောင် ပီပီသသနှင့်စံနစ်တကျပြောတတ်သည်။

ဂျူရယ်သည် တော်ဘီလန်စထရောင်းကို သတိရမိသည်။ တစ်ချက်ကလေးသတိလစ်တာနဲ့ အသက်ဆုံးရှုံးခဲ့ရသည်။ အဇ်ကွန် ပက်(ခ)၏လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။ သူသည် တံတားလက်ရန်းပေါ်တင်ထားသော ပက်(ခ)၏လက်ဝါးကြီးကိုကြည့်မိသည်။

လေးထောင့်ကျကျလက်ချောင်းများသည် တိုတိုတုတ်တုတ်ကြီးများ ဖြစ်၏။

'ကျွန်တော်အကြံပေးချင်တယ်'

ပက်(ခ)က ဆက်ပြောသည်။

'ကျွန်တော်တို့နှစ်ယောက်စလုံး ကျိုးကြောင်းဆီလျော်တဲ့နည်းလမ်းနဲ့ကြိုးစားပြီး စဉ်းစားကြည့်ကြရအောင်၊ ပွင့်ပွင့်လင်းလင်း ပြောမယ်ဗျာ၊ ဒီကိစ္စနဲ့ပတ်သက်လို့ ခင်ဗျားကိုခေါ်ယူလိုက်တာ ကျွန်တော့်အဖို့ အများကြီးအနှောင့်အယှက်ဖြစ်သွားတယ်၊ ဒီဇာတ်ခုံပေါ် ခင်ဗျားလိုလူတစ်ယောက်ရောက်လာလိမ့်မယ်လို့ မျှော်မှန်းမထားမိဘူး၊ ကျွန်တော့်မှာ အစီအစဉ်တွေ အများကြီ ရှိတယ်၊ ခင်ဗျားနားလည်ပါတယ်လေ၊ အရှုံးနဲ့ရင်ဆိုင်ရမယ်ဆိုရင်တော့ နည်းနည်းအလေးမှသည်းခံမှာမဟုတ်ဘူး၊ ခင်ဗျားက ကျွန်တော့်ကိုခြိမ်းခြောက်သယောင် လာလုပ်

ပြန်တယ် ဂျူရယ်၊ ကျွန်တော်ပြောခဲ့တဲ့အတိုင်းပဲ ခင်ဗျား
လေးစားပါတယ်၊ ဒါကြောင့် ခင်ဗျားဂျနီဗာက ချက်ချင်းထွ
သွားတာ ကျွန်တော်မြင်ချင်တယ်၊ လွယ်လွယ်နဲ့သွားလို့ရနိုင်ပ
တယ်၊ လျှို့ဝှက်လမ်းတစ်ခုကနေ ခင်ဗျားတိုပါရီအရောက်ပို
ပေးနိုင်တယ်၊ ဥပမာပေါ့ဗျာ၊ တခြား နေရာသွားချင်လဲရပ
တယ်၊ အဲဒီမှာ သုံးရက်လောက်နေနိုင်ပါတယ်၊ ခင်ဗျားထွ
သွားရင် ကျွန်တော့်အတွက်အောင်ပွဲပေါ့ဗျာ'

'ဒါ....မဖြစ်နိုင်ဘူး၊ ခင်ဗျားလူတွေက ခင်ဗျား
ကြီးစင်တင်တာကို ကျွန်တော်ကမြင်ချင်တာဗျ'

'ခင်ဗျားက ကျွန်တော့်ကိုလာဘ်ထိုးနေတာလား'

'ခင်ဗျား ငွေလိုချင်သလား'

'ကျွန်တော်လိုချင်သလောက်ပေးနိုင်မှာ မဟုတ်ပါဘူး'

'ပေးနိုင်ပါတယ်'

'ခြိမ်းခြောက်နေတာကကော'

'ဒါက အကြံပေးတာသက်သက်ပါ၊ ကျွန်တော့်အစီအ
ထဲ ဝင်ရောက်စွက်ဖက်လာရင်တော့ သည်းခံလိမ့်မယ်မဟုတ်ဘူ
တောဘွတ်ကိုရှာဖို့ ဒီမှာ ခင်ဗျားရှိနေမယ်ဆို့ ကျွန်တော်
ဆူးညှောင့်ခလုတ်ကိုတော့ရှင်းရမှာပဲ'

'ခင်ဗျားစကားတွေက ဘေးကိုရောက်ကုန်ပြီ'

ဂျူရယ်ကပြုံးလိုက်သည်။

'ကျွန်တော် သူ့ကိုရှာတွေ့ဖို့ အခွင့်အလမ်းရှိပါတယ်၊
ကိစ္စဟာ ခင်ဗျားအတွက် သာမန်ထက်ပိုတယ်ဆိုတာ သိပါတ
ပက်(ခ)'

'ဟုတ်ပါတယ်၊ ကေဂျီယူဌာနချုပ်မှာ ကျွန်တော်နဲ့ပြိုင်ဘ
တွေရှိနေလဲ အရေးမကြီးပါဘူး၊ ကိုယ့်ပြဿနာနဲ့ကိုယ်ရှိနေသ
ခင်ဗျားမှာလဲ ခင်ဗျားပြဿနာနဲ့ခင်ဗျားရှိနေတာကို ကျွန်တော်
နားလည်ပါတယ်၊ ကျွန်တော်တို့နှစ်ဦးစလုံးဟာ လက်ငင်းအက
ကိုပဲ့ ကြည့်ကြတဲ့လူတွေပါ'

'ကျွန်တော် နားလည်ပါတယ်'

'ဗွီအေဂျေအေအဖွဲ့မှာ ဒုတိယဝန်ကြီးရာထူးနဲ့ညီတဲ့ ရာထူး
ကို ခင်ဗျားရည်မှန်းထားတယ် မဟုတ်လား'

ဗွီအေဂျီအေအဖွဲ့ဆိုသည်မှာ ပရပ်မြို့တွင်ရှိသော ပက်(ခ)
၏ ကေဂျီယူအဖွဲ့ထဲမှ လက်ရွေးစင် ထိပ်တန်း လူဘစ်စုံဖြစ်
သည်။

'ခင်ဗျားအတွက် အန္တရာယ်ကြီးပါတယ်၊ အဲဒီရာထူးကို
ဘီရန်တော့ဗ်က ရယူထားတယ်လေ၊ သူ့ကိုရာထူးက ဖယ်ရှားမခံ
ရအောင် ကာကွယ်တဲ့အနေနဲ့ ခင်ဗျားခေါင်းကို သူ ဖြတ် လိမ့်
မယ်'

ပက်(ခ)က ပျက်ချော်ချော်ဖြင့် ပြုံးဖြီးဖြီးကြီးလုပ်နေ
သည်။ အရောင်တောက်နေသောမျက်လုံးများသည် အရေတွန့်
နေပြီဖြစ်သော မျက်ခွံများကြားတွင် ပျောက်ကွယ်သွားသည်။

'ခင်ဗျားသတင်းက အံ့အားသင့်စရာကြီးပါလား'

'အတီအကျပဲ၊ နောက်ဆုံးရရှိတဲ့သတင်းပါ၊ ခင်ဗျား
တစ်ချက်ခြေချော်ရင် ဘဝတစ်လျှောက်လုံးဆုံးရှုံးမှာ အသေ
အချာပဲ၊ ခင်ဗျား ဒီမှာလာပြီး နယ်မြေသန့်စင်ရေး အတွက်
စိုးရိမ်ပူပန်စိတ်တွေပွားနေတာ ဒါကြောင့် မဟုတ်လား'

'ဂျူရယ် ခင်ဗျားကို ကျွန်တော်မသတ်ချင်တော့ဘူး'

ဂျူရယ်ကပြုံးလိုက်၏။

'ခင်ဗျား သတ်လို့လဲ မရပါဘူး'

'ကျွန်တော့် ရည်မှန်းချက်ပန်းတိုင်ရောက်ဖို့ ကြိုးစားတဲ့
အလုပ်မှာ ဝင်ရောက်နှောင့်ယှက်ရင်တော့ သတ်ကိုသတ်ရမှာပဲ'

'ခင်ဗျားပန်းတိုင်က ဘာလဲ ပက်(ခ)'

'ဒီမှာ ကျွန်တော်အောင်မြင်မှုရဖို့ပဲ'

'ခင်ဗျား တောဘွတ်ကို သတ်ခဲ့ပြီလား'

'ကျွန်တော် မသတ်ပါဘူး'

ပက်(ခ)က ခပ်ပြတ်ပြတ် ပြန်ပြောလိုက်သည်။

'သူ အသက်ရှင်လျက်ပဲလား'

'ကျွန်တော် မပြောတတ်ဘူး'

'ပန်းချီကားတွေကော ဂျနီဗာမှာရှိသေးလား'

'ဒါလဲ ကျွန်တော်လုံးဝမသိဘူး၊ခင်ဗျားဒီနယ်မြေကထွက်သွားဖို့ပဲကျွန်တော်ပြောချင်တယ်၊ပါရီကိုသွားပါ၊ တစ်နေရာရာကို ထွက်သွားပါ၊ ဂျနီဗာမှာ မနေပါနဲ့၊နောက်မှနောင်တတရားရနေမယ်'

ပက်(ခ)သည် တခြားအာရုံပြောင်းစကားကို လှီးလွှဲ ပြောရတော့မှ အလွန်ကျမ်းကျင်သည့်အတွက်ဂျူရယ်လေးစားရမလောက် ဖြစ်ခဲ့၏။

သူ ဘာရည်ညွှန်းနေသည်ကို အတိအကျအကဲခတ်၍မရပေ။ အယ်လန်ထင်သလို တောဘုတ်နှင့်ပန်းချီကားတွေကို သူထိန်းသိမ်းထားသည်ဟု ဂျူရယ်ပြောလို့မရသေး။

သည်သုံးရက်အတွက် အလုပ် နှောင့်နှေးအောင် လုပ်ထားပါမှ ပက်(ခ)အတွက် အပေါ်စီးရမည်။မင်းသားကြီးသုဝဏ္ဏဖန့်က ချက်တွေ့ရှဲသတ္တုရောင်းဝယ် တူးဖော်ရေး ကန်ထရိုက်စာချုပ်တွေကို လက်မှတ်ထိုးပေးမည့် အခွင့်အရေးကိုရမည်။ ပက်(ခ) သည် မူပိုင်ဘဲ မျက်နှာတော်တိုး အလုပ်မျိုးကိုတော့ လုပ်မည် မဟုတ်။

တောဘုတ်တစ်ယောက် ပက်(ခ)လက်ထဲမှာ မရှိဘူးဆိုတာတော့ ဂျူရယ်-လဘောပေါက်သွားပြီ။သူသည် ပက်(ခ)ကိုကြည့်လိုက်ပြီး....

'ဒီအမှုမပြီးခင်မှာ ကျွန်တော်တို့ နှစ်ယောက်ထဲက တစ်ယောက်ယောက် သေလိမ့်မယ် ပိုလ်မျူး'

ဂျူရယ်က ဆက်ပြော၏။

'ဒီအမှုကိစ္စတစ်ခုလုံးနဲ့ပတ်သက်ပြီး ခင်ဗျား ပူပင်သောကတွေ ပိုလွန်းနေတယ် ပိုလ်မျူး၊ကျွန်တော့်ကို ဖယ်ရှားပစ်ဖို့လဲ သိပ်ဆန္ဒပြင်းပြနေတယ်'

ပက်(ခ)က စိတ်ဆိုးဟန်ဖြင့်....

'ဟုတ်တယ်၊ ဒါဟာ အဓိကအလုပ်ပဲ'

'ဒီမှာ ပက်၊ အိုးကွာတား ရပ်ကွက်ထဲမှာ ဘာပြုလို့ ခင်ဗျားလူတစ်ယောက်ကိုလိုက်ပြီး နောက်ယောင်ခံခိုင်းတာလဲ၊ ကျွန်တော် ခင်ဗျားကို နည်းနည်းပါးပါးတော့ ကူညီပါမယ်'

ဂျူရယ်က ပြုံးပြီး ပြောသည်။

'ကနေ့ည မင်းသားကြီးသုဝဏ္ဏဖန့်နဲ့ ကျွန်တော် မတွေ့ရအောင် ခင်ဗျားလိုက်ပြီး ဟန့်တားနေတာလား'

'ဘာတွေဖြစ်သွားလဲ၊ ကျွန်တော်မသိဘူး'

'ကျွန်တော်ပြောတာကို ခင်ဗျား နားလည်ပါတယ်၊ဘုရားရှိခိုးကျောင်းနားက ဂရန်းရွှေလမ်းဘေး ခြံပေါက်ဝ အတွင်းဘက်မှာ ခင်ဗျားလူကို ကျွန်တော် သိပ်ထားခဲ့တယ်၊ ခင်ဗျား မြန်မြန်သွားပြီး သူ့ကို ခေါ်လွှတ်ရနိုင်သေးတယ်၊ ရဲတွေ တွေ့မသွားရင်ပေါ့'

ပက်(ခ)စိုးရိမ်သွားပုံရသည်။

'ကျွန်တော် နားလည်ပြီ၊ ခင်ဗျား သူ့ကိုဘယ်လို'

သူ့စကားကို ရပ်လိုက်သည်။ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီး....

'ကျွန်တော်တို့ တစ်ဦးကိုတစ်ဦး၊ နားလည်ကြပါတယ်၊ နှုတ်ဆက်ပါဗျ ပက်(ခ)၊ မင်္ဂလာပါ'

ဂျူရယ်က ပြောလိုက်ပြီး ထိုနေရာမှ ထွက်ခွာလာခဲ့လေသည်။

☆

အခန်း (၄)

ဆမ်ဂျူရယ်သည် အများသုံးတယ်လီဖုန်းဖြင့် သံမှူးရုံးတွင်ရှိသော စိုင်းဟင်ဆန်ကို ဆက်သွယ်သည်။ဆယ်နာရီကျော်ပြီ။ဟင်ဆန်၏အသံမှာ စိတ်တိုနေပုံရသည်။

'မင်းဖုန်းဆက်မှာကို ငါစောင့်နေတာ သူငယ်ချင်း၊မင်းကိုပေးစရာအထုပ်ကလေးတစ်ထုပ်ရှိတယ်၊အယ်လန်နဲ့ အဆက်အသွယ်လုပ်ပါ၊ သူ့ဆီ တယ်လီဖုန်းဆက်လို့တော့မရဘူး၊မင်းသူနဲ့တွေ့ပြီးပြီလား'

'တွေ့ပြီးပါပြီ၊ ခင်ဗျားနဲ့ကျွန်တော် ဘယ်မှာ ဆုံကြမလဲ'

'ဆိပ်ကမ်းမှာ ငါ ကားနဲ့လာခေါ်မယ်၊ ဟုတ်ပြီလား'

'ဆယ်မိနစ်အတွင်း'

ဆမ်ဂျူရယ်သည် တယ်လီဖုန်းကို ပြန်ချမည်အပြုတွင်....

'ဆမ်....'

ဟု စိုင်း၏အသံကိုကြားလိုက်သဖြင့် ဖုန်းကိုနားနှင့်ပြန်တပ်လိုက်သည်။

'ဟုတ်ကဲ့....ပြောပါ'

'အယ်လန်ဆီ သွားချင်တယ်၊မင်း ဘယ်လို သဘောရသလဲ၊ ဖုန်းခေါ်မရဘူး၊ ငါ့စိတ်ထဲ စနောင့်စနင်းဖြစ်နေတယ်'

'ကောင်းပြီလေ'

သူ ဟင်ဆန်ကို စောင့်နေစဉ် အယ်လန်ပန်းချီပြခန်းဖုန်းကို ဆက်ကြည့်သည်။ အတော်ကြာကြာ တယ်လီဖုန်း မြည်နေသည်။ ဖုန်းကိုင်မည့်သူ မရှိ။

အယ်လန် ဘယ်သွားနေသလဲ၊ ဘာကြောင့် သူ ဖုန်းမကိုင်တာလဲ၊ သူ စဉ်းစားသည်။ သူ့ရင်ထဲတွင် အင်တွန်ပက်နှင့်တွေ့စဉ်

က မကျေမနပ်ခံစားချက်အငွေ့အသက်များကျန်ရှိနေသေးသည်။ ထိုလူကို သူ လျှော့မတွက်ပါ။ မိမိအား ချော့တစ်ခါ ခြောက်တစ်လှည့် လုပ်နေသည်။

မိမိ အမှားတစ်ခုခုလုပ်မိအောင် နှိုးဆွနေသည်။ သုဝဏ္ဏဖန့်ပန်းချီကားကိစ္စကို လူသိရှင်ကြားလုပ်ပြီး အမေရိကန်တွေကိုသိက္ခာကျအောင်လုပ်ဖို့ အခွင့်အရေး သူ့လက်ထဲမှာရှိသည်။

ဂျူရယ်သည်ဆိပ်ခံတံတားပေါ်မှ ဆိပ်ကမ်းဆီသို့လျှောက်လာသည်။ စိုင်းဟင်ဆန်လည်း ချိန်းဆိုထားသည့်အတိုင်း ရောက်လာသည်။ ကိုးမိနစ်သာကြာသည်။ဟင်ဆန်သည် ပြင်သစ်ဖလော်ရိုက် ကားအသေးစားကလေးကို မောင်းလာသည်။

သူသည် ကားကို စကြံနှုတ်ခမ်းစပ်နားအထိ ကပ်ရပ်လိုက်ပြီး တံခါးဖွင့်ပေး၏။

'ကားထဲဝင်ပါ၊ (စမစ်ဗေးလ်)က ကြိုဆိုပါတယ်'

စမစ်ဗေးလ်ဆိုသည်မှာ ကြားနေ ဆွစ်စလန်နိုင်ငံကို ခေါ်လေ့ ခေါ်ထရှိသည်။

'မင်္ဂလာရှိသော တွေ့ဆုံခြင်းပါ'

'မင်္ဂလာပါ စိုင်းလပ်'

ဂျူရယ်က ပြောလိုက်သည်။ တုတ်တုတ်ခိုင်ခိုင် အက်(ဖ)ဘီအိုင်ကြီးသည် သူ့ကားကို နောက်သို့ပြန်လှည့်ပြီး အိုးကွာတာရပ်ကွက်ဆီသို့ ဦးတည်မောင်းနှင်သည်။

'ကျွန်တော်တို့ ဘယ်သွားမှာလဲ'

ဂျူရယ်က မေးလိုက်သည်။

'အယ်လန့်ဆီက ဘာမှမတို့ ပြန်ဘူးလား'

'ဟင့်အင်း....ဆက်သွယ်လို့မရဘူး'

'ငါတို့ အဲဒီကိုအရင်သွားကြမယ်'

'ကျွန်တော့်သဘောကတော့ တောဘွတ်အခန်းကို မြန်နိုင်သမျှ အမြန်ဆုံးသွားပြီး ရှာဖွေချင်တယ်'

'ငါသွားပြီး ရှာခဲ့ပြီ'

ဟန်ဆန် ပြုံးဖြဲဖြဲ လုပ်နေသည်။ သူ၏ ဖြူဖွေးနေသော ဆံပင်များကို ခပ်တိုတို ညှပ်ထားသည်။ သွေးသန့်ပြီး စိုပြေနေသော သူ့မျက်နှာသည် နူပျိနေသေးသည်။ သူ၏လှုပ်ရှားမှုနှင့် ပြောဆိုပုံတို့သည် တက်တက်ကြွကြွ၊ သွက်သွက်လက်လက် ရှိနေသေးသည်။ ဤနိုင်ငံတွင် အက်(ဖ)ဘီအိုင် ကိုယ်စားလှယ်သည် ဟန်ဆန်ဖြစ်နေသည့်အတွက် ဆမ်ဂျူရယ် ဝမ်းသာမိသည်။

ဌာနတစ်ခုနှင့်တစ်ခု ညီညွတ်မှုမရှိသည့်အခါ လုပ်ငန်းတွင် နှောင့်နှေးမှုများနှင့် ကြုံခဲ့ရသည်။ ယခုလို ကေ ဌာနစိတ်နှင့် အက်(ဖ)ဘီအိုင် အဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်နှစ်ဦး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ရသဖြင့် သူ့အနေနှင့် ဝမ်းသာမိသည်။ စိုင်းလပ်အနေဖြင့်လည်း ကျေနပ်နေပုံရသည်။

'ပြည်ပရောက် အမေရိကန်တစ်ယောက် ပါဝင် ပတ်သက်နေတဲ့ ရာဇစတ်မှုအဖြစ် တိုင်ချက်ဖွင့်ထားတယ်၊ အဲဒီအမှု ငါ့ဆီ ရောက်လာတယ်၊ တောဘွတ်ဟာ ငါတို့လူ ဖြစ်တယ်၊ ပက်(ခ) ဒီမြို့ထဲမှာရှိတာကို ငါသိတယ်'

'ကျွန်တော် သူနဲ့တွေ့ခဲ့တယ်၊ စကား နည်းနည်းပါးပါး ပြောခဲ့ရတယ်'

'မင်း တွေ့ခဲ့ပြီကိုး၊ ငါတို့လူ တောဘွတ် သူ့လက်ထဲမှာ ရှိမယ်မထင်ဘူး၊ ထိန်းထားလိုတဲ့ဆန္ဒတော့ သူ့မှာ ရှိချင်ရှိမယ်၊ ဒီကိစ္စကို တောဘွတ်က သူ့စိတ်ကူးနဲ့ သူလုပ်သွားတာပါ၊အတော် အချဉ်ပေါက်တဲ့ ခွေးမသား'

'သူ့ကို ရှာသေးလား'

'အသေအချာပေါ့ကွာ'

ဟင်ဆန်က သူ့တွင်ရှိသော ဓာတ်ပုံတစ်ခုအတွက် ဂုဏ်ယူလျက် ရှိသည်။ သူသည် တောဘွတ်အကြောင်း ကိုယ်ရေး မှတ်တမ်းကို တစ်လုံးမကျန် ရွတ်ဆိုပြနိုင်သူ ဖြစ်သည်။

'ဂျက်ဂျန်လီဗာတောဘွတ်၊အသက် ၃၂၊ ၆ ပေ-၄လက်မ၊ ၂၂၀ ပေါင်၊ အသားအရေ ပြည့်ဖြိုး၊ လွယ်လွယ်နဲ့ အရှုံးမပေးတတ်၊ဆန်ဂါဘေးလ်မှာ မွေးတယ်။သူ့အဖေဂျန်က လယ်သမား၊

သူ့အမေက အဲ့ဒီမြို့ရဲ့ မိန်းမဆောင်းဦးထုပ်လုပ်ငန်းမှာ စာရေးမ၊ ဂျက် တစ်နှစ်သားလောက်မှာ အိမ်ကထွက်ပြေးသွားတယ်၊ ဂျက်ငယ်စဉ်က ကျောင်းကောင်းကောင်း နေခဲ့ရတယ်၊ စက်ရုံပိုင်၏သမီးနဲ့ လက်ထပ်ရန်ကြိုးစားတယ်၊ မအောင်မြင်၊ အိုကလာဟိုးမား ပြည်နယ်ကို ထွက်ခွာသွားပြီး အင်ဂျင်နီယာကောလိပ်မှာ ပညာသင်တယ်၊ သူ့အပေါ် အတွက်မမှားဖို့ အရေးကြီးတယ်'

'ကောင်းပြီ၊ ကြည့်ကြသေးတာပေါ့'

'သူ ဘောလုံးကစားတယ်'

'အရှေ့တောင်အာရှကို သူ ဘယ်လိုလုပ် ရောက်လာသလဲ'

'ကိုရီးယားကနေ ဂျပန်ကို ရောက်လာတယ်၊ တိုကျိုမှာ မှောင်ခိုလုပ်ငန်းနဲ့ စီးပွားရှာတာသိသွားလို့ မောင်းထုတ်ခံရတော့ ထိုင်ဝမ်ကိုရောက်လာတယ်၊ အဲဒီမှာ မဖွယ်ရာတဲ့အလုပ်တွေ လုပ်လာပြန်လို့ နှင့်ထုတ်လိုက်တော့ ဟောင်ကောင်မှာခိုဖို့ ကြိုးစားတယ်၊ ဗြိတိသျှအစိုးရက ဆိပ်ကမ်းက စောင့်ကြိုပြီး သင်္ဘောတစ်စင်းပေါ် တင်ပေးလိုက်တယ်၊ လာအိုနိုင်ငံကို ရောက်သွားတယ်၊ မင်းသားကြီးတစ်ယောက်ဆီမှာ ကြေးစားစစ်သားအဖြစ် အလုပ်လုပ်တယ်'

'ပသက်လာအိုအတွက် အလုပ် လုပ်ပေးရတာလား'

'မဟုတ်ဘူး၊ အဲဒီတုန်းက တို့နဲ့ အဆက်အသွယ်ရှိတယ်၊ ၁၉၅၉ ခုနှစ်လောက်က ဒေသခံအမျိုးသမီးတစ်ဦးနဲ့ အိမ်ထောင်ကျနေတယ်လို့ ကောလာဟလသတင်း ကြားရတယ်၊ ဒါပေမယ့် အဲ့ဒီမိန်းမ ဘယ်ပျောက်သွားလဲ မသိကြဘူး၊ ဂျော့ဟက်ဂင်ဟာ အရှေ့တောင်အာရှ ဌာနဗျူရိမှာ အကြီးအကဲဖြစ်တဲ့အချိန်ပေါ့၊ တစ်နည်းတစ်ဖုံနဲ့ ဖနွမ်းပင်ရောက်လာတယ်၊သူဟာ မင်းသားကြီး သုဝဏ္ဏဖန်ရဲ့ ရင်းနှီးတဲ့ ရောင်းရင်းတစ်ယောက် ဖြစ်နေတယ်၊ ကော့ကေး ပါတီပွဲတစ်ခုမှာ ဆုံမိကြရာလ ယုံကြည်စိတ်ချတဲ့ မိတ်ဆွေဖြစ်သွားပုံရသယ်၊ ၁၉၃၄ ခုနှစ်လောက်က အဲဒီဒေသမှာ ပြင်သစ်တွေ သဘ္ဘုတူးဖို့ ကြိုးစားခဲ့ကြတယ်၊ မအောင်မြင်ခဲ့ဘူးလို့ တောဘွတ် ကြားသိတယ်၊ တောဘွတ်ဟာ အလွန်စည်းရုံးရေး

ကောင်းတဲ့သူတစ်ယောက် ဖြစ်တယ်၊ ပြင်သစ်တွေ စွန့်ခွာသွားခဲ့တဲ့ သတ္တုမြို့ဝင်းဒေသဘောကို သွားဆောက်လေ့လာခဲ့တယ်၊ မိုင်းလုပ်ငန်းကို ပြန်လည်ဖွင့်လှစ်လိုက်တယ်....။

'....မင်းသားကြီး သုဝဏ္ဏဖန်အတွက် အကောင်းဆုံး အခွန်ငွေရရှိရာ ရင်းမြစ်လုပ်ငန်းကြီး ဖြစ်လာတယ်၊ မင်းသားကြီးက သူ့ကို ယုံကြည်စိတ်ချရတဲ့ သိက္ခာရှိပုဂ္ဂိုလ်ကြီးတစ်ယောက်အနေနဲ့ သတောထားပြီး သူ့အနားမှာ ထားတယ်၊ 'နိုရမ်ကို' သတ္တု၊ ကုမ္ပဏီနဲ့ မင်းသားကြီးတို့ကို အဆက်အသွယ်လုပ်ပေးဖို့ တောဘုတ်ကို အသုံးချခဲ့တယ်'

ဟန်ဆန်သည် ကားလက်ကိုင်ဘီးကိုကိုင်ထားသော လက်တစ်ဖက်ကို မ,လိုက်ကာ သပ်သပ်ရပ်ရပ်ဖြီးထားသော ဆံပင်ဖြူများအကြား လက်ညှိုးဖြင့် တစ်ချက် ကုပ်လိုက်ပြီးနောက် သူ၏ အားကစားအင်္ကျီအိတ်ထဲ နှိုက်လိုက်သည်။ ခေတ် ပုံတစ်ပုံကို ဂျူရယ်၏ပေါင်ပေါ်သို့ ပစ်ချလိုက်၏။

'အဲဒါ.... ငါတို့အကုသိုလ်ကောင်ရဲ့ ခေတ်ပုံပဲ၊ အရင်က သူ့ကိုမြင်ဖူးလား'

'မမြင်ဖူးပါဘူး၊ မြင်ဖူးရင်တော့ မှတ်မိမှာပါ'

တစ်ခါမြင်ဖူးလျှင် ဘယ်တော့မှ လွယ်လွယ်နဲ့မမေ့နိုင်တဲ့ မျက်နှာမျိုးဟု ဂျူရယ် မှတ်ချက်ချသည်။ တောဘုတ်သည် လှည့်ကောင် ထွား၏။ ဂျူနီဗာမြို့ရှိ ပန်းခြံတစ်ခုဌာန အယ်လန်အမ်းဘရစ်နှင့် ခေတ်ပုံတွဲရိုက်ထားသည်။ ဆံပင်ကောက်သည်။ မျက်ခုံးမွေးပါး၏။ နှာခေါင်းတွင် အကြိမ်ပေါင်းများစွာ ကျိုးခဲ့သော ဒဏ်ရာများ ရှိသည်။

ခေတ်ပုံထဲမှဝဝံ သူ၏ မျက်လုံးများသည် တည်ငြိမ်ပြီး ခပ်ပေးပေးဆီသို့ စူးစိုက်ကြည့်နေသည်။ ညိုဝါရောင် မေးရိုးနှစ်ဖက်တွင် ဖုတစ်နေသော အကြောများသည် ဇားတစ်ဖက် တစ်ချက်ကို ကားထွက်နေသည်။ ဦးခေါင်းက လုံးဝန်းသည်။ သူ့လက်မောင်းတစ်ဖက်သည် အယ်လန်အား ပိုင်ပိုင်နိုင်နိုင်ပွေ့

ဖက်ထား၏။အယ်လန်က ရယ်နေသည်။ ဆမ်ဂျူရယ်သည် အနည်းငယ် မျက်မှောင်ကြုတ်သွား၏။

'ဒီပုံကို ဘယ်သူရိုက်တာလဲ'

'ငါရိုက်ခဲ့တာ'

'တို့ နေ့လယ်စာအတူစားကြတယ်၊ ဒီပုံလေးကို တို့ရုံးဖိုင်ထဲ အမှတ်တရ သိမ်းထားမယ်လို့ စိတ်ကူးရခဲ့တယ်၊အခုလို အဖြစ်မျိုးကြုံလိမ့်မယ်လို့ တကယ့်ကို မမျှော်လင့်မိခဲ့ဘူး၊ ဒါနဲ့ စကားမစပ် ဆမ်၊ အိပ်ဖို့အခန်း စီစဉ်ပြီးပြီလား'

'ကျွန်တော် ခရီးဆောင်အိတ် လေဆိပ်မှာထားခဲ့တယ်'

'ငါ့အခန်းမှာ အိပ်လို့ရပါတယ်'

'နှစ်ယောက်အတူအိပ်ဖို့ အခွင့်သာမယ်ဆိုရင်တော့....'

ဆမ်ဂျူရယ်သည် ခေတ်ပုံကိုပြန်ကြည့်ပြန်သည်။တောဘုတ် ပုံကို စေ့စေ့စပ်စပ် မှတ်မှတ်သားသားကြည့်သည်။သူ့ကို မည်သည့်နေရာမှာဖြစ်ဖြစ်၊ မည်သည့်အချိန်မှာဖြစ်ဖြစ် ရုတ်တရက်တွေ့ရသည့်တိုင် ချက်ချင်း မှတ်မိနိုင်သည်။

'ဂျက်တောဘုတ်ရဲ့ ရည်မှန်းချက်ကတာလဲ၊ တို့ကျိုနဲ့ဆိုင်ဝမ်မှာတုန်းကလို ငွေကြေးနဲ့ စီးပွားရေးပြဿနာတွေ ရှိသေးလား'

'ငါသီသလောက်တော့ မရှိပါဘူး၊ သတ္တုတွင်းကိစ္စ ဆွေးနွေးညှိနှိုင်းရေးအတွက်သူကြီးကိုင်လှုပ်ရှားခဲ့သယ်၊ အဲဒီဆွေးနွေးပွဲလုပ်တဲ့ လွန်ခဲ့တဲ့နှစ်ပတ်လောက်က သူနဲ့စကား နည်းနည်းပါးပါး ပြောခဲ့ကြရတယ်၊ နှစ်ယောက်သား ကြုံကြိုက်တဲ့အခါအရက်သောက်လေ့သောက်ထရှိတယ်၊ သူ့ကိုယ်ခန္ဓာကြီးဟာဆင်ပေါက်ကြီးတစ်ကောင်လိုပဲ၊သူ့ခွန်အားကိုတော့ သူတော်တော်ယုံကြည်တယ်၊ သူ့ရဲ့ နောက်ခံအင်အားကိုလဲ သိပ်အားကိုးတယ်၊ တစ်နေ့ကျရင် ငွေတွေ့အစုလိုက်အပုံလိုက် ရအောင်လုပ်မယ်လို့ ဆုံးဖြတ်ချက် ချထားတယ်၊ ငယ်စိတ်နဲ့ သူ့ရည်မှန်းကတော့ သူ့ဘတ်မစ္စစ်စပီးကိုပြန်ဖို့ ဆန္ဒရှိတယ်၊ အဲဒီမှာ အကောင်းဆုံး ကားကြီးကို

မောင်းပြီး မြို့ကိုပတ်မယ်၊ တစ်ချိန်တုန်းကသူ့ကို ဖဲ့ကြဉ်ခဲ့တဲ့အသိုက်အဝန်းမှာ ကြွားဝါပြချင်တယ်'

'သူ့အတွက် ငွေအယ်လောက်များများကြီး လိုတယ်တို့ ပြောဖူးလဲ'

'အတိအကျတော့ မရှိလှပါဘူး၊ သူ့ရင်ထဲမှာ နာကြည်းမှုပေါ်လာတဲ့အခါ ပြောတတ်တာပါဆမ်'

'မိန်းမကိစ္စကကော....'

'နောက်ပိုင်းမှာ သူက ဘဝင်မြင့်လာတယ်၊ သူ့ကိုယ်သူ ဖျက်ဆီးရာမှာ ငွေအတွက်သက်သက်မဟုတ်ဘူး၊ ငွေအတွက်ဆိုရင် ထခြားငွေရစရာကိစ္စတွေ အများကြီးရှိတယ်၊ ဒါတွေ့ မလုပ်ဘဲနဲ့ အခုလို ထူးခြားတဲ့ ရှေးဟောင်းလက်ရာပန်းချီကားတွေကို ဘာမြို့လို့ ခိုးယူရတာလဲ၊ တခြားကိစ္စဆိုရင် ဒီလောက် ခက်ခက်ခဲခဲ ဖြေရှင်းစရာမလိုပါဘူး၊ ဒီအရှုပ်တော်ပုံကိုလုပ်ဖို့အတွက် တခြားတစ်ဦးတစ်ယောက်က သူ့ကို တွန်းပို့လိုက်တာဖြစ်ရမယ်၊ ဂျက်တောဘွတ်ကို မြူဆွယ်တဲ့လူ၊ ဒါမှမဟုတ် တွန်းပို့တဲ့ လူဟာ ယောကျ်ားတစ်ယောက်လား၊ မိန်းမတစ်ယောက်....

'အယ်လန်ဟာဇောဘွတ်ရဲ့ချစ်သူအဖြစ်နဲ့သိတန်သလောက် သိထားမှာပဲ၊ တောဘွတ်ဟာ ရာမကိုသွားတဲ့အခါအချိန်းအချက်တစ်ခုရှိတယ်၊ နယ်စပ်ကတော် အပိုလီယိုတဲ့'

'လွန်ခဲ့တဲ့ညက စပြီး အခုသိကာလကြွားမှာ အယ်လန်နဲ့ တောဘွတ် အဆက်အသွယ်လုပ်သေးတယ်လို့ ခင်ဗျားထင်သလား'

ဂျူရယ်က မေးသည်။

'အယ်လန်ကိုမင်း မမေးခဲ့ဘူးလား'

'မေးခဲ့ပါတယ်၊ အခု ခင်ဗျားကို ကျွန်တော်ကမေးနေတာပါ'

'ဒီမယ် ဆမ်၊ အယ်လန်ဟာ မင်းတို့လူပါ၊ အယ်လန်ကို ငါသတောကျတယ်၊ အလွန်ချောတဲ့ မိန်းကလေး တစ်ယောကျ်ပဲ၊ ဇာတ်လိုသာ ဂျက်တောဘွတ်အတွက် မဖြစ်ခဲ့ဘူးဆိုရင် ငါသူ့ကို

ရည်ရွယ်မိမယ်၊ အစစအရာရာ အဲဒီလောက်တော်တဲ့မိန်းမမျိုးရှားပါတယ်၊ မင်း ရှာကြည့်စမ်းပါ'

'မင်းမှာ ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချမှုမရှိဘူးလား'

'ကျွန်တော် အယ်သူ့ကိုမှ မယုံဘူး၊ ယုံကြည်အောင် ကြိုးစားကြည့်လို့လဲ မရဘူး၊ ဂျက်တောဘွတ်တစ်ယောက် ဂျနီဗာမြို့ထဲမှာ ရှိနေသေးတယ် ထင်သလား'

'လေဆိပ်၊ ဘတ်စ်ကားဂိတ်၊ မီးရထား ဘူတာရုံတွေမှာ စောင့်ကြည့်ဖို့ ငါ လူတွေလွှတ်ထားတယ်၊ သူ့မောင်တော်ကားက သူ့ကားဂိုဒေါင်ထဲမှာပဲ ရှိနေတယ်၊ အဲဒီတော့သူဟာအယ်ပတော တန်းကို ကျော်ပြီး အီတလီ၊ ဒါမှမဟုတ် ပြင်သစ် နိုင်ငံအက်ကို မသွားနိုင်ပါဘူး၊ ဒီကိစ္စမှာ စိတ်အေးအေးနဲ့ ညဉ့်ညဉ်သာသာ လှုပ်ရှားရမယ်၊ ဆွစ်ရဲစ္စေပါဝင်လာမှာကိုတော့ ငါတို့မလိုလားဘူးဆမ်'

'ခင်ဗျားကြည့်ရတာ တစ်ခုခုမှားနေသလိုပဲ'

'ငါ ဘဝင်မကျလို့ပါ'

'ဘာပြောစရာရှိသေးလဲ'

'ငါတို့ တရားရေးအဖွဲ့က ရာဇဝတ်မှုအနေနဲ့ အမှု စဖွင့်ခဲ့တယ်၊ ဒီမိုမစစ် ဖမစစ်ကို ငါကိုယ်တိုင်အရေးယူရမှာစိတ်မဝင်စားဘူး'

'ဘာကြောင့်လဲ၊ အယ်လန်နဲ့ဆက်စပ်နေလို့လား'

'ဟုတ်တယ်၊ အယ်လန်ပါဝင်ပတ်သက်နေတယ်လို့ငါယူဆတယ်'

'နောက်ပြီးတော့ကော....'

'မင်းတို့အဖွဲ့နဲ့လဲ ဆက်စပ်နေတယ်'

'အခုကိစ္စဟာရာဇဝတ်မှုတင်မကတော့ဘူးစိုင်း၊ ကျွန်တော့်ကို ကြီးကြပ်ဖို့တာဝန်ပေးလိုက်တာ ခင်ဗျားမကျေနပ်ဘူးလား'

'ဒါတွေ့ မေ့ပစ်လိုက်စမ်းပါ၊ ငါတို့ အတူလက်တွဲပြီးအလုပ်လုပ်ကြရအောင်'

'အယ်လန်ကိစ္စ....'

'သူ့အတွက် ငါစိုးရိမ်မိတယ်၊ဂျက်တောဘွတ်လို လူမျိုးနဲ့ ဆက်သွယ်မိပြီး ဒီအမှုထဲပါဝင်သလို ဖြစ်နေရတာ သူ့အမှား၊ အယ်လန်လဲ သူ့ကိုယ်သူသိပါတယ်၊မနေ့ကစပြီး ဂျက်တောဘွတ်နဲ့ ဘာအဆက်အသွယ်မှ မရတော့ဘူးလို့ အယ်လန်ကပြောတယ်၊ ဒါပေမယ့် ငြိနေတဲ့အချက်တစ်ချက်ကရှိနေတယ်၊အယ်လန်ဟာပန်းချီကား ရောင်းဝယ်ရေးလုပ်သူဆိုတဲ့အပေါ် အကာအကွယ် ယူပြီး တောဘွတ်အတွက် ပန်းချီကားတွေကို သယ်ဆောင်သွားနိုင်ခဲ့သလို ဖြစ်နေတယ်၊ အယ်လန်ကိုယ်တိုင် ဒီထဲမှာ ပါဝင်ပတ်သက်နေတယ်လို့ မင်းတကယ်ယုံကြည်သလား ဆမ်'

'ဒီလို ကျွန်တော်မယုံကြည်ဘူး၊ တကယ်လို့ တောဘွတ်ဟာ မိန်းမတွေကိုချောက်တွန်းပြီး အသုံးချတတ်တယ်ဆိုရင် တခြား အမျိုးသမီးတစ်ဦးဦးလဲရှိနိုင်တယ်၊ အဲဒီမိန်းမဟာ နယ်စပ်ကတော် ဖရန်စစ်စတာ ဒီ အပိုလီယိုလိုမိန်းမမျိုး ဖြစ်နိုင်စရာရှိတယ်'

'လူတိုင်းအပေါ် သက်ဝမကင်းဖြစ်တတ်တဲ့ မင်း တို့ ရဲ့ မွေးရာပါအကျင့်တွေဟာ ဒုက္ခတစ်မျိုးပါပဲလားကွာ၊ ဘာကိုမှ ယုံယုံကြည်ကြည်နဲ့ လက်ခံတယ်ရယ်လို့မရှိဘူး၊ မင်းကိုယ်မင်း ဘယ်လိုရပ်တည်တယ်ရယ်လို့ ငါမသိဘူး၊ အယ်လန်ဟာ သန့်စင်တယ်လို့ မင်းကိုငါပြောတယ်၊တောဘွတ်နဲ့ပတ်သက်လို့ အသည်းကွဲကောင်းကွဲလိမ့်မယ်၊ ဒါပဲ....'

'အယ်လန်ရဲ့တကယ့်အလုပ်ကို ဂျက်တောဘွတ်သိတယ်လို့ ခင်ဗျားယူဆသလား စိုင်းလပ်စ်'

'ဒါတော့ ငါသံသယရှိတယ်၊ အယ်လန်ဟာ အလွန်ပိပိရိရိရှိတဲ့ မိန်းကလေးပဲ'

'ဒီလောက်နဲ့တော့ မလုံလောက်သေးဘူးလေ၊ တကယ်လို့ ဂျက်နဲ့ပက်(ခ)ပေါင်းမိကြရင် အန္တရာယ်ရှိလာနိုင်တယ်၊ အခုထိ တော့ သူတို့ပေါင်းမိကြပြီလို့ ကျွန်တော်မထင်သေးဘူး၊ ဒါပေမယ့် ကျွန်တော်တို့အလုပ်ကိုနှောင့်နှေးအောင်၊ စိတ်အနှောင့် အယှက်ဖြစ်အောင် ပက်(ခ)က ဂျက်တောဘွတ်ကို တစ်စုံတစ်ရာ

သောနည်းနဲ့ အကျပ်ကိုင်ထားရင်ဘယ်လိုလုပ်မလဲ၊ အဲဒီလိုကောင်ဗျားတွက်ကြည့်မိလား'

'သေချာတာပေါ့'

စိုင်းလပ်ဟင်ဆန်ကပြောလိုက်သည်။ သူသည် မျက်ခုံးနှစ်ဖက်ကို အနည်းငယ်ကျုံ့လိုက်၏။

'ဂျက်တောဘွတ် ဒီလိုလုပ်လာအောင် မျက်စတစ်ချက်ပစ်ပြနိုင်တဲ့ တခြားမိန်းမတစ်ယောက်ရှိနေပြီထင်တယ်၊ သေချာတယ်၊ အယ်လန်မဟုတ်ဘူးဆိုတာ ငါပြောရဲတယ်၊ ငါသိတာက ဖရန်စစ်စတာအပိုလီယိုလို့ကြားဖူးတယ်၊မကြာခဏဆိုသလိုရောမကို အလုပ်စာဝန်နဲ့သွားရတယ်၊ ဖရန်စစ်စတာအပိုလီယိုနဲ့ အခါအားလျော်စွာ သူတို့ချင်းတွေ့ဆုံကြတယ်'

စိုင်းလပ်ပြုံးဖြီးဖြီးကြီး လုပ်နေသည်။ ဂျက်တောဘွတ် အကြောင်းပြောသည့်အခါ သူ့မျက်နှာသည် ဒေါသဝင့်ယှက်သန်းနေတတ်သည်။

'ကနေ့ပဲ ဂျက်ခဲ့အခန်းကိုလဲ မွှေနှောက်ရှာဖွေပြီးပြီ၊ သူ့အဝတ်အစားတွေကိုယူသွားတယ်၊ ဘဏ်က သူ့ငွေအားလုံးထုတ်ယူသွားတယ်၊ သူဟာ ငယ်ငယ်တုန်းက ငွေကြေးနဲ့ပတ်သက်လို့ စိတ်ထိခိုက်ခဲ့ဖူးတယ်၊ ဒါကြောင့် ရှေးဟောင်းပန်းချီကားတွေရောင်းပြီး အမေရိကန်ဒေါ်လာ ဆယ့်ငါးသန်းကျော် ရဦးမှာဖြစ်ပေမယ့် ဘဏ်ထဲကဒေါ်လာနှစ်ထောင်ကိုထုတ်ယူသွားတယ်၊ ဘဏ်စာရင်းကိုစစ်ဆေးကြည့်ခဲ့ပြီးပြီ၊ ငွေကိုသူကိုယ်တိုင်လာထုတ်သွားတယ်၊ သူ့နောက်ကျောမှာ ပက်(ခ)ရဲ့ချစ်ကိုင်မှုမရှိဘူး၊ သူဟာ ဘာနာရီလောက်ကထွက်သွားတယ်၊ လက်ဆွဲအိတ်တစ်လုံးတည်း သူ့လက်ထဲပါသွားတယ်၊ အဝှားကားတစ်စီးပေါ်တက်သွားတယ်လို့ သူ့အခန်းစောင့်ကပြောပြတယ်၊ဒါထက်ပက်(ခ)ကို ခြေရာခံဖို့မမေ့နဲ့'

'ဟုတ်ပါပြီ၊ အခုအယ်လန်ကိုသွားတွေ့ကြမယ်၊ နောက်မှ ဂျက်တောဘွတ်ကို ခြေရာခံလိုက်ကြတာပေါ့၊ အယ်လန်က သူ့အခန်းမှာတွေ့ထားတဲ့လိပ်စာတစ်ခုကျွန်တော့်ကိုပေးထားတယ်၊

အဲ့ဒီအိမ်ဟာ နယ်စားကြီး အပိုလီယိုပိုင်တဲ့အိမ်ပဲ၊ နယ်စားကြီး ဒါမှမဟုတ် နယ်စားကတော်လာတဲ့အခါ တည်းခိုတဲ့အိမ်ပေါ့'

'အဲဒီအိမ်ကို ငါသိတယ်'

'ကိလိုမီတာနှစ်ဆယ်လောက်ဝေးတယ်'

'အဲ့ဒီအိမ်ကိုကော ထောက်လှမ်းပြီးပြီလား'

'ဟေ့အေး....ဘယ်သူမှရှိမယ်မထင်ဘူး'

'အဲဒီကိုနောက်မှသွားမယ်၊ အခု အယ်လန်နဲ့ဆပ်တွေ့မယ်'

စိန့်ပီတာလမ်းမကြီးသို့ ဆမ်ဂျူရယ်နောက်တစ်ခေါက် ပြန်ရောက်သောအခါ ကျောက်တုံးအိမ်မြင့်မြင့်ကြီးများသည် မှောင်မည်းနေကြပြီ။တက္ကသိုလ်ကျောင်းသားများလည်း လက်ဖက်ရည်ဆိုင်များထဲတွင် မရှိတော့။ သူတို့သီချင်းသံများကိုလည်းမကြားရတော့။ အယ်လန်၏ပြတင်းပေါက်မှန်များတွင် မီးရောင်မတွေ့ရ။ သူအနည်းငယ်မျက်မှောင်ကြုတ်ပြီး စဉ်းစားသည်။ အခြေအနေကို သံသယရှိသည်။ ဖုန်းခေါ်စဉ်ကလည်းမတုံ့ပြန်။ သတိရှိရတော့မည်။ ဟင်ဆမ်အား ပန်းချီပြခန်းရှေ့တွင် ကားကိုမရပ်တန့်စေဘဲ လမ်းထောင့်၌ကွေ့လိုက်ပြီး အတွင်းဘက်တွင် ရပ်ရန်ပြောလိုက်သည်။

'ဘာဖြစ်တာလဲ'

စိုင်းလပ်ကမေးလိုက်သည်။

'မသေချာဘူး၊ တစ်ခုခုမှားနေပြီသင်ဘယ်'

'တယ်လီဖုန်းခေါ်လို့မရတာလား၊ မီးရောင်မတွေ့တာလား'

'ကျွန်တော်တို့ အသင့်အနေအထားမှာ ရှိ ထား သင့်တယ်'

'ဂျက် ဒီကိုမလာရဲပါဘူး၊ ပက်(ခ)လဲ ဒီလောက် ခြေမြန်လက်မြန်မရှိပါဘူး၊ ဘာကြောင့် အယ်လန်ကိုရန်မူရတာလဲ'

'ခင်ဗျား ဘယ်တော့မှသီမှာမဟုတ်ပါဘူး'

ပြင်သစ်ပြည်လုပ် ဖလောရိုက်ကားကလေးထဲမှ သူတို့ ထွက်လာကြ၏။ မှောင်မည်းနေသော သစ်ပင်ရိပ်များအောက်မှ အုတ်ခဲများခင်းထားသည့် လူသွားလမ်းလေးအတိုင်း လျှောက်လာကြသည်။

အိမ်အိုကြီးများသည် မှောင်ထဲတွင် အိပ်မောကျနေကြပြီ။ တိတ်ဆိတ်စွာလျှောက်လာကြ၏။ အုတ်ရိုးထူထူကြီးများအတွင်းဘက်ကို သတိထားကြည့်ကြသည်။လမ်းထဲတွင်ဘာမျှမရှိ၊ ငြိမ်သက်နေ၏။

ဆမ်ဂျူရယ်သည် ပန်းချီပြခန်းပြတင်းပေါက် အနီးသို့ရောက်သောအခါ ရုတ်တရက်ရပ်လိုက်သည်။

'နောက်ဘက်မှာ အလင်းရောင်တွေ့တယ်'

ဆိုင်၏နောက်လှေကားဆီမှ ခပ်မှိန်မှိန်အလင်းတန်းများသည် ပြခန်းအတွင်းရှိ ပန်းချီကားများပေါ်သို့ ပြောက်တိပြောက်ကျားကျနေသည်။ကြေးနီ၊ကြေးဝါပစ္စည်းများကို ပြောင်ပြောင်လက်လက် တွေ့မြင်ရသည်။

ဂျူရယ်သည် ကျောက်စရစ်ခင်းထားသောလမ်းကလေးကို အစအဆုံးကြည့်လိုက်သည်။ အေးသောလေက သစ်ပင်များအကြား တိုးဝှေ့တိုက်ခတ်သည်။

သစ်ရွက်ချင်းရိုက်ခတ်သံကိုကြားလိုက်ရသည်။ သူ့ရင်တွင်း၌စိုးရိမ်စိတ်ဝင်နေ၏။ပန်းချီပြခန်း၏ဘေးဘက်တစ်လျှောက်အိမ်များ၏မြေညီထပ်များတွင် ဆိုင်ခန်းများရှိသည်။ တစ်ဆိုင်မှာ ရှေးဟောင်းပစ္စည်းဆိုင်ဖြစ်၏။

အဖိုးမတန်လှသော ရှေးဟောင်းတိုလီမိုလီဆွစ်ပစ္စည်းများကို ပြတင်းပေါက်တွင်ချိတ်ဆွဲထားသည်။ နောက်တစ်ဆိုင်မှာ တက္ကသိုလ်ကျောင်းသားများကိုရည်ရွယ်ပြီးဖွင့်ထားသော စာအုပ်ဆိုင်ဖြစ်သည်။

ဥရောပမူထုတ်ဝေဖြန့်ချီသော အဖိုးနည်းစာအုပ်များကို တည်ခင်းထားသည်။ ဘယ်ဘက်တွင် လမ်းကျဉ်းကလေးတစ်ခုရှိသည်။

လမ်းထိပ်ရှိ ဂိုးသစ်ရှေးဟောင်းနာရီစင်ကြီးမှ နာရီထိုးသံကို ရုတ်တရက် ကြားလိုက်ရသည်။ အားလုံး ဆယ့်တစ်ချက်တိတိ ဖြစ်သည်။

'စိုင်း၊ နှစ်မိနစ်ကြာရင် ဆိုင်ရှေ့တံခါးပေါက်ကဝင်လာခဲ့၊ မြန်မြန်နဲ့အသံလုံပါစေ၊ ခင်ဗျားကိုအတွင်းကစောင့်နေတဲ့လူ မရှိနိုင်ဘူး၊ ဒါပေမယ့်သတိတော့ထားပါ၊ အပေါ်ထပ်ကို မတက်ပါနဲ့၊ ဆိုင်နောက်ကိုသွားပါ၊ ကျွန်တော်နောက်ဘက်ကလာခဲ့မယ်၊ ဝင်ဖူးထွက်ဖူးတယ်'

စိုင်းလပ်သည် ပခုံးနှစ်ဖက်တွန့်လိုက်၏။

'မင်းက အဖွဲ့ခေါင်းဆောင်ပဲ'

သူပြောလိုက်သောလေသံသည် ဂျူရယ်အား တုံ့ခနဲ ရပ်တန့်သွားစေသည်။

'စိုင်း'

ဂျူရယ်သတိပေးသည်။

ဟင်ဆန်က သူ့ဘက်ကိုလှည့်လိုက်သည်။

သို့သော် ခမ်လှမ်းလှမ်းရှိ လမ်းတစ်ခုမှ လမ်းမီးရောင် မှုန်မှုန်ထဲတွင် ဂျူရယ်၏ပုံရိပ်သည် ဝတ်စုံအနက်ရောင်နှင့်ရောယှက်ကာ ပျောက်ကွယ်လုနီးပါးဖြစ်နေသည်။

သူ၏ မာကျောသောမေးရိုး၊ ရက်စက်စရာရှိလျှင် ပြတ်သားသည့် အသွင်အပြင်၊ နက်မှောင်သောဆံပင်များနှင့် ရှည်လျားသော အရပ်အမောင်းက ထင်ရှားသည်။

မီးရောင်တန်းမျှင်မျှင်တစ်ခုသည် သူ့ရှပ်အင်္ကျီကော်လုံ ဖြူဖြူပေါ်သို့ ထိုးကျနေသည်။

သူ၏မျက်နှာနှင့်ဦးခေါင်းသည် တစ်ဒင်္ဂမျှ အသက်မဲ့နေသည်တူ ထင်မှတ်ရသည်။

စိုင်းလပ်ဟင်ဆန်၏အကြည့်ထဲတွင် စိုးရိမ်ကြောင့်ရွံ့မှုတစ်ခု လှစ်ခနဲ ဖြတ်သန်းသွားသည်။

'ဟင်ဆန်၊ တည့်တည့်သွား၊ ခင်ဗျားအသက်ရှင်ရေးဟာ ၅ မိနစ်အတွင်းမှာ ကျွန်တော့်တာဝန်ဖြစ်သွားပြီ'

'ငါနားလည်တယ်'

'အမိန့်ကိုနာခံပါ'

'ငါသွားရတော့မလား'

'သွားတော့'

'ငါပြောပါရစေဦး'

'ကျွန်တော် အမိန့်ပေးတာကို တွန့်ဆုတ်မနေပါနဲ့၊ ချက်ချင်းလိုက်နာပါ'

ဟင်ဆန် သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်သည်။ နောက်ပြီး မဲ့ပြုံးပြုံး၏။ သူ့မျက်နှာ ဖြူရော်လာသည်။

'မင်းမှန်တယ် သူငယ်ချင်း၊ သူတို့ မင်းကို တာဝန်ပေးတာ အခု ငါသဘောပေါက်ပြီ၊ မင်းဟာ ငါ့ဆရာဖြစ်တယ်'

စိုင်းဟင်ဆန်၏ လေသံသည် တစ်မျိုးဖြစ်သွား၏။

ဆမ်ဂျူရယ်သည် အယ်လန်၏ အိမ်နောက်ဖေး လမ်းကြားဝင်ပေါက်မှဝင်လာသည်။ အိမ်နှင့်အတန်ငယ် ကွာဝေး၏။ နောက်ဖေးတံခါးသည် အနည်းငယ်ဟနေသည်။ ထိုအခန်းသည် ပြခန်း၏ တိုခန်း ဖြစ်၏။

သူသည် သတိကြီးစွာထားပြီး အထဲသို့ဝင်လိုက်သည်။ ရုတ်တရက် ရန်သူပေါ်လာလျှင် တိုက်ခိုက်ရမည့် နည်းစနစ်များကို အတိအကျ အသုံးပြုသည်။ သို့သော် ဘာမှမတွေ့။ ဘယ်သူမှ အမှောင်ထဲ စောင့်မနေ။ သူသည်စက်ခန်းကိုဖြတ်ကျော်လျှောက်လာသည်။

လှေကားအပေါ်ဘက်မှ ဖြာကျနေသော အလင်းရောင်တန်းများကို အားပြုပြီးအတွင်းဘက်ကို ကျော်ဖြတ်၏။ ပြခန်း၏ အတွင်းဘက်ရောက်သောအခါ ဟင်ဆန်နှင့် ရင်ဆိုင်တွေ့သည်။ မီးရိုးရောင် ဆေးသုတ်ထားသည့်အပေါ်ထပ်သို့တက်သော လှေကားကို မော့ကြည့်နေ၏။ ဆမ်ဂျူရယ်သည် သူ့အိတ်ထဲမှသေနတ်ကို ဆွဲထုတ်လိုက်ကာ ဟင်ဆန့်ကို ခေါင်းတစ်ချက်ဆတ်ပြလိုက်ပြီးရှေ့ကပြီးဆောင်တက်သွားသည်။

လှေကား ပထမတစ်ဆစ်ချိုးထိပ်တွင် အယ်လန်၏အခန်းသို့ အဝင်တံခါးရှိသည်။ ထိုတံခါးသည် ပိတ်လျက်ရှိ၏။ သူတို့သည် တတိယထပ်၊ စတုတ္ထထဖ်များထိ ဆက်တက်သွားသည်။ ဘာမှ ထူးထူးခြားခြား မတွေ့ရ။ ဟင်ဆန်က အမှောင်ထဲသို့ မော့ကြည့်၏။ ပြီးတော့ အောက်ထပ်သို့ ပြန်ဆင်းလာကြသည်။ ဂျူရယ် ပြုန်းခနဲ ထိတ်လန့်သွားရ၏။

သူသည် ဟင်ဆန်အနားသို့ ပို၍ တိုးကပ်လိုက်ပြီး လေသံဖြင့်....

'လှေကားကတက်လာမယ့်ခြေသံကိုစောင့်နားထောင်နေ၊ ကျွန်တော် အခန်းထဲ ဝင်မယ်'

ဟင်ဆန်က ခေါင်းညိတ်လိုက်သည်။

တံခါးကို သော့ခတ်မထား။ ဂျူရယ်သည်သူ့လက်ချောင်းများဖြင့် တံခါးဘုကိုကိုင်ပြီးလှည့်ကြည့်သည်။ ထို့နောက်ဘယ်ဘက်ပခုံးကို အနည်းငယ်ညွှတ်လိုက်ပြီးတံခါးကို တွန်းဖွင့်ကာ အခန်းတွင်းသို့ ဖျတ်ခနဲ ဝင်လိုက်သည်။ ဘယ်ဘက်ဘေးနံရံမှာ ကပ်လိုက်သည်။

ရုတ်တရက် ပေါ်လာမည့်အန္တရာယ်ကိုတုံ့ပြန်ရန်အသင့်ပြင်ထားပြီး အခြေအနေကို အကဲခတ်လိုက်သည်။ သူ့အား မည်သူမှ စောင့်မနေ။

လွန်ခဲ့သည့်နာရီပိုင်းကသူရောက်ခဲ့သောဧည့်ခန်းတွင်မည်သူမှမရှိ။ သို့သော် တစ်ခုခုတော့ မှားနေသည်။ တစ်စုံတစ်ဦးရောက်လာပြီးပြန်ထွက်သွားဟန်ရှိသည်။ ထိုသူ၏အနံ့အသက်သည်အခန်းတွင်းတွင် ကျန်ရစ်သည်။

ဆမ်ဂျူရယ်မလှုပ်မှုယှက်ရပ်နေသည်။ ဟင်ဆန့် ရပ်နေသောနေရာမှမီးလုံးပွင့်လာသည်။ ကုလားထိုင်ကြီးတလုံးလဲနေ၏။ ကြမ်းပေါ်ခင်းထားသောကော်ဇောအချို့ တွန့်ကြေနေသည်။ နောက်ဘက်ပြတင်းပေါက်မှ အလင်းရောင်ကာသော ကန့်လန့်ကာကြီးပြဲကျနေ၏။

'အယ်လန်....'

ဂျူရယ် တိုးတိုးခေါ်ကြည့်သည်။

မိတ်ဆွေထံမှ ဖြစ်စေ၊ ရန်သူထံမှဖြစ်စေ တုံ့ပြန်မှု တစ်ခုခုကို ရင်တထိတ်ထိတ်ဖြင့် မျှော်လင့်မိသည်။ သို့သော်မည်သည့် တုံ့ပြန်မှုမှ ထွက်ပေါ်မလာ။

တိတ်ဆိတ် ငြိမ်သက်လျက်ရှိသော အိမ်ခန်းတွင်လွန်ခဲ့သော အချိန်တိုကလေးအတွင်းက တစ်စုံတစ်ရာဖြစ်ပျက်ခဲ့သည်ကို ဖရိုဖရဲဖြစ်နေသော အိပ်ရာခင်းများ၊ ပရိဘောဂများ၊ တွန့်လန်နေသောကြမ်းခင်း ကော်ဇောများနှင့် ကျကွဲနေသောကြွေပန်းအိုးများကညွှန်ပြလျက်ရှိနေသည်။

ပြီးတော့ မဟော်ဂနီစားပွဲခုံငယ်လေးသည် အစိတ်စိတ်အမြွာမြွာဖြစ်နေသည်။ အိပ်ခန်းဘက်သို့သွားသောတံခါး၏ကြေးပေါင်တွင် သွေးများပေကျံနေ၏။ တစ်ဦးတစ်ယောက်သည်ဒဏ်ရာဖြင့် ဒယီးဒယိုင်လျှောက်လာရင်း ကြေးပေါင်ကို မှီခိုက်တွင်ပေကျံခဲ့သောသွေးများ ဖြစ်နိုင်သည်။

ဆမ်ဂျူရယ် သက်ပြင်းတစ်ချက်ချလိုက်၏။ အနံ့တစ်ခုကို ခံစားလိုက်ရသည်။ မီးဖိုခန်း သေးသေးနှင့် ရေချိုးခန်းကို ဖြတ်ကျော်လာ၏။

တံခါးပေါက်ဆီမှအသံတစ်သံကြားလိုက်သည်။ သူ့ခေါင်းဆတ်ခနဲ လှည့်လိုက်၏။ စိုင်းဟင်ဆန်သည် တံခါးဝတွင်ထိတ်လန့်စွာ ရပ်နေသည်။

'အယ်လန်....ဘယ်မှာလဲ'

'မသိဘူး'

'အပေါ်ထပ်ကိုသွားကြည့်မလား'

'ကောင်းတယ်'

'ခဏစောင့်'

'အခုသွား'

စိုင်းလပ်ဟန်ဆန်က အပြင်လှေကားမှ အပေါ်ထပ်သို့ တက်သွား၏။ ဂျူရယ်သည်မီးဖိုခန်းကိုဖြတ်ပြီး အိပ်ခန်းတံခါးသို့ရောက်လာသည်။

တံခါးအနည်းငယ်ဟနေ၏။ ကြမ်းခင်း ကော်ဇော အဖြူ ပေါ်၌ သွေးများအိုင်ထွန်းနေသည်။ နံရံပေါ်တွင်လည်း သွေးများ ပေကျံနေ၏။ ဒဏ်ရာရသူမှာ နံရံနှင့်ဆောင့်တွန်းခံရပြီး ထိုနေရာတွင် လဲကျသွားပုံရသည်။ အယ်လန်၏ပြင်သစ်ပြည်လုပ် ဖိနပ်တစ်ဖက်ကို ထိုနေရာနားတွင် တွေ့ရသည်။ အိပ်ခန်းအတွင်းဘက်တွင် အယ်လန်၏ စုတ်ပြဲနေသော အဖြူရောင် စကတ်တစ်ထည် မိန်းမဇတ်ဘလောက်အင်္ကျီ၊ ဆင်စွယ်ရှိ နှင့်သံမဏိရောင်ပြာလဲ့လဲ့ ပြိုင့်-၂၈ ကော့ အမျိုးအစားသေနတ်တစ်လက်တို့ကို တွေ့ရမြန်သည်။

ဂျူရယ်က သေနတ်ကို ကောက်ယူလိုက်သည်။ မပစ်ခတ်ရသေး။ သူမှတ်မိသည်။ လွန်ခဲ့သည့်သုံးနှစ်လောက်ကအယ်လန်ကိုင် ဆောင်သည်ကိုသတိရသည်။

ဆမ်ဂျူရယ်အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။

☆

အခန်း (၅)

အယ်လန်သည် မေ့မြောနေ၏။ သို့သော် ဂျူရယ်သည်အယ်လန်ကို မထိ၊ မကိုင်၊ ဖေးမခြင်းလည်း မပြု။ သူ ကိုင်တွယ်ဖေးမလိုက်လျှင် အယ်လန် သေသွားနိုင်သည်။ အယ်လန်ကို သူ မသေစေလို။ သူ အရောက်နောက်ကျသွားပြီ။ ဘာမှမတတ်နိုင်။

အယ်လန်သည် မျှင်မျှင်ကလေးသာ အသက်ရှူတော့သည်။ အခန်းအလယ်တွင် ရှေးဟောင်း အိန္ဒိယခုတင်ကြီး ရှိသည်။ ခုတင်ပေါ်တွင် အယ်လန်မရှိ။ သူသည် အခန်းထောင့်မှ နံရံနှင့်ဗီရှိ အကြားတွင် ပခုံးတစ်ဖက်ညပ်ပြီး အထက်မကျ အောက်မကျဖြင့် တွဲလောင်းကြီးဖြစ်နေသည်။ ခြေထောက်တစ်ချောင်းက ကောက်ကွေးနေသည်။ ထိုခြေထောက်မှာ ကျိုးသွားပြီဟု ဂျူရယ် ယူဆသည်။

အယ်လန်အဖြစ်မှာ ကလေးဆိုးတစ်ယောက်က စိတ်တိုတိုဖြင့် ထုနှက်၊ ရိုက်ချိုးထားသောအရပ်နှင့်တူနေသည်။

အယ်လန် ချက်ချင်းအသက်ထွက်သွားလျှင်ခက်မည်။ သူ့ကို မေးစရာတွေအများကြီး ရှိ၏။ ထို့ကြောင့် နာရီပိုင်းအသက်ကယ်ဆေးတစ်လုံး ထိုးသွင်းလိုက်သည်။

အတန်ကြာပြီး အခြေအနေအသင့်အတင့် ကောင်းမွန်လာမှ ခုတင်ပေါ် ပွေ့ချီမ,တင်ကာ စောင်တစ်ထည်လွှမ်းခြုံပေးလိုက်သည်။

'အယ်လန်'

ဆမ်ဂျူရယ်က ညင်ညင်သာသာ ခေါ်လိုက်သည်။

အယ်လန်၏မျက်လုံးအစုံသည် လှုပ်ရှားနိုင်ဟန်မရှိတော့။

'အယ်လန်....ကြားလား'

သူ့ကိုယ်ပေါ်မှ အဝတ်များကို ဆုတ်ဖြဲပြီး အခန်းတွင်း၌ ဖြန့်ကြဲ လွင့်ပစ်ထားသည်။

အလွန် တိုတောင်းသော အချိန်အတွင်း အလွန်ဆိုးဝါးသော အမှုကြီးတစ်ခု ဖြစ်ခဲ့ပြီ။ အယ်လန်၏လှပမှု၊ သိမ်မွေ့ ချက်ချာမှု၊ အကင်းပါးထက်မြက်မှု စသည်တို့သည် လွင့်စဉ် ပျောက်ကွယ်သွားကြလေပြီ။ သူ့ ကိုယ်ခန္ဓာနှင့် သွေးလည်ပတ်မှုသည် ချုပ်ငြိမ်းစ ပြုလာပြီ။ ထွက်သက် ဝင်သက်သည် တစ်ကြိမ်နှင့် တစ်ကြိမ် ဝေးကွာလာ၏။ အသက်ကယ်ဆေး တန်ခိုးပြချိန်လေးကိုသာ ဂျူရယ် စောင့်စားနေရသည်။

သူ့ နောက်ကျောဘက်မှ ဧည့်ခန်းတံခါးကို ပိတ်ထားသည်။ စိုင်းလပ်က အခန်းများအတွင်း ရှာဖွေစစ်ဆေးနေသည်။

ဂျူရယ်သည် မိန်းကလေးကို ငေးစိုက်ကြည့်ရင်း ရင်နင့်နေ၏။

'အယ်လန်၊ မင်းအဖြစ် ဆိုးလှချည်လား၊ တို့အထိနာသွားပြီ၊ ဘယ်လိုဖြစ်တယ်ဆိုတာ ပြောမပြနိုင်တော့ဘူးလား၊ မင်းအခြေအနေ နည်းနည်းလေး ကောင်းလာနိုင်သေးတယ်၊ ကြိုးစားပြီး ပြောပြပါလားကွယ်'

'အင်း....ဟင်း....ဟင်း....ဆမ်'

အယ်လန့်အသံက အလွန်တိုးတိမ်သည်။

'ငါနောက်ကျပြီး ရောက်ရတဲ့အတွက် ငါ့ကိုယ်ငါ ခွင့်မလွှတ်နိုင်ဘူး၊ ဘယ်သူ့လက်ချက်လဲ အယ်လန်၊ ငါမင်းအတွက် တုန့်ပြန်ပါရစေ'

အယ်လန်သည် ဖြည်းဖြည်းယဲ့ယဲ့ ခေါင်းခါသည်။

'ပက်(ခ) လက်ချက်လား'

'မ....မ....မဟုတ်ဘူး'

'ဂျက်တောဘွတ်လား'

အယ်လန်သည် အလွန်အားတင်းပြီး လှုပ်ရှံလေး ခေါင်းညိတ်သည်။

'ဂျက် ဒီကိုပြန်လာသလား၊ သူ တစ်နေ့လုံး ဂျနီဗာမှာ ရှိသလား၊ သူ့ဆီမှာ ပန်းချီကားတွေရှိသေးလား'

'ဟုတ်....ဟုတ်....ဟုတ်တယ်'

မိန်းကလေးသည် အသံတိမ်ဝင်သွားသည်။

ဂျူရယ်က ဆက်၍မမေးတော့ဘဲ ခဏနားနေသည်။ ဒီလို အဖြစ်ဆိုးကိုမြဲဇရတော့ သူ့ရင်ထဲ နာကျင်ဆူပွက်နေသည်။

အော်ဟစ်၍သာ မေးလိုက်ချင်သည်။ သို့သော် သူ့အော်သံကြောင့် အယ်လန်၏အသက်ငွေ့ငွေ့မှာ လွင့်စဉ်ပျောက်ကွယ်သွားနိုင်၏။ သူ စိုးရိမ်သည်။

စိုင်းလပ်ဝင်လာသံကို ကြားရ၏။ သူ့အနား လာရပ်နေသည်။ အက်(ဖ)ဘီအိုင် အဖွဲ့သားကြီးသည် မကျေမချမ်းဖြစ်ကာ ဆို့နင့်သံကြီးဖြင့် ကျိန်ဆဲကြုံးဝါးနေသည်။

'ပါးစပ်ပိတ်ထားစမ်း စိုင်းလပ်'

ဂျူရယ်က အမိန့်ပေးလိုက်သည်။

'ငါ သည်းမခံနိုင်တော့ဘူး၊ သူ့ကိုမကြည့်ရက်ဘူး ဆမ်'

'မကြည့်နဲ့၊ သံမှူးဆီ ဖုန်းဆက်ပါ၊ ဆရာဝန် ဒီကိုလွှတ်လိုက်ဖို့ ပြောပါ၊ အမြန်ဆုံးလှုပ်ရှားပြီး ထိပ်ဘန်းလျှို့ဝှက်အဆင့်သတ်မှတ်ဖို့ပြောပါ'

'ကောင်းပြီ၊ အပေါ်ထပ်မှာ ဘာမှထူးထူးခြားခြားမတွေ့ခဲ့ဘူး၊ ဒါ ဂျက်လက်ချက်လား'

'ဟုတ်တယ်'

စိုင်းသည် ဖုန်းဆက်ရန် တစ်ဖက်ခန်းသို့ ထွက်သွားသည်။

အယ်လန်သည် ပြင်းထန်သော ဒဏ်ရာများဖြင့် သွေးများယိုစီးနေသော နှုတ်ခမ်းကို ကြိုးစား၍လှုပ်ရှား၏။

'ကျွန်မ....ကျွန်မ'

'မင်းကောင်းလာမှာပါ အယ်လန်'

'ဟင့်အင်း.... ကျွန်မကိုယ်ကျွန်မ သိ....သိ... သိပါတယ်'

'အခုလိုဖြစ်တာ အချိန်ဘယ်လော က်ကြာပြီလဲ'

'နာ....ရီ....ဝက်လောက် ရှိပြီ'

အယ်လန်သည် မျက်လုံးများ ပိုရှင်ကျယ်လာကာ ဂျူရယ်အား စူးစိုက်ကြည့်နေသည်။ စိတ်အားတင်းထားဟန် ရှိ၏။

'ဆမ်....'

ဆမ်ဂျူရယ်က သူမအား အပြုံးဖြင့် နှစ်သိမ့်အား၏။

'ဟင့်အင်း၊ သူ....သူ... သူ'

'သူဟာ ဒီအလုပ်ကို တကယ့်အသက်မွေး ဝမ်းကျောင်းအနေနဲ့လုပ်တာ မဟုတ်ဘူး၊ အဲဒါအမှန်ပဲ မဟုတ်လား'

'ပို့ဆိုးပါတယ်၊ ပက်(ခ)ရဲလူတစ်ယောက်က သူ့အပေါ် ရက်စက်ယုတ်မာပြီး ဆင်ကြဲ ကြံခဲ့တယ်၊ သူပြန်လာတယ်'

အယ်လန်၏နှုတ်ခမ်းသည် တုန်လှုပ်နေ၏။ ဒဏ်ရာများမှ သွေးများ ယိုစီးကျလာပြန်သည်။ သူ၏မျက်လုံးများကို ဂျူရယ် ထိမှ တစ်ခြားတစ်နေရာဆီသို့ ရွှေ့လျားလိုက်သည်။ ထို့နောက် မှေးမှိတ်လာ၏။

'သူ အခန်းထဲဝင်လာတယ်၊ ဘာမှမဖြစ်သလိုဘဲ၊ သူ စီမံကိန်းကြီးကို ပြောပြတယ်၊ ငွေတွေအများကြီးရမယ့် စီမံချက်တဲ့၊ သူ အစိုးရအလုပ်ကို ငြီးငွေ့ပြီတဲ့၊ ဆာဇ္ဇာဖန်ရဲ့ တောက်တိုမယ်ရ ခိုင်းတဲ့ကောင်၊ ဖိနပ်ထိုက်တဲ့ကောင်ဘဝမှာ မနေနိုင်တော့ဘူးတဲ့'

'ဖြည်းဖြည်းပြောပါ အယ်လန်'

ဂျူရယ်က နှစ်သိမ့်သည်။

အယ်လန်သည် ဖြည်းညင်းစွာ ခေါင်းခါလိုက်ပြီး ဒဏ်ရာများကြောင့် နာကျင်လွန်းသဖြင့် မျက်နှာတစ်ချက်ရှုံ့လိုက်သည်။

'ဂျက်ကို ရှင့်အခုထိ ဂျနီဗာမှာ ဘာဖြစ်လို့နေနေရတာလဲလို့ ကျွန်မမေးတယ်၊ ပြီးတော့ ဘာကြောင့် ကျွန်မဆီလာရတာလဲလို့လဲ မေးတယ်'

သူ့အသံက ဆို့နှင့်နေသည်။

'ဆမ်....ကျွန်....ကျွန်မ....သိပ်....မှား....သွား ပြီ၊ ကျွန်မ အကြောင်းကို သူသိသွားပြီ၊ ကျွန်မအလုပ် အစစ်အမှန်ဟာ ကေဂျာနရဲ့ ထောက်လှမ်းရေးဘာဝန်ဆိုကာသူသိသွားတယ်၊ ကျွန်မကို အာမခံပစ္စည်းတဲ့'

'အာမခံပစ္စည်းတဲ့....ဟုတ်လား'

အယ်လန်သည်စကားတစ်ခွန်းနှင့်တစ်ခွန်းဆက်စပ်မိအောင် ကြိုးစားပြီး ပြောနေရသည်။ ဂျူရယ်က စကားအစအနများကို တစ်ခုနှင့်တစ်ခု ဆက်စပ်ပြီး အဓိပ္ပာယ် ဖော်ယူနေရသည်။ ဂျက် တောဘွတ် အခန်းတွင်းသို့ ဝင်လာပုံ၊ အယ်လန် ရုတ်တရက် အထိုးအနှက်ခံရပုံတို့ကို ပုံဖော်ကြည့်သည်။

အယ်လန်က ဂျက်တောဘွတ်ကို အဖမ်းမခံရမီ လက်နှက်ချရန် ပြောကြောင်းနှင့် ဂျက်က အကြောက်အကန်ငြင်းဆန်ကြောင်း ဂျူရယ် ဆက်လက်ကြားသိရ၏။ ဂျက်တောဘွတ်က သူ့ကိုနှစ်ဖက်လှဟု ကြွေးကြော်ခဲ့သည်။

'နှစ်ဖက်လှ....ဟုတ်လား၊ ဘယ်သူနဲ့ဘယ်သူ့ကြားကနှစ်ဖက်လှလဲ'

'ဒါတော့ သူ....သူ....မ....မပြောဘူး၊ မိန်းမအစ်ယောက်နဲ့လို့ ထင်တယ်'

'သူ့နာမည်က....'

သူမသည် ဖြည်းဖြည်းလေးလေးခေါင်းခါ၏။

'တစ်ချိန်က လူ့ကိုကျွန်မ ယုံကြည်ခဲ့ပါတယ်'

'မင်း သူ့ကိုချစ်မိတယ်လို့ ဆိုလိုတာလား'

အယ်လန်သည် မျက်လုံးများကို မှိတ်လိုက်ပြီး ခေါင်းညိတ်သည်။

'ဒီဒဏ်ရာတွေဟာ သူနှိပ်စက်သွားတာတွေ့ မဟုတ်လား'

ဂျူရယ်က တိုးတိုးတိတ်တိတ်မေးသည်။

'ဟုတ်....ဟုတ်တယ်'

စိုင်းဟင်ဆန်က အနားရောက်လာပြီး အသံမာမာဖြင့် ဝင်ပြော၏။

'ဘုရားသခင်ရဲ့စီမံရာပေါ့ ဆမ်'

ဒဏ်ရာများဖြင့် ပြည့်နှက်နေသော မိန်းကလေး၏ မျက်နှာပြင်ပေါ်သို့ မျက်ရည်စများ စီးကျလာသည်။ အက်ပ်ဘီအိုင် အဖွဲ့သားကြီး အပေါ်ထပ်ကို စာက်ရောက်ရှာဖွေနေစဉ်-သူမ ကိုယ်ကို

စောင်နှင့် ပုံးလွှမ်းထားသဖြင့် အခြားဒဏ်ရာများကို စိုင်း မ
မမြင်ရချေ။

အယ်လန်သည် အစစအရာရာတွင် ထက်ထက်မြက်မြက် လု
တစ်ကိုင်တစ်သည်ကို စိုင်းသာမက အားလုံးသိကြသည်။ အခြ
နေရာတွင် ဆမ်ဂျုရယ် နာရီဝက်ကျော် ကြာသွားခြင်းသည် အ
ဆိုးကို ဖြစ်ပေါ်စေသည်။ အယ်လန်သည် သေငယ်ဇောနှင့် မျော
ချေပြီ။

ဂျုရယ်သည် ဒေါသထွက်လျက်ရှိနေသည်။

သူ့တစ်ကိုယ်လုံး တုန်လှုပ်နေ၏။ ပင်သက်ကို ရှည်လျား
မှုတ်ထုတ်လိုက်သည်။ ထို့နောက် သူသည် စိုင်းလပ်အား အယ်လ
နှင့်အတူ နေခဲ့ရန်နှင့် မိမိအပေါ်ထပ်သို့သွားမည့်အကြောင်း
ဟန်ဖက်ဟန်ဖြင့် ပြခဲ့သည်။

အချိန်အနည်းငယ်အတွင်း သံမှူးထံမှဆရာဝန် ဆောက်လ
မှည်။ သို့သော် ဘာမှမတတ်နိုင်တော့ပြီ။ အခန်းများကို စိုင်းလ
စေ့စေ့စပ်စပ်ရာခဲ့သည်ကို သူသိသော်လည်း ဂျုရယ်ထပ်ရှာသည်
တစ်အိမ်လုံးတွင် အယ်လန်မှလွဲ၍ မည်သူမှမရှိ။ မိန်းကလေ
သည် မကြာမီ ဘဝချုပ်ငြိမ်းရပေတော့မည်။ ယခုတော့ သေ
အလိမ်းလိမ်းနှင့် ထူရိုက်ချိုးဖဲ့ပြီးပစ်ထားသော အရွယ်လိုလဲကျ
သည်။

အယ်လန်သည် မိမိ မကြာမီသေရတော့မည်ဟူသော အ
ဖြင့် မျက်စိမှိတ်၍ အသက်မျှုးမျှုးလေးရှူနေသည်။

ဂျုရယ်သည် အောက်ထပ်သို့ ပြန်ဆင်းပြီး အယ်လန်ရဲ့
အိပ်ခန်းသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခဲ့သည်။

'အယ်လန်'

စိုင်းလပ်သည် အယ်လန်ကို ထူးထောက်၍ ကြည့်နေရာမှ
လိုက်သည်။

'သူ့ဘာသာသူ နေပါစေတော့ဗျာ'

'အလုပ်သဘောအရ ရပ်တည်ပါစိုင်း၊ အယ်လန်....ဂျုရ်
မင်းကို အာမခံပစ္စည်းလို့ပြောတာ ဘာကိုရည်ညွှန်းတာမှန်း ဟ

'သူ့နောက် ဆမ်လိုက်နေပြီဆိုတာ သူသိတယ်'

အယ်လန်သည် မျက်လုံးမှိတ်ပြီး လေသံသွဲ့သွဲ့ဖြင့် ပြောလေ
သည်။

ဂျုရယ်သည့် အသက်ရှူမမှန်တော့သည့် အယ်လန့် အခြေ
အနေကို အကဲခတ်နေသည်။ သူ အသက်ရှူ မရပ်စေလိုသေးပေ။
အယ်လန်က မေ့မြောနေရာမှ ရုတ်တရက်....

'ကျွန်မရဲ့ စာကယ့်တာဝန်ကို ဂျက်သိသွားပြီ၊ သူပက်(ခ)ဆီ
တော့ မရောက်သေးဘူး၊ ဒါပေမယ့် ဆမ်....သူ့ကို....ဖမ်းဖို့....ကြိုး
ကြိုးစားရင်တော့....'

'ပက်(ခ)ဆီ ဘယ်လိုအကြောင်းနဲ့သွားမှာလဲ၊ ပန်းချီကား
ကိစ္စလား၊ ဒါတွေက သိပ်အရေးမကြီးလှပါဘူး၊ ဒီအတွက် မင်းက
အာမခံပစ္စည်း မဖြစ်နိုင်ဘူး၊ မင်းဆီက ဘာရသွားသလဲအယ်လန်၊
ဘာပြုလို့ မင်းကို အခုလိုလုပ်ရတာလဲ၊ သူလိုချင်တာ ဘာလဲ'

'ကျွန်မ ဆေနတ်ကိုအသုံးပြုဖို့ ကြိုးစားတယ်၊ ဒါပေမယ့်
သူက လက်ဦးတယ်၊ ကျွန်မ့ကိုရိုက်နှက်တယ်၊ဖရီးမွန့်စက်အဖွဲ့ရဲ့ပုံစံ
(၂၂) ရသွားတယ်'

'ဖရီမွန့်စက်အဖွဲ့....ဟုတ်လား၊ လူဘယ်နှစ်ယောက်ရဲ့ပုံစံတွေ
လဲ'

'ကျွန်....ကျွန်မ သိပ်....ဝမ်းနည်းပါတယ်'

'ဆက်ပြောပါ'

'လေးယောက်၊ ဥရောပအလယ်ပိုင်းမှာ တာဝန် ပေးထား
သူတွေ၊ သူတို့နဲ့မည်တွေ၊ အကာအကွယ်ယူထားတာတွေ၊ကျွန်မ
ဘာမှ မတတ်နိုင်ခဲ့ဘူး၊ သူ ကျွန်မကို တိရစ္ဆာန်ရိုင်း တစ်ကောင်လို
မရပ်မနား ရိုက်နှက်တယ်'

သူ့အသံသည် တဖြည်းဖြည်းတိုးသွားသည်။ စကားလုံး
များ မပီသတော့။ ကြိုးစားပြီး အသက်ရှူနေသည်။

'ကျွန်မ....ကျွန်မ သိပ်ပြီးဝမ်းနည်းပါတယ်'

ဂျုရယ်သည် ကိုယ်ကို မတ်မတ်ရပ်လိုက်သည်။ ဖရီမွန့်စက်
အဖွဲ့နှင့် ပုံစံ(၂၂)သည် ကေဂျာနစ်တို့မှ ဆက်သွယ်ရေးအလုပ်တွင်

ပါဝင်လှုပ်ရှားနေသောဆက်သားလေးဦး၏အကြောင်းအရာမျ
ဖြည့်သွင်းထားသည့် ပုံစံများ ဖြစ်သည်။ သူ အလွန်စိုးရိမ်ထိတ်လ
သွားသည်။

အယ်လန်သည် ဂျနီဗာတွင်ရှိသော သတင်းအပို့အယူ ဌာ
ချုပ်၏ အော်ပရေတာတစ်ယောက်အနေဖြင့်ဤလေးယောက်တို့
အသက် သေစေနိုင်သော သတင်းအထောက်အထားများသူ့တွ
ရှိနေသည်။ အခု ဂျက်တောဘုတ်ရသွားပြီ။တယ်လီဖုန်းသံမြည်လ
သည်။

ဆိတ်ငြိမ်နေသော အခန်းတွင်း၌ တယ်လီဖုန်းသံသည် ကြ
ပေါက်ကွဲသံကဲ့သို့ညံသွား၏။ စိုင်းလပ်သည် လုစ်ခနဲတယ်လီဖုန်း
ခုန်ထွက်သွား၏။ ဂျူရယ်က သူ့လက်မောင်းကို ဖမ်းကိုင်ထ
လိုက်သည်။ ပြီးတော့ အယ်လန်ကို ငုံကြည့်လိုက်ကာ ပခုံးနှစ်ဖ
တွန့်လိုက်သည်။

'ခဏလေးနော်'

တယ်လီဖုန်းသည် နော့်ကတစ်ကြိမ်....နော့်ကတစ်ကြိမ်
နော့်ပြီးတစ်ကြိမ် ထပ်မြည်နေသည်။

'ကျန်တော်ကိုင်မယ်'

'ပက်(ခ)ဖြစ်နိုင်တယ်'

တယ်လီဖုန်းမြည်သံက နော့်ကတစ်ကြိမ် ထပ်မြည်လာ
သည်။စိုင်းလပ်က ပြော၏။

'ငါ့လူတွေကို ယာဉ်လိုင်းတွေရပ်နားတဲ့ နေရာမှာ စော
ဆိုင်းစစ်ဆေးဖို့ အမိန့်ပေးထားတယ်၊ ထူးခြားရင် ငါဒီမှာရှိတ
လို့ပြောထားတယ်'

ဂျူရယ် သက်ပြင်းချလိုက်၏။

'ဒါဖြင့် ခင်ဗျားသွားကိုင်'

စိုင်းလပ် ဧည့်ခန်းတွင်းသို့ ဝင်သွားပြီး တယ်လီဖုန်း
ကောက်ကိုင်လိုက်သည်။ သူ့ခေါင်းထဲ ကြည်သွား၏။ စက
အနည်းငယ်ပြောပြီး ဆုစ်လေကြောင်း ပျံသန်းမှု(၂၃)မှာရော
နေပယ် ခရီးစဉ်အတွက် လေယာဉ်လက်မှတ်နှစ်စောင် ယူထားလို

ဟု အသံပြတ်ပြောဖြင့် အမိန့်ပေးလိုက်၏။ ဖုန်းပြန်ချလိုက်သည်။
သပ်သပ်ရုပ်ရှိုးထားသော သူ့ဒွေးရောင်ဆံပင်များသည်တလက်
လက် အရောင်တောက်နေသည်။ သူ့မျက်နှာသည် တင်းမာမနေ
တော့။ နဂိုပုံမှန်အတိုင်း ပြန်ဖြစ်လာသည်။

'ဒန်နီရယ်ဆီက ဖုန်း၊ ဆုစ်လေကြောင်း(၂၃)ပျံသန်းမှုနဲ့
ဂျက်တောဘုတ် ရောမကိုသွားပြီတဲ့၊ သူ့လက်မှတ်ကနေပယ်ကတစ်
ဆင့်သွားမှာ ဖြစ်တယ်'

'ဘာကြောင့် သူ့ကို တားမဆားလိုက်တာလဲ'

'နောက်ကျသွားတယ်၊ ရောမမှာရှိတဲ့ ဇူကင်မဲလာဆီ ဖုန်း
ဆက်လိုက်မယ်၊ သူက ငါတို့လူပဲ'

'တောဘုတ်ရဲ့ပစ္စည်းတွေကို စစ်ဆေးလိုက်နိုင်သေးလား'

စိုင်းလပ် ခေါင်းညိတ်လိုက်သည်။

'ပန်းချီကားတွေ ပါမသွားဘူး၊ လက်ဆွဲအိတ်တစ်လုံးပဲ
ပါသွားတယ်'

'ကောင်းပြီ၊ ဇူကင်မဲလာဆီ ဖုန်းဆက်လိုက်'

ဂျူရယ်သည် အိပ်ခန်းဘက်သို့ ပြန်လှည့်သွားသည်။ အယ်
လန်၏တေးတွင် ဒူးထောက်ထိုင်လိုက်သည်။ သူ့ရင်ထဲတွင် ပြင်း
ထန်သော ဝေဒနာကို ခံစားရသည်။

'အယ်လန်၊ တောဘုတ်က ဘာကြောင့် ဖရိမ္ဘန်စက်အဖွဲနဲ့
ပုံစံ ၂၂ ကို လိုချင်ရတာလဲ၊ ပက်(ခ)ဘက် ကူးပြောင်းဖို့လား'

အယ်လန် မျက်တောင်တစ်ချက် ခတ်လိုက်သည်။

'မသိဘူး၊ သူပြောတာကတော့ အာမခံပစ္စည်းတဲ့၊ ဆမ်
သူ့ကိုသတ်လို့ မဖြစ်တော့ဘူးတဲ့'

'ကောင်းပြီ၊ ငါတို့ သူ့ကိုတွေ့အောင်ရှာမယ်'

စိုင်းလပ်က အသံမာမာဖြင့် ပြောသည်။

'ငါကိုယ်တိုင် သူ့ကိုသတ်မယ်'

'ခင်ဗျား စိတ်ထိန်းပါ၊ အယ်လန် အသက်ရှူရပ်သွားပြီ'

☆

'မင်း ဘာလုပ်မှာလဲ'

'ဆက်သွယ်ရေး စက်ကိရိယာတွေကို ဖျက်ဆီးပစ်ရမယ်၊ နေရာဖျောက်ပစ်ရမယ်၊ ဝါရှင်တန်ကို ဆက်သွယ်ရမယ်၊ စာရွက်စာတမ်းတွေ မီးရှို့ပစ်ရမယ်'

'အကုန်လုံးလား'

'ကေဂျီဘီနဲ့ဆက်သွယ်တာတွေကို ဆုစ်ရဲတွေအတွက် သက်သေခံပစ္စည်းတွေအဖြစ် ချန်မထားနိုင်ဘူး၊ လိုအပ်ရင် အိမ်ကို မီးရှို့ပစ်ရလိမ့်မယ်၊ အခု လုပ်စရာရှိတာတွေ ဆက်လုပ်ကြမယ်'

အဆောက်အအုံ၏ အပေါ်ဆုံးထပ်ကို ဂျူရယ် ယာင်ကရောက်ဖူးခဲ့သည်။ လှိုင်းတို့ ရေဒီယိုနှင့် အဝါရောင် တယ်လီဖုန်းတစ်လုံးကို တွေ့၏။ ထိုတယ်လီဖုန်းသည် ပါရီမြို့တွင်ရှိသော ရှေးဟောင်းပစ္စည်း အတိုးအထွာများ ဝယ်ယူရောင်းချသောဆိုင်နှင့် တိုက်ရိုက် ဆက်သွယ်လို့ရသည်။ ဖရီမွန်မှ စက်ကိရိယာများကို ဖျက်ပစ်ပြီး နေရာဖျောက်ရမည်။

ကန့်လန့်ကာနောက်ကွယ်မှ စီအိုင်အေကိုယ်စားလှယ်များကိုလည်း ရှေးဟောင်းပစ္စည်းဆိုင်နှင့် အဆက်အသွယ် ဖြတ်ထားရမည်။ တကယ်လို့ ဂျက်တောဘွတ်ဟာ သူတို့ရဲ့ အပေါ်ယံအကာအကွယ်နဲ့ လုပ်ငန်းတာဝန်တွေကို သိသွားသည့်တိုင် အန္တရာယ် မရှိနိုင်တော့ပေ။ တောဘွတ်က ပက်(ခ)လက်ထဲ ပေးပြီးနေရင် တော့ ဒီလူ ၄ ယောက်အတွက် သေသူတွေအဖြစ် သတ်မှတ်ထားရတော့မည်။

ဆမ်ဂျူရယ်သည် အချိန်နှင့်အခွင့်အရေးကိုလုပြီး အထုပ်လုပ်နေသည်။ မိမိတို့အပေါ် သစ္စာရှိစွာဖြင့် အန္တရာယ်ထူပြောသော အလုပ်ကို တာဝန်ယူ ထမ်းဆောင်နေကြသော ဤယုဒ်ဘိသ ၄ ဦး၏ အသက်များကို ကယ်တင်ရပေမည်။

လက်ဦးမှုကို ရအောင် ယူရပေမည်။ နိုင်ငံတကာတွင် ဆက်သွားတာဝန်သည် အလွန် အန္တရာယ်များ[illegible]မိမိသည် ဆက်သွားတစ်ယောက်ကို ထောင်ချောက်[illegible]သတ်မိ

အခန်း (၆)

'အောက်ထပ်ကနေ ဆရာဝန်အလာကို စောင့်နေ အခန်းမီးတွေ မဖွင့်ပါနဲ့၊ လမ်းထဲမှာ အနှောင့်အယှက်ဖြစ် ကိစ္စတွေ ပေါ်မလာစေပါနဲ့၊ တကယ်လို့ ဒီကိစ္စ ပက်(ခ)သိ ရင် ရဲကိုခေါ်ပြီး ကျွန်တော်တို့ကို အနှောင့်အယှက်ပေးလိမ့် ဒါကြောင့် ကျွန်တော်တို့ တိုးတိုးတိတ်တိတ်လုပ်ကြရမယ်'

'အယ်လန်၊ အလောင်းကိုကော....'

စိုင်းက မေးသည်။

'ဆရာဝန်ကားကို အသုံးပြုပါ၊ သူလဲ အမြော်အမြင် လူတစ်ယောက်ပဲ၊ အလောင်းကို သံမှုန်းဆီယူသွားပ်၊ ဆေး လုပ်ပါ၊ သူ သေဆုံးရာမှာ မသက်ဆိုးရှာအကြောင်း မရှိပ် ရေးဖို့၊ ဆရာဝန် ကြည့်လုပ်သွားလိမ့်မယ်၊ အသုဘကို တိတ်တ ဆိတ်ဆိတ်လုပ်ပြီး အခေါင်းထဲမှာ လုံလုံခြုံခြုံထည့်ပါ'

'သူ့မိသားစု အီလီနွိုက်မှာရှိတယ်'

'ဘယ်သူတွေလဲ စုံစမ်းပါ၊ သူ့အလောင်းသင့်လို့ဖို့ အ ဆုံး စီစဉ်ပါ၊ သူ့အလောင်းကို ဒီနိုင်ငံမှာပဲမြှုပ်ပါ၊ တကယ် သူ့မိသားစုက သူ့အလောင်းကို ပြန်လိုချင်တယ်ဆိုရင် ရ ထားလိုက်၊ စုံစမ်းစစ်ဆေးတုန်းလို အကြောင်းပြန်ထား'

'ဒီမှာ....ဆမ်၊ သူဟာ ဝါတို့ရဲ့မိတ်ဆွေ၊ ပြီးတော့ လုပ် ကိုင်ဖက်၊ သူ ရက်ရက်စက်စက် အသတ်ခံလိုက်....'

'ကျွန်တော် သွေးသောက်လဲ ဖြစ်ပါတယ်၊ ဒီကို ကျွန်တော်တို့ တစ်စုံတစ်ခုလုပ်ကြရမယ် စိုင်း၊ အခု ဆရာဝန် သွားစောင့်ပါ၊ ကျွန်တော်မှာတာတွေ ပြောပြပါ'

ကောင်း လွှတ်မိပေမည်။ သို့သော် သူသည် တာဝန်ပြီးမြောက်အောင် ဆောင်ရွက်၏။

ဂျူရယ် တယ်လီဖုန်း ခေါ်ကြည့်သည်။ အခြေအနေကောင်းသည်။ အဝါရောင် တယ်လီဖုန်းကို ကောက်ယူလိုက်ပြီး စိုင်ယာကြီးများကို ဆွဲဖြတ်လိုက်ကာ ဘေးသို့ပစ်ချလိုက်၏။ ဝါရှင်တန်သို့ ဆက်သွယ်သော ဖုန်းသည် နံနက်ပိုင်းမှ ဆက်သွယ်လို့ရသည်။

ဒါကိုလည်း ဖြတ်ပစ်လိုက်၏။ အရေးပေါ်သုံးဖုန်းတစ်လုံးကိုလည်း ဖျက်ဆီးပစ်လိုက်သည်။အားလုံးကို အစိတ်စိတ်အမြွာမြွာလုပ်ပြီး တစ်စစီ လွှင့်ပစ်လိုက်သည်။ ထိုသူ ၄ ဦးတို့၏ အသက်များ အန္တရာယ် ကင်းလောက်ပေပြီ။

အောက်ထပ်ရှိ အယ်လန်၏အခန်း၌ ဘာသံမှ မကြားရ။ ငြိမ်သက်လျက်ရှိသည်။ ခဏကြာမှ လူတချို့၏ လှုပ်ရှားသံကြားသည်။ ဆရာဝန်၏ကား ရောက်နေသည်ကို အပေါ်ထပ်မှ မြင်ရသည်။ ဆံပင်ဖြူကို သပ်သပ်ရပ်ရပ် ဖြီးထားသော စိုင်းလပ်၏ ဦးခေါင်းကို တွေ့ရ၏။

သန်မာထွားကျိုင်းသော လူတစ်ယောက်သည် စောင်ဖြင့် ပတ်ထားသော အထုပ်ကြီးကိုပွေ့ချီကာ ကားပေါ်သို့တင်လိုက်သည်။ အယ်လန်၏ ရုပ်အလောင်းဖြစ်သည်ကို ဂျူရယ် သိလိုက်သည်။

ဂျူရယ်သည် ပူသောအရာတစ်ခုကို သူ့လည်ချောင်းထဲမျိုချလိုက်သည်။

အပေါ်ထဖ်တွင် မီးလောင်ကျွမ်းစေသောပစ္စည်းများကို စနစ်တကျစီစဉ်ချထားသည်။ 'ကေ'ဌာနစိတ်လုံခြုံရေး အဆောက်အဦးကို ဖျက်ဆီးရမည်။ ပန်းချီပြခန်းသို့ ဂျူရယ်ဆင်းလာခဲ့သည်။

စိုင်းဟင်ဆမ်သည် အခြေအနေအားလုံးကို စစ်ဆေးပြီးခဲ့ပြီ။

'အားလုံး ပြင်ဆင်ပြီးပြီလား'

ဂျူရယ်က ပန်းချီပြခန်းမျက်နှာကြက်ကိုမော့ကြည့်သည်။ အိမ်ကြီးတစ်လုံး လုံးဝ ပျက်စီးပျောက်ကွယ်သွားဖို့မူမလွယ်။ လို အပ်တာအားလုံးတော့ ဖျောက်ဖျက်မီးရှို့ပြီးဖြစ်ရမည်။

'ရောမကိုသွားမယ့်လေယာဉ် တစ်နာရီထိုးထွက်မယ်'

စိုင်းလပ်က စကားစလိုက်သည်။

'အဲဒီလေယာဉ်နဲ့လိုက်မလား'

'လိုက်မယ်၊ ဒါပေမယ့် ဗေလ ဒီးဆိုးကိုသွားကြည့်လိုက်ချင်သေးတယ်၊ လွန်ခဲ့တဲ့နှစ်နာရီလောက်က ဂျက်အဲဒီမှာရှိတယ်၊ တစ်နေ့လုံး ပန်းချီကားတွေနဲ့ အတူပုန်းအောင်းနေတာ ဖြစ်ရမယ်'

'ဆမ်. မင်းလူ ၄ ယောက်ကိစ္စကကော'

'သူတို့ကိုသေလူတွေလို့သဘောထားလိုက်၊ ကျွန်တော်တို့သွားကြမယ်၊ အယ်လန့်အလောင်းကို ဆရာဝန်ကားနဲ့ယူသွားတာ အဆင်ပြေရဲ့လား'

'သူ့ကိုညွှန်ကြားချက်တွေပေးလိုက်တယ်'

'အချိန်မရဘူး၊ သွားမယ်'

'ဂျက်နဲ့သိတဲ့အိမ်တစ်အိမ်ကိုခဏကလေးဝင်လိုက်ချင်တယ်၊ အဲ့ဒီအိမ်ကို သူ အလည်အပတ်ရောက်ဖူးပုံရတယ်၊ ရောမလေယာဉ် အမီပြန်လာကြတာပေါ့၊ နားစွင့်အချိန်လုပြီး အလုပ်လုပ်ကြရမယ်၊ အခွင့်သာရင် နယ်စားကြီး အပိုလီယိုရဲ့အခြေအနေကိုသိရမယ်'

'ကျွန်တော်သိသလောက်တော့ ယုံကြည်စိတ်ချရတဲ့လူပဲ၊ သူ့အကြောင်း သတင်းစာတွေထဲမှာဖတ်ဖူးတယ်၊ မကြာသေးခင်က သူ အမေရိကန်သူတစ်ယောက်နဲ့ လက်ထပ်ထားတယ်၊ ဂျက်တောဘွတ်ဟာ အဲဒီအမျိုးသမီးနဲ့ ရောမမြို့မှာဆုံတွေ့ကြတယ်၊ အယ်လန်အဖို့ မနာလိုသဝန်တိုစရာပေါ့၊ ပွင့်ပွင့်လင်းလင်းဖြစ်ပြီလိုတယ်'

ယခုအချိန်တွင် စိုင်းလပ်ကားထက် မြန်မြန်မောင်းနိုင်မည် ကားတစ်စီးလောက်လိုချင်သည်။

သို့သော် မဖြစ်နိုင်တော့။

သူတို့ပန်းချီပြခန်းတံခါးပိတ်ပြီး ကျောခိုင်းလိုက်သည်နှင့် ဆိုင်အတွင်းမှ မီးခိုးများထွက်စပြုလာသည်။ လမ်းတစ်လျှောက်လုံး တိတ်ဆိတ်နေ၏။

ဂျူရယ်သည် စိုင်းလပ်အားအမြန်ဆုံးမောင်းသွက်ရန်ပြောလိုက်သည်။

သူတို့ကားသည် ကန်ကြီးကိုဝိုက်ပတ်ပြီး ဂျနီဗာမြို့မြောက်ဘက် အဝေးပြေးလမ်းမကြီးအတိုင်း မောင်းလျက်ရှိ၏။ ဂျူရယ်သည် ကန်ရေပြင်ကိုခဏတာကြည့်ပြီး စိတ်ဖြေခဲ့ရသည်။

'တို့နောက် ဘယ်သူမှလိုက်မလာဘူး'

သူခေါင်းညိတ်လိုက်သည်။

ပက်(ခ)က ရှေ့ကသွားနေချင်သွားနေမည်။ တောဘွတ်ရဲ့တယ်လီဖုန်း ခိုးနားထောင်ထားရင်ပေါ့။

ဂျူရယ်သည် ထိုင်ခုံနောက်သို့မှီလိုက်ပြီး မျက်စေ့မှိတ်ထားလိုက်သည်။

သူ့ခေါင်းထဲသို့ အတွေးအမျိုးမျိုးဝင်လာသည်။ တစ်ခုခုကို အမြန်ဆုံးဖြတ်ရန်လိုနေပြီ၊ တောဘွတ်သည် မိမိရှေ့မှ ခြေတစ်လှမ်းဦးသွားပြီ၊ ဇလယာဉ်ဖြင့် ရောမသို့ထွက်ခွာသွားပြီ။

ဂျူရယ်သည် လွန်ခဲ့သောတစ်နာရီကထက် သက်တောင့်သက်သာ ရှိလာသည်။

သူ့လူ ၄ ယောက်အတွက် စိတ်ပူမိပြန်၏။

သူ၏အဓိကတာဝန်သည် ဂျက်ကိုဖမ်းမိပြီး ခိုးယူသွားသောပန်းချီကားများပြန်ရရေးအပြင် တောဘွတ်နှင့်ပက်(ခ)တို့ပေါင်းမိမသွားရေး ဖြစ်သည်။

သူတို့ကားသည် ၁၅ မိနစ်ခန့်မှန်မှန်မောင်းလာပြီးနောက် စိုင်းဟင်ဆန့်က....

'ငါတို့ ဒီဘက်ကိုကွေ့ရမယ်ဆမ်၊ အဲဒီအိမ်ကိုတွေ့လိမ့်မယ်၊ လူတိုင်းသိပါတယ်၊ နယ်စားကြီးကတော့ ဒီအိမ်မှာအနေနည်းတယ်'

ဂျူရယ်ခေါင်းညိတ်လိုက်ပြီး ကိုယ်ကိုဆန့်ရှိမတ်မတ်ထိုင်လိုက်သည်။

လမ်းသည် ကန်ဘက်မှကွေ့ကောက်ပြီး အပေါ်ဘက်သို့တက်သွား၏။

တစ်မိနစ်လောက်ကားမောင်းလာပြီးနောက် ဘရိတ်အုပ်ကာ ရပ်လိုက်သည်။

ကန်ရေပြင်၏အထက် အတော်မြင့်သောနေရာသို့ရောက်နေသည်။

ထင်ရှားပင်များအကြားမှ လေတိုက်သံကို ကောင်းစွာကြားနေရသည်။

သစ်ပင်ရိပ်များ၏အောက်ခြေတွင် မည်းမှောင်နေ၏။ ဂျူရယ်သည် ကားပေါ်ကဆင်းလိုက်ပြီး တံခါးကိုအသံမကြားအောင် ပိတ်လိုက်သည်။

သူ့နာရီကိုကြည့်လိုက်၏။(၁၀း၄၆)နာရီရှိနေပြီ၊ ညသည် အယ်တောင်တန်းကြီး၏အောက်တွင် ငြိမ်သက်နေသည်။

ကားလမ်းသည် ဤနေရာတွင်ရှိသော သီးသန့်ခြံနှင့် အိမ်များအတွက် ခင်းထားသော ကိုယ်ပိုင်လမ်းဖြစ်သည်။ အပေါ်ဘက် လမ်းတစ်ကွေ့လောက်တွင် မီးလင်းနေသည်။ ရှေ့နားတွင် ဆွစ်ပုံစံအိမ်တစ်လုံးသည် အမှောင်ထဲ၌ရှိ၏။ ဂျူရယ်သည် ဖြည်းညှင်းစွာ အသက်ရှူနေသည်။

တစ်ခါတစ်ခါ အောက်ဘက် ခပ်ဝေးဝေး လမ်းမကြီးဆီမှ ကားသံများကြားရသည်။ ဘားပတ်လည်တွင်ရှိသော သစ်တောဆီမှ လေတိုးသံကညံနေ၏။

'ခြံပေါက်တွေကို သွပ်ဆူးကြိုး တံခါးကြီးတွေနဲ့ ပိတ်ထားတယ်၊ နယ်စားကြီးဟာ တစ်ကိုယ်တည်းသီးသန့်နေတတ်တယ်ဆမ်၊ အခုဒီအိမ်မှာ ဘယ်သူမှရှိပုံမရဘူး၊ ဒါပေမယ့် မကြာသေးခင်က လူတစ်ယောက်ယောက်တော့လာသွားပုံရတယ်၊ တို့နှစ်ယောက်စလုံး အဲဒီကိုဝင်ကြမလား'

'ခင်ဗျားအပြင်မှာနေခဲ့၊ ကျွန်တော်ဝင်မယ်'

သူတို့နှစ်ဦးသည် ရှစ်ပေခန့်မြင့်သောအုတ်ရိုး အတိုင်
လျှောက်လာကြသည်။

ထင်းရှူးပင်များအောက် အမှောင်ရိပ်ကောင်းကောင်
နေရာကိုရွေးချယ်လိုက်၏။ ဂျူရယ်သည် အုတ်တံတိုင်းအပေါ်
ဘောင် (ပေါင်)ကိုခုန်ပြီး လက်နှစ်ဖက်ဖြင့် ကုတ်တွယ်တက်လို
သည်။

တံတိုင်းပေါ်တွင် အလျားလိုက်ဝမ်းလျားမှောက်လိုက်ပြီး
အတွင်းဘက်အခြေအနေကိုအကဲခတ်သည်။ နောက်ပြီး ခြံထဲလှ
ချလိုက်၏။ ခဏအကြာတွင် စိုင်းရောက်လာသည်။ ဂျူရယ်
စိုင်းအားခေါင်းညိတ်ပြလိုက်ပြီး အပေါ်စီးရသောနေရာမှစော
နေရန် လက်ဟန်ခြေဟန်ပြလိုက်သည်။

အိမ်ကြီးက မြက်ခင်းပြင်၏တစ်ဖက်စွန်းတွင်ရှိသည်။ ဂျူ
ရယ်သည်ဘယ်ဘက်တွင်ရှိသောခြံအဝင်ကားလမ်းဘက်သို့လျှော
လာခဲ့၏။

ကားလမ်းပေါ်တွင် ပြောက်ပြောက်ကျားကျား လရော
ကျနေသည်။

ကားဘီးရာတချို့ကိုတွေ့ရ၏။ နေ့လယ်က သို့မဟုတ် မ
က ကားတစ်စီးမောင်းဝင်လာသည်ဟု ယူဆရသည်။

မြက်ခင်းဘေး ချုံပုတ်များထဲမှ ငှက်ကလေးများ အော်
ကို ကြားရ၏။ လရောင်သည် ထင်းရှူးပင်ထိပ်ဖျားမှ အောက်
သို့ ကွက်တိကွက်ကျား လင်းလက်နေသည်။ သူ့စိတ်ထဲတွင် ထ
သွားသလို ခံစားလိုက်ရသည်။

ခြံအတွင်း၌ သန့်ရှင်းသပ်ရပ်နေ၏။ ဂျူရယ်သည် ခြေ
လုံလုံဖြင့် အိမ်ကို ပတ်လျှောက်သည်။ကားဂိုဒေါင်၏ နောက်ဘ
တွင် ကျောက်တုံးလှေကားတစ်ခုရှိ၏။နယ်စားကြီးအနားယူသော
အိမ်သည် ဆွစ်ပုံစံဖြင့် ဆောက်ထားသည်။အလွန် ကြီးကျယ် ခ
နား၏။

အပေါ်ထပ် ဆင်ဝင်ပေါ်မှနေ၍ ကန်ရေပြင်နှင့် ရှုခင်းကို
စီး၍ မြင်နိုင်သည်။အောက်ဘက် အတော်ဝေးဝေးမှ လှေများ၏
မီးရောင်ကို ခပ်ရေးရေးမြင်ရသည်။

ကမ်းခြေရှိအိမ်များမှ ဝါကြင့်ကြင့်မီးရောင်များကိုလည်း
တွေ့ရသည်။

အိမ်ကြီး၏နောက်ဘက်မှ မြေနိမ့်ဘက်သို့ ဆင်းသွားသော
ကျောက်တုံးလှေကားထိပ်တွင် တံခါးတစ်ပေါက်ရှိသည်။လေတွင်
လှုပ်ရှားနေသော ထင်းရှူးကိုင်းများမှအပ မည်သည့် လှုပ်ရှားမှု
မျိုးကိုမှ မတွေ့ရချေ။

နယ်စားကြီး ဘာနာဒိုအပိုလီယိုသည် ခေတ်သစ် အီဘလီ
လူ့အဖွဲ့အစည်းတွင် ရှေးဟောင်းဒဏ္ဍာရီပုံပြင်ထဲမှ ဇာတ်ကောင်
တစ်ကောင်နှင့် တူနေသည်။ သူသည် ခရူးဆိတ်ကာလ ရှေးအစဉ်
အဆက်မှဆင်းဆက်လာသော နော်မန်အမျိုးအနွယ်ဖြစ်၏။ပစ္စည်း
ဥစ္စာ ချမ်းသာကြွယ်ဝပြီး လူကြီးလူကောင်းပီသစွာ နေထိုင်ခဲ့လေ
သည်။

ဂျူရယ်သည် သူ့ပုံစံကို ရောမ သတင်းစာများထဲတွင် တွေ့
မြင်ဖူး၏။ ရုပ်ရည်ခန့်ညားသည်။ ဆံပင်အနည်းယေ်ဖြူ၏။ ဓာတ်ပုံ
ထဲတွင် မျက်နှာသည် မာန်မာနကြီးဟန်ရှိသည်။ဒေါသဖြင့်ပြောင်
လက်နေသော မျက်လုံးများက တင်းမာ တည်ငြိမ်၏။ နယ်စား
အပိုလီယိုသည် ခေတ်သစ်ကမ္ဘာထဲ၌ ခေတ်နှင့် ဖီလာနေသူ တစ်ဦး
ဖြစ်သည်။

စိုင်းလပ်ကိုထားပြီး ထွက်လာခဲ့သည်မှာ နှစ်မိနစ်ရှိပြီ။ သူ
သည် နောက်ဘက်တံခါးမှ ပြန်လှည့်လာ၏။ ထူးထူးခြားခြား
ကျောက်တုံးလှေကား တစ်ခုကို တွေ့သည်။လှေကားသည် အိမ်၏
အပေါ်ဘက် တောင်ကုန်းကလေးတစ်ခုဆီသို့ တက်သွား၏။ လှေ
ကားထိပ်တွင် ကားဂိုဒေါင်တစ်ခုရှိသည်။

ခြံနောက်ဘက်မှာ ဝင်လမ်းတစ်ခုသည်းရှိ၏။ ကားဂိုဒေါင်
ရှေ့ တံခါးနားတွင် အိုပယ်ကားကြီး ရပ်ထားသည်ကို လရောင်
အောက်တွင် တွေ့ရသည်။

သူသည် ငြိမ်သက်ပြီး ခဏရပ်လိုက်၏။ ရင်ထဲ လှုပ်ရှားလျက် ကားအနားသို့ ချဉ်းကပ်သွားသည်။ ကားထဲ၌ မည်သူမှမရှိ။ စိတ်ရှည်ရှည်ဖြင့် အချိန်အနည်းငယ်စောင့်ပြီး ဘေးပတ်လည်နှင့်ကား အတွင်းကို အကဲခတ်ကြည့်သည်။

ထို့နောက် သူသည်ကား၏ခေါင်းပိုင်းသို့လျှောက်သွားပြီး စက်ဖုံးကို လက်ဖြင့် ကိုင်ကြည့်သည်။ အဖုံးသံပြားများ ပူနွေးလျက်ရှိသည်။ မော်တော်ကားသည် ခြံအနောက်ဘက်လမ်းမှ ဝင်လာပြီး ရပ်ထားဟန်ရှိ၏။ မိနစ်အနည်းငယ်သာ ကြာသေးဟန် တူသည်။

သူသည် ကားမောင်းသူဘက်မှ တံခါးကို ဖွင့်လိုက်ပြီး အတွင်းဘက်သို့ ငုံ့ကြည့်၏။ စီးကရက်နံ့ ပြင်းပြင်းရသည်။ သည်အိမ်ကြီးကိုလာသောသူမှာ အိမ်ထဲတွင် ရှိနေနိုင်၏။ ကားထဲရှိ မိန်းမအနံ့အသက်ကို အနံ့ခံကြည့်သည်။ ထူးခြားမှုမရှိ။ အိုပယ်ကားကြီးသည် ဂျနီဗာ မော်တော်ယာဉ် အငှားဌာနမှကား ဖြစ်နိုင်သည်။ ဂျူရယ်သည် အိမ်ကြီးကို အကဲခတ်ကြည့်ပြန်သည်။

သူရောက်ရှိနေသောနေရာသည် အိမ်၏ ခေါင်မိုးနှင့်အညီမြင့်သည်။ တောင်ကုန်းစောင်းဖြစ်သည်။ အိမ်နောက်ဘက် ပြတင်းပေါက်ကိုအပေါ်မှ စီးမြင်ရ၏။ အခန်းတစ်ခန်းမှ ဖျတ်ခနဲမီးမှိန်မှိန် တစ်ချက်ပွင့်ပြီး ပြန်ပိတ်သွားသည်။ ထိုမီးသည်အမှောင်ထဲ၌ ရှေ့လျားနိုင်ရန်အတွက် ဖွင့်လိုက်သောမီး ဖြစ်နိုင်သည်။

ဂျူရယ်သည် ပြန်ဆင်းလာပြီး အိမ်ကြီးကိုတစ်ပတ်လှည့်လာသည်။ ထို့နောက် ဝင်ပေါက်ဂိတ်သို့ပြန်သွား၏။ ဂိတ်ပေါက်နားမှ အုတ်တံတိုင်းအတိုင်း စိုင်းလပ်ဆီသို့ အသံမကြားအောင်လျှောက်သွားသည်။

ထင်းရှူးပင်ကြီး၏ အမှောင်ရိပ်တွင်ရပ်လျက် အိမ်ကြီးကို စောင့်ကြည့်နေသော စိုင်းလပ်၏လက်မောင်းကို ဂျူရယ် ထိလိုက်သည်။

စိုင်းလပ်သည် ဘေးသို့ တစ်ချက်ခုန်လိုက်ပြီး ကထုတေးဟန်ဖြင့် သူ့ခြေလက်များကို အသင့်ပြင်ထားသည်။ ဂျူရယ်က ဖျတ်ခနဲ သူ့လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ထားသည်။

'စိတ်အေးအေးထား၊ စမ်းပါစိုင်း'

အက်ဖ်ဘီအိုင်ကြီးသည် အာလုတ်သံကြီးဖြင့်...

'မင်း ဇက်ကြိုးသွားမယ် သူငယ်ချင်း၊ ဘာတွေ့ခဲ့သလဲ'

'အိမ်ကြီးထဲမှာ လူတစ်ယောက်ရှိနေတယ်၊ အိုပယ်ကားကြီးကို နောက်ဘက်ဝင်ပေါက်လမ်းပေါ်မှာရပ်ထားတယ်၊ အဲဒီလူဟာ အီတလီဆေးလိပ်ကို သောက်ပုံရတယ်'

'နယ်စားကြီး အပိုင်ယိုမျှားလား၊ သူ စီးကရက်စက်ရှုံမှာ အစုရှယ်ယာပါတယ်'

'အပိုလီယိုက ဒီဆေးလိပ်မျိုး မသောက်ဘူး၊ ဂျက်တောဘုတ်လဲ ဒီမှာ ကြာကြာနေသွားတယ်မထင်ဘူး'

ဟင်ဆန်သည် လုံခြုံသည့်နေရာသို့ ရွှေ့ပြီး အခြေအနေကို စောင့်ကြည့်သည်။ ဂျူရယ်က အိမ်ကြီးဆီသို့ပြန်သွား၏။ ပန်းချီများကို တွေ့ဝိုက် အကဲအဆဲယူပြီး နောက်ဖေးတံခါးသို့ ချဉ်းကပ်သည်။

တံခါးကို သော့ခတ်မထား။ အသာကလေး တွန်းလိုက်ရုံဖြင့် ပွင့်သွားသည်။ သော့က အိမ်အတွင်းမှ လူဆီမှာရှိမည်။ သူတို့ခန့် ရပ်လိုက်၏။ အမှောင်ထုထဲ သူပျောက်သွားသည်။ အခြေအနေကို စောင့်၍ အကဲခတ်နေပြန်သည်။

အပေါ်ထပ်မှ ခြေသံကို ခပ်တိုးတိုးကြားရသည်။ စောစောက ဖျတ်ခနဲ မီးလင်းသွားသောအခန်းထဲမှ ဖြစ်လိမ့်မည်ဟု ယူဆသည်။

ဂျူရယ်သည်အုတ်ကြွတ်မိုးထားသောမီးဖိုဆောင်ကိုဖြတ်ပြီး ဧည့်ခန်းကျယ်ကြီးဆီသို့ ချွတ်နင်းလျှောက်သွားသည်။ အပေါ်ထပ်သို့ တက်သော တွေ့ဝိုက်ဝိုက်လှေကားကြီးတစ်ခုရှိနေ၏။ အိတလီပရိဘောဂများ၊ ကြွေပြားများ ခင်းထားသည်။ ကျောက်တုံး

များဖြင့် ပြုလုပ်ထားသော မီးလင်းဖိုကြီးတစ်ခုလည်းရှိ၏။ ဂျူ
သည် လှေကားထိပ်မှ အမှောင်ရိပ်တွင် ရပ်နေသည်။

ည့်ခန်းကြီးမှ နောက်ဘက် အိပ်ခန်းများသို့ဝင်ရန်တံ
များရှိသည်။ သူ့ဘယ်ဘက်မှ တံခါးတစ်ချပ်ပွင့်နေသည်။ နော
ဘက်ရှိ အိပ်ခန်းကြီးမှပြတင်းပေါက်ကိုကျော်ပြီးလရောင်အော
၌ မှန်သားပြင်လို ပြောင်လက်နေသော ဂျနီဗာကန်ရေပြင်ရှုခင်
မြင်ရသည်။

သူ့အာရုံကြောများ တင်းလာသည်။ အခန်းတွင်းမှလူ
၏။ ချေးနံ့နှင့် စီးကရက်နံ့ပေါင်းစပ်ထားသည့်အနံ့တစ်မျိုး
သည်။

သူ ရှေ့သို့ဆက်သွားရန် ခြေလှမ်းပြင်လိုက်သည်နှင့် နော
ဘက်အခန်းတွင်းမှ လူတစ်ယောက် ဗြုန်းခနဲတံခါးဖွင့်ပြီး စာ
ထိုး ထွက်လာသည်။ အားအင်အပြည့်နှင့် ဝင်ရောက်လာသော
နောက်သို့ ခုန်၍ ရှောင်ပေးလိုက်သည်။

သို့သော် ဖယောင်းတိုက်ထားသော ကြမ်းပေါ်တွင်
ချော်သွားသဖြင့် နောက်ပြန်လဲကျမသွားအောင်ကြိုးစားပြီးထိ
ထားရသည်။ သူ့ခြေထောက်ပေါ်တွင် မြဲမြဲမရပ်တည်နိုင်မီ အခ
တွင် ထိုလူသည် သူ့ကိုကျော်ပြီး လှေကားပေါ်သို့ ခုန်တက်လို
သည်။

လေးထောင့်ကျကျ မျက်နှာပေါ်တွင် ဒေါသ ထွက်
သည်ကို ဖျတ်ခနဲတွေ့လိုက်ရသည်။ မျက်ခုံးမွေး ထူထူ၊ မျက်
ပြူးပြူးဖြစ်၏။ ဓားမြောင်ကို ကိုင်ထားသည်။ ဂျူရယ်က သူ
သေနတ်ကို အသုံးမပြုဘဲ စစ်ဆေး မေးမြန်းလိုသည်။ ထိုလူသ
ဂျူရယ်အား ခြိမ်းခြောက်နေ၏။

သူသည် ရုတ်တရက် ဂျူရယ်ကို ဓားမြောင်နှင့် ပစ်ပေါ
လိုက်သည်။ ဂျူရယ် ဘေးသို့ ခုန်ရှောင်လိုက်၏။ ကွတ်အ
လက်မှောင်းထဲသို့ ဓားသွားဝင်သွားသည်။ ထိုလူသည် လှေက

ထစ်များမှ ခုန်ဆင်းပြီး အိမ်ရှေ့ဝင်ပေါက်ဆီသို့ တစ်ဟုန်ထိုး
ပြေးထွက်သွားသည်။

ဂျူရယ်က သူ့နောက်သို့ လွှားခနဲခုန်လိုက်ပြီး ချက်ချင်း
ရပ်လိုက်သည်။ နောက်ထပ် ထိုလူ၏ဓားချက်ကို ရှောင်ရန်အတွက်
တံခါးပေါက်ဆီသို့ ပြေးကပ်လိုက်၏။

ထိုမှတစ်ဆင့် ထင်းရှူးတောအမှောင်ထဲသို့ဝင်သွားသည်။
အိုပယ်ကားကြီးဆီသို့သွားရန် ချိန်ဆနေသည်။ သူ တစ်ရှိန်ထိုး
ပြေးလာသည့် လမ်းတစ်လျှောက်တွင် ဆူဆူညံညံ အသံများကို
တမင်လုပ်ခဲ့သည်။ သူ့အခြေအနေကို စိုင်းလပ်သိရန်အတွက် ဖြစ်
သည်။

ထိုလူကို အရှင်ဖမ်းလိုသည်။ သူ့ထံ၌ အဖြေတစ်ခုခု ရလို
၏။ ခုချိန်ထိ ဂျက်တောဘွတ် လေယာဉ်ပေါ်သို့ တက်သွားပြီ ဟူ
သော သတင်းမှလွဲ၍ ဘာသတင်းမှ မထူးခြားသေး။ နောက်ထပ်
သတင်းအသစ်များရဖို့ လိုအပ်သည်။

သူ၏ဘယ်ဘက်တွင် အိမ်ကြီးရှိသည်။ အိမ်ရှေ့ဘက်ဆီသို့
လှမ်းကြည့်၏။ စိုင်းလပ်ကိုမတွေ့။ မည်သူ့ကိုမှမတွေ့။ သေနတ်ကို
ဆွဲထုတ်လိုက်ပြီး တင်းတင်းဆုပ်ကိုင်ထားသည်။ သို့သော် သေနတ်
ကို အသုံးမပြုချင်။

သစ်တောတွင်းမှ ဇီးကွက်တစ်ကောင်အော်သံကို ကြားရ
သည်။ အောက်ဘက် တော်တော်ဝေးဝေး ဂျနီဗာကန်ကြီး
ဘေးက အဝေးပြေးလမ်းမကြီးဆီမှ ကားဟွန်းသံများကို ကြား
ရသည်။

ထိုလူသည် သူနှင့် ပေလေးဆယ်လောက်အကွာ မြက်ခင်း
စပ်ရှိ ပန်းချုံများကို အကာအကွယ်ပြုပြီး ရွှေ့လျားနေသည်။
ဂျူရယ်သည် သတိရှိရှိနှင့် စောင့်ဆိုင်းနေ၏။ မမျှော်တင့်သော
ဖြစ်ရမ်က တစ်ခါတစ်ရံ အန္တရာယ်များတတ်သည်။ ကိုးကိုး ကိတ်

တိတ် ဖြစ်ဖို့ လိုအပ်သည်။ ဆွစ် ရဲတွေအတွက် အကျိုးရှိသွား အောင် မလုပ်သင့်ချေ။

အိမ်ကြီးရှေ့ဘက်၌ စိုင်းလပ်ကို အစောင့်ချထားခဲ့သည်။

ထွက်ပြေးသူသည် အိမ်ကြီးရှေ့ဘက် သံတံခါးဝိတ်ပေါက် အနီး အမှောင်ရိပ်တွင် ရပ်၏။ ဂျူရယ်က မျက်ကွယ်မရှိသော နေရာသို့ တစ်လှမ်းချင်း လျှောက်သွားသည်။ သူလိုက်နေသော သားကောင်သည် သူ့အား ဓားမြှောင်နှင့်ပစ်ပြီးနောက် လက်နက် မရှိတော့ဟု တွက်ဆရ၏။ သူဘယ်မှာရှိနေသည်ကို စိုင်းလပ် သိစေချင်သည်။

'ဘုတ်'ခနဲ မြည်သံကြားရသဖြင့် ဂျူရယ် မြက်ခင်းပြင်ကို ဖြတ်ကျော်လိုက်သည်။ ပြီးတော့ လှုပ်ယမ်းနေသော ချုံပင်များ ကို စောင့်ကြည့်၏။ ချုံပင်များ ငြိမ်သက်သွားသည်။

အက်ဖ်ဘီအိုင်ကြီးသည် ချုံပုတ်များကြားမှ ထရပ်လိုက်ပြီး သူ့လက်ဝါးကိုဖြန့်ကာ မြှောက်ပြသည်။

'ဒီမှာမိထားပြီ သူငယ်ချင်း၊ အတော်သန်မာတဲ့ ခွေးမ သားကြီး'

'သူဘယ်မှာလဲ'

'မင်းဆီက ဘယ်လို ထွက်ပြေးလာတာလဲ၊ သူ့ကို ငါ ဒီလောက်အထိ မရည်ရွယ်ပါဘူး'

ဂျူရယ်က မြေကြီးပေါ်တွင် ပက်လက်လန်လဲကျနေသော ထိုသူ၏ဘေး၌ ဒူးထောက်ထိုင်လိုက်သည်။

ထိုလူသည် အသက်လေးဆယ်လောက်ရှိပြီး ခြေလက် တုတ် ခိုင်သည်။ မျက်နှာက ရာသီဥတုဒဏ်ကြောင့် နီညိုနေသည်။ နက်မှောင်သောဆံပင်များတွင် ဆံပင်ဖြူများ ရောယှက်နေသည်။ အပေါစားဝတ်စုံကို ဝတ်ဆင်ထား၏။ ရှပ်အင်္ကျီ အရောင်မှိုင်းမှိုင်း နှင့် ပန်းပွင့်များရိုက်နှိပ်ထားသော လည်စည်းကိုတွေ့မြင်ရသည်။

သူ့ပါးစပ် ပွင့်ဟနေ၏။ မျက်လုံးများကမူ မပွင့်တပွင့်နှင့် ငြိမ်သက်နေသည်။ ဂျူရယ်က သူ့လက်ကိုကိုင်ပြီး သွေးတိုးစမ် ကြည့်၏။

'သူအသက်ရှူပုံ မမှန်တော့ဘူး စိုင်း၊ သူ့ကို ဘယ်လိုလုပ် လိုက်သလဲ'

'ငါ သူ့ကို ဒီလောက်အထိလုပ်ဖို့ မဟုတ်ပါဘူး'

'ခင်ဗျား လက်လွန်သွားပြီ၊ သူ့လည်ပင်းကို ကိုင်လိုက်ပြီ မဟုတ်လား'

ဂျူရယ်သည် ထိုလူ၏လက်ကို မြှောက်ကြည့်လိုက်သည်။ လက်ချောင်းများ ပျော့ကျနေ၏။ စေးထန်းထန်းနှင့် မသန့်မရှင်း ဖြစ်နေ၏။ လက်ဝါးတွင် ပွန်းထားသောအနာဖေးများ ရှိသည်။

'သူဟာ တံငါသည် ရေလုပ်သား တစ်ယောက်ပဲ၊ သူ့ ကိုယ်က ငါးညှီစော်နံတယ်'

'စာရွက်စာတမ်း ရှာကြည့်မယ်'

စိုင်းလင်က အကြံပေးသည်။

ထိုသူ တစ်ချက်ညည်းညူလိုက်သည်။ ဂျူရယ်က သူ့ကွတ် အင်္ကျီရင်ဘတ်ကိုဖွင့်ပြီး နှိုက်ကြည့်၏။ ပိုက်ဆံအိတ်အစုတ်တစ်ခုနှင့် နိုင်ငံကူးလက်မှတ်ကို တွေ့ရသည်။ နိုင်ငံကူးလက်မှတ်မှာ အီတလီ နိုင်ငံသားဖြစ်သည်။ ပြင်သစ်နိုင်ငံသို့ ဝင်ခွင့်နှင့် ထွက်ခွာသော တံဆိပ်တုံး ရိုက်နှိပ်ထား၏။ မနေ့က နေ့စွဲနှင့် ဆွစ်ဇာလန်သို့ ဝင်ခွင့်ပြုထားသည်။

'ဘရှုနိုဘဲလာရီးယား၊ အိုင်ဆိုလာဖီလီဘိုနာ ဒေသ'

'အိုင်ဆိုလာဖီလီဘိုနာ ဒေသဆိုတာ နယ်စားကြီးအပိုလီယို ကိုယ်ပိုင်အုပ်ချုပ်တဲ့ကျွန်းပဲ စိုင်းလပ်၊ ဒီအိမ်ကို ဆောင်းရာသီမှာ သာယာနေတာ၊ အဲဒီကျွန်းကို အပိုလီယိုမျိုးနွယ်စုက နှစ်ပေါင်း တစ်ထောင်ကျော် ပိုင်ဆိုင်ခဲ့တယ်၊ ဒီလူဟာ အဲဒီကျွန်းကလာတာ ဖြစ်ရမယ်၊ အချက်အလက်တွေက ဆက်စပ်နေတယ် မဟုတ်လား'

'ဖြစ်နိုင်ပါတယ်'

'ဒီလူရောက်နေတာကို ကျွန်တော် သိပ်သဘောမတွေ့ဘူး'

ကွတ်အင်္ကျီအတွင်းအိတ်ထဲမှ စာရေးမထားသော စာအိတ် တစ်အိတ်ထဲတွင် လိုင်ယာငွေ သုံးထောင်တွေ့သည်။ ထိုငွေသည်

သူ့အတွက် ခရီးစရိတ်ဖြစ်နိုင်သည်ဟု ယူဆရသည်။ တခြား စာရွက်စာတမ်း မတွေ့ရပေ။ သို့သော် စာအိတ်ပေါ်တွင် ပို့နိုင်ထားသော စာလုံးများမှာ ဟိုတယ်စင်ဘီစိုင်းယာပါတီ နှစ် ၁၄၂၂ နှယ်ပယ်မြို့ ဟူ၍ဖြစ်သည်။ ဂျူရယ်သည် ထိုပစ္စည်းများပေါ်တွင် လက်ဗွေများ မကျန်ရစ်ရန် ဂရုတစိုက်ကိုင်တွယ်ပြီး ကွတ်အင်္ကျီအိတ်ထဲ ပြန်ထည့်ထားလိုက်သည်။

အိမ်ကြီး နောက်ဖေးပေါက်မှ ဂျူရယ် ပြန်ဝင်သွားသည်။ အောက်ထပ်ကို စေ့စေ့စပ်စပ်နှင့် သွက်သွက်လက်လက် ရှာဖွေ၏။ ခိုးယူသွားသော ပန်းချီကားများ၏ အရိပ်အယောင်ကို မတွေ့ရ။ မကြာသေးမီကဤအိမ်ကြီးတွင် လူနေထိုင်သွားသည့်အစအနများ ကွေ့ရသည်။

အမျိုးသမီးတစ်ဦး တစ်ရက်၊ နှစ်ရက် နေထိုင်သွားသည် ဟု ခန့်မှန်းရ၏။ နယ်စားကြီးကတော်လား၊ ဂျက်တောဘွတ် သည်ကို လာပြီး လျှို့ဝှက် အချစ်စခန်းဖွင့်ခဲ့သလားမသိ။

ဂျူရယ် အပေါ်ထပ်သို့တက်သွားပြီး အိမ်ဧရှ.ဘက်အိပ်ခန်းကြီးထဲဝင်ကာ စစ်ဆေးကြည့်သည်။ ထူးထူးခြားခြား ဘာမှမတွေ့ရ။ ဘရူနိုဘဲလာရီးယား မွေ့နှောက်ခဲ့ဧသာ နောက်ဘက်အိပ်ခန်းသို့ လာခဲ့ပြန်သည်။

ထိုအခန်းသည် ခမ်းကျဉ်းကျဉ်းဖွဲ့စည်းထား၏။ အမျိုးသမီး အခန်း ဖြစ်သည်။ စည်းကမ်းရှိရှိနေထိုင်သော အခန်းဖြစ်သည်။ ပြတင်းပေါက်များတွင် အဖြူရောင်လိုက်ကာများ တပ်ဆင်ထားသည်။

နူးညံ့သော ကော်ဇောများ ခင်းထား၏။ ရေချိုးခန်းများကို ကြေပြာများဖြင့် ပြင်ဆင်ထားသည်။ ဆပ်ပြာနံ့ သင်းနေသည်။

ဂျူရယ်သည် ကိုယ်ကိုမတ်လိုက်ပြီး နှံ့ရံတစ်ခုပေါ်မှ ဆီဆေးပုံတူပန်းချီကားကို ကြည့်လိုက်သည်။ ထိုပုံသည် ကွန်တက်ဆာဒီအပိုလီယို၏ပုံ ဖြစ်၏။ ထိုပုံကို သူ ဆတီထားပြီး အခြံနှံ့ကြာကြာ

ကြည့်နေမိသည်။ ညီမျှခြင်းသော ဆံပင်များသည် ပခုံးပေါ်သို့ ကျနေ၏။

လည်တိုင်က ကျော့ရှင်းသည်။ ပါးစပ်အနည်းငယ် ကျယ်၏။ မျက်လုံးများက စိမ်းပြာရောင်အနုဖြစ်သည်။ သူမသည် နုပျိုနေ၏။

အသက် (၂၀) ဆယ်ဝန်းကျင်အရွယ် ဖြစ်သည်။ ထိုပုံစံကို ကြည့်ရင်း နယ်စားကတော် ဖရန်ဆစ်စတာကို စစ်ဆေး သုံးသပ်ကြည့်လိုစိတ် ပေါ်လာသည်။ သူမသည် အမေရိကန်သူ ဖြစ်သည်။ သူ့အသက်သည် နယ်စားကြီး၏အသက်ထက်ဝက် ဖြစ်၏။

ဂျက်တောဘွတ်သည် အီတလီလူ့အဖွဲ့အစည်း အစွဲင်းမှ အလွန်ရှားပါးသော အထက်တန်းလွှာထဲ၌လှုပ်ရှားရင်းကျွမ်းသမီးနှင့် တွေ့ခဲ့သည်ဟု ဂျူရယ် နားလည်ထားသည်။ ဂျက်သည် ကြွမ်းတမ်း၏။ စွန့်စားလိုစိတ် ရှိ၏။ အထက်တန်း လူ့အဖွဲ့အစည်းတွင် ဝင်ဆံ့ပြီးပြောတတ်ဆိုတတ်သည်။ သူ့ကိုအထင်ကြီးအောင် လုပ်တတ်၏။ ဒါကို ဂျူရယ် သိထားသည်။

ထိုအမျိုးသမီးသည် လှပ၏။ လိတလီတွင် အချမ်းသာဆုံး သူဌေးကြီးတစ်ဦး၏ ဇနီးဖြစ်သည်။ တသီးတခြားရှိသော ဤအိမ်ကြီးတွင် ထိုအမျိုးသမီးနှင့်အတူဂျက်သည် အမှုန်တကယ်ပင်နှစ်ညတာ နေခဲ့သလား။

ယခု ထိုအမျိုးသမီး ဘယ်မှာလဲ။ နယ်စားကြီးအပိုလီယို၏ အလုပ်သမား ဖြစ်နိုင်သော ဘရူနိုးဘယ်လာရီယာက ဘာကြောင့် သည်အခန်းကိုမွေ့နှောက်ရှာဖွေရတာလဲ။ ဆက်ဆံမကင်းဖြစ်နေတဲ့ လင်ယောကျ်ားက အလိုရမ္မက်ကြီးသော ဇနီးကို နောက်ယောင်ခံခိုင်းခြင်းမျိုး မဖြစ်နိုင်ဘူးလား။

ဂျူရယ် ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။

မှကြာမတင် အဖြေပေါ်လာလိမ့်မည်။ ဂျူရယ်သည်ရေချိုးခန်းကို စစ်ဆေးကြည့်သည်။ ကိုယ်လုံးပေါ် မှန်အရွယ်ကြီးတစ်ခုရှိ၏။ ရေမွှေးနံ့ သင်းနေသည်။ ကြွေခွက်ထဲ လွှက်နှင့် ပွတ်ကြည့်

သည်။ ဆံပင်အနက်ရှည်ရှည်တစ်ပင် သူ့လက်တွင် ကပ်ပါလာ
သည်။

ဒွန်ပန်းချီကားများ ဤအိမ်ကြီးတွင်မရှိပါ။ အိမ်တွင်း
ဆယ်မိနစ်ခန့် ရှာဖွေပြီး အိမ်အပြင်ဘက်သို့ ဂျူရယ်အမြန်ဆုံး ပြေး
ထွက်သည်။ စိုင်းလပ်ဟင်ဆန်နှင့် အီတလီကြီးသည် သူထားခဲ့
သော မြက်ခင်းစပ် ချုံဘေးတွင် ရှိနေကြ၏။

သူထားခဲ့သည့်အတိုင်းတော့ မဟုတ်။အနည်းငယ် ထူးခြား
နေသည်။

ဆယ်မိနစ်အတွင်း ဘရှနိုးဘယ်လာရီးယား သေဆုံးသွား
လေပြီ။

★

အခန်း (၇)

ဂျူရယ်၏ လုပ်ငန်းစဉ်တွင်နီတိတစ်ခုရှိသည်။မည်သည့်ကိစ္စံ
တွင်မဆို နှုတ်လုံပါ။ ခြေလက်ဟန်အမူအရာ ပိရိပါ။ ရဲဝင်ရောက်
စွက်ဖက်မှုမှ ကင်းဝေးပါစေဟူ၍ ဖြစ်သည်။ ငြိမ်သက်မှုသည် လို
အပ်ချက် ဖြစ်သည်။ အချိန်မဆွဲပါနှင့်။ လုပ်စရာရှိသော အလုပ်ကို
မြန်မြန်လုပ်ပါ။ လူသိမခံပါနှင့်။ မလိုအပ်သူများ သိသွားလျှင်
နှောင့်နှေးပြီး ပျက်စီးရာပျက်စီးကြောင်း လမ်းမပေါ်သို့ ရောက်
သွားပေမည်။

ဤလုပ်ငန်း၌ အချိန်ဆွဲမှု၊ နှောင့်နှေးကြန့်ကြာမှုကို ခွင့်မပြု
နိုင်ပါ။ သေသူထံမှအချက်အလက်များ ရနိုင်သည့်တိုင်သေသပ်စွာ
အမြန်ရှင်းပစ်ရမည်။

ဂျူရယ်သည် စိုင်းဟင်ဆန်ကို ကြည့်လိုက်သည်။

'ဘယ်လိုဖြစ်တာလဲ'

'သူ ရုတ်တရက် အသက်ရှူကျပ်ပြီး သေသွားတယ်'

'ခင်ဗျား လည်လမ်ချိုးလိုက်တာ မဟုတ်လား'

'ဟုတ်တယ်၊ လုပ်တုန်းကတော့ ဒီလောက် ဖြစ်လိမ့်မယ်လို့
မထင်ဘူး'

စိုင်းလပ်သည် သူ့ဆံပင်ဖြူများအကြား လက်ညှိုးနှင့် တစ်
ချက် ကုတ်ခြစ်လိုက်သည်။ သူ့မျက်နှာ ညှိုးသွားသည်။ အကျိုး
အကြောင်း ရှင်းပြခြင်းလည်း မရှိ၊ တောင်းပန်သည့် လက္ခဏာ
လည်း မပြ။

'ဒီလိုဖြစ်တာ သိပ်ဆိုးတယ်'

သေမင်းသည် အမြဲတန်း သူ့နောက်ကျောမှ ကပ်လိုက်နေသည်လား မသိ။ ဂျူရယ်သည် ဘရှန်းဘယ်လာရီးယား ကိုယခင်က မမြင်ဖူး၊ မတွေ့ဘူးခဲ့။ သူသည် ကြေးစားမဟုတ်။ သူ့အလုပ်ရှင် ဆရာ၏ စေခိုင်းချက်အရ လုပ်ရိုးလုပ်စဉ် လုပ်ရသူဖြစ်သည်။ သေသူသည် တံငါသည် ရေလုပ်သားတစ်ယောက် ဖြစ်နေသည်။ နေရောင်နှင့် ပင်လယ်သည် သူတွေ့ဆုံနေကျ စားကျက်များ ဖြစ်ကြသည်။

သူသည် ဆင်းရဲဟန်ရှိ၏။ သူ့အတွက် လိုအပ်သည်မှာ ရိုးရိုးကလေးပင် ဖြစ်သည်။ စိုစွတ်အိုရော်၊ အိတလီ ကြက်ဥခေါက်ဆွဲနှင့် သူယေဘုယျအပေါင်းအသင်းများနှင့် ဖဲကစားခြင်းသာ ဖြစ်သည်။ ယခုမူ သူသည် ဆောင်းဦးရာသီ၏ လရောင်အောက်ရှိ ဆွတောင်စောင်း တစ်နေရာတွင် ငြိမ်သက်စွာ လဲလျောင်းနေပေပြီ။

သူ၏အပေါင်းအဖော် နေရောင်နှင့်ပင်လယ်ပြင်ကို ထာဝရ ခွဲခွာသွားလေပြီ။

'သူ ကျွန်တော်တို့ကိုအတော်များများ ပြောပြနိုင်မှာသေချာတယ်'

'ဖြစ်နိုင်တယ်၊ အဖြစ်ဆိုးရှာတဲ့အပ်လန်ကို သတိရနေတုန်းဆိုတော့ ခြေလွန်လက်လွန်ဖြစ်သွားရတာပေါ့'

သေဆုံးသူ ဒီကိုလာသည့်အစီအစဉ်က တစ်ခုခုစုံစမ်းဖို့ပြုနိုင်သည်။

ဂျူရယ်သည် သူ၏လက်ပတ်နာရီကိုကြည့်လိုက်ရာ ၁၂း၁၅ နာရီထိုးနေပြီ။ ၁း၀၀နာရီတိတိအချိန်တွင် သူတို့နှစ်ဦး ဂျတောဘွတ်နောက်ကိုလိုက်ရန် ရောမသို့ပျံသန်းမည့်လေယာဉ်ပေါ်ရောက်ရှိနေကြရမည်။

ဆွစ်စလန်တွင် ဖြစ်ပျက်ခဲ့မှုများအပေါ် သူ၏ခံစားချက်များကို ပြည်ဖုံးကားချ၍ ချန်လှပ်ထားခဲ့ရမည်။ ဒီအကြောင်းတွေ စဉ်းစားရန် သူ့တွင်အချိန်မရှိ။

သားကောင်ကိုအမှီဖမ်းရန် စိတ်အလျင်သည် သူ့ခေါင်ထဲသို့ စီးဝင်လျက်ရှိနေသည်။

နယ်စားကြီး အပိုလီယို၊ ဇနီးနယ်စားကတော်၊ နောက်ပြီး တောဘွတ်နှင့်အင်ကွန်ပက်(ခ)တို့ အခြေအနေကကော ဘယ်လိုလဲ။ ဂျက်နှင့်ပက်(ခ)ပေါင်းမိမသွားရေး ပြဿနာကလည်းရှိသေးသည်။

ဖရီးမွန်စက်ကိရိယာများအကြောင်း တောဘွတ်မှတစ်ဆင့် ပေါက်ကြားမသွားရေးကို သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်ရမည်။ နည်းလမ်းများစွာနှင့်အန္တရာယ်ပေးနိုင်သည်။ သူ့ခေါင်းထဲသို့ ပြဿနာများ ဒုန်းစိုင်းဝင်လာသည်။

'ဆမ်၊ ငါတကယ်ကိုပဲ ဝမ်းနည်းပါတယ်ဆမ်'

'ဒီလူသေသွားတဲ့အတွက်လား'

'ဟုတ်တယ်၊ မင်းပြောသလိုပဲ၊ အသက်မသေရင် သူဒီမှာ ဘာလာလုပ်တယ်ဆိုတာ တို့ကိုပြောပြနိုင်မယ်'

'ဒါအမှားတစ်ခုပဲ'

'မင်းဒီနေရာကနေ ငါ့ကိုဖယ်ရှားပစ်နိုင်ပါတယ်၊ ငါ့အပြစ်ငါနားလည်တယ်၊ သူသေသွားပြီလို့ ငါမယုံကြည်ချင်ဘူး၊ သူသေသွားတာဟာ ခြောက်အိပ်မှက်တစ်ခုပဲဖြစ်စေချင်တယ်၊ ဒီလိုပဲစဲ့လန်းနေပါရစေ၊ တောဘွတ်ကိုမီအောင်ဖမ်းမယ်၊ မင်းရဲ့သဘောတူညီမှုမရတဲ့ ငါဘာမှမလုပ်ဘူး'

'ခင်ဗျားရဲ့ ပုဂ္ဂိုလ်ရေးခံစားချက်တွေကို လုပ်ငန်းထဲဆွဲမထည့်ပါနဲ့'

'ငါသိပါတယ်၊ ငါသတိထားပါမယ်၊ ငါ့စိတ် မှတည်မငြိမ် ဖြစ်နေတယ်၊ ရင်ထဲကပေါက်ကွဲလာတဲ့ ခံစားချက်တွေကို မျိုသိပ်မထားနိုင်ရင် ဝမ်းဗိုက်ထဲခေးသွားဝင်သွားမယ်၊ ဒါမှမဟုတ် ဒီလောကအတွင်းကပျောက်ကွယ်သွားမယ်၊ ဆိုက်မေးရီးယားလိုနေရာမှာ ဦးနှောက်အဆေးခံရမယ်၊ အယ်လန်အကြောင်းကို ငါသိပ်မစဉ်းစားမိအောင် ငါကြိုးစားပါမယ်'

'ဒါတွေကိုမေ့ပစ်လိုက်ပါတော့ဗိုင်း၊ ကျွန်တော်တို့တာကိုယ့်အလုပ်ကို ကိုယ်တိတိကျကျပြတ်ပြတ်သားသား လုပ်ရမယ်'

သူတို့ လျင်မြန်သွက်လက်စွာ လှုပ်ရှားကြသည်။ ဂျူးရယ်က သေသူ့အလောင်းကို အိမ်ကြီးနောက်ဘက် တောင်စောင်းပေါ်သို့ သယ်သွား၏။

စိုင်းလပ်ဟင်ဆန့်က ခြေရာလက်ရာများကို ဖျောက်လိုက်သည်။

ဂျူးရယ်က အလောင်းကောင်ကို အိုးယ်ကားကြီးထဲထည့်နေစဉ် စိုင်းလပ်ထောက်လာသည်။

'ခင်ဗျား ကျွန်တော့်နောက်ကလိုက်ခဲ့၊ ဒီကားကိုရော မောင်းချမယ်'

ဂျူးရယ်က အိုးယ်ကားကြီးကိုမောင်းထွက်လာသည်။ စိုင်းလပ်သည် သူ၏အနီရောင် ဖလောရိုက်ကားလေးဖြင့် မလှမ်းမကမ်းမှ လိုက်လာ၏။

လမ်းခရီးတွင် သွားလာနေသော ကားအနည်းငယ်သာ တွေ့ရသည်။ ဂျနီဗာကမ်းစပ်တွင်ရှိသော အိမ်တချို့မှ ဝါကျင်ကြီ မီးရောင်များ လင်းနေသည်။ လေငြိမ်သော ရေပြင်ထဲတွင် လှေများ ငြိမ်သက်နေသည်ကို လရောင်အောက်တွင် မြင်ရ၏။ ဂျူးရယ်သည် အတော်ဝေးဝေးသို့ မောင်းသွားချင်သော်လည်း အချိန်လုရ၍ လုပ်နေရသဖြင့် ဂျနီဗာကန်ကြီးဆီသို့ ဦးတည်မောင်းခဲ့သည်။

လမ်းတစ်ဖက်တစ်ချက်ရှိ ချုံနွယ်များနှင့် ခြံစည်းရိုးများကို ဖြတ်ကျော်ခဲ့၏။ လမ်းအဆုံး ကန်ဘက်တွင် ပေသုံးရာခန့် ချောက်ကြီးတစ်ခုကို တွေ့ရသည်။ အနီးဆုံးအိမ်တစ်လုံးမှာ ကိုက်တစ်ရာကျော် ဝေးသည်။ လူရှိနေလျှင်လည်း ဒီအချိန်တွင် အိမ်မော ကျွန်ုပ်လိမ့်မည်။

တောင်စောင်းတွင် အိုးယ်ကားကြီးကို ကြာကြာရပ်မထားတော့ဘဲ စက်နှိုးပြီး ချောက်ထဲသို့ အရှိန်ဖြင့် မောင်းလိုက်တော့သည်။ ချောက်နှားအရောက်တွင် ကားပေါ်မှ သူလွှဲချလိုက်၏။

ကားကြီးသည် အလောင်းကောင်တရှိနှီးဘယ်လာရီးယားကို တင်ဆောင်ကာ ဆွေးမြေ့နေသည့် အကာအရံများကို တိုက်ချပြီး ချောက်ထဲသို့ ထိုးကျသွားသည်။ ကားကြီးကျသွားသံသည် အတော်ကျယ်လောင်သော်လည်း ကမ်းစပ်သို့ ရိုက်ခတ်လာသော လှိုင်းသံများနှင့် ရောထွေးသွား၏။

ဂျူးရယ်သည် ကျိုးပဲ့သွားသော အကာအရံများကြားမှ အောက်သို့ ငုံ့ကြည့်လိုက်သည်။ ကားကြီးသည် ရေထဲသို့တစ်စီးလုံးမြုပ်မသွား။ ရေထဲတွင်တစ်ပိုင်း ရေပေါ်တွင်တစ်ပိုင်း ဖြစ်နေသည်။ ဤအခြေအနေမှာ သိပ်မကောင်းလှ။ နှံနက်မိုးလင်းလျှင် မော်တော်ကားကြီးနှင့် ဘရှနိုးကို တစ်စုံတစ်ဦးတွေ့သွားမှာ သေချာသည်။

ဂျူးရယ်သည် စိုင်းလပ်ရှိရာသို့ ပြန်လျှောက်လာခဲ့သည်။

'နှစ်နာရီအတွင်း ကျွန်တော်တို့ ရောမကို ရောက်သွားမှ ကောင်းမယ်'

'ဂျက်ကို ဖူမီစိန်လေဆိပ်မှာ ဖမ်းထားလိမ့်မယ်၊ တိတိကျကျ ဖြစ်မှာပါ'

'စနစ်တကျဖြစ်မယ်ဆိုရင် ဂုဏ်ပြုရရမှာပေါ့'

'ပန်းချီကားတွေ ဂျက်ဆီမှာ မရှိဘူးဆိုရင် ဘယ်လိုလုပ်မလဲ၊ တစ်နေရာရာမှာ ဒုက်ထားနိုင်တယ်'

'အယ်လန် မသေခင်က ပြောခဲ့တယ်၊ ဂျက်တောဘတ် သစ္စာဖောက်တဲ့အတွက် ပန်းချီကားတွေဟာ တစ်ခြားလူလက်ထဲ ရောက်သွားပြီ'

'ဂျက်ဟာ ဘဝတောင်းကို ဘယ်တော့မှ ပြန်ရောက်မလာနိုင်တော့ဘူး၊ သူ့နောက်ကို ကျွန်တော်တို့ ခြေရာခံလိုက်နေတာကို သူသိတယ်၊ သူ အရူးမဟုတ်ဘူး၊ အယ်လန်ကို အတင်းအမွေအနှိုင်ကျင့်ပြီး သူလိုချင်တာကို ယူသွားတယ်၊ ကျွန်တော်တို့ကို ဒုက္ခပေးခဲ့တယ်၊ ဒီကောင့်ကို လွယ်လွယ်နဲ့ဖမ်းလို့ မရနိုင်ဘူး'

'ဘာကြောင့်လဲ'

'ကျွန်တော်တို့ သူ့ကို ဖမ်းဆီးလိုက်တာနဲ့ ဖရီမွန်အဖွဲ့နဲ့ ပတ်သက်တဲ့ ပုံစံတွေ ပက်(ခ)လက်ထဲ ရောက်အောင် သူ စီစဉ်လိမ့်မယ်'

စိုင်းလပ်၏မျက်နှာ သွေးဆုတ်သွားသည်။

'ဒါကို ငါမစဉ်းစားမိဘူး'

'သွေးအေးအေးနဲ့ဆောင်ရွက်ဖို့ လိုအပ်တယ်'

'ကျွန်တော်တို့ဟာ နယ်စားကြီးအပိုလီယိုနဲ့ အီဘလီ လူအဖွဲ့အစည်းက လူ့မလိုင်ခဲတွေအတွင်းမှာ လှုပ်ရှားနေရပြီဆိုတာကို မမေ့နဲ့၊ ရောက်လေရာမှာ မျက်စိ နားဖွင့်ထားပါ၊ ကဲ... လေဆိပ်ကို အရောက်မောင်းတော့'

'နယ်စားကတော် ဖရန့်စစ်ကကော ဘယ်လိုလဲ'

'သူနဲ့ကျွန်တော်တို့ စကား နည်းနည်းပါးပါး ပြောကြရမယ်'

ဂျူရယ်က မျက်နှာထားတည်တည်နှင့် ပြောလိုက်သည်။

'သိပ်မကြာခင်ပေါ့'

☆

အခန်း (၇)

ဖရန့်စစ်စတာ အိပ်ရာမှ ငြိုန်းခနဲလန့်နိုးလာသည်။ထိတ်လန့်စရာ ခြောက်ချားစရာအိပ်မက်များကို မြင်မက်ခဲ့သလိုရှိ၏။စိတ်ထဲတွင် မကြည်မလင်ဖြစ်ရပြန်သည်။

ဆီဇာ၏လက်မောင်းသည် သူ့ရင်ဘတ်ပေါ်ဖြတ်တင်ထား၏။ ဆီဇာသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိသည်။ဖရန့်စစ်စတာသည် ဖျက်လုံးများ ပြန်ပိတ်လိုက်ပြီး သူ့ဘေးမှ ဆီဇာ၏ အသက်ရှူသံကို နားထောင်နေမိသည်။ ထို့နောက် ပြုံးလိုက်၏။ ညတုန်းက သူတို့နှစ်ဦး ပြန်ဆုံကြပြီး အချစ်မီး တောက်လောင်ခဲ့သည်။

ခဲ့ခွာခဲ့ကြရသည်မှာ လေးရက်မျှသာကြာသေးလည်း ကာလရှည်ကြာစွာ ခဲ့ခွာပြီးမှ ပြန်လည်ဆုံတွေ့ကြရသည့်အလား ချစ်မဝအောင် ဖြစ်ခဲ့ကြသည်။ ဂျက်တောဘုတ်အပေါ် မနှာလိုစရာ အကြောင်း မရှိတော့ပြီ။ ဆီဇာ့အတွက် အားလုံးအဆင်ပြေချောမွေ့နေချေပြီ။

ဖရန့်စစ်စတာသည်ဆီဇာ့ဘက်သို့ ညင်ညင်သာသာကလေးလှည့်လိုက်ပြီး သူ့မျက်နှာသွယ်သွယ်နှင့် သူ့နှုတ်ခမ်းခပ်ဓင်းဓင်းကို ကြည့်လိုက်သည်။

သူ့ကို ကြည့်လိုက်မိသည်အခါတိုင်း စိုးရိမ်ထိတ်လန့်မိ၏သို့သော် ဆီဇာ၏ ရက်စက်ကြမ်းကြုတ်မှုတို့ကိုပင် ဖရန့်စစ်စတာနှစ်သက်နေပြန်သည်။သူဘာလုပ်လုပ် ဘာကိုင်ကိုင် သူ့ကိုမချစ်မနေနိုင်၊ ရမ္မက်မပြေနိုင်။

ဆီဇာသည် မင်းမဲ့စရိုက်ဆန်သည်။ သူ့ဆံပင်များသည် နက်မှောင်ပြီး လိမ်ကောက်နေ၏။ လျှို့ဝှက် လုပ်ကြံတတ်သော မျက်လုံးများ ရှိသည်။ သူ့အကျင့်စရိုက်သည် ယုံစားရခက်သည်။ ဖရန်စစ်စတာ့ရင်ထဲ၌ မထွေးနိုင်၊ မမျိုနိုင်ဖြစ်ရသည်။

ဖရန်စစ်စတာသည် ခုတင်ပေါ်မှအသာအယာ ဆင်းလာ၏။ နေရောင်ဖြာနေသော ဟိုတယ်အခန်းတွင်းမှ ဆီဇာ၏ ဘေးတွင် ညဝတ်အင်္ကျီ မလုံမလဲဖြင့် ရပ်နေသည်။နံနက် ၁၀း၀၀နာရီ ရှိနေပြီ။

ဖွင့်ထားသော ပြတင်းတံခါးများ အောက်ဘက်ဆီမှ ကျောက်ဆောင်များကို ရိုက်ခတ်နေသည့်ပင်လယ်လှိုင်းရိုက်သံများ ကို ကြားနေရသည်။ ဆိုရန်တိုနှင့် သိပ်မဝေးလှသော မွန်တီကက်ပိုလီ အင်ပီလီရီရယ်သည် ဆိတ်ငြိမ်လျက်ရှိ၏။ နေရောင်အောက်မှ ပင်လယ်ပြင်သည် သူ့မျက်လုံးများကို ကျိန်းစပ်သွားစေသည်။

နေရောင်က မခံနိုင်လောက်အောင် ပူလောင်နေသည်။ ရေချိုးခန်းဆီသို့ နုံးချည့်စွာ လျှောက်သွားသည်။ နေရောင်နှင့် ထိတွေ့ရသောသူ့မျက်နှာနှင့် လက်မောင်းများမှအပသူ့တစ်ကိုယ်လုံး ဖြူမွေးနူးညံ့နေ၏။

ဆီဇာကမူ ခုတင်ပေါ်၌ ခြေပစ်လက်ပစ်အိပ်လျက်ရှိနေဆဲပင်။ သူသည် ဖရန်စစ်စတာ အကြောင်း အစစ်အမှန်ကို လုံးဝမသိပေ။ နယ်စားကြီး ဘာနာဒိုပိုလီယိုအတွက်မခံမရပ်နိုင်အောင် ဖရန်စစ်စတာကို အပိုင်ကြံထားခြင်းသာ ဖြစ်သည်။

ဖရန်စစ်စတာသည် အကြောင်း အားလျော်စွာ မနေ့ကကြုံတွေ့ခံစားခဲ့ရသော ထိတ်လန့်ချောက်ချားဖွယ်ရာတို့ကို ဆေးကြောပစ်သည့် အနေဖြင့် ရေပန်းပွားအောက်တွင် အရသာခံ၍ ရေချိုးနေသည်။ အခုဆိုရင် ဂျက်တောဘွတ် သူ့ကိုရှာတွေ့တော့မည် မဟုတ်ပေ။ဖရန့်က သူ့ကို လှည့်ဖြားခဲ့သည့်အတွက်ဒေါ်သူပုန်ထနေလောက်ပြီ။ သည်အခြေအနေတွင် သတိကြီးစွာ ထားရမည်။

ရေချိုးခန်း ပြတင်းပေါက်မှ တည့်တည့်ကြည့်လိုက်လျှင် ပင်လယ်ထဲသို့ထိုးထွက်နေသည့် ကျောက်ငူစွန်းကြီးထက်မှမြက်ခင်းပေါ်တွင် နံနက်စောစောစာ စားသောက်နေကြသူများကို တွေ့မြင်နေရသည်။ အမေရိကန် ကမ္ဘာလှည့်ခရီးသည်များဖြစ်လိမ့်မည်ဟု ထင်ရ၏။

သူတို့နှင့်တွေ့စဉ်က ဖရန့်သည် ရောမဆံပင်ပုံစံနှင့် အီတလီသူများ၏ ဟန်အမူအရာအတိုင်း လှုပ်ရှားခဲ့သဖြင့် သူ့ကို အမေရိကန်သူ တစ်ယောက်ဟု မထင်ခဲ့ကြချေ။မြက်ခင်းပြင်၏ဘယ်ဘက်တွင် ကျောက်ချထားသော ရွက်လှေကြီးများအကြား၌အနီရောင်နှင့် အစိမ်းရောင် တံငါလှေလေးများ ရွေ့လျားနေကြသည်။ သူတို့၏ ငါးဖမ်းပိုက်ကြီးများကို ဖြန့်ကြဲထားကြသည်။ခပ်ဝေးဝေးဆီသို့ ဖရန့် မျှော်၍ကြည့်လိုက်ပြန်သည်။ ရေခိုးရေငွေများ ထွက်နေသော ဆိုရန်တိုပင်လယ်ကွေ့ကို ကျော်ပြီး အမော်ဖီဒရိုက်တောင်တန်းများကို မှုန်ဝါးဝါးမြင်ရ၏။ညာဘက်အတော်ဝေးဝေးတွင် နယ်ပယ်မြို့ရှိနေသည်။

ရေချိုးခန်းမှ အိပ်ခန်းတွင်းသို့ ဖရန့်ပြန်ဝင်လာသောအခါ ဆီဇာ၏ မျက်လုံးအစုံက ဖွင့်မထားသော်လည်း သူနိုးနေပြီ။ဆီဇာနှင့်အတူ လက်ပွန်းတတီး နေလာခဲ့ပြီးဖြစ်သဖြင့် အထိအတွေ့ကို ယဉ်ပါးနေပြီ။ ဆီဇာ၏ကိုယ်တွင် အတွင်းခံသာရှိ၏။ အကြောပြိုင်းစြိုင်းထနေသော သူ့ကိုယ်ခန္ဓာသည် ရှေးဟောင်း ကျောက်ဆစ်ရုပ်တုနှင့်တူသည်။

ဖရန်စစ်စတာသည် ခုတင်ခြေရင်းရှိ မှန်တင်ခုံရှေ့၌ ရပ်လျက် ပြတင်းပေါက်မှဝင်လာသည့် ပင်လယ်လေ ပူနွေးနွေးဖြင့် ကိုယ်ကိုအခြောက်ခံ၏။

ဆီဇာက သူ လှုပ်ရှားပုံကို ကြည့်နေသည်။မှန်ရှေ့တွင်သူ၏ ကိုယ်အလှကို ရှေ့ရောနောက်ပါ တစ်ပြိုင်တည်းမြင်နေရ၏။ ဖရန်စစ်စတာသည် ရှက်စနိုးအမူအရာဖြင့်ပြုံးလိုက်ပြီး သူ့လက်နှစ်ဖက်

ကို[illegible]ရင်ညွှန့်ပေါ်ယှက်တင်လိုက်၏။ တစ်ဆက်တည်းမှန့်ရှေ့ခုံပေါ် ထိုင်ချလိုက်သည်။

'ဖရန်စမစ်'

ဆီဇာက အိပ်ချင်မူးတူးအသံဖြင့် ခေါ်လိုက်သော ဤအမည်ကြောင့် ဖရန်စစ်စတာ နင့်ခနဲ ဖြစ်သွားသည်။ ဒေါသမီးဟုန်းခနဲ ထတောက်၏။ အသံမာမာဖြင့် ပြောလိုက်သည်။

'ဒီလိုမခေါ်ပါနဲ့'

'ကာရာ....'

ဆီဇာက နောက်သလို၊ ပြောင်သလို၊ သရော်တော်တော် ခေါ်ပြန်၏။

ဖရန်စစ် အီတလီစကားသံသည် ရောမလေသံနှယ် ယှက်နေသည်။

'ကျွန်မ နာမည် အပြည့်အစုံက ဖရန်စစ်စတာလခါစီဒီးအပိုလီယိုတဲ့'

ဖရန်က အသံပြတ်ပြတ်ဖြင့် ပြောလိုက်သည်။

'ကျွန်မက ဖရန်စမစ်နဲ့ တူနေလို့လား'

'မတူပါဘူးတဲ့ဗျာ'

'ကျွန်မကို ကြည့်စမ်း၊ ဘယ်လိုမှမတူနိုင်ဘူး'

'မင့်အကြောင်းကို သိပါတယ်၊ ကြားလဲ ကြားဖူးပါတယ်၊ မင်းဟာ သူနဲ့ တစ်ထေရာတည်းချွတ်စွပ် မတူပေမယ့် အတော်ကို ဆင်ပါတယ်၊ မဟုတ်ဘူးလား၊ ဒီနားလာစမ်းပါဦး ကာရာ'

'ကျွန်မနာမည် အမှန်အတိုင်းခေါ်ပါ၊ မကြိုက်ဘူး'

ဆီဇာသည် သက်မတစ်ချက်ချလိုက်၏။

'ဖရန်စစ်စတာ'

'နောက်တစ်ကြိမ်'

'ဖရန်စစ်စတာ၊ မင်းကိုငါ သိပ်ချစ်ပါတယ်၊ အခုဘယ်နှစ်နာရီရှိပြီလဲ'

ဖရန်စစ်စတာက နှုတ်ခမ်းစူပြီး....

'ဆယ်နာရီထိုးပြီးစပဲ ရှိပါသေးတယ်တဲ့ရှစ်'

သူ၏ နက်မှောင် တောက်ပြောင်သော ဆံပင်များသည် အချိုးအစားကျသော ခေါင်းပေါ်တွင် ခေတ်ဆန်ဆန် ပြင်ဆင်ထား၏။ သူ့တစ်ကိုယ်လုံးကို ကိုယ်လီမ်းပေါင်ဒါများ လိမ်းလိုက်သည်။

ထို့နောက် မျက်နှာကို မိတ်ကပ်ခြယ်သပြီး ခြေဆုံးခေါင်းဆုံး အလွန်အဖိုးကြီးသော ရေမွှေးများဆွတ်ဖျန်း၏။ ဆီဇာကြည့်နေသည်ကို သူ စိတ်မလုံမလဲ ဖြစ်နေသည်။

ဆီဇာက ပြုံးလိုက်၏။

'မင်း ညက အိပ်ပျော်ရဲ့လား'

'ကျေးဇူးတင်ပါတယ် အချစ်ရယ်'

'မင်းဟာ ကြီးကျယ်မြင့်မြတ် ထက်မြက်သလိုရှိတဲ့နယ်စားကတော်ကြီးပဲ၊ လူတစ်ယောက်ဟာ မိန်းမတစ်ယောက်ရဲ့သဘာဝကို သင်ကြားရမယ်၊ အထာကို နားလည်ရမယ်၊ ဒီနား လာပါဦး အချစ်ရယ်'

ဆီဇာ ဘာလိုချင်သည်ဆိုတာကို သူသိသလိုသူ ကိုယ်တိုင်ကလည်း ရက်ရက်ရောရော ပေးချင်နေ၏။ ဆန္ဒရှိနေသည်။

'နောက်ကျနေပြီ၊ ပြန်ရတော့မယ် အချစ်'

ဆီဇာသည် သူ၏တုတ်ခိုင်သော ခြေထောက်များကို ခုတင်အောက်သို့ ချပြီး ထိုင်လိုက်သည်။

'ဂျနီဗာမှာ မင်းလုပ်ခဲ့တဲ့အလုပ်ဟာ အတော်ပိရိပါတယ်၊ မင်း ရှေ့ဆက်ပြီး ဘာလုပ်မလဲ၊ ဂျက်တောဘွတ်ကို မင်း ရေရေလည်လည် လှည့်စားနိုင်ခဲ့ပါတယ်'

'ကျွန်မ အဲ့ဒီလူကို သိပ်မုန်းတယ်၊ သူ့ကို သိပ်ပြီးလဲကြောက်တယ်'

'အခုဆို သူဦးနှောက်ပျက်နေလောက်ပြီ၊ အမေရိကန်တွေ့ရဲ့လက်ထဲ ရောက်ချင်ရောက်နေရောပေါ့၊ သူ့ကို ခိုးမှုနဲ့တရားစွဲလိမ့်မယ်၊ အားလုံး ရှည်ကုန်ရှပ်ကုန်ပြီ'

ဆီဇာသည် ထရပ်လိုက်ပြီး ဖရန့်ဆီ လျှောက်လာသည်။ ဖရန့်ကို ပွေ့ဖက်လိုက်၏။

'ဒီအချိန်မှာ စကားလုံးတိုင်းဟာ တစ်လုံးစီ အရေးကြီး
တယ်၊ သတိထားပြောပါ၊ အညှိုအဟောက်နဲ့ မပြောမိဖို့လိုတယ်
ငါပြောတဲ့အတိုင်း အတိအကျလိုက်နာပါ၊ ပြန်မပြောနဲ့၊ မဖြင်းနဲ့
ဒါပဲ'

'အချစ်ရယ်၊ တို့ ရန်မဖြစ်ကြပါနဲ့လားကွယ်'

'ငါရန်မဖြစ်ဘူး၊ မင်း ငါ့အမိန့်နာခံပါ၊ ရှင်းလား'

'ရှင်းပါတယ်၊ ရှင်ဟာ ကျွန်မကို အမြဖမ်းနေတာပါ
ဆီဇာ့'

'တောဘုတ်ကို မင်းကြောက်စရာ မလိုဘူး၊ မင်းဟာ
မျက်နှာကြီးဂုဏ်သရေရှိ မိန်းမရှင်တစ်ယောက်ပဲ မဟုတ်ဘူးလား
ဖရန်နီစမစ်'

ဆီဇာသည် ဖရန့်၏ပါးကို ဖျန်းခနဲ တစ်ချက်ရိုက်ချလိုက်
သည်။ ဖရန့်သည် နာလွန်းသဖြင့် နောက်သို့ ရှန်းထွက်လိုက်၏
ဆီဇာက ဆောင့်တွန်းလိုက်၏။ ပြောင်လက်နေသော ဟိုဘက်
ကြမ်းပြင်ပေါ်တွင် ခြေချော်ပြီး မှန်တစ်ခုံဖြင့် စုန်းခနဲဆောင့်
သည်။ ဆီဇာအား နားမလည်နိုင်သလို ဖရန့်က ပြုံးပြုံး
ပြန်ကြည့်၏။

'နင်ဘာလုပ်တာလဲ။ လူယုတ်မာ'

ဖရန့်က အင်္ဂလိပ်စကားဖြင့် ပြောလိုက်သည်။

'ဟား....ဟား.... နင် ဖရန်နီစမစ် ပြန်ဖြစ်သွားပြီလေ'

'တိတ်စမ်း၊ ကလေကချေအကောင်၊ ဒီပတ်ဝန်းကျင်
နင်လိုအောက်တန်းကျတဲ့ကောင် တစ်ယောက်မှမရှိဘူး'

'မင်းရဲ့အမှိုက်ပုံ၊ သို့မဟုတ် အရွှမ်းတော်ရဲ့အိမ်ကြီးကို
ပြန်တော့မှာလား၊ နှယ်စားကြီးအပိုလီယိုက မင်းကို ကတော်
တစ်ပါးအဖြစ် မြှောက်စားထားတဲ့ အပေါ်ယံအရေခွံကို ဘာ
တော့မှ မချွတ်တော့ဘူးလား'

ဖရန့်သည် အသက်ကိုမှန်မှန်ရှူလိုက်ပြီး တည်ငြိမ်အော
ကြီးစားလိုက်သည်။ သူ၏ဒေါသမျှား ကစဉ့်ကလျားဖြစ်မသွ
အောင် ချုပ်တီးလိုက်၏။

'ဆီဇာ.... ရှင် ဘာကြောင့် ဒီလောက်မိုက်ကန်းရတာလဲ'

'မင်း ငါ့ကို ကိုးနာရီထိုးမှာ နိုးရမယ်လို့ ငါအထပ်ထပ်
ပြောထားတယ်'

'ဟုတ်ပါတယ်၊ ရှင် အေးအေးချမ်းချမ်းနဲ့ နှစ်နှစ်ခြိုက်
ခြိုက် အိပ်ပျော်နေတာကို အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ'

'မင်းရှူးနေသလား၊ ဒီအချိန်ဟာ ဘယ်လောက်အရေးကြီး
တယ်ဆိုတာ မင်းသိပါတယ်၊ ဂျနီဗာမှာ မင်းလုပ်ခဲ့တဲ့အလုပ်တွေ
အားလုံး အောင်မြင်တယ်ဆို၊ အခုထိ ငါ့အစ်ကို ဘရူးနိုးဆီက
ဘယ်လိုဖုန်းမရသေးဘူး'

'ဒါ ကျွန်မ မသိဘူး၊ ကျွန်မကို လွှဲခွင့်ပြုပါတော့ ဆီဇာ'

ဆီဇာက ဖရန့်အား လှတ်ပေးလိုက်သည်။ သူ့မျက်လုံးမှ
ဒေါသငွေ့များ တရိပ်ရိပ်တက်ဆဲဖြစ်၏။

'ဆရူးနိုးဟာ အဘိုးအိုကြီး၊ လူရိုးလူအကြီး၊ အသိပညာ
မရှိတဲ့ တံငါရေလုပ်သားကြီး တစ်ယောက်လို့ မင်းထင်နေတယ်၊
ဘယ်ဆိုတော့ သူဟာ မင့်လင်ကြီးရဲ့ မျိုးဆက်တစ်လျှောက်လုံး
ကို မကျေချမ်းနိုင်ဘဲ ရန်ငြိုးဖွဲ့မှုကို ဆက်လက်ထိန်းသိမ်းထားခဲ့
ဘယ်၊ အမှန်းအင်အားတွေ ငါ့ကို သင်ကြားပေးခဲ့တယ်၊ ဘရူး
နိုးဟာ မင့်လင်ကြီးအပိုလီယိုကို ဘယ်တော့မှ အခဲမကျေနိုင်တဲ့
ရန်သူဖြစ်တယ်၊ ဆယ်သက်ဆယ်ကမ္ဘာ ဥဒါန်းမကျေဘူး'

'ဘရူးနိုးက ရှင့်ကို ဘာတွေပြောခဲ့လဲ၊ သူက ရှင့်ကို
မကောင်းဆိုးဝါးတစ်ကောင်ဖြစ်အောင် လုပ်လိုက်မယ်၊ မဟုတ်
ဘူးလား၊ ရှင့်အစ်ကိုနဲ့ပတ်သက်ပြီး ရှင်ပါ လူယုတ်မာ ဖြစ်သွား
ပြီလား'

'မင့်လင်ကြီးဆီက မင်းကို ငါကလုယူထားလို့ မင်းဒီစကား
ပြောတာလား၊ မင့်လင် အပိုလီယိုကကော မင်းအပေါ် ဘယ်
လောက် ကောင်းလို့လဲ၊ သူဟာ ဘယ်လိုယောကျ်ားမျိုးလဲ'

'သူဘာကောင်လဲဆိုတာ ရှင် သိပါတယ်'

'ရှေးဟောင်း လူသားကြီးဆိုတာကလဲပြီး ဘာကောင်မှ
မဟုတ်ဘူး၊ ဒီမယ်....ဖရန့်စစ်စတာ မင်းဟာ ငါ့ရဲ့ယာယီမယား၊

ငါဟာ မင့်လင်ကြီးရဲ့ ဆွေစဉ်မျိုးဆက်ရန်သူ၊ နှစ်ပေါင်း နှစ်ရာ ကျော်ပြီ၊ ဘာပဲဖြစ်ဖြစ် မင်းနဲ့ငါ အတူအိပ်ခဲ့ဘယ်၊ မင်းဘယ်သူ့ ဘက်က ရပ်တည်မှာလဲ'

ဖရန်စစ်စတာသည် မျက် မှောင် ကြုတ် ပြီး ခေါင်းခါ ယမ်း၏။

'ဒါ ရှင်တို့ကိစ္စပါ၊ ကျွန်မနဲ့မဆိုင်ဘူး၊ ကျွန်မမှာ ဆွေစဉ် မျိုးဆက် ရန်ဘက်မရှိဘူး ဆီဇာ'

'မင်းဟာ သူနဲ့ လက်ထပ်ထားသူပဲ၊ သွေးသားသဘော အရ မင်းနဲ့သက်ဆိုင်နေပြီ'

'ဘာလဲ၊ ရှင် သူ့ကိုသတ်မယ်ပေါ့'

'မသတ်ဘူး၊ သူ့မယား မင်းကို ငါရထားပြီပဲ၊ နောက်ပြီး ဘာလုပ်ဦးမယ်ထင်သလဲ၊ သူ့သိက္ခာ၊ အပိုလီယိုရှဲ့သိက္ခာနဲ့ သူ့ တစ်ဘဝလုံး အရှက်တကွဲအကျိုးနည်း ဖြစ်စေရမယ်ကာရာ၊ ကဲ.... ဇတ်စုံဝတ်တော့၊ ကနေ့လုပ်စရာတွေ အများကြီးရှိတယ်၊ မင်းကို ကျေးဇူးတင်တယ်၊ ငါ နောက်ကျသွားပြီ'

ဆီဇာ ရေချိုးနေစဉ် ဖရန်စစ်စတာသည် ပင်လယ်ပြင် ပြာပြာကို စီး၍မြင်နိုင်သော လသာဆောင်တွင် ရပ်နေသည်။ သို့သော် ပင်လယ်ပြင်ကို သူမမြင်နိုင်။ သူ့ရှေ့တွင် အန္တရာယ် များက တန်းစီနေ၏။

'ဖရန်နီစမစ်'ဒီနာမည်ကိုတွေးမိတော့ သူ့ရင်ထဲ၌ခါးသီး စွာ ခံစားလိုက်ရသည်။ သူ မစ်စူရီပြည်နယ်တွင် နေထိုင်ခဲ့စဉ် မိန်းကလေးငယ်ဘဝက ထမင်းတစ်လုပ်အတွက် အမျိုးမျိုး ရှန်း ကန်ခဲ့ရသည်။ အတွေ့အကြုံများကို သင်ခန်းစာယူခဲ့ရသည်။ သူ့ ဘဝရပ်တည်ရေးအတွက် ယောကျ်ားများကို လှေကားထစ်သဖွယ် သဘောထားခဲ့သည်။

ယောကျ်ားတစ်ယောက်နှင့် တစ်ယောက် ဘယ်လိုပြောရ ဆိုရမည်။ ဘယ်ကဲ့သို့ ဆက်ဆံရမည်ကို သုံးသပ်ဆင်ခြင်ခဲ့ရသည်။ အမှားပေါင်း မြောက်များစွာကို ကျူးလွန်ခဲ့သည်။ မမှန်မကန် ဖြစ်ရပ်တွေကို တစ်ခုပြီးတစ်ခု ကျော်လွှားခဲ့ရသည်။

ယောကျီားဆိုလျှင် ငယ်ရွယ်သူဖြစ်စေ၊ အိုမင်းသူဖြစ်စေ၊ ဝဖိုင့်သူဖြစ်စေ၊ သန်စွမ်းသူဖြစ်စေ၊ ချိနဲ့သူဖြစ်စေ သူ့အတွက် အသုံးဝင်သော ပစ္စည်းချည်းဖြစ်၏။ သူသည် ကျားကျမ်းကြေ သော မိန်းမတစ်ယောက်ဖြစ်သည်။ အသက်အရွယ် ငယ်ငယ်ရွယ် ရွယ်နှင့် သူ၏ဘဝခရီးကြောင်းကို စတင်ခဲ့ရသည်။ စိန့်လူဝီမှ ချီကာဂို၊ ထိုမှ နယူးယောက်တွင် ကချေသည်မ,ဖြစ်ရန် ကြိုးစား ခဲ့သည်။ သို့သော် အောင်မြင်သောကချေသည် မဖြစ်ခဲ့၊ ဒီအလုပ် ကို ဟန်ပြလုပ်ပြီး သူ့ကိုယ်ကို ရင်းနှီးခဲ့ရ၏။ အချစ်ကဝေမအဖြစ် ရပ်တည်ခဲ့သည်။ ယောကျ်ားတစ်ယောက်စီတိုင်း၊ တစ်ယောက်စီ တိုင်းဆီမှ သင်ခန်းစာရခဲ့၏။

ဆီဇာပြောတာမှန်သည်။ သူသည် ကဝေမ၊ ပြည့်တန်ဆာမ ဖြစ်သည်။ သူ့အတွက် ကြီးကြီးမားမား အခက်အခဲမရှိခဲ့။ ယောကျ်ားများကို သူ ဆွဲဆောင်ညှိုင်နိုင်ခဲ့၏။ သူ့အလှ သူ့ ခန္ဓာဖြင့် ဖမ်းစားနိုင်ခဲ့သည်။ စွဲလန်းကျေနုပ်မှုကို ပေးအပ်နိုင် ခဲ့၏။

ငွေကြေးဥစ္စာ ရရှိရေးသည် သူ၏ပစ်မှတ်ဖြစ်သည်။ ဆင်းရဲ မွဲတေသောသူဘဝမှ လွတ်မြောက်ရေးဖြစ်၏။

ဥရောပကိုရောက်လာပြီး ဂျော်နီစကာပါနဲ့တွေ့ကာ မိုရှိကိုနဲ့ မာစိုင်းကို ခရီးထွက်ခဲ့ကြသည်။ အဲဒီတုန်းက သူဟာ ဖရန်နီစမစ် ခေါ် ငယ်နာမည်နှင့်ဖြစ်၏။ သူသည် အခါအခွင့်ကို စောင့်စား နေခဲ့ရသည်။

အပိုလီယိုရွက်သင်္ဘောကြီးပေါ်သို့ တက်ရောက်ရန် ဖိတ် ကြားခံရသောအခါ နယ်စားကြီးကို ထူးခြားသူဟုသိလိုက်သည်။ နောက်ဆုံး သူ့အား ပုဂ္ဂိုလ်ရေးသီးသန့်ဧည့်သည်အဖြစ် တစ်ဆင့် တက်ပြီး ဖိတ်ကြားခံခဲ့ရပြန်၏။

စင်စစ် ကြီးကျယ်ခမ်းနားပြီး ချမ်းသာကြွယ်ဝသည်က လွဲလို့ ယောကျ်ားတစ်ယောက်ဟာ တခြား ယောကျ်ားတစ် ယောက်နှင့် ဘာများပိုထူးခြားမည်နည်း။

သို့သော် ဘာနှာဗိုအပိုလီယိုတွင်တော့ ထူးခြားချိုက်များရှိ၏။ ယောကျ်ားချောချောသည် သိမ်မွေ့သည်။ ဖရန်နိစမစ်၏ ချွတ်ယွင်းချက်များကို ထောက်ပြပြုပြင်ပေးသည်။ ထိုအချိန်က အပိုလီယိုတွင် ဖြင်းပြသောဆန္ဒရှိနေ၏။ သူ့အတွက် ဇနီးသည် တစ်ယောက် လိုအပ်နေသည်။ တိုက်ဆိုင်နေသည်မှာ သူ့အသိုင်းအဝန်းနှင့် မဆက်စပ် မဟတ်သက်သော မိန်းမပျိုကို သူလိုချင်သည်။ သူ၏အတိတ်ဘဝနှင့် အလှမ်းဝေးသော မိန်းမပျိုဖြစ်ရမည်။

အပိုလီယိုသည် အီတလီနိုင်ငံတွင် အချမ်းသာဆုံးနှင့် ဩဇာအကြီးမားဆုံးပုဂ္ဂိုလ်ဖြစ်၏။

သူက စကားပြောကောင်းသည်။ သို့သော် မာန်မာနကြီး၏။ အပေါင်းအသင်းနည်းသည်။ သူတော်စဝင်ရသေ့လို နေထိုင်၏။ ပလာဇာကျန်းတွင် ပျော်မွေ့သည်။ တစ်ခါတစ်ရံ မွန်တီကက်ပိုလီတွင်ရှိသော အိမ်ဦးလည်းကောင်း၊ ဆွစ်ဇလန်တွင်ရှိသော အနားယူဂေဟာသို့လည်းကောင်း အလည်အပတ် သွားရောက်တတ်သည်။

ထိုသူသည် ဖရန်စစ်စတာနှင့် အတူမအိပ်။

ဖရန်စစ်စတာအတွက် ငွေကြေး သတ်မှတ်မထား။ လိုသလောက်တောင်းယူရသည်။ ငြင်းဆိုခြင်းမရှိ။

အပိုလီယိုနည်းတူ ဆီဇာသည် လည်း ယောကျ်ားတစ်ယောက်ဖြစ်သည်။ သူတို့နှစ်ယောက်လုံးက ဖရန့်အတွက် ငွေတွေ အစုလိုက်အပြုံလိုက် ပေးနိုင်၏။ ဖရန်နိစမစ် မက်မောခဲ့သော ငွေကြေးဥစ္စာ အမြောက်အမြားက သူ့အနားမှာရှိနေသည်။

ဆီဇာရိုက်ထားသော သူ့ပါးပြင်၌ စပ်ဖျင်းဖျင်းနာလာသည်။ ဆီဇာသည် ရေချိုးပြီး ဝတ်စုံစတ်ကာ သူ့ဆီသို့လျှောက်လာသည်။

'မင်း နယ်ပယ်ကို အခုချက်ချင်းသွားရလိမ့်မယ် ကာရာ၊ ဘရူနိုအကြောင်း ငါစဉ်းစားမရဘူး၊ သူ့ကိုယ်သူ ထိန်းနိုင်တဲ့လူပါ၊ ဒါပေမယ့် အခုထိပြန်ရောက်မလာဘူး၊ ငါ့ကိုယ်စား မင်းဆင်တစ်စီဟိုတယ်ကိုသွားပါ၊ ငါ့ကားယူသွားပါ'

'တစ်ယောက်တည်းလား'

'ဟုတ်တယ်၊ တစ်ယောက်တည်းပဲ၊ ငါ ဘုရားကျောင်းကို သွားရမယ်၊ ဟိုကလူတွေ ငါ့ကိုစောင့်နေတာ နှစ်ပတ်ရှိသွားပြီ၊ ရှေးဟောင်း ဘာသာရေးပစ္စည်းတွေကို သန့်စင်ရှေးချယ်ပေးရမယ်၊ ကနေ့တစ်မနက်လုံး မင်းကြောင့် ကြန့်ကြာသွားပြီ'

အခုလို ပူအိုက်သည့်ရာသီမှာ နယ်ပယ်ကို သွားရသည်က သိပ်စိတ်ဓာတ်ကျဖို့ကောင်း၏။

'ပန်းချီကားတွေ ရောက်နေမှာသေချာတယ်၊ ရှင်ပါ တစ်ခါတည်းလိုက်ခဲ့ပါလား'

'ဒွန်ပန်းချီကားတွေလား၊ အားလုံး အသင့်ဖြစ်ပါ့မလား'

'ဖြစ်နိုင်ပါတယ်၊ ရှေးဟောင်း အနုပညာပစ္စည်းတွေ အများကြီးရမယ်'

'ဟုတ်လား'

'ကျွန်မနဲ့ရှင် ချမ်းသာကြီးပွားတော့မယ်'

ဆီဇာကပြုံးလိုက်သည်။ နောက်ပြီး....

'အကြီးအကျယ်ချမ်းသာမှာပေါ့'

ဟု ပြောလိုက်၏။

ဖရန်၏ပါးပြင်ကို သူ့လက်ကြမ်းကြီးဖြင့် ပုတ်လိုက်သည်။

'အခုတော့လဲ မင်းဟာ လိမ္မာတဲ့မိန်းကလေးပါလား၊ ငါ့စကားကို နားထောင်ပါ၊ ငါ ဘရူနိုအတွက် စိုးရိမ်နေတယ်၊ ပန်းချီကားတွေကို သူကိုယ်တိုင် စာတိုက်ကနေ ဆန်ကက်စီဟိုတယ်ကို ပို့လိုက်မယ်ဆိုတာ သေချာပါ့မလား'

'ဂျနီဗာ ဗဟိုစာတိုက်ကြီးမှာ သူနဲ့အတူ ကျွန်မရှိနေခဲ့တယ်၊ ဂေဟာမှာ တောဘွတ်ကဒ္ဒန် ပန်းချီကားတွေ ကျွန်မလက်ထဲ ထည့်လိုက်ပြီးတဲ့နောက် ကျွန်မ ဘရူနိုနဲ့အတူ ဗဟိုစာတိုက်ကြီးကို ထွက်လာခဲ့ကြတယ်၊ ကျွန်မ ရှင့်ကိုပြောတဲ့အတိုင်းပဲ လက်ဖြတ်ပိုင်း မေ့ကျန်ခဲ့တာကလွဲလို အားလုံး စနစ်တကျလုပ်ခဲ့တယ်၊ ကျွန်မတစ်ယောက်တည်း နယ်စပ်ကိုဖြတ်ကျော်လာခဲ့ပြီး ဖြတ်ပို့

ယူဖို့ ဘရူနိုကို ပြန်လွှတ်လိုက်တယ်၊ အမေရိကန်တွေအတွက် အသုံး ဝင်မယ့်ပစ္စည်း တစ်ခုတစ်လေမှ ချန်မထားချင်ဘူး'

'ဘယ်မှာမေ့ကျန်ခဲ့တာလဲ'

'ဘရူနို သိပ်ပြီးစိတ်ပူနေတယ်၊ သူ့ဖိုနပ်ထဲထည့်ပြီးယူခဲ့ဖို့ ကျွန်မပြောတယ်၊ ဒါပေမယ့် အိပ်ခန်းထဲကစားပွဲပေါ်မှာ မေ့ကျန်ခဲ့တယ်၊ သူပြန်ယူတယ်၊ ပြန်ရောက်လာမှာပါ'

ဆီဇာ မျက်မှောင်ကြုတ်လိုက်သည်။

'အင်း....အခုလောက်ဆို ပန်းချီကားတွေကတော့ ဆန်တစ်စီဟိုတယ်ကို ရောက်လောက်ပြီ၊ ဒီမှာ ဖရန်စစ်စတာ၊ ငါတို့ဟာ အန္တရာယ်ကြီးတန်းပေါ်မှာ လမ်းလျှောက်နေကြတယ်ဆိုတာ နားလည်ထားပါ၊ အမေရိကန်တွေကတော့ တို့ကို အပူဘပြင်း လိုက်ရှာနေကြလိမ့်မယ်'

'သူတို့က ကျွန်မတို့အကြောင်း မသိပါဘူး၊ ဂျက်တောဘွတ် ကိုပဲ လိုက်ရှာကြမှာပါ'

'တကယ်လို့ သူတို့ ဂျက်ကိုမိသွားရင်တော့ တို့ကိုဖော်တော့မှာပေါ့၊ ဒါကြောင့် တို့ခြေလှမ်းမမှားဖို့အရေးကြီးတယ်၊ အစစအရာရာ သေသေသပ်သပ်လုပ်ရမယ်၊ မင်းနယ်ပယ်ကိုသွားပြီးသယ်၊ ငါ ဘုရားကျောင်းမှာရှိမယ်၊ အဲဒီကိုယူလာခဲ့၊ အဲဒီကမှ တစ်ဆင့်မင့်ယောကျ်ားကြီးနဲ့တွေ့ဖို့ အစီအစဉ်လုပ်မယ်'

ဆီဇာက မဲ့ပြုံးပြုံးလိုက်သည်။

'ပထမ သူ့စီးပွားရေး၊ နောက် သူ့ဂုဏ်သိက္ခာ၊ ပြီးတော့ သူ့တစ်ဘဝလုံး အရှက်တက္ကဲအကျိုးနည်း ဖြစ်စေရမယ်'

'ရှင့်ကိုကျွန်မ ဘာမှနားမလည်တော့ဘူး ဆီဇာ'

ဖရန်စစ်စတာ သက်ပြင်းချလိုက်သည်။

'မင်းသိဖို့ မလိုပါဘူး'



☆

အခန်း (၉)

ထိုနေ့နံနက် ၄း၀၀ နာရီအချိန်၌ ဂျူရယ်သည် ဖူမီစီနို လေယာဉ်ကွင်းတွင် ဇူကမ်မယ်လာပြောသောသတင်းဆိုးကို နားထောင်နေရ၏။ ဇူကမ်မယ်လာသည် ကေ ဌာနချုပ်အတွက် အခါအားလျော်စွာ အလုပ်လုပ်ပေးသော လူတစ်ယောက်ဖြစ်သည်။ ဒိတ်ချယုံကြည်ရသူလည်း ဖြစ်၏။

သူက ၀၀ဖိုင့်ဖိုင့်၊ ရောမနှာခေါင်း ချွန်ကောက်ကောက်နှင့်။ နဖူးမောက်မောက်၊ အဝတ်အစားကို ဖရိုဖရဲ ဝတ်ဘတ်၏။ ဂျူရယ်နှင့်စိုင်းလပ်ကို စကားပြောနေစဉ် သူ့မျက်လုံးနှင့်သူ့အသံများက လှုပ်ရှားလှိုက်ဖိုနေ၏။

'ကျွန်တော် အစစအရာရာ ဟာကွက်မရှိအောင် ပြင်ဆင်ထားပါတယ်၊ ဒါပေမယ့် လေယာဉ်ထဲမှာ ဂျက်တောဘွတ် ပါလောဘူး'

'ဘယ်လိုဖြစ်တာလဲ'

'ကျွန်တော် မသိဘူး'

'လေယာဉ်က မီလန်လေဆိပ်မှာဆင်းသေးတယ်၊ ဟုတ်တယ်ဟုတ်လား'

'ဟုတ်ပါတယ်'

'ဂျက်တောဘွတ် မီလန်မှာ ဆင်းနေခဲ့နိုင်မလား'

'အဲဒီကို ကျွန်တော် ဖုန်းဆက်တယ်၊ သူဆင်းသွားပုံရတယ်၊ ဒါပေမယ့် သူက နယ်ပယ်လက်မှတ်ယူထားတာ ဆိုတော့ အဲဒီမှာ ဆင်းမယ်လို့ မမျှော်လင့်မိဘူး'

'ခင်ဗျား ဘာကူညီဆောင်ရွက်နိုင်သေးလဲ'

'မီလန်မှာ ကျွန်တော့် လူတစ်ယောက်ကို တာဝန်ပေးတားတယ်၊ သူ လှုပ်ရှားနေလိမ့်မယ်'

ဂျူရယ်သည် ဂျနီဗာမှအလာ ဆွစ် လေယာဉ်ပေါ်တွင် တမေးမေးခဲ့ရသည်။ ညစာအတွက် မစဉ်းစားမိခဲ့။ သူ အီစတန်ဘူးမှ ဂျနီဗာသို့ ရောက်လာသည့်အချိန်မှစပြီး လုပ်စရာတွေ တန်းစီနေသည်။ အဆက်မပြတ် တစ်ခုပြီးတစ်ခု ဇယ်ဆက်သလိုလုပ်ခဲ့ရသည်။ ယခု အခိုက်အတန့်တွင်လည်း လုပ်စရာများသည် ရပ်တန့်မသွား။ ဂျက်တောဘွတ် မီလန်မှာရှိနေသည်ဆိုတာ မဖြစ်နိုင်။ သူ ထွက်ခွာလာတာ သုံးနာရီရှိသွားပြီ။

မီလန်ကနေ ထွက်သွားနိုင်တဲ့ မော်တော်ကားလမ်း၊ အမြန်မီးရထားနှင့် နောက်ထပ်လေယာဉ်ခရီးစဉ်တွေရှိနေ၏။ တောဘွတ်သည် အီတလီနိုင်ငံအတွင်းမှာပဲ ရှိနိုင်သည်ဟု သူ ယုံကြည်သည်။ သည် သုံးနာရီအတွင်းမှာ အလွန်ဝေးကွာသည့် ကိုမိုအရပ်ကန်တွေ ပတ်ဝန်းကျင်ကို ရောက်သွားနိုင်၏။ ဒါမှမဟုတ် စစ်စလီကျွန်းကို ရောက်သွားနိုင်သည်။ ဂျူရယ်သည် ဟင်ဆန်ဘက်လှည့်လိုက်သည်။

'ခင်ဗျား နောက်ကြောင်းကိုပြန့်ပါ စိုင်းလပ်၊ အငှားကားတွေ၊ ဟိုဘယ်တွေ၊ မီးရထားခရီးစဉ်တွေကို လေ့လာစုံစမ်းပါ'

'တောဘွတ် ဒီမှာ ရှိတော့မယ်မထင်ဘူး၊ မီလန်မှာဘာလုပ်စရာရှိလို့လဲ'

'မီလန်မှာ မရှိနိုင်တာ ကျွန်တော်သိပါတယ်၊ ကျွန်တော်ပြောတဲ့အတိုင်းလုပ်ပါ'

'မင်းကကော....'

'ကျွန်တော် ဆင်တစ်စီဟိုတယ်ကိုသွားမယ်၊ ဒါဟာ ကျွန်တော့် ရဲ့ တစ်ခုတည်းသော ဦးတည်ချက်ပဲ၊ နယ်စားကတော် အပိုလီယိုဖြစ်ဖြစ်၊ သူ့ ယောကျ်ားကိုပဲဖြစ်ဖြစ် ချဉ်းကပ်လို့ ရနိုင်တယ်။ နယ်စားကတော်ဟာ တောဘွတ်နဲ့ တစ်နည်းတစ်လမ်းပတ်သက်နေမှာ သေချာတယ်၊ တောဘွတ်ဟာ ကျွန်တော်တို့ သူ့ နောက် အပူတပြင်း လိုက်ကြမယ်ဆိုတာ နားလည်ထားတယ်၊ အန္တရာယ်များ

ဘယ်ဆိုတာလဲ သူသိတယ်၊ ဒါပေမယ့် သူက စိတ်ကူးယဉ်ပြီး နယ်စားကတော်ကို ယုံကြည်စိတ်ချနေတယ်၊ နယ်စားကတော်က သူ့ကို သစ္စာဖောက်ပြီး ဖော်ကောင်လုပ်နိုင်တယ်'

'ငါ မင်းကို ဘယ်မှာတွေ့ရမလဲ'

'မသေရင်တစ်နေရာရာမှာတွေ့ကြဦးမှာပေါ့'

ပူပြင်းခြောက်သွေ့သည့် ဆိတ်ငြိမ်သောနေ့ ဖြစ်သည်။ နယ်ပယ် ပင်လယ်ကွေ့နှင့် ပွန်မီတာတောင်တန်းများပေါ်တွင် မြူတွေ ဝိုင်းလျက်ရှိသည်။

ဂျူရယ်သည် လေယာဉ်ကွင်း စားသောက်ဆိုင်တွင် နံနက်စာကို ကပျာကယာစားပြီး အငှားကားတစ်စီးဖြင့် စင်တစ်စီဟိုဘယ်သို့ ထွက်လာခဲ့သည်။ အငှားကားသည် စန်တာလူစီကာ ဒေသတွင်ရှိသော ဇိမ်ခံဟိုတယ်ကြီးများကိုဖြတ်ကျော်ပြီးဆိပ်ကမ်းဆီသို့ ဦးတည်လျက်ရှိသည်။

ထုထည်ကြီးမားသော ဒယ်လ်အိုပို ရဲတိုက်ကြီးသည် အပြာရောင် မိုးကောင်းကင်ဆီသို့ ထိုးတက်နေ၏။ နံနက်စောစောမို့ မော်တော်ကား အသွားအလာနည်းပါးနေသည်။

စင်တစ်စီဟိုဘယ်၏မျက်နှာစာမှ ဗိသုကာလက်ရာများသည် ထည်ဝါ ဝင့်ကြွားလျက်ရှိနေသည်။ ဂျူရယ်သည် ဧည့်ခန်းနှင့် စားသောက်ခန်းကို ဖြတ်ပြီး အိပ်ငိုက်နေသော အခန်းစောင့်များဆီသို့ လျှောက်လာသည်။

ဧည့်ခံကြိုဆိုရေး စားပွဲခုံ ဘေးတစ်ဖက်တစ်ချက်တွင် ပန်းအိုးဖြင့် စိုက်ထားသော စီမ်းစီမ်းစိုစို လှလှပပ အပင်ငယ်များရှိသည်။ နံရံများပေါ်တွင် ဆေးရောင်စုံဖြင့် ရိုက်နှိပ်ထားသော ကြော်ငြာပိုစတာများ ရှိ၏။

ဂျူရယ့်အတွက် အခက်အခဲ မရှိလှဘဲ အခန်း တစ်ခန်းရသည်။ ထိုအခန်းသည် ၆–ထပ်ရှိ၏။ သူ့မှာ အထုပ်အပိုး မပါသော်လည်း အခန်းစောင့်လူငယ်သည် လမ်းပြအဖြစ်ပါလာသည်။ သူ့အခန်းတံခါး မှန်ပေါ်တွင် ပန်းပုလက်ရာများကို တွေ့ရ၏။ ဧည့်ခန်းတွင် ရောင်စုံအလုံငယ်များ ချိတ်ထားသည်။

'စင်တီစီဟိုတယ်ကို နယ်စားကြီး အပိုလီယို ပိုင်သလား'

'ဟုတ်ပါတယ် စစ်ကန်၊ သိပ်ချမ်းသာတဲ့ပုဂ္ဂိုလ်ပေါ့'

'သူ ဒီမှာနေ့နေသလား'

အခန်းစောင့်လူငယ် ပြုံး၏။

'မနေပါဘူး၊ ဒီကို ဘယ်တော့မှမလာဘူး'

ဂျူရယ်သည် တစ်ရာတန် လိုင်ယာငွေစက္ကူ အထပ်လိုက်ကို ဆွဲထုတ်လိုက်၏။

'နယ်စားကြီးရဲ့ အစေခံတွေအကြောင်း မင်းသိလား'

'မသိပါဘူး၊ ကျွန်တော် ဝမ်းနည်းပါတယ်'

'ငါ ဘရူးနိုဘယ်လာရီးယားဆိုတဲ့ လူကို လိုက်ရှာနေတာ၊ လွန်ခဲ့တဲ့ ရက်အတော်ကြာကြာက ဒီမှာ အခန်းယူထားတယ်၊ စီးပွားရေးကိစ္စနဲ့ ခရီးထွက်သွားတယ်၊ အခုဆို.... ပြန်ရောက်လောက်ပြီ'

'ကျွန်တော့်ကို နောက်နေတာလား ဆရာ၊ နယ်စားကြီး အပိုလီယိုပိုင်တဲ့ ဟိုဘယ်ကို ဘယ်....ဘယ်လာရီယာမှ အတင့်ရဲပြီး မလာဝံ့ပါဘူး၊ ဆွေစဉ်မျိုးဆက် ရန်ဘက်တွေပါ၊ ဒီကို လာဖို့ဆိုတာ မတွေးဝံ့တဲ့ကိစ္စပါ၊ မဖြစ်နိုင်ပါဘူး'

'ဒါပေမယ့် ဘယ်လာရီးယား အခန်းယူထားတယ်'

ဂျူရယ်က အခိုင်အမာပြောလိုက်သည်။ ပြီးတော့ လူငယ်ကို နောက်ထပ် ငွေပေးလိုက်ပြန်သည်။

'ငါ့အတွက် စုံစမ်းမပေးနိုင်ဘူးလား၊ အခုချက်ချင်း သိချင်တယ်'

'ဟုတ်ကဲ့၊ ကြိုးစားကြည့်ပါ့မယ်'

'စာတိုက်က သူ့အတွက် စာတို့ အထုပ်တို့ လာသလားဆိုတာလဲ ခြေရာခံပါ'

'ဒါတော့ ကျွန်တော်မတတ်နိုင်ဘူး'

'ဆွစ်ဇာလန်ကနေ ဘရူးနိုးဘယ်လာရီးယား အတွက် ပါဆယ်တစ်ခုခု ရောက်သလား ဆိုတာလောက်ပါပဲ၊ နားလည်တယ်နော်'

'ဟုတ်ကဲ့၊ ကျွန်တော်ပြန်လာမယ်'

ဂျူရယ်သည် လူငယ်အား နောက်ထပ် ပိုက်ဆံများ ပေးလိုက်ပြန်၏။

'ငါ့အတွက် ရှပ်အင်္ကျီရယ်၊ လက်ဆွဲအိတ်သေးသေး တစ်လုံးရယ်၊ အတွင်းခံအင်္ကျီတစ်ထည်ရယ် ဝယ်ပေးပါ'

'ငွေတွေက များလှချည်လား ဆရာ'

'ပိုတာ မင်းယူလိုက်'

လူငယ်သည် အကြိမ်ကြိမ်ဦးညွှတ်ပြီး အလေးပြုသည်။

သူ့မျက်လုံးများ ရှန်းလက်နေ၏။ ပြုံးပြီး နှုတ်ဆက်ကာ ထွက်ခွာသွားသည်။ ဂျူရယ် တစ်ယောက်တည်း ကျန်ခဲ့၏။ သူသည် အတ်အစားများ ခွတ်ပြီး ငါးမိနစ်ခန့် ရေချိုးသည်။ သူ့ကိုယ်ကို မျက်နှာသုတ်ပဝါနှင့် သုတ်နေစဉ်တယ်လီဖုန်းခေါ်သံကြားရသည်။ အခန်းစောင့်လူငယ်ထံမှ ဖြစ်၏။

'ဆရာ.... အခန်း ၂၀၄ ကို သူ ယူထားတယ်၊ ဒါပေမယ့် ဘာစာ ဘာအထုပ်မှမရှိဘူး'

'သေချာရဲ့လား'

'သေချာပါတယ် ဆရာ'

'ကောင်းပြီ၊ ငါ့အတွက် ရှပ်အင်္ကျီသစ်တွေ ယူလာခဲ့ကွာ'

ဆယ့်ငါးမိနစ် ကြာသောအခါ တင်ပါးဆုံကြီးကြီး မိန်းမတစ်ယောက် အထုပ်တစ်ထုပ်ကိုပိုက်ပြီး ရောက်လာသည်။ သားရေလက်ဆွဲအိတ်တော့ ပါမလာ၊ ဂျူရယ်သည် ဝတ်စုံသစ်လဲပြီး ဒီးကရက်သောက်သည်။ နောက် လသာဆောင်ပေါ်မှ နယ်ပယ်ပင်လယ်တွေကို ကြည့်နေ၏။ ပင်လယ်သည် နံနက်နေ နေရောင်အောက်တွင် တောက်ပြောင်ရှန်းလက်နေသည်။ မိုးကုတ်စက်ဝိုင်းဆီတွင် ရှိသော ကျွန်းများကို မှုန်မှုန်မွားမွား တွေ့မြင်ရ၏။

အောက်ဘက် လမ်းမပေါ်မှ မော်တော်ကားသံများကို ဆူညံစွာကြားရသည်။ အယ်လန်အမ်းဘရစ် သေဆုံးရပုံကို ဂျူရယ် စဉ်းစားမိသည်။ ထောက်လှမ်းရေးလုပ်ငန်းမှာ လုပ်ကြသူများသည် ရဲရင့်ရသည်။ ဘဝကို စွန့်လွှတ်ရသည်။ လူတစ်ယောက်ဆုံးရှုံး

ဆွားခြင်းသည် ကျန်သူများအတွက် ထောက်တိုင်တစ်ခု ကျိုးပဲ့
သွားခြင်းနှင့် တူ၏။ ဂျူရယ်သည် အတွေးများကို ချက်ချင်း
ဖယ်ထုတ်ဖြတ်တောက်ပြီး အပြင်သို့ ထွက်လာသည်။ နောက်ပြီး
အထပ် ၄-ထပ်သို့ ဆင်းခဲ့၏။

အခန်းနံပါတ် ၄၀၂။ ဘရှုနိုးဘယ်လာရီးယားအမည်နှင့်
စာရင်းသွင်းထားသည်။ ထိုအခန်းသည် ဟိုတယ်၏ဘေးဘက်
အဆောင်တွင် ရှိသည်။ ဒေသဆိုင်ရာ စီးပွားရေးသမားများ
ငှားရမ်းနေထိုင်တတ်သော အခန်းမျိုးဖြစ်သည်။

ဂျူရယ်သည် အခန်းရှေ့၌ရပ်လိုက်ပြီး နားစွင့်ကြည့်၏။
အတွင်းဘက်မှ ဘာသံမျှမကြားရ။ ရှေးဆန်သော အခန်းတံခါး
သော့သည် သူ့အတွက် ပြဿနာမရှိလှပါ။ စက္ကန့် ၂၀ မကြာ
လိုက်၊ သူသည် အခန်းထဲရောက်နေပြီ။

အခန်းသည် ဟိုဘယ်၏ အညံ့စားအခန်းဖြစ်သည်။ နံရံကပ်
ဘီရိုထဲတွင် ခပ်ဟောင်းဟောင်း အညိုရောင်ဝတ်စုံတစ်စုံ၊ အပေါ
စား လက်ဆွဲသားရေအိတ် တစ်လုံး၊ အိတ်အတွင်း၌ အပြာရောင်
ရှပ်အင်္ကျီနှစ်ထည်နှင့် ဓားမြောင်တစ်ချောင်းတို့ကို တွေ့သည်။

မျောင်မည်းနေသော အိမ်ကြီးထဲ၌ သူ့အား ဘရှုနိုးက
ဓားဖြင့်ပေါက်သည်ကို သတိရမိသည်။

အခန်းတွင်း၌ ဘာမှ ထူးထူးခြားခြားမတွေ့ရ။ တစ်စုံတစ်
ဦးကို စောင့်ရန်မလို၊ ချိတုံချတုံဖြစ်နေသည်။ ဂျူရယ်သည် အချိန်
လုပြီး လှုပ်ရှားနေရ၏။ တောဘွတ်သည် ဖရီးမွန်ပုံစံများနှင့်
ပျောက်နေသည်။ ပက်(ခ)သည် သူ့နောက်လိုက်ပြီး ခြေရာခံ
နေ၏။ ဒွန်ပန်းချီကားများကို ယခုတိုင် အနံ့မရသေး။ ဤ
ဖြဿနာများကို ပေါင်းစည်းထုပ်ပိုးထားသော ဝန်ထုပ်ဝန်ပိုး
ကြီးသည် သူ့ပခုံးထက်၌ ဖိစီးလျက်ရှိနေသည်။

သူသည် အခန်းထဲမှထွက်ပြီး အောက်သို့ဆင်းလာခဲ့ကာ
အငှားကားတစ်စီးဖြင့် အနီးဆုံးသတင်းစာတိုက်သို့ သွားသည်။
နယ်စားကြီးအပိုလီယိုဏ်အကြောင်းကို တစ်နာရီခန့် အချိန်ယူပြီး
ဖတ်ခဲ့သည်။ ထူးခြားချက်လည်း နည်းနည်းပါးပါးပဲတွေ့ရ၏။

အပိုလီယိုသည် ယောကျ်ားချော ချောသူတစ်ယောက်ဖြစ်သည်။
ခပ်ကြောင်ကြောင်နှင့် ကောစာကျင့်သော သူတစ်ယောက်ဖြစ်သည်။
အဆင့်မြင့်သော ဆွေစဉ်မျိုးဆက်တွင် နောက်ဆုံးဆက်ခံသူ ဖြစ်
သည်။ အမေရိကန်သူ မစ်ဖရန်စက်စမစ်နှင့် လက်ထပ်ထားသည်။
အမေရိကန်သူဆိုရာ၌ လိပ်စာအပြည့်အစုံကိုမတွေ့ရ။ အကြမ်းဖျင်း
ဖော်ပြသော သတင်းများကိုသာဖတ်ရသည်။ နယ်စားကြီးသည်
သီးသန့် လွတ်လပ်စွာနေထိုင်သည်။ သည်လိုနေနိုင်ဖို့အတွက် ငွေ
နှင့်ဩဇာကိုအသုံးပြုသည်။

ဂျူရယ်သည် နယ်စားကြီး၏အကြောင်းကို ဆက်လက်
မလေ့လာတော့ဘဲ သတင်းစာအသစ်တစ်စောင်ကို ဝယ်လိုက်ပြီး
သတင်းစာခေါင်းစီးများကို တစ်ခုပြီးတစ်ခု ဖတ်ကြည့်သည်။
မင်းသားကြီး သုဝဏ္ဏဖန်၏ ဒွန်ပန်းချီကားများ အခိုးခံရခြင်း
အကြောင်း မတွေ့ရ။ သို့သော် သတင်းတစ်ခုက မျက်လုံးအစုံကို
ဖမ်းချုပ်ထားလိုက်သည်။ ထိုသတင်းကို အေးအေးဆေးဆေး
ဖတ်ရန် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ပြီးထိုင်လိုက်သည်။

ဒိုင်ယာဒါပက်ဂက်သည် နယ်ပယ်မြို့သို့ရောက်ရှိနေကြောင်း
နှင့် စင်တစ်စီဟိုတယ်တွင် တည်းခိုနေကြောင်း အကျယ်တဝင့်
ဖတ်ရသည်။

သူ ဒိုင်ယာဒါနှင့် မတွေ့ခဲ့သည်မှာ ငါးလခန့်ရှိပြီ။နောက်
ဆုံး မာရီလင်းနေအိမ်မှာ တစ်ပတ်လုံးလုံး အတူနေခဲ့ကြသည်။
အရပ်ရှည်ရှည် မျက်နှာသွယ်သွယ်၊ မီးခိုးရောင်မျက်လုံးများနှင့်
အေးအေးဆေးဆေး နေတတ်သူဖြစ်၏။ ဂျူရယ်သည် သူမကို
ကြိုးစားပြီးမေ့ကြည့်သည်။ သူ့လုပ်ငန်းတွင် စိတ်ကူးယဉ်ဇာတ်
လမ်းများ ထည့်သွင်းထား၍မဖြစ်။ ဒိုင်ယာဒါကိုလည်း အန္တရာယ်
ထူပြောသော သူ့လုပ်ငန်းအတွင်းသို့ ဆွဲမသွင်းလို။ တစ်ဦးကို
တစ်ဦးချစ်ကြ၏။ ဒါထက်တိုးပြီး ရှေ့ကိုမလှမ်းရဲ၊ မလှမ်းချင်။

ဒိုင်ယာဒါသည် ဝါရှင်တန်သတင်းစာမှ အဝတ်အစား
ဖက်ရှင်သတင်းထောက်ဖြစ်သည်။ မကြာခဏ ဥရောပသို့လာရ၏။
သူတို့နှစ်ဦး အကြောင်းအားလျော်စွာ တစ်နေရာရာမှာ တွေ့ဆုံ

ကြလျှင် နာရီပိုင်းပဲဖြစ်ဖြစ်၊ တစ်ရက်ပဲဖြစ်ဖြစ် အတူနေထိုင်ကြသည်။

ဒိုင်ယာဒါတစ်ယောက် နယ်ပယ်မြို့တွင် ရှိနေခြင်းသည် သူ့အတွက် အနှောင့်အယှက် ဖြစ်နေသည်။ ရောမမြို့မှ ရုပ်ရှင်သမားများ၏ ဖက်ရှင်ပြပွဲ သတင်းများယူရန်အတွက် သူ ရောက်နေခြင်းဖြစ်၏။ ဒီကိစ္စကို ခေါင်းထဲမှဖျောက်ပြီး စင်တစ်စီဟိုတယ်တွင် သူနှင့်မတွေ့ဘဲ ရှောင်နေလိုက်သည်။

သို့သော် သူမသည် တစ်နည်းတစ်လမ်းတော့ အသုံးဝင်နိုင်၏။ ဒိုင်ယာဒါသည် ပြည်တွင်းမှာရော ပြည်ပမှာပါ အသိမိတ်ဆွေများသည်။ အရာရာတိုင်း နှုံးစပ်သည်။ ဒိုင်ယာဒါသည် အတင်းအဖျင်းမပြောတတ်သော်လည်း သူ့အလုပ်အရ သွားလာလှုပ်ရှားနေရသော နေရာမျှားမှ သတင်းများရနိုင်သည်။

သို့သော် ဂျူရယ်သည် သူမကို ဒီနည်းဖြင့်လည်း အသုံးချလို။ အလုပ်ကိစ္စနှင့်မပတ်သက်ဖို့ ကြိုးစားရှောင်ခဲ့သည်။ ဤအခြေအနေသည် သူတို့နှစ်ဦးကြုံတွေ့နေရသော အကျပ်အတည်းအထွတ်အထိပ်ဖြစ်သည်။

ဂျူရယ်သည် လက်ဖက်ရည်ဆိုင်မှထွက်လာပြီး အမျှားသုံးတယ်လီဖုန်းမှ စင်တစ်စီဟိုတယ်သို့ ဆက်လိုက်သည်။ ည့ဲခံကြိုဆိုရေးစာရေးက သူမေးသည်များကို ပြန်ဖြေကြားသည်။

'ဩော်....ဆမ်လား၊ ကျေးဇူးပြုပြီး ခဏစောင့်ပါ'

ဒိုင်ယာဒါ အိပ်ချင်မူးတူးနှင့်ပြောသော အီတလီစကားတွင် မာရီလင်းနယ်လေသံနှင့် ရောနေ၏။ ဂျူရယ် နားမရှင်းသလိုဖြစ်နေသဖြင့် ငြိမ်ပြီးနားထောင်နေသည်။

'ဟိုင်း....ဆမ်ဒီမှာရောက်နေသလား'

သူ့အသံသည် အလွန်တိုးနေသည်။ ထို့နောက် ထပ်မေး၏။

'ဟေး....ဆမ် တကယ်ပဲဒီမှာလား၊ နယ်ပယ်မြို့ထဲမှာလား'

'ဆယ်မိနစ် ကားမောင်းလာရင် ရောက်နိုင်တဲ့နေရာပါ၊ သတင်းစာထဲမှာ မင့်နာမည်ကို အခုပဲတွေ့တယ်'

'အချစ်ရေ၊ အချစ်ဘန့်ကောက်မှာရှိတယ်လို့ နောက်ဆုံးသတင်းကြားခဲ့တယ်၊ အခု ဒီမှာဘာကိစ္စနဲ့ ရောက်နေတာလဲ'

'အထူးကိစ္စပါ'

ဒိုင်ယာဒါ၏အသံ ပြောင်းသွားသည်။

'ကျွန်တော်ဆုံးကြမလား၊ နယ်ပယ်မှာ ဘယ်နှစ်ရက်လောက်ကြာမလဲ'

'အမျှားဆုံးသုံးရက်'

'ကျွန်မ အလုပ်တွေရပ်ထားလိုက်မယ်၊ အခု အိပ်ရာကဆပဲရှိသေးတယ်၊ ကျွန်မ ဆမ့်ကိုစောင့်နေမယ်'

'မင်းကိုသိပ်ချစ်ပါတယ် အချစ်ရယ်'

'ကျွန်မကလဲ မောင်ပြောတဲ့အတိုင်းပါပဲ'

'ကိုယ် အခုပဲ ဟိုတယ်ကိုအမြန်ဆုံးလာခဲ့မယ်အချစ်၊ မင်းဆီပိုလီယိုနယ်စားကတော်ကို သိသလား'

ဘာသံမဆက်မကြားရ။ ဆိတ်ငြိမ်သွား၏။

'မင်းသိတယ်ပေါ့'

ဒိုင်ယာဒါသည် စိတ်မပါတပါအသံဖြင့် ပြောသည်။

'ကျွန်မ သူနဲ့တွေ့ပြီးပြီ'

'အခု သူ နယ်ပယ်မှာရှိသလား'

'မွန်တီကက်ပိုလီမှာ၊ ဆိုရန်တိုနီးတယ်၊ သူ့ယောကျ်ားရဲ့အိမ်တစ်လုံး အဲဒီမှာရှိတယ်၊ နောက်ပြီး အိုင်ဆိုလာဖီလီဘာနီမှာလဲရှိတယ်၊ ဆွစ်ဇာလန်မှာ အပန်းဖြေနေထိုင်တဲ့ ဂေဟာတစ်လုံးလဲရှိတယ်'

'နယ်စားကတော်နဲ့ မိတ်ဆက်ပေးနိုင်မလားအချစ်'

'ရပါတယ်၊ ဒါပေမယ့် မိတ်ဆက်ပေးချင်ဘူး၊ သူ့ကို ကျွန်မ သိပ်သတောမကျဘူး'

'ဘာကြောင့်လဲ'

'ကျွန်မနဲ့တွေ့တဲ့အခါ ပြောပြမယ်၊ ကျွန်မဆီလာခဲ့ပါဒါလင်'

'လာခဲ့မယ်၊ အကူအညီ နည်းနည်းလိုချင်တယ်အချစ်ရယ်၊ ကိုယ့်မှာ အချိန်များများမရဘူး'

'တစ်ခုတော့ရှိတယ်'

ဒိုင်ယာဒါကရှင်းပြသည်။

'ရုပ်ရှင်ရိုက်ဖို့ မနက်ဖြန်မနက် စောစော အိုင်ဆိုလာဖီလီဘာနိုကိုသွားကြမယ်၊ ရုပ်ရှင်အဖွဲ့သားတွေ ပါကြမယ်၊ ရောမ နာမည်ကြီး ရုပ်ရှင်မင်းသား၊မင်းသမီးတွေလဲ ပါမှယ်၊ လူဂျီပက်ကရယ်လီ အန်ဂျယ်လိုနဲ့ ဂျီနာကင်တန်တို့ ပါကြမယ်'

'အဲဒီ အိုင်ဆိုလာဖီလီဘာနိုကျွန်းကို နယ်စားကြီးအပိုလီယို့ရဲ့ ခွင့်ပြုချက်မရဘဲ ဘယ်သူမှသွားလို့ မရဘူးဆို၊ဒီကျွန်းတစ်ကျွန်းလုံးကို သူပိုင်တယ် မဟုတ်လား'

'တစ်ကျွန်းလုံး မဟုတ်ပါဘူး၊ မူဆိုလိုနီကို ကြိုးပေးသတ်ပြီး စစ်ကြီးပြီးသွားတဲ့အခါမှာ ကျွန်းရဲ့အစွန်ဆုံးအစိတ်အပိုင်း ထိန်နေရာကို ပက်ထရန်လီနဲ့ ဒွန်အန်ဂျယ်လိုတို့ကို ခွဲပြီးရောင်းလိုက်တယ်၊ အဲ့ဒီမှာ သူတို့ တိုက်အိမ်ကလေးတွေ ဆောက်ကြတယ်၊ နောက် ဒီအိမ်တွေကို ရင်းနှီးတဲ့ မိတ်ဆွေတွေဆီ ပြန်ရောင်းတယ်၊ ဒီကိစ္စနဲ့ပတ်သက်လို့ အပိုဆီယိုနဲ့ တရားဖြစ်ကြတယ်၊ အပိုလီယိုက စာချုပ်ဖျက်မှုနဲ့ ရုံးမှာ တရားစွဲပြီး ဒီကျွန်းပေါ်က ဖယ်ရှားပို့ကြိုးစားတယ်၊ ဒါပေမယ့် စစ်ကြီးဖြစ်တဲ့အချိန်ကစပြီး သူ့အမည်ဟာ ညိုးမှိန်လာတယ်၊ လူတွေရဲ့ ဆန့်ကျင်တာကိုခံရတယ်၊အပိုလီယို့ဟာ နောက်ဆုံးကျတော့ အုတ်တံတိုင်းကြီးတွေလာပြီး ခွေးကြီးတွေ မွေးထားတယ်၊ ဒွန်အန်ဂျယ်လိုနဲ့ပက်ထရယ်လီတို့က ခေါင်းမာမာနဲ့ တွယ်ကပ်နေကြတယ်'

'အပိုလီယိုဟာ စစ်အတွင်းမှာ လူထုဆန့်ကျင်မှုတွေ လုပ်လို့လား'

'အစကတည်းက သူဟာ အာဏာရှိသူနဲ့ပေါင်းခဲ့တယ်၊ စစ်အတွင်းမှာတုန်းက အိုင်ဆိုလာဖီလီဘာနိုကျွန်းပေါ်မှာရှိကြတဲ့ တံငါသည်တွေဟာ ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက် လှုပ်ရှားမှုတွေ လုပ်ကြတယ်၊ အဲ့ဒီ လှုပ်ရှားမှုတို့ကို ဟို ရှေးအစဉ်အဆက်

တဘည်းက ဘယ်လာရီယာ မိသားစုက ခေါင်းဆောင်ခဲ့ကြတယ်၊ အဲဒီမိသားစုဟာ အပိုလီယိုမိသားစုနဲ့ နှစ်ရာနဲ့ချီပြီးရန်ဖက်ဖြစ်ခဲ့ကြတယ်၊ ရန်ငြိုးဖွဲ့ခဲ့ကြတယ်၊ ကျောင်းတော်ကရန်စဟာ ကနေ့အထိရှိနေကြတယ်၊ ဘယ်လာရီယာ မိသားစုက အပိုလီယိုကို မြင်းပြင်းထန်ထန် ဆန့်ကျင်နေဆဲပဲတဲ့'

'အိုင်ဆိုလာဖီလီဘာနိုကိုမင်းနဲ့အတူလိုက်ခဲ့ချင်တယ်အချစ်'

'မောင့်ရဲ့ နယ်စားကတော် ဖရန်နီစမစ်နဲ့ တွေ့ချင်လို့လား'

'ကိုယ့်ရဲ့နယ်စားကတော် မဟုတ်ရပါဘူး အချစ်ရယ်'

'နယ်စားကတော်ဟာ ဒီနေ့နံနက် နယ်ပယ်မြို့ထဲမှာပဲရှိမယ်၊ သူ ဒီကိုရောက်နေတာ ကျွန်မမြင်လိုက်တယ်၊ ဆယ်မိနစ်ပဲ ရှိသေးတယ်'

ဂျူရယ်၏အာရုံခကြာများ တင်းသွားသည်။

'စင်တစ်စီဟိုတယ်ကို သူရောက်နေတာ ဆယ်မိနစ်ရှိသွားပြီဟုတ်လား၊ သူ ပြန်ထွက်မသွားသေးဘူးလား'

'ရှိသေးတယ်လို့ ထင်တယ်'

'ကောင်းပြီ၊ အခုချက်ချင်း ဟိုတယ်ကို့လာခဲ့မယ်၊ စောင့်နေနော်'

'အတိအကျမပြောနိုင်ဘူး'

ဂျူရယ်သည် အငှားကားတစ်စီးပေါ် သို့တက်လိုက်ပြီး စင်တစ်စီဟိုတယ်သို့ အမြန်မောင်းခိုင်းသည်။

မကြာ။ စင်တစ်စီဟိုတယ်အတွင်းသို့ သူဝင်လာခဲ့၏။ ဧည့်ခန်းတွင် သူ့ကိုစောင့်နေသူ ရှိပုံမရ။ခရီးသွားဧည့်သည် အတော်များများရှိနေသည်။

ဟိုတယ် အထပ်(၄)သို့ ဓာတ်လှေကားနှင့် တက်သွား၏။ ဧရန်တာအတိုင်း အခန်းနံပါတ် (၄၀၂)သို့ လျှောက်လာသည်။ ဘရှုနိုးဘယ်လာရီးယား၏ အခန်းတံခါးပေါက်ရှေ့တွင် ရပ်လိုက်သည်။

တံခါးသည်အနည်းငယ်ဟနေ၏။ နေရောင်ခြည်ကအတွင်းထက် ကြမ်းပြင်ပေါ်ကျနေသည်။ ဒေါက်မြင့်ဖိနပ်သံသည်သူရှိရာ

သို့ ရွှေ့လျားလာနေ၏။ သူ နားစွင့်ထားသည်။ နောက်ထပ် ဘာသံမှမကြားရ။ အခန်းတွင်းသို့ ဖျတ်ခနဲဝင်လိုက်သည်။

အတွင်းမှ အမျိုးသမီးသည် သူ့ကိုကျောပေးထားသည်။ ရှေ့သို့ အနည်းငယ် ကိုင်းညွတ်နေသည်။ နက်မှောင်သော သူ့ဆံပင်များကို သပ်သပ်ရပ်ရပ် ပြီးသင်ထား၏။ သူ့ဘယ်ဘက်လက်မှ မြလက်စွပ်ကိုတံခါးပေါက်ဆီမှပင် တဝင်းဝင်း....တလက်လက်တွေ့မြင်နေသည်။ ဝတ်စားဆင်ယင်မှုနှင့် လှုပ်ရှားပုံတို့ကို ကြည့်ခြင်းအားဖြင့် နယ်စားကတော် ဖရန့်စစ်စတာအပိုလီယိုမှလွဲ၍တခြားသူ မဖြစ်နိုင်။

စင်တစ်စီဟိုတယ် ဤအခန်း၌ ဖရန့်စစ်စတာနှင့် ဘရူနိုး တွေ့ဆုံကြရန် ဖြစ်သည်။ သူတို့ကွင်းဆက်သည် ဂျက်တောဘုတ်နှင့် ဖရန့်စစ်စတာ၊ ဖရန့်စစ်စတာနှင့်ဘရူနိုး စသည့် ကွင်းဆက်များဟု ဂျူရယ် တွက်ဆသည်။

အမျိုးသမီးကိုင်အိတ်အဖြူတစ်လုံး ခုတင်ပေါ်မှာရှိနေ၏။ ဂျူရယ်သည် ခုတင်ဆီသို့ တစ်ရှိန်ထိုးပြေးဝင်သွားပြီး ထိုအိတ်အဖြူကို ယူလိုက်သည်။အမျိုးသမီးသည် နောက်သို့ဖျတ်ခနဲလှည့်ကာ သူ့ကို တအံ့တသြကြည့်နေသည်။

အမျိုးသမီးက အော်လိမ့်စကားဖြင့်မေး၏။

'ရှင် ဘယ်သူလဲ၊ ကျွန်မကို ဘာထင်လဲ'

'နယ်စားကတော် အပိုလီယို ဖရန့်စစ်စတာ'

အမျိုးသမီးသည် အခန်းနံရံကိုကျောပေးပြီး သူ့ကို ကြည့်နေသည်။ သွေးလန့်ပြီး မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။ လှုပသော အောက်နှုတ်ခမ်းများက တဆတ်ဆတ်တုန်နေသည်။ဂျူရယ်ကို အခန်းထဲမှထွက်သွားရန်လက်ဟန်ခြေဟန်ပြနေသည်။တစ်ဆက်တည်းတွင် အသံတိုးတိုးဖြင့် ထပ်မေး၏။

'ရှင် ဘယ်သူလဲ'

'မကြောက်ပါနဲ့၊ ခင်ဗျား ဘရူနိုးကို ရှာနေတာ မဟုတ်လား'

'ဟုတ်တယ်၊ ရှစ် ဘယ်လိုလုပ်သိလဲ'

'သူ ပြန်မထောက်သေးဘူး'

အမျိုးသမီးသည် ပင့်သက်တစ်ချက်ခပ်ပြင်းပြင်းရှိုက်ထုတ်သည်။ သူ့ရင်ညွန့်များသည် သလောက်အင်္ကျီပေါ်ထိ တိုးထွက်သွား၏။

'ရှင်အမေရိကန်တစ်ယောက်မဟုတ်လား၊ကျွန်မတို့အင်္ဂလိပ်စကားပြန်ပြောရတာပေါ့၊ သူတို့နဲ့စကားပြောရတာစိတ်မောပါတယ်ရှင်၊ ဒါနဲ့ ဘရူနိုးကို ရှင် ဘယ်လိုသိသလဲ'

'ဂျနီဗာမှာ တွေ့တယ်၊ ခင်ဗျားထွက်သွားပြီးမကြာခင်မှာဆိုပါတော့'

'ကျွန်မ အဲ့ဒီမှာ မရှိပါဘူး'

'မင်းတို့ ရှိကြပါတယ်'

အမျိုးသမီးက ပြုန်းခနဲ တံခါးဆီသို့ပြေးထွက်သည်။ သို့သော် ဂျူရယ်သည် လက်တစ်ဖက်ကို ဆန့်တန်းလိုက်ပြီးသူ့ကို ဆွဲခေါ်ထားလိုက်၏။

နောက်ပြီး ခုတင်ပေါ်သို့ လွှားခနဲပစ်တင်လိုက်၏။ အမျိုးသမီး၏ ဆံပင်များ ဖွာခနဲ လေထဲတွင် ပျံဝဲသွားပြီး ခုတင်ပေါ်သို့ လှဲကျသွားသည်။ အနားသို့ ချဉ်းကပ်လာသော ဂျူရယ်အား ခြေဖြင့် လှမ်းကန်၏။ ဂျူရယ် တိမ်းရှောင်ပေးလိုက်သည်။

အမျိုးသမီးသည် ခုတင်တစ်ဖက်သို့ လိမ့်ချလိုက်ပြီး တံခါးပေါက်သို့ခုန်ပြးရန် ကြိုးစားပြန်၏။ ဂျူရယ်က ဖမ်းဆွဲထား၏။ အမျိုးသမီး၏ကိုယ်လုံးသည် ပြည့်ဖြိုးနူးညံ့၏။ ကြောက်အားလန့်အားနှင့် ရုန်းကန်သည်။

ဂျူရယ်မျက်နှာကို လက်သည်းဖြင့်ကုတ်၏။ သူ့လည်ပင်းမှသဲ ပုတီးကြိုးပြတ်ပြီး ပုလဲလုံးများ ကြမ်းပြင်ပေါ်တွင်ပြန့်ကြဲနေသည်။သူ၏ မျက်လုံးများကမီးဝင်းဝင်းတောက်နေ၏။မရိုးမသားဝတ်သောအင်္ကျီဖြင့် လှုပ်ရှားသည်။

ဂျူရယ်က သူတို့အကြံအစည်ကို ရိပ်စားမိသည်။သူတို့ခြေရာ ကောက်မိနေပြီ။

အမျိုးသမီးသည် သူ့ခန္ဓာကိုယ်ကို တွန့်လိမ်ပြီး ရှုန်းကန်သည်။ မစ်ဆိုရီနယ်သားတို့၏ လေသံဖြင့် သူ့ကို ယုတ်ယုတ်မာမာ ဆဲရေးတိုင်းထွာ၏။

ဂျူရယ်က အမျိုးသမီးအား မဲ့ပြုံးပြုံးပြီး ကြည့်သည်။

'မစ်ဆိုရီပြည်နယ်က ဖရန်နီစမစ်'

'ရှင်က ဘယ်အရပ်က ကလေကချေလဲ၊ ရှင် ဘယ်သူလဲ၊ ဘာရန်း ဘယ်မှာလဲ'

'သူ သေသွားပြီ'

'သေပြီ....'

'ဟုတ်တယ်၊ ဂျနီဗာကန်ကြီးထဲက ငါးကွေစားကွန်ပြီ'

'ရှင် သူ့ကိုသတ်ခဲ့လား'

'ငါ့တာဝန် မကင်းဘူး၊ ငါက တောဘွတ်နဲ့ ဒွန်ပန်းခြံကားတွေကို လိုက်ရှာနေတာ'

'ရှင် ဘာတွေပြောနေတာလဲ၊ကျွန်မနားမလည်ဘူ ၊ကျွန်မကိုဒီလိုဆက်ဆံလို့မရဘူး၊ကျွန်မဟာဒီပတ်ဝန်းကျင်မှာအရေးပါတဲ့ ဂုဏ်သရေရှိ ပုဂ္ဂိုလ်ဖြစ်တယ်၊ ရှင် နားလည်ရဲ့လား၊ ရှင့်ကို ရဲက ဖမ်းပြီး အချုပ်ထဲ ထည့်ထားလိမ့်မယ်၊ ကျွန်မအကြောင်းရှင်သိရမယ်'

'စိတ် အေးအေးထားစမ်းပါဖရန့်၊ မင်းဇာတိတွေပေါ် ကုန်လိမ့်မယ်၊ ညောင်မြစ်ကိုမတူးပါနဲ့'

'ရှစ် ကျွန်မဆီက ဘာလိုချင်လဲ၊ ကျွန်မနားမလည်ဘူး'

'မင်းကိုငါ ပြောပြီးပြီ၊ ပထမဆုံး လိုချင်တာ တောဘွတ်'

'ကျွန်မ သူ့ကို မသိဘူး'

'မင်း သူနဲ့အတူအိပ်ခဲ့တာပဲ၊ ဒါမှမဟုတ် သူ့ကို ခေါက်ခဲ့တယ်ပေါ့၊ မင်းသားကြီး သုဝဏ္ဏဖန်ဆီက ဒွန်ပန်းခြံကားတွေခိုးယူဖို့ သူ့ကို သွေးဆောင်ခဲ့တယ်၊ နောက်ပြီး သူ့အပေါ် သစ္စာဖောက်ခဲ့တယ်၊ အဲဒီ ပန်းခြံကားတွေကို ဆွစ်ဇာလန်က ခိုးထုတ်ဖို့ ဘရန်နီး ဘယ်သာရီးယားကို အသုံးချခဲ့တယ်'

'ရှင် ရူးနေလား'

'ငါ ဂျက်တောဘွတ်ကို လိုချင်တယ်၊ ငါ သူ့ကို မဖခ်းရင် မင်းကို သူသတ်လိမ့်မယ်'

'သူတာကောင်လဲဆိုတာ ကျွန်မ မသိဘူး၊ ကျွန်မကို ပေါ်ကြောင်ကြောင် စကားတွေနဲ့ ခြောက်လှန့်မနေနဲ့၊ ရှင်ဟာ ရဲ မဟုတ်ဘူး'

'အတိုင်းအတာတစ်ခုထိ ဟုတ်တယ်'

'ရှင် ကျွန်မကိုမဟန့်တားပါနဲ့၊ကျွန်မဘာမှမပြောနိုင်ဘူး၊ ရှင် ဘယ်သူလဲဆိုတာ ကျွန်မ မသိဘူး၊ ဘာကြောင့် ကျွန်မကို နှောင့်ယှက်နေရတာလဲ၊ ရှင့်အတွက် ဝမ်းနည်းစရာနဲ့ကြုံသွားမယ်၊ သေမယ်'

ဂျူရယ်က ဘာမျှပြန်မပြော။ သူ့မျက်လုံးများ ရီဝေလာသည်။ အမျိုးသမီးအပေါ် စိတ်ပျက်မိသည်။ ခဏအကြာတွင် အမျိုးသမီးသည် နှုတ်ခမ်းများကို လျှာများဖြင့်ပွတ်လိုက်သည်။

'ကျွန်မ ဖိနပ်စီးရတော့မလား'

'ဟဲ့....ဟဲ့.... မင်းဟာ လွန်လေပြီးတဲ့အခါက ဖိနပ်မပါဘဲ သွားနေကြ မဟုတ်လား'

'ကျွန်မကို သိက္ခာမချပါနဲ့၊ အဲဒီအချိန်ကာလတွေ ကုန်ဆုံးခဲ့ပါပြီ၊ ဘယ်တော့မှ ပြန်မလာတော့ဘူး'

'ဒီမှာ....ဖရန့်၊ ပန်းခြံကားတွေ ဘယ်မှာလဲ၊ မင်း ဒီကို လာတာ ဘရှုနီးနဲ့တွေ့ပြီး ပန်းခြံကားတွေ ယူဖို့မဟုတ်လား၊ နောက်ပြီး မင့်လင်ငယ်လက်ထဲ အပ်မယ်၊ မင့်လင်ငယ်နဲ့ မင်း တစ်ကျိတ်တည်း တစ်ဥဏ်တည်း မဟုတ်လား'

'ရှင် ဘာနာဒိုကိုမသိဘူး မဟုတ်လား'

'သူနဲ့တွေ့ချင်တယ်'

'သူ့ကို မေးမလို့လား'

နယ်စားကြီးအပိုလီယိုသည် သူ့မယား သွားလာလှုပ်ရှားနေထိုင်သမျှကို ဘာမျှမသိ။ သူသည် ဒီအမှုအခင်းနှင့် ကင်းကင်းလွတ်လွတ်ရှိသည်။ ဖရန့်သည် စနစ်တကျစီစဉ်ပြီး သူ့လင်ကြီးကို

ဆံပင်နီကြောင်ကြောင်နှင့် လူတစ်ယောက်သည် အခန်းဘုင်းသို့ တစ်ဟုန်ထိုးဝင်လာ၏။ ဖရန်စစ်စတာက အော်လိုက်သည်။ ထိုလူသည် ဂျူရယ်ကို အပြင်းအထန်နှုံထိုးနှက်လိုက်သည်။ ဂျူရယ် ချာချာလည်ပြီး ပြာသွားကာ ဒယီးဒယိုင်ဖြင့် သံခုတင်တိုင်နှင့် တိုက်မိ၏။

ဝင်လာသူသည် အလွန်လျင်မြန် သွက်လက်သည်။ သူ့မျက်နှာပေါ်၌ ကန့်လန့်ဖြတ် အမာရွတ်ကြီး ရှိ၏။ လူကောင်ကြီးမားထွားကျိုင်းပြီး ရက်စက် ကြမ်းကြုတ်မည့်ပုံ ရှိသည်။ နီကျင်ကျင်ဆံပင်များကို တိုတိုညှပ်ထားသည်။

ဂျူရယ်က တောဘွတ်ကို ဖမ်းမည်လား၊ တောဘွတ်က ဂျူရယ်ကို ဖမ်းမည်လား။

စဉ်းစားရန် အချိန်မရှိ။ အသက် မသေရေး အတွက် ကာကွယ်ရမည်။ တောဘွတ်၏ လက်သီးသည် ကျောက်တုံးနှင့် ထုသလို မာကျောပြင်းထန်သည်။ ဂျူရယ် ခုတင်ပေါ်မှ တစ်ဖက်သို့ လိမ့်လိုက်၏။ ထရပ်ရန်အပြုတွင် တောဘွတ်သည် ခုတင်ပေါ်သို့ ခုန်တက်ကာ တရကြမ်းတိုက်ခိုက်သည်။

ဂျူရယ် ကြမ်းပြင်ပေါ်သို့ လဲကျသွားပြန်သည်။ သူ့အားအသက်ရှူခွင့်မပေး။ ဆက်ကာဆက်ကာ မရပ်မနား တိုက်ခိုက်နေသည်။ သူ ဒယီးဒယိုင်ဖြစ်နေ၏။ အားယူကုန်းထပြီး တောဘွတ်၏ လည်မျိုကို ထိစီမိမိထိုးလိုက်သည်။

'ဖရန်စစ်စတာ'

အမျိုးသမီးသည် နောက်သို့ ပြန်လှည့်ကြည့်ရင်း တံခါးပေါက်ဝတွင်ရပ်သည်။ သူ့လက်တစ်ဖက်တွင် ဖိနပ်များကို ကိုင်ထား၏။ သူ့ဆံပင်များက မျက်နှာတစ်ခြမ်းကို အုပ်နေသည်။ သူ၏နှုတ်ခမ်းထောင့်တွင် အောင်မြင်မှုအပြုံးစကို တွေ့ရ၏။ လူက တောဘွတ်က ဂျူရယ်ကို သေနတ်ဖြင့်ချိန်ထားပြီး ဖြစ်နေသည်။

ဂျူရယ်သည် တောဘွတ်၏ သေနတ်ပြောင်းဝကို ကြည့်လိုက်သည်။

ချောက်ထဲ ဆွဲချနေ၏။ ဂျူရယ်က အမျိုးသမီးအပေါ် လျှော့မတွက်။

နယ်စားကတော် ဖရန့်စစ်စတာအပို့ဆီယို၊ သို့မဟုတ်.... ဖရန်နီစမစ်သည် တကယ်ရာဂ ထကြွစေသည့် သူ့ရုပ်၊ သူ့ကိုယ်ခန္ဓာ၊ သူ့အသံ၊ သူ့အညို့အငင်၊ အညာအခဲ့ဖြင့် ယောကျ်ားများကို ဖမ်းစားနိုင်၏။ ပြီးတော့ ခြေသွက်လက်သွက်ဖြင့် ခွေခေါက် ရက်စက်တတ်သည်။

'ဒီမယ် ဖရန့်၊ မင်းဟာ မင်းထင်ထားတဲ့ အန္တရာယ်ထက်ကြီးမားတဲ့ မီးတောက်မီးလျှံနဲ့ ရင်ဆိုင်နေရပြီ၊ ဂျက်တောဘွတ်က မင်းကို သတ်တော့မယ်၊ သိပ်သေချာတယ်'

'ကျွန်မ ဘယ်သူ့ကိုမှ မခြောက်တတ်ဘူး'

'မင်း ငါ့ကိုကူညီမယ်ဆိုရင် ငါ မင်းကိုယ်စား သူ့ကို သတ်မယ်'

'ဘာရယ်.... ရှင်က ကြေးစားလူသတ်သမားလား'

'အလုပ်သဘောနဲ့ ရပ်တည်မှာပါ'

'တောင်ပြောမြောက်ပြော မပြောပါနဲ့'

'အတွေးမမှန်ခါနဲ့၊ ပြီးတော့... စိတ်ကူးမယဉ်နဲ့၊ မင်း ငါနဲ့ပူးပေါင်းမယ်ဆိုရင် အပေးအယူ အနည်းအကျဉ်းလုပ်ရမယ်၊ ခါပဲ'

'ရှင်.... ကျွန်မကို ဘာမှလုပ်လို့မရဘူး၊ ကျွန်မကို မထိနဲ့၊ အော်လိုက်မယ်၊ ရဲကို ဘယ်လိုပြောရမလဲလို့ ကျွန်မ စဉ်းစားနေတယ်၊ ကျွန်မအပြင်ထွက်မယ်၊ မနှောင့်ယှက်ပါနဲ့'

ဖရန့်စစ်စတာသည် သူ့ခြေထောက်ကို ခုတင်အောက်သို့ လွှဲချလိုက်ပြီး မတ်တတ်ရပ်လိုက်၏။ ဂျူရယ့်ကိုကျော်ပြီး လှမ်းကြည့်လိုက်သည်။ သူ့နှုတ်ခမ်းနှစ်လွှာ ပွင့်ဟသွား၏။ မျက်နှာဖြူဖပ်ဖြူရော်ဖြစ်သွားသည်။ ဂျူရယ်က တစ်မျိုးထင်၏။ သူနောက်ဘက်သို့လှည့်လျှင် အမျိုးသမီးက တစ်ခုခုလုပ်ဖို့ ပရိယာယ်ဆင်သည်ဟု တွက်၏။ ထို့ကြောင့် နောက်သို့လှည့်မကြည့်ဘဲ နေလိုက်သည်။ လှည့်လိုက်သော်အခါ နောက်ကျသွားပြီ။

တောဘွတ်၏မျက်နှာတွင် ချွေးများစိုရွဲနေသည်။ ကျယ်ဝန်းသော သူ့ပခုံးအစွန်းနှစ်ဖက်သည် အနည်းငယ် တုန်လှုပ်နေ၏။ သို့သော် သေနတ်ကို တည်တည်ငြိမ်ငြိမ် ကိုင်ထားသည်။

'ဆီဇာဘယ်လာရီယား ဘယ်မှာလဲ'

တောဘွတ်က တိုးတိုးတင်းတင်း မေးလိုက်သည်။

'ဟေ့....ဖရန့်၊ သူ့ကို ဘယ်မှာသွားတွေ့ရမှာလဲ'

'ငါမသိဘူး၊ နောက်မှရှင်းမယ်'

ဖရန်စစ်စတာကို မေးရင်းမှ တောဘွတ်က ဂျူရယ့်ဘက် ဖျတ်ခနဲလှည့်လိုက်၏။

'ခင်ဗျား ဆွစ်ဇာလန်က လာတာလား'

'ဟုတ်တယ်'

'အစိုးရလူလား'

'ကေ....ဌာနစိတ်က'

'ဒါဖြင့် ခင်ဗျားကို ကျုပ်သတ်ရမယ်'

'ငါ့ကိုသတ်လို့ ပန်းချီကားတွေ ပြန်ရလာမှာမဟုတ်ဘူး'

'ကျုပ် ဘာလုပ်ရမလဲ၊ ပထမဆုံး ဒီစုန်းမကို အမှုန့်ကြိတ်ပစ်ရမယ်'

ဂျက်တောဘွတ်က ဖရန်စစ်စတာကို မေးငဲ့ပြီး အော်ဟစ်ကြိမ်းမောင်းသည်။

'အယ်လန်အမ်ဘရစ်ကိုလဲ မင်း ဒီလိုပဲလုပ်ခဲ့တယ် မဟုတ်လား'

ဂျူရယ်က ကြားဖြတ်မေး၏။

'အယ်လန့်ကို မေ့ပစ်လိုက်စမ်းပါ၊ သူ့ဆီက ဘာတွေယူခဲ့တယ်ဆိုတာ ခင်ဗျား သိတယ်မဟုတ်လား'

'သိတယ်၊ အဲ့ဒါတွေဟာ မင်းအတွက် အသုံးမဝင်ပါဘူး၊ ပြန်ပေးပါ'

'တော်စမ်းပါ၊ အဲ့ဒါဟာ ကျုပ်အတွက် အသက်ကယ်ဆေးပဲ၊ ဗိုလ်မှူးပက်(ခ)လက်ထဲကို ထည့်လိုက်ပြီ၊ အဲ့ဒီစာရွက်

စာတမ်းနဲ့ပုံစံတွေဟာ သံကန့်လန့်ကာနောက်ကွယ်မှာရှိတဲ့ ခင်ဗျား နဲ့အမေါင်းအသင်းတွေအတွက် သေရေးရှင်ရေးပဲ'

လူထွားကြီးဂျက်တောဘွတ်သည် ကျဲကြီးတစ်ကောင်ကဲ့သို့ တောင့်တောင့်ကြီးရပ်နေသည်။ သူ့ကိုယ်မှ ချွေးများယိုစီးကျနေ၏။ ခေါင်းကိုမော့ပြီး နားစွင့်ထားသည်။ အခန်းတံခါးသည် ပွင့်လျက်ရှိ၏။ ဝရန်တာတစ်လျှောက်မှ ခပ်လှမ်းလှမ်းနေရာတွင် ဓာတ်လှေကားရှိသည်။ အတက်အဆင်းသံမကြားရ။ ဂျက်တောဘွတ်၏ ကုတ်အင်္ကျီသည် ကြေမွနေသည်။ ဤဝတ်စုံကိုဝတ်လျက်ညက အိပ်ခဲ့ဟန်ရှိ၏။ သူ့လည်စည်းသည် သူ၏ တုတ်ခိုင်သော လည်ပင်းတွင် လျော့ရဲရဲဖြစ်နေသည်။

'ခင်ဗျား သိပ်ကံ့ကောင်းတယ်'

တောဘွတ်က ဂျူရယ့်အား စူးစူးစိုက်စိုက်ကြည့်ပြီး ပြောသည်။

'ခင်ဗျားလျင်ပါတယ်၊ ဒါပေမယ့် ဒီကိုအချိန်မီ ကျုပ်ရောက်မလာရင် ခင်ဗျား ဘာဖြစ်သွားမလဲဆိလား'

'စာရွက်စာတမ်းနဲ့ ပုံစံတွေကို စာတိုက်ကနေ ပက်(ခ)ဆီပို့ဖို့ စီစဉ်မှာပဲမဟုတ်လား၊ ငါ့ကိုကလိမ်မကျနဲ့'

'ခင်ဗျားက မယုံဘူးကိုး၊ ခင်ဗျားပြန်ဖို့လမ်းမရှိတော့ဘူး၊ ခင်ဗျားအပေါင်းအသင်း ရောင်းရင်းတွေရဲ့နာမည်တွေ ပက်(ခ)သက်ထဲ ရောက်သွားပြီ၊ ကျုပ်ကို နတ်သံနှောပြီး အမေရိကန်မျိုးချစ်စိတ်ဓာတ်တွေဘာတွေ လာပြောမနေပါနဲ့၊ လူဆိုဘာကိုယ်ကျိုးရှာ အတ္တသမားချည်းပဲ၊ ကျုပ်လဲ ကိုယ်ကျိုးအတွက် လုပ်တာပဲ၊ ခင်ဗျားအတွက် ကျုပ်မစဉ်းစားဘူး၊ အမေရိကန်တွေ ကျုပ်ကြောင့် သုဝဏ္ဏဖန်ထံက သတ္တုဂယ်ယူရေးစီမံကိန်းပျက်စီးဆုံးရှုံးရလိမ့်မယ်၊ ဒါပေမယ့် သစ္စာမရှိတဲ့လူကောင်သေးသေး မဇ်းသားကြီးဆီက ကျုပ် မြို့မြို့မြက်မြက်ရထားပြီ'

'အားကျစရာအလုပ် မဟုတ်ဘူး'

'ဘယ်ဟာက အားကျစရာလဲ'

'မင်းလို ထက်ထက်မြက်မြက်လူငယ်တစ်ယောက်ဟာ အခု
အောက်တန်းကျတဲ့ ပန်းချီကားတွေ ခိုးယူမှုအလုပ်မျိုးတို့မိုက်မိုက်
မဲမဲ မလုပ်သင့်ဘူး၊ တစ်ဆက်တည်းမှာ တို့အမေရိကန်သတ္တုကုမ္ပဏီ
ရဲ့ လည်ပင်းကို မင်း လှီးဖြတ်လိုက်ပြီဆိုတာတို့သိတယ်၊ မင်းနောက်
ကိုတို့ နောက်ယောင်ခံလိုက်နေပြီဆိုတာလဲ မစ်းသိတာသေချာပ
တယ်၊ ပက်(ခ)ကို မင်းက လျှို့ဝှက်စာရွက်စာတန်းတွေရောင်းစား
လိုက်တဲ့အတွက် ဘာဖြစ်လာမယ်ဆိုတာလဲ သိပ်ရှင်းတယ်၊ ဖရန့်က
မင်းကို သွေးဆောင်မယ်၊ ပြီး ယမ်းပုံ မီးကျမယ်၊ မှောင်
လုပ်ငန်း လုပ်ခိုင်းတယ်၊ ပြီးတော့ မင်းကို ကြိုးစင်ပေါ် တင်ပေး
လိုက်မယ်၊ ဖရန့်စစ်စတာလို မိန်းမမျိုးပါဝင်နေတဲ့လောင်းကစား
ပွဲမျိုးမှာ မင်း ဝင်မထိုင်သင့်ဘူး'

'တော်တော့'

တောဘွတ်က အော်ဟစ်ကြိမ်းမောင်းသည်။ သူ့တစ်ကိုယ်
လုံး တဆတ်ဆတ်တုန်နေ၏။

'ခင်ဗျားပါးစပ်ပိတ်လိုက်'

'မင်း အခု ဖရန့်စစ်စတာနောက်ကို လိုက်မှာ မဟုတ်လား'

'ဟုတ်တယ်၊ ကွေ့ကွေ့ကောက်ကောက်လုပ်ရင် အားလုံး
ကျုပ်သတ်မယ်'

ဂျူရယ် စိတ်ခတ်ကျသလိုဖြစ်ရ၏။ တောဘွတ်ကို ဆုံးမရန်
မလွယ်ကူပါ။ အဆက်မပြတ် ကျရောက်နေသောလက်သီးချက်များ
မှ သက်သာရာသက်သာကြောင်းအတွက် အငြင်းအခုန်လျှော့လိုက်
သည်။

လက်သီးချက်များ ရပ်သွားသည်။ သူ့အနားသို့တောဘွတ်
ချဉ်းကပ်လာသည့်အခါ နောက်သို့လှည့်ပြီး ညာဘက်ဒူးကို ကေး
ညှတ်လိုက်သည်။ ခေါင်းနှင့်ပခုံးနှစ်ဖက်ကိုအတွင်းအားသွင်းလိုက်
ပြီး တောဘွတ်၏ ဝမ်းဗိုက်ကြီးဆီသို့ လက်သီးတစ်ချက် အားကုန်
ပစ်သွင်းလိုက်သည်။

တောဘွတ်၏ဝမ်းဗိုက်သည်ကျောက်နံရံကြီးကဲ့သို့မာကော
လှ၏။ သူ၏သေနတ်ဒဏ်ဖြင့် ရိုက်ချက်ကို လှလှကြီးခံလိုက်ရသည်း

နားအုံကို ထိသွား၏။ ဂျူရယ်က အားတင်းပြီး နောက်တစ်ချက်
ဆင့်ထိုးသည်။

နံရိုးကို ခေါင်းနှင့်တိုက်ရသလိုသာရှိ၏။ တောဘွတ်၏ရယ်သံ
ကြားလိုက်ရပြီး သေနတ်ဒဏ်နှင့် ချိန်ရွယ်သည်ကို မြင်လိုက်ရသည်။
သည်တစ်ခါ တောဘွတ်သည် သူ့ပစ်မှတ်ကို အတိအကျထိစေဖို
ရိုက်ချလိုက်သည်။

ကျောက်ပြားခင်း ကြမ်းပြင်ပေါ် ဂျူရယ်မှောက်လျက်ကျ
သွား၏။ နေ့ကထပ် ဘာမှမသိတော့။

အခန်း (၁၀)

'ဆရာ....ဆရာ....သတိရပြီလား၊ ကျွန်တော် တွဲထူမယ်၊ ထ
ထ'

တစ်ဦးတစ်ယောက်က သူ့အား တလေးတစားကိုင်လှုပ်ပြီး ကူညီဖေးမ၏။

ကြမ်းပြင်ပေါ် မှောက်လျက်ကျနေရာမှလက်ဝါးနှစ်ဖက်ကို ဂျူရှယ် အားပြုပြီး လှုပ်ရှားလိုက်သည်။အနီးမှခုတင်ဆီသို့သွားရန် ကုန်းထသည်။ ပြန်လဲကျသွား၏။ သူ့ခေါင်းတစ်ခုလုံး ကိုက်ခဲနေသည်။

လက်ချောင်းများဖြင့် ပါးပေါ်သို့အသာအယာပွတ်ကြည့်ရာ စေးကပ်နေသော သွေးများကို ထိတွေ့ရသည်။နားရွက်ကွဲအက်သွားသော ဒဏ်ရာမှ စီးကျလာသောသွေးများ ဖြစ်သည်။ သူ့အား ကူညီဖေးမသူကို အားယူကြည့်သည်။ မပီမပြင် ဝိုးတိုးဝါးတား ဖြစ်နေ၏။

'ဆယ်နာရီဆယ်မိနစ်ရှိပြီ ဆရာ၊ ဘာဖြစ်ကြတာလဲ'

သူ ခေါင်းကို ထောင်ကြည့်သည်။ အလေးချိန် နှစ်တန်လောက် လေးနေသည်ဟု ထင်ရ၏။ အခန်းစောင့်လူငယ်ကိုတွေ့ရသည်။

'မင်း ဘယ်သူလဲ'

'ပီထရိုပါ ဆရာ၊ ဆရာဝန်ခေါ်ပေးရမလား'

'မလိုဘူး၊ ငါအခုပဲ ကောင်းသွားမှာပါ၊ မတော်တဆ ဖြစ်တာ'

ဂျူရယ်သည် ကြိုးစားအားယူပြီး ထရပ်လိုက်သည်။

'မင်း ရဲကိုတော့ အကြောင်းမကြားရသေးဘူးနော်....ဟုတ်
ား'

'ဟုတ်ကဲ့၊ အကြောင်းမကြားရသေးပါဘူး ဆရာ'

'ကောင်းတယ်၊ မင်းကို ငွေတစ်ထောင်ပေးမယ်'

'ကျေးဇူးတင်ပါတယ်၊ ရေနွေးစိမ်ထားတဲ့ မျက်နှာသုတ်
ါယူပေးမယ် ဆရာ'

အခန်းတွင်း၌ ဂျက်တောဘွတ် ပွဲကြမ်းသွားသော အရှိန်
ဟုန်ရှိနေသည်။ သို့သော် ဂျူရယ်အသက်ရှင်လျက်ရှိနေသေး၏။
ပွဲသည် ပွဲဦးထွက် စိန်ခေါ်ပွဲ ဖြစ်၏။မကြာမီမကျေနပ်ပွဲ နွဲ့ရဦး
ည်။

တောဘွတ်သည် အမြဲတန်းအသာစီးရနေမည် မဟုတ်ပေ။
တောဘွတ်လိုလူမျိုးကို ဖမ်းရသည်မှာ ခွေးရူးတစ်ကောင်ကိုဖမ်းရ
သို လူကိုပြန်ပြီး အကိုက်ခံရတတ်သည်။

ဂျူရယ်၏ ဦးခေါင်းသည် တူနှင့်အထုခံထားရသကဲ့သို့ နာ
ကိုက်ခဲနေသည်။ အခန်းစောင့်လူငယ်ကရေနွေးစိမ်ထားသော
ကျာနှာသုတ်ပဝါတစ်ထည် လာပေး၏။မျက်နှာသုတ်ပဝါကို ရေ
ခန်းထဲယူသွားပြီး လည်ပင်းနှင့် နားရွက်မှသွေးများကို သုတ်
ဆေးကြောပစ်သည်။ တောဘွတ်၏လက်ချက်က အသက်ထွက်
၏။

'ဆရာ့လက်ဆွဲသားရေအိတ်အသေးလေးကျွန်တော့် ဆီမှာ
ယ်၊ မုတ်ဆိတ်ရိတ်ဓားလဲ....'

ဂျူရယ်က ပီထရိုတို ကြုံည့်လိုက်သည်။

'စောစောပိုင်းကကာမီလာကို ဆရာ့ရှပ်အင်္ကျီတွေအပို့ခိုင်း
ကိုတယ် ဆရာ'

'အေး....ရတယ်၊ အဲဒီဝတ်စုံ ငါ့အခန်းထဲမှာရှိတယ်'

'ဟုတ်ကဲ့....ဆရာ'

'ငါ့အခြေအနေ ကောင်းသွားပါပြီ၊ ကျေးဇူးတင်တယ်
ရှိ၊ ဒါနဲ့ လွန်ခဲ့တဲ့ တစ်နာရီလောက်က နယ်စားကတော် ဒီး
ပိုလီယိုကို ဒီဟိုတယ်ထဲမှာ မြင်မိလိုက်သလား'

'သူဌေးကြီးရဲ့မိန်းမလား၊ သူ့ကို အားလုံးမြင်လိုက်ကြပါ
တယ်၊ သူဒီအခန်းကိုလာသေးတယ်၊ နောက်ပြီး ဧည့်ကြိုခန်းထဲမှာ
တွေ့ခဲ့တယ် ဆရာ၊ စာတိုက်ကလာတဲ့ စာတွေ၊ ပါဆယ်တွေ ရွေ
နေတယ်၊ သူ့ယောကျ်ားအတွက် ပါဆယ်နဲ့တူတယ်'

ဂျူရယ်သည် လူငယ်အား ငေးစိုက်ကြည့်လိုက်သည်။

'နယ်စားကတော် ရွေးချယ်ယူသွားတဲ့ ပါဆယ်က ဘယ်
အထုပ်မျိုးလဲ'

'ပြားပြား အထုပ်ကြီး၊ အတော်ကြီးတယ်'

လူငယ်သည် အထုပ်အရွယ်အစားကို လက်နှစ်ဖက်ဖြင့်ဝိုင်း
သည်။ ဂျူရယ်က စိတ်ဝင်တစားနားထောင်နေသဖြင့်လူငယ်သည်
သူ့အား တအံ့တသြကြည့်နေ၏။

'တစ်ပွေ့တစ်ပိုက်ကြီး ယူသွားတယ်၊ လိုက်ပြီး လုချင်စိတ်
တောင် ပေါက်တယ်'

'ဟုတ်လား'

'သူ့ရင်ဘတ်ထဲမှာ ပိုက်သွားတယ်၊ ကွဲတတ် ရှတတ်
ပစ္စည်းလားမသိဘူး'

ဂျူရယ်က ခပ်တိုးတိုးရယ်လိုက်၏။

'မင်း သူ့ကိုမကြောက်ဘူးလား'

လူငယ်က မဝံ့မရဲပြုံးပြီး ခေါင်းညိတ်သည်။

ဂျူရယ်က လူငယ်အား ပိုက်ဆံထပ်မေးလိုက်ပြီး အော
ဆုံးထပ်သို့ ဆင်းလာခဲ့သည်။ ဖရန်စစ်စတာ ထွက်သွားသည်
အတော်ကြာပြီ။ တောဘွတ်၏ အရိပ်အခြည်ကိုလည်း မတွေ
တော့။

သူသည် ဒိုင်ယာဒါအား ဆယ်မိနစ်အတွင်းလာခဲ့မည်
တယ်လီဖုန်းထဲမှ ပြောခဲ့သည်မှာ တစ်နာရီခန့်ကြာခဲ့လေပြီ။ ဒိုင်
ယာဒါ သူ့အခန်းတွင်မရှိတော့။ ဧည့်ခံကြိုဆိုရေးကောင်တာ
စာရေးမက စင်တာလူစီကာဆိပ်ကမ်းကို လိုက်သွားပါဟု လ
ညွှန်ပေး၏။ ဂျူရယ်သည် စားသောက်ဆိုင်များတန်းစီနေသော
ဆိပ်ကမ်းလမ်းအတိုင်း ဖြတ်လျှောက်လာခဲ့သည်။

နယ်ပယ်မြို့သည် ပူလောင်လှသော နေရောင်အောက်တွင်
ဆူဆူညံညံဖြင့် စည်ကားနေ၏။ သစ်ပင်များ ဝိုင်းရုံသားသော
ဆိပ်ကမ်းလမ်းမကြီးတစ်လျှောက်တွင် မော်တော်ကားများပြည့်
ကျပ်နေသည်။ စင်တာလူစီကာ ကမ်းခြေတစ်လျှောက်တွင်မူ ရွက်
လှေများလွင့်မျောနေသည်။

ရွက်လှေပြိုင်ပွဲကြည့်ကြမည့်သူ အတော်များများ ရောက်
နေကြသည်။ အများအားဖြင့် ယောကျ်ားများဖြစ်ကြပြီး နှုတ်
ခမ်းနီပါးနီဆိုးထားသော အမျိုးသမီးအနည်းငယ်သာ တွေ့ရ
သည်။ သဲသောင်စပ်တွင် ဓာတ်ပုံရိုက်နေကြသည်။ ပျက်စီးနေ
သော ရှေးဟောင်းဆိပ်ခံကြီးနှင့် ကျောက်တုံးမုခ်ဦးကြီးတစ်ခုကို
နောက်ခံပြုပြီး ဓာတ်ပုံရိုက်ကြ၏။ စံပြမယ်များသည် ရေကူးဝတ်စုံ
လက်တစ်ဝါးစီလောက်ဖြင့် ကိုယ်ဟန်အမျိုးမျိုး ပြနေကြသည်။

ဓာတ်ပုံဆရာများအသုံးပြုသော ရောင်ပြန်အပြားကြီးများ
မှ ဝင်းဝင်းလက်လက် အလင်းတန်းများသည် မျက်စီကျိန်းစပ်
ဖွယ်ဖြစ်နေ၏။ အစားအသောက်များရောင်းချသော စားပွဲရှည်
ကြီးတွင် အမျိုးသား၊ အမျိုးသမီးများ ဝိုင်းအုံနေကြသည်။

ဂျူရယ်သည် ရောမမြို့ရုပ်ရှင်နယ်မှ ကမ္ဘာကျော် ရုပ်ရှင်
မင်းသား၊ မင်းသမီးများကိုသိ၏။ ပုပုဝဝနှင့် ကွတတ လမ်း
လျှောက်တတ်သူ ဒွန်အန်ဂျလိုသည် မိန်းမသုံးယောက်နှင့် တစ်
အိမ်တည်းမှာ အတူနေသည်ဟု သတင်းဖြစ်ခဲ့၏။ သူသည် အီတလီ
အနုပညာရုပ်ရှင်ကားများ ထုတ်လုပ်သူဖြစ်သည်။ ကီန်းရုပ်ရှင်
ပွဲတော်မှ ဆုချီးမြှင့်ခြင်းခံခဲ့ရသည်။ နောက်တစ်ဦးမှာ ပက်ထရယ်
လီဖြစ်သည်။ သူသည် အရပ်ရှည်ရှည် ဒါရိုက်တာတစ်ဦးဖြစ်၏။
ဆိုက်ဝေါ့ရှဲဒိုးဇာတ်ကားကို သူ ရိုက်ကူးခဲ့သည်။

ဂျူရယ်သည် ကျောက်လှေကားထစ်များအတိုင်း ရေစပ်
သဲသောင်ပြင်ဆီသို့ ဆင်းလာခဲ့သည်။ ဆူဆူညံညံ စားနေကြ၊
သောက်နေကြသော လူအုပ်များကြားမှဖြတ်လာရင်း ဒိုင်ယာဒါ
ကိုရှာသည်။

ဒိုင်ယာဒါသည် အနီရောင်စားပွဲအသေးလေးတစ်လုံးတွင် အလုပ်လုပ်နေ၏။ သူ၍ဦးခေါင်းသည် မှတ်စုစာအုပ်ပေါ်သို့ ငုံထားသည်။ သူ့ကို ရုတ်တရက်မြင်လိုက်ရသောအခါ ဂျူရယ့် ရင်ထဲတွင် လှိုက်ဖိုသွား၏။ တစ်ဆက်တည်းပင် ဝမ်းသာပြီးတက်ကြွလာသည်။ သူ့ဘဝတွင် မိန်းမပေါင်းများစွာဖြင့် ကြုံတွေ့ခဲ့ဖူး၏။ သို့သော် ဒိုင်ယာဒါလိုမိန်းမပျိုက ရှားလှသည်။

အီတလီရှင်ရှင်ဒါရိုက်တာတစ်ဦးသည့် ရှေးဟောင်းဆိပ်ခံပျက်ကြီးကို နောက်ခံပြုထားသည့် စံပြမယ်များနှင့် မျက်နှာဖုံးတပ်ဆင်ထားသူများကို အော်ဟစ်ညွှန်ကြားနေ၏။ ဒိုင်ယာဒါ မော့အကြည့်တွင် ညိုညစ်ညစ်သဲသောင်ပြင်ကို ဖြတ်လျှောက်လာသည့် ဂျူရယ်ကိုမြင်သွားသည်။

သူတို့နှစ်ဦး ပြန်လည်ဆုံတွေ့လိုက်သည်နှင့် တစ်ဦးကိုတစ်ဦး မျက်တောင်မခတ်ဘဲ တစိမ့်စိမ့် ကြည့်နေကြသည်။ ရှုမဝသော အပြုံးများ ယှက်သန်းသွား၏။ ဒိုင်ယာဒါက ဆံပင်ကို သပ်သပ်ရပ်ရပ်ဖြီးပြီး လည်ကုပ်ပေါ်တွင် စုချည်ထားသည်။ ရတနာများ စီခြယ်ထားသော နားကွင်းကနေ နေရောင်တွင် တဖျပ်ဖျပ် အရောင်တောက်နေ၏။ သူ့လက်ကိုမြောက်လိုက်ပြီး ထမည်အပြုတွင် သူ့အနားသို့ ဂျူရယ်ရောက်သွားသည်။

'ဆမ်....အို....ဆမ် ကျွန်မရှုးသွားပြီလားဟင်၊ ကျွန်မနှလုံးသွေးရပ်သွားသလို ခံစားရတယ်အချစ်ရယ်'

'ကိုယ်လည်း ထိုနည်းလည်းကောင်းပါ၊ မင်း သိပ်အံ့အားသင့်သွားလားအချစ်'

'ကျွန်မရင်ခုန်သံတွေ သိပ်ကိုမြန်နေပါတယ် အချစ်ရယ်၊ ဒါနဲ့ နားရွက်မှာဘာဖြစ်တာလဲ'

ဂျူရယ် သူ့နားရွက်ကိုသူ ကိုင်ကြည့်သည်။

'သွေးပြန်ထွက်နေလား'

'ကြောင်ကုတ်သွားတယ်နဲ့တူတယ်၊ ကြောင်မလေး ဖရန့်လေ....'

'မင်းပြောတာ ဟုတ်သယောင်ယောင်ပဲ'

'မောင် သူ့ကို အရင်သွားတွေ့တယ်ပေါ့ ဟုတ်လား၊ ကျွန်မကတော့ စောင့်လိုက်ရတာ၊ မျှော်လိုက်ရတာ နောက်ဆုံးတော့....'

'ဟုတ်တယ်အချစ်'

'အမြဲတမ်းပဲ ကျွန်မအရှုံးပေးရပါတယ်၊ အချစ်ဝတ်တဲ့မိန်းမပါ'

ဒိုင်ယာဒါ့ မျက်နှာပေါ်တွင် ပန်းနုရောင် ယှက်သန်းသွား၏။

သူသည် ဤကမ္ဘာပေါ်တွင် ဂျူရယ့်အတွက် ကျက်သရေအရှိဆုံး မိန်းမပင်။ ဂျူရယ်က လက်လှမ်းပေးလိုက်သည်။ ဂျူရယ့်လက်ကိုဆုပ်ကိုင်ပြီး သူ ထလိုက်၏။

'ဘယ်ကိုသွားကြမလဲ ဆမ်'

'တစ်နေရာရာပေါ့၊ စားရင်းသောက်ရင်း စကားပြောကြရအောင်'

'စကားလက်ဆုံ ပြောမကုန်ပေါ့'

'ချစ်လို့လဲ မကုန်ဘူးလေ'

သူက ရယ်လိုက်သည်။ ဒိုင်ယာဒါအကြောင်းကို အစအဆုံးသူနားလည်၏။ စိတ်သဘောထားက ဖြူစင်အေးမြ ရှင်းသန့်သည်။

'တို့အတွက် မင်းရဲ့အကူအညီ လိုနေတယ်၊ ဒီအလုပ်ကို ခဏထားခဲ့လို့ ရမလား'

'ရပါတယ်၊ အမေရိကန်ကိုပို့ဖို့ အထူးဆောင်းပါးအတွက် မှတ်စုရေးနေတာပါ'

သူသည် ဂျူရယ်၏လက်မောင်းကို ဆွဲဖက်ပြီး သူ့ရင်ဘတ်ပေါ် ဖိကပ်ထားလိုက်၏။ နူးညှံ့အိစက်သော သူ့ရင်သားပြည့်ပြည့်ကို ဂျူရယ် သတိထားမိလိုက်သည်။

'မောင့်အလုပ်နဲ့ပတ်သက်လို့ ကျွန်မဘာကူညီရမလဲ... ဟင်'

'ပြောပါ့မယ်'

'မောင်နဲ့ချစ်ခဲ့ကြတဲ့ ချစ်ခရီးတစ်လျောက်လုံးမှာ တကယ့်ဘဝရဲ့ အဖြင်ဘက်ကပဲ ကျွန်မတို့ဆက်ဆံခဲ့ကြပါတယ်၊ လုပ်ငန်းနဲ့ မပတ်သက်အောင် ရှောင်ကြဉ်ခဲ့ကြတယ်၊ အခု.... မောင့်အလုပ်အတွက် အကူအညီတောင်းတယ်ဆိုတာ ကျွန်မဖြင့် အိပ်မက်,မက်နေသလိုပါပဲ အချစ်ရယ်'

'အချစ်ကိုမထိခိုက်စေချင်တဲ့ မေတ္တာစေတနာပါ'

'ဒီလိုတော့ မဟုတ်ဘူး၊ မောင်နဲ့ကျွန်မဟာ တစ်သားတည်းလေ'

'ဆိုပါတော့၊ သိချင်တာလေးတစ်ခု ရှိလို့ပါ'

'မောင့်အလုပ်ထဲ ကျွန်မ ပါဝင်ရမှာလား'

'မောင့်အလုပ်ထဲ အချစ်ကိုယ်တိုင်,မပါဝင်ရဘူး၊ အန္တရာယ်များလွန်းတယ်၊ ကိုယ် ဘာတွေ လုပ်နေတယ်ဆိုတာကို မမြင်စေ၊ မသိစေချင်ဘူး၊ နှစ်ဦးစလုံးအတွက် ရန်များတယ်'

ဂျူရယ်သည် ပက်(ခ)ကို သတိရလိုက်မိသည်။ သည် ချက်လူမျိုးကြီးသာ ဒိုင်ယာဒါကို တွေ့မြင်သွားလျှင် အန္တရာယ်ကြီးနိုင်၏။ သည်အဖြစ်မျိုးကို အရောက်မခံနိုင်၊ မိမိအလုပ်နှင့် ကင်းဝေးရာတွင် ဒိုင်ယာဒါကို ထားလိုသည်။ ကိုယ့်ဘဝပေး လုပ်ငန်းကြောင့် ဒိုင်ယာဒါကို လက်လွှတ်ဆုံးရှုံးနိုင်၏။ သူ့အား ရွေးချယ်ခွင့် ပေးရမည်။

အယ်လန်အမ်းဘရစ် သေရပုံကို ဂျူရယ် တွေးမိပြန်သည်။ အယ်လန့်အဖြစ်မျိုး ဒိုင်ယာဒါသာ ကြုံတွေ့ခဲ့လျှင် သူ့အဖို့ မည်မျှဝမ်းနည်းစရာ ဖြစ်မည်နည်း။ အသက်ထက်ဆုံး ပျော်ရွှင်နိုင်တော့မည် မဟုတ်။

သူသည် ဒိုင်ယာဒါ၏ လက်ကိုဆွဲပြီး ပင်လယ်ကမ်းနဖူးပေါ်သို့ တက်လာခဲ့သည်။ အငှားကားတစ်စီး ရှာကြည့်၏။ မတွေ့။ သူတို့နှစ်ယောက် လမ်းလျောက်လာကြသည်။ ရပ်ကွက်တစ်ကွက် ကျော်လောက်တွင် စားသောက်ဆိုင်တစ်ဆိုင် ရှိ၏။ ဒိုင်ယာဒါ အနည်းငယ် လှုပ်ရှားနေသည်။

'အခုလို ကိုယ်နဲ့အတူတွဲသွားနေရင် အချစ်အတွက်အန္တရာယ်ရှိတယ်'

'ကျွန်မ မကြောက်ပါဘူး၊ သေအတူ ရှင်မကွာပေါ့၊ မောင် ဘယ်လိုအဖြစ်မျိုးနဲ့ ကြုံတွေ့ရင်ဆိုင်နေရလဲ၊ မောင်နဲ့အတူ ရှိနေချင်တယ်၊ ယုံလား'

'ရင်ခုန်ရတဲ့ထိ ယုံတယ်'

ဒိုင်ယာဒါသည် သက်ပြင်းတစ်ချက် ချလိုက်၏။

'ဟုတ်တယ်၊ ကျွန်မတို့ အရင်လိုပဲ နေကြမယ်၊ ကျွန်မချောက်ချားစရာအိပ်မက်တွေ မက်မိတယ်၊ တစ်ခါတစ်ရံ တွေးတောင် မတွေးရဲဘူး၊ မောင်ရှိတဲ့နေရာ၊ မောင်အလုပ်လုပ်နေတဲ့နေရာနားမှာ ကျွန်မရှိနေမှာပါ'

'ကိုယ့်မှာ တာဝန်ရှိပါတယ် အချစ်ရယ်'

'ဒီမှာ....မောင်၊ မောင်ဟာ ဘာကြောင့် ဒီလုပ်ငန်းထဲမှာ ရှိနေရတာလဲ၊ ဘာကြောင့် သာမန် မော်တော်ကား အရောင်းအဝယ်သမား တစ်ယောက်လို၊ ကြော်ငြာ ကိုယ်စားလှယ် တစ်ယောက်လို မနေနိုင်ရတာလဲ၊ အဲဒီလိုသာနေမယ်ဆိုရင် ကိုယ့်အိုးကိုယ့်အိမ်နဲ့၊ နောက်ပြီး သားတွေသမီးတွေနဲ့....'

ဒိုင်ယာဒါသည် စကားကို ခဏရပ်လိုက်သည်။ ပြီးတော့ဝမ်းနည်းသံဖြင့်....

'ခုတော့ မောင့်အလုပ်က တစ်မျိုးဖြစ်နေတယ်၊ မောင့်ဘာဝန်က လူသတ်ရတဲ့အပိုင်း ဖြစ်နေတယ်၊ ဒီဘဝကို မောင်မမုန်းဘူးလား၊ ကျွန်မ ငိုချင်တယ် မောင်ရယ်'

သူတို့နှစ်ဦးသည် တာပေါ်လင် အပိုးကလေးအောက်ရှိသစ်သားစားပွဲကလေး၌ ဝိုင်ယာကြီးများဖြင့် ရက်ယှက်ထားသောကုလားထိုင်များတွင် ထိုင်လိုက်ကြသည်။ ဂျူရယ်က ဘီတလီအရက်မှာ၏။ အချိန်စောသေးသည့်အတွက် ကဖီးဆိုင်များတွင် လူသူရှင်းသည်။ ပလာဇာမစ်တိုရီယာ အနီးတစ်ဝိုက်မှာသာ စည်စည်ကားကား တွေ့ရ၏။

သူတို့သည် ကမ်းနဖူးပေါ်မှ လမ်းကိုကျော်ပြီး နယ်ပယ်ပင်လယ်ကွေ့တွင်းသို့ လှမ်းမျှော်ကြည့်နေမိကြသည်။ အပြာရောင်ပင်လယ်ပြင်သည် နေရောင်အောက်တွင် ရွှင်မြူးတောက်ပနေ၏။ အပျော်စီး ခရီးသည်တင် သင်္ဘောကလေးတစ်စင်းသည် အီချိတာဘက်မှ ခုတ်မောင်းလာနေသည်။ ဗီဆူပီးယပ် တောင်ထွတ်သည် မြူမှုန်များအကြားမှ မိုးကောင်းကင်ဆီသို့ ထိုးထွက်နေ၏။

'ကြည့်နူးစရာ ကောင်းတယ်နော် ဆမ်၊ ဒီနေရာမျိုးမှာ ဒီလိုဆုံတွေ့ရလိမ့်မယ်လို့ အိပ်မက်တောင် မမက်ဘူး၊ ကျွန်မနဲ့ ဆမ် အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ အတူနေဖို့ တယ်တော့များမှ ဖြစ်နိုင်ပါ့မလဲနော်'

'ကိုယ်လဲ လူသားတစ်ယောက်ပါ ဒိုင်ယာဒါ၊ တစ်ခါတစ်ခါတော့ ကိုယ့်အလုပ် ကိုယ်စိတ်ကုန်မိပါတယ်၊ ဘာပဲဖြစ်ဖြစ် တစ်နေ့တော့ ဖြစ်လာမှာပေါ့ အချစ်ရယ်'

ဂျူရယ်က သူ့ဆန္ဒကို ပြောပြသည်။

'မောင့်မှ အိမ်နဲ့ဇာတိနိုင်ငံကိုတော့ လွမ်းတတ်ပါသေးတယ်နော်၊ သာမန်ပြည်သူတွေလို ကျွန်မတို့ အတူတူမနေနိုင်ကြဘူးလား'

ဒိုင်ယာဒါ ဘာကိုရည်ရွယ်ပြီးပြောသည်ကို ဂျူရယ် နားလည်နိုင်ပါ၏။ သူ နိုင်ငံတကာသို့ လုပ်ငန်းတာဝန်နှင့်သွားနေစဉ် နောက်ပိုင်းတွင် ကျန်ရစ်ခဲ့သော အိမ်သူ အိမ်သားများက ရင်တမှမ၊ မျှော်တလင့်လင့်ဖြင့် နေရသော ဘဝမျိုးကို စိတ်ကုန်သလိုဖြစ်ရ၏။ သို့သော် အေးချမ်းသာယာသော အရပ်သူ အရပ်သားများဘဝသို့ ပြန်ရောက်မည်၊ မရောက်မည်ကိုသူမသိ။ ကံကြမ္မာကိုသာ ရှိးမယ်ဖွဲ့ရတော့မည်။

ဒိုင်ယာဒါသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ဖန်ခွက်ကို နှုတ်ခမ်းနှင့်တေ့လိုက်ကာ စိုင်တစ်ကျိုက်မြုံ့လိုက်သည်။ နောက်ပြီး အဝေးဆီမှ ပင်လယ်တမ်းခြေ မှုန်ဝါးဝါးကို ငေးငိုင်ကြည့်နေသည်။

ကမ်းပေါ်မှ ကားသံများကို တိုးညင်းစွာကြားရသည်။ သူနှင့်အတူမို့ ထီးအမိုးကလေးအောက်တွင် အရိပ်ခိုရသည်မှာလိုက်ဂူကြီးတစ်ခုအတွင်းဦ နေထိုင်ရသကဲ့သို့ပင် အေးချမ်းလှသည်။

ဂျူရယ်သည် တောဘွတ်က သူ့အား ရက်ရက်စက်စက်ထိုးကြိတ်သတ်ပုတ်ခဲ့သည့်အဖြစ်ကို မြင်ယောင်မိလာပြန်သည်။ ထိုပုံရိပ်ကို အတင်းပယ်ဖျက်ပစ်လိုက်ရသည်။

'ဒီမှာ မောင်'

ဒိုင်ယာဒါက စကားစလိုက်သည်။

'မောင် ဘာသိချင်တာလဲ၊ ကျွန်မ ဘယ်လို ကူညီရမှာလဲ၊ နယ်စားကတော် ဒီးအပိုလီယိုအကြောင်းပြောပြရမှာလား၊ အလွန်မှုန်းစရာကောင်းပါတယ် မောင်ရယ်'

'သူ့ကို တကယ်ပဲ အချစ်မုန်းသလား'

'အောက်ကျနောက်ကျခံပြီးသွားတွေ့လို့တော့မဖြစ်နိုင်ဘူး၊ သူ ဘယ်လောက် ချမ်းသာ ချမ်းသာ ကျွန်မနဲ့ မဆိုင်ဘူး၊ ပြဒါးစာစ်လမ်း သံတစ်လမ်းပဲ၊ ဖရန်စစ်စတာနဲ့စကားပြောရမှာ ကျွန်မအတွက်တော့ အရည်ရောအဖတ်ပါ မရနိုင်ဘူး၊ မောင် သူနဲ့တွေပြီးပြီ မဟုတ်လား၊ ညစာအတူစားပြီးကြပြီလား'

'တွေ့ဖူးရုံလောက်ပါ'

'အနီးကပ် ဆက်ဆံကြည့်ရင် ထူးခြားပါလိမ့်မယ်၊ အပြောကောင်းတယ်၊ စွဲဆောင်မှု ပြည့်စတယ်၊ ဆန္ဒပြင်းထန်တယ်၊ အတွေ့ကြီးတယ်၊ အားလုံးကို အနိုင်ယူချင်တယ်၊ စည်းစိမ်ချမ်းသာနဲ့ စိမ်ခံရမယ်ဆိုရင် ဘနဖူး သိုက်တူးမယ့် မိန်းမပါ'

'ကိုယ် နားလည်နိုင်ပါတယ်'

'နယ်စားကြီး ဘာနာဒိုအမိုလီယိုကိုကော မောင်သိရဲ့လား'

'ခုထိမတွေ့ဖူးသေးဘူး'

'နယ်စားကြီးက လူစိမ်းသူစိမ်းဆိုရင် ဘယ်သူ့ကိုမှလက်ခံပြီး မတွေ့ဆုံဘူး၊ ရန်ငြိုးရန်စတွေများတယ်၊ ကျောင်းတော်ကနေစလို့ ဆိုပါတော့၊ ဘယ်လာရီးယားဆွေစဉ်မျိုးဆက်နဲ့လက်ဆင့်

ကမ်းလာတဲ့ ရှန်ပွဲတွေ အဆက်မပြတ် ဆင်နွဲခဲ့တယ်၊ ခုချိန်ထိပါပဲ
ဒီအကြောင်းတွေ ဆမ်သိရဲ့လား'

'တချို့တစ်ဝက် သိထားတယ်'

'ဘယ်လာရီးယားညီအစ်ကိုသုံးယောက်ရှိတယ်၊ အကြီးဆုံး
အစ်ကိုက ရက်ဖီးလ်တဲ့၊ အိုင်ဆိုလာဖီလီဘာနိုကျွန်းပေါ်မှာနေထိုင်
ပြီး ငါးဖမ်းလုပ်ငန်းလုပ်တယ်၊ နောက်တစ်ယောက်က ဘရှုနိုးတဲ့
သူက ဒုတိယလူ၊ ရန်လိုတယ်၊ အမုန်းတရား အစွဲအလန်း ကြီး
တယ်၊ အငယ်ဆုံးကတော့ ဆီဇာတဲ့၊ ရိုင်းစိုင်းတယ်၊ ကြမ်းတမ်း
တယ်၊ ရှေးဟောင်းပစ္စည်း တူးဖော်ရေးသမားပဲ၊ ဂန္ဆဝင်မြောက်
လက်ရာ ရောင်းဝယ်ရေး ပွဲစားပေါ့'

'အနုပညာလက်ရာစုဆောင်းသူလား'

'မဟုတ်ဘူး၊ တူးဖော်သူ၊ ရှေးဟောင်းပစ္စည်းပြုပြင်ရောင်း
ဝယ်သူ'

'ဆက်ပြောပါဦး'

'ရှိသေးတယ်၊ ကျွန်မတို့ရဲ့အချစ်တော်၊ နယ်စားကြီး အ
လီယိုရဲ့မယား ဖရန့်၊ သူက သူ့လင်ရဲ့အကြီးဆုံးရန်သူဖြစ်တဲ့ ဆီဇာ
ကိုမှ ရှေးချယ်ပြီး အတူအိပ်နေတယ်လေ၊ ဒီအမျိုးသမီးဟာ ဂုဏ်
သိက္ခာမဲ့တယ်၊ နာမည်ပျက်တယ်'

'အဲဒီအကြောင်း အပိုလီယိုသိလား'

'သူ မသိနိုင်ဘူး၊ ဖရန့်က ခြေရာဖျောက်ထားတယ်'

'သေချာတယ်နော်'

'အပိုလီယိုသိရင် အပိုင်းပိုင်း ခုတ်ထစ်ပြီး ငါးစာကြွေးပ
လိုက်မှာပေါ့'

ဒိုင်ယာဒါက သူ့စကားသူ သဘောကျပြီး ရယ်လိုက်ထော
သည်။

'အပိုလီယိုဟာ လူချောလူခန့်၊ ပညာတတ်၊ ဒါပေမယ့်သူ
မှာ အကျင့်စရိုက်တစ်ခုရှိတယ် ဆမ်၊ အဲဒီအကျင့်စရိုက်ကြောင်
ဝမ်းနည်းစရာအဖြစ်တွေ ပေါက်ကွဲ ပြန့်ကြဲခဲ့ရတယ်'

'နောက်ဆုံးမှာ အားလုံးကို အပိုလီယိုသိသွားတယ် မဟုတ်
လား'

'သူ မသိဘဲ အမြဲတန်းနေပါ့မလား'

'အပိုလီယိုဟာ ရှေးဟောင်း အနုပညာလက်ရာ မြတ်နိုးပြီး
စုဆောင်းတယ်ဆိုတာ ဟုတ်လား'

'သူခိုးလို့ ပြောချင်တာလား၊ ဒါမှမဟုတ် ခိုးရာပါ ရှေး
ဟောင်း အနုပညာပစ္စည်း လက်ခံသူလို့ စွဲချက်တင်ချင်တာလား
မောင်'

ဒိုင်ယာဒါ ခေါင်းခါလိုက်၏။

'ဒီလိုမဟုတ်ပါဘူး၊ ဆမ် သူ့နောက်လိုက်ရင် လမ်းလွဲသွား
ထိမ့်မယ်၊ မဖြစ်နိုင်ဘူးလို့ ကျွန်မပြောတယ်'

ဂျူရယ်က ဒိုင်ယာဒါ့ထင်မြင်ချက်ကိုလက်ခံသည်။ သို့သော်
သူ၏စီဘ်ထဲ၌ စနိုးစနှောင့်တော့ရှိနေသည်။ သူ တယ်သွားရမည်ကို
အတိအကျ မဆုံးဖြတ်ရသေး။ အစီအစဉ်မရှိသေး။ ဒိုင်ယာဒါက
သူ့လက်ကို ကိုင်လိုက်သည်။ ဂျူရယ်က သူ့ဆန္ဒကို ပြောပြ၏။

'အပိုလီယို့အပေါ် ကိုယ့်ဘာသာကိုယ် အကဲခတ် ဆုံးဖြတ်
ရင်တယ်၊ အချစ်ပြောတာ အများကြီး အထောက်အထား ရပါ
တယ်'

'ဟုတ်တယ်၊ ဒီဒေသကို ကျွန်မတို့ရောက်နေကြပြီပဲ၊ မနက်ဖြန်
ဆိုရင် အပိုလီယိုကို အိုင်ဆိုလာဖီလီဘာနိုကျွန်းပေါ်မှာတွေ့နိုင်ပြီ၊
ကနေ့ မွန်တီကက်ပိုလီမှာ ရှိနေတယ်၊ ရှေးဟောင်းဘုရားကျောင်း
မှာ အလုပ်လုပ်နေတယ်'

'နယ်စားကြီး ကေစာကျင့်တယ်ဆိုတာ အမြဲတမ်းပဲလား
အချစ်'

'အဲဒီလို ဟုတ်မယ်မထင်ဘူး၊ ဘာပဲဖြစ်ဖြစ်လေ၊ မောင်
နယ်စားကြီးနဲ့ သွားမတွေ့စေချင်ဘူး'

'အိုင်ဆိုလာဖီလီဘာနိုကျွန်းပေါ်က စောင့်နေမယ် ဆိုရင်
ကော....'

ဒိုင်ယာဒါက ဘာမှပြန်မပြောဘဲ ဂျူရယ်ကိုသာ ငေးကြည့်နေ၏။ အတန်ကြာမှ....

'တွေ့နိုင်ပါလိမ့်မယ် မောင်'

'အိုင်ဆိုလာကို ကိုယ်လာရင် ပင်လယ်ကမ်းခြေ သဲသောင်ပြင်ပေါ်မှာ တလှုပ်လှုပ်တရွရွ သွားလာနေကြတဲ့သူတွေကြားထဲက ဖြတ်ကျော်လာခဲ့ရမှာလား'

'အဲ့ဒါ ကျွန်မမသိဘူး၊ မောင့်ကို အန္တရာယ်ဖြစ်စေမယ်နည်းနဲ့တော့ ကျွန်မမကူညီချင်ဘူး၊ ဆမ့်အပေါ် ကျွန်မ ဘယ်လောက်ချစ်တယ်ဆိုတာ မောင် နားလည်နိုင်ပါလိမ့်မယ်၊ မောင့်အလုပ်ကို ကျွန်မ မမေးချင်ဘူး၊ အကောင်းဆုံးကူညီမယ်၊ ဒါပဲမောင်'

'ကိုယ်ပြောမပြပေမယ့် အချစ်သိနေပါတယ်'

'ကျွန်မက မိန်းမသားတစ်ယောက်ပါမောင်၊ ဒါကြောင့် မိန်းမစိတ်တော့ရှိပါတယ်၊ ဖရန့်ကို ဘာကြောင့် မောင်စိတ်ဝင်စားနေတာလဲ၊ အိုင်ဆိုလာဖီလီဘာနိုကို ကျွန်မ မသွားသေးဘဲ မောင်မသွားရဘူး၊ ဒါဟာ ကျွန်မဆန္ဒ၊ ကျွန်မဆီကအကူအညီလိုတယ်ဆိုရင် ကျွန်မနဲ့အတူသွားပါ'

ဂျူရယ် အောင့်သက်သက်ဖြင့် ပြုံးလိုက်၏။

'ဒီည စင်တစ်စီမှာပဲ အချစ်ရှိနေဦးမှာလား'

'မောင် ကျွန်မကိုချိန်းဆိုနေတာလား'

'ဟုတ်တယ်'

'ကောင်းပြီလေ၊ ဒါပေမယ့် ကျွန်မ နယ်ပယ်မှာ ရှိတော့မယ်မထင်ဘူး၊ ကျွန်မတို့တစ်ဖွဲ့လုံး မွန်တီကက်ပိုလီကို ရွှေ့ကြမယ်၊ ဒီည အဲ့ဒီမှာ အချို့အခန်းတွေ ရှပ်ရှင်ရိုက်ကြမယ်၊ အဲ့ဒီကမှ အိုင်ဆိုလာဖီလီဘာနိုကိုသွားကြမယ်'

ဂျူရယ် စဉ်းစားလိုက်သည်။

'ဆီဇာဘယ်လာရီယာ အလုပ်လုပ်နေတဲ့ ရှေးဟောင်းဘုရာကျောင်းပျက်ကြီးက ဘယ်နေရာမှာရှိလဲ'

'မျက်စိထဲမြင်အောင် ပြောရရင် လူသူအရောက်အပေါက်ဆုံးတဲ့ တောင်ကြီးတစ်ခုပေါ်မှာပါ၊ ခရီးသွားဧည့်သည်တွေ ဆွဲဆောင်မှုမရှိတဲ့ တောကြီးတောင်ကြီးထဲမှာပါ'

'အချစ်တို့ကင်မရာအဖွဲ့ကို ဒီည အဲဒီမှာရှိတဲ့ နောက်ခံရှုခင်းတွေကို လာပြီးရှပ်ရှင်ရိုက်အောင် ဆွဲဆောင်နိုင်ရင် သိပ်ကောင်းပါ'

ဒိုင်ယာဒါသည် ဂျူရယ်ကိုငေးကြောင်ပြီးကြည့်နေရာမှ....

'ဘာကြောင့် အဲဒီကို မောင်သွားချင်နေရတာလဲ'

'အတိအကျတော့ မဟုတ်ပါဘူး၊ နှံ့နှံ့စပ်စပ် လေ့လာချင်ပါ'

ဒိုင်ယာဒါသည် သူ့အား အကဲခတ်သောအကြည့်ဖြင့်ကြည့်ရာ....

'မောင်ဟာ ဒီအကြောင်းပြောတဲ့အခါ မျက်နှာတင်းပြီး မျက်လုံးတွေညိုမှောင်လာတယ်၊ မောင့်ကိုကြည့်လိုက်ရုံနဲ့ မောင်ဘာတွေစဉ်းစားနေတယ်ဆိုတာ ကျွန်မပြောလို့ရတယ်'

'ဝမ်းနည်းပါတယ် အချစ်၊ အချိန်ဆင်းရဲတဲ့ပြဿနာကြီးပါတယ်၊ အချိန်လုပြီး အလုပ်လုပ်နေရပါတယ်၊ လုံလောက်တဲ့ဘုန်မြန်မှု၊ ပြည့်စုံတဲ့ထက်မြက်ကျွမ်းကျင်မှု၊ ဒါမှမဟုတ် ကောင်းမြတ်တဲ့ကုသိုလ်ကံတရားတွေ မရှိဘူးဆိုရင် လူကောင်းတွေအသတ်ကြရပါလိမ့်မယ်'

ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံးက တင့်တယ်သာမောဖွယ်ကင်း လေနွေးနွေးက နေရောင်အောက်မှ ပင်လယ်ပြင်ကို ဖြတ်ကန်းတိုက်ခတ်လာ၏။

ဒိုင်ယာဒါသည် တွေးတွေးဆဆ ချင့်ချင့်ချိန်ချိန် ခေါင်းညိတ်၏။

'ဒီအကြောင်းတွေကို မပြောကြစို့နဲ့မောင်၊ ကိုယ့်အကြောင်းတွေကိုပဲ ကျွန်မတို့ပြောကြရအောင်၊ မောင် ကျွန်မကို ဘယ်လောက်လွမ်းရတယ်၊ တမ်းတရတယ်ဆိုတဲ့အကြောင်း ကျွန်မ

ကို ပိုပိုသာသာလေး ပြန်ပြောပြပါလား မောင်ရယ်၊ ကျွန်မ ရင်ခုန်ပါရစေရှင်'

ဂျူရယ် သူ့ကိုကြည့်ရင်း ခံစားသွားရ၏။

'ဘာလဲအချစ် ဘယ်ကိုကြည့်နေတာလဲဟင်'

အခြေအနေက ချက်ချင်းပြောင်းလဲသွား၏။ ဤသည်ကပင် ဂျူရယ့်အလုပ်ဖြစ်သည်။

'လူတစ်ယောက် ဒီဘက်ကိုလျှောက်လာပြီး မောင့်နောက်ဘက်ကစားပွဲမှာ ထိုင်နေဘယ်၊ မောင့်ကို အကဲခတ် ကြည့်နေသလိုပဲ'

ဒိုင်ယာဒါက နှစ်ကိုယ်ကြားပြော၏။

ဂျူရယ် နောက်သို့လှည့်လိုက်သည်။ သူ့ကိုတွေ့လိုက်၏။ သူသည် နောက်ဘက်စားပွဲဘွင် ထိုင်နေသည်။ ထိုသူကား အင်တွန်ပက်(ခ)ပင်။



အခန်း (၁၁)

ပက်(ခ)ကပြုံးလိုက်ပြီး အရက်ခွက်ကိုမော်ကြည့်လိုက်သည်။ ရှရှားပြည်လုပ် ကုတ်အင်္ကျီကြီးသည် စည်ပိုင်းကဲ့သို့သော သူ့ကိုယ်လုံးကြီးနှင့် အချိုးအဆစ်ကျကျရှိနေသည်။ သူသည် ကုလားထိုင်ပေါ်တွင် ဖားခုံညှင်းကြီးတစ်ကောင်ကဲ့သို့ ထိုင်နေသည်။ ပင်လယ်ပြင်ဆီသို့ ကြည့်နေ၏။

ဂျူရယ်က တစ်ဖက်သို့လှည့်လိုက်သည်။ ဒိုင်ယာဒါ လန့်မသွားစေလိုပေ။ ပက်(ခ)အနေနှင့်လည်း ဒိုင်ယာဒါ့အပေါ် သံသယမဖြစ်စေလို။ ပက်(ခ)သည် သူထင်သည်ထက် ပို၍လျင်မြန်နေသည်။ လုပ်ငန်းကျွမ်းကျင်သည်။ ယခုလည်း ဒိုင်ယာဒါ့အကြောင်းကို သူသိအောင် ကြိုးစားမည်မှာ သေချာလှသည်။

'ဒီလူက ရှရှားလား'

ဒိုင်ယာဒါက အေးအေးဆေးဆေး မေးသည်။

'ချက်လူမျိုး'

'ဒီလူ့အကြည့်ကို ကျွန်မမကြိုက်ဘူး၊ ဘာပြုလို့ မောင့်ကို ပြုံးပြနေတာလဲဆမ်၊ သူနဲ့သိလား'

'သူ ကိုယ့်ကိုသိတယ်၊ အခု မင်းကိုပါသိသွားပြီ၊ သူ့ကို ကိုယ်သတ်ရလိမ့်မယ်'

ဒိုင်ယာဒါ အံ့အားသင့်သွားသည်။

'အခု ကိုယ်တို့ ဒီနေထုကထွက်သွားကြမယ်၊ ကိုယ့်လက်မောင်းကိုမကိုင်နဲ့၊ အခုမှတွေ့ဆုံပြီး သိကြတဲ့အနေမျိုးနဲ့ သာမန်သူစိမ်းတွေလို လျှောက်သွားကြမယ်၊ မင်းကို ကမ်းခြေအထိတော့ ပြန်ပို့ပေးမယ်၊ မျက်လုံးတစ်ဖက်က သူ့ကိုစောင့်ကြည့်နေ၊ သူ

မင်းနားမှာ ရစ်ဝဲရစ်ဝဲ လုပ်နေသေးလား ဆိုတာ ကိုယ်သိချင်တယ်၊ ဒါမှမဟုတ် တခြားသူစိမ်းတစ်ယောက်ယောက်က စောင့်ကြည့်နေသလား အကဲခတ်ပါ'

'ကောင်းပြီမောင်'

'အခုအချိန်ကစပြီး တစ်ယောက်တည်း ဘယ်ကိုမှမသွားပါနဲ့'

ဂျူရယ်သည် ဝိုင်အရက်ဖိုးရှင်းပေးပြီး စားပွဲထိုးအတွက် ဘောက်ဆူးအနည်းငယ်ထားကာ ဒိုဗ်ယာဒါနှင့်အတူ ထွက်လာသည်။ ပက်(ခ)ကိုလှည့်မကြည့်တော့။ ပက်(ခ) သူ့နောက်လိုက်မလာ။ တခြားသူလည်း လိုက်မလာ။

ဒိုင်ယာဒါကို ကမ်းခြေအထိ လိုက်ပို့ပေးသည်။ ကမ်းခြေတွင် ကင်မရာအဖွဲ့များနှင့် စံပြမယ်များသည် စားပွဲရှည်များအနီးမှ တာပေါလင်ဖျင်ကုလားထိုင်များတွင် ထိုင်ကာ စားသောက်ကြရင်း ဆူညံစွာ အော်ဟစ်နေကြသည်။

ဒိုင်ယာဒါနှင့် သူ ခဲ့ခဲ့သောအခါ နှုတ်ဆက်အနမ်းကိုပင် မပေးခဲ့။ မည်သည့်မျက်လုံးများက သူတို့ကိုစောင့်ကြည့်နေသည်ကို သူမသိ။ ဒိုင်ယာဒါကို သူ့လုပ်ငန်းတွင် အရေးပါသူအဖြစ် မြင်သွားမှာကို ဂျူရယ် အလွန်စိုးရိမ်သည်။ ဒိုင်ယာဒါအတွက် အန္တရာယ်ကြီးမားလွန်း၏။

ဂျူရယ်သည် စိုင်းဟင်ဆန်နှင့် အဆက်အသွယ်ရရန် သံမူးထံဖုန်းဆက်၏။ ထို့နောက် အပိုလီယို့အကြောင်းနှင့် ပန်းချီကားစုဆောင်းသည့်အချက်အလက်များ နောက်ထပ် ရနိုင်ရန်အတွက် သတင်းစာတိုက်သို့ ပြန်လာခဲ့သည်။

ပက်(ခ)နှင့်တွေ့ဆုံရခြင်းသည် နိမိတ်မကောင်း။ ဒိုင်ယာဒါအား အန္တရာယ်တွင်းသို့ ဆွဲခေါ်မိပြီ။ ဤသို့ဖြစ်ရခြင်းသည် မိမိ၏မိုက်မဲမှုပင်။

နယ်ပယ်မြို့တွင် လုပ်စရာအလုပ် မရှိတော့သဖြင့် ဖီးယက်ကားတစ်စီးငှားပြီး ဆော်ရန်တိုစမ်အပေါ်ဘက်တွင်ရှိသော မွန်တီကာပိုလီသို့ ထွက်လာခဲ့သည်။ မတ်စောက်သည့် တောင်

စောင်းတွင် ကပ်၍တည်ထားသော တံငါရွာကလေးကို ဖြတ်ကျော်လာသည်။ မြောက်ဘက်တွင် နှိပ်ပယ်ပင်လယ်ကွေ့ရှုခင်းကို မြင်နေရ၏။

နေပူရှိန်ပြင်းလွန်းသဖြင့် အသက်ရှူကျပ်လာသည်။ ရွာ၏အောက်ဘက်တွင် သဲသောင်ပြင်နှင့် ပင်လယ်ဆိပ်ကမ်းရှိနေ၏။ ညိုညွတ်ညစ်သဲသောင်ပြင်တွင် ငါးဖမ်းပိုက်များကို တိုင်ငုပ်များပေါ်တင်ပြီး ဖြန့်လှန်းထားကြသည်။

မကြာ။ မွန်တီကက်ပိုလီသို့ ရောက်လာသည်။ ဂျူရယ်သည် ကားကို တင်းနစ်ကွင်းဘေးတွင် ရပ်စေပြီး ဟိုဘယ်တွင်းသို့ ခင်သွားသည်။အခန်းတစ်ခန်းကို လှယ်ကူစွာပင် ငှားလို့ရသည်။လွန်ခဲ့ကြိုဆိုရေး စားပွဲတွင် စိုင်းဟင်ဆန်အတွက် အမှာစာ ထားခဲ့ပြီး ပတ်ဝန်းကျင်ကိုလေ့လာရန် ထွက်လာခဲ့သည်။

သူသည် မွန်တီကက်ပိုလီ ဘုရားကျောင်းသို့ ချက်ချင်း ဦးတည်ချဉ်းကပ်ခြင်း မပြုသေး။ စုံစမ်းထောက်လှမ်း၏။ အလွန်ကျဉ်းမြောင်းသော လူသွားလမ်းကလေးတစ်ခုတည်းမှသာ သွားခဲ့ရသည်။

ဘုရားကျောင်းပျက်ကြီးသည် ရွာ၏အပေါ်ဘက် မြင့်မားသော ကျောက်တောင်ထိပ်တွင် တည်ရှိသည်။ အဆောက်အအုံပျက်ကြီးကို ထောက်ထားသော ထောက်တိုင်များနှင့် ပြိုကျပျက်စီးနေသော နံရံများပေါ်တွင် စပျစ်ပင်များ ပေါက်နေ၏။

ရွာထဲရှိ ပလာဇာတွင် ခရီးသွားလှေ့သည်များ တစ်စုတစ်ဝေး ရောက်ရှိနေကြသည်။ အရှေ့ဘက်၌ တောင်စောင်းများဘွင် တွယ်ကပ်ဆောက်လုပ်ထားသော အိမ်များရှိသည်။ ပင်လယ်ရှုခင်းကို အပေါ်မှစီး၍ မြင်ရ၏။

ဂျူရယ်သည် အကြီးဆုံးသော အိမ်ကြီးတစ်အိမ်၏ ဂိတ်ပေါက်သို့ လျှောက်သွားသည်။ 'နေရောင်ခြည်တန်းများပေါ်တွင် ဆိတ်များ မြူးကြွနေပုံ အလံငယ်' သည် အပိုလီယို့၏ အိမ်ဖြစ်ကြောင်းကို ညွှန်ပြနေသည်။

ခြံအတွင်းဘက်သို့ဝင်သော လမ်းကလေး၏ ဘေးတစ်ဖက်တစ်ချက်တွင် ပန်းပင်များစိုက်ထား၏။ ရောင်စုံပန်းပွင့်များကစိတ်အေးချမ်းဖွယ် ကောင်းသည်။ ရှေးဟောင်း ကြေးခေါင်းလောင်း ကြီးကိုဆွဲလိုက်သောအခါ ကြည်လင်စူးရှသောအသံကို ကြားရသည်။ ပန်းပင်၊ ချုံပုတ်များအတွင်းမှ သံစုံ သီဆိုနေကြသော ငှက်ငယ်ကလေးများ ထပျံသွားကြ၏။

ဂျူရယ်သည် အသက်ကြီးကြီး တံခါးစောင့်အား သူ့နာမည်ကတ်ပြား ပေးလိုက်၏။ ငါးမိနစ်အတွင်း တံခါးစောင့်ကြီး ပြန်ရောက်လာပြီး သံတံခါးကြီးကို ဖွင့်လိုက်သောအခါ သူအံ့အားသင့်သွားသည်။ အကြောင်းတစ်ခုခုပြပြီး သူတို့ ငြင်းဆိုလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။

ခြံဝင်းကြီးထဲ အဝင်လမ်းတွင် မြစိမ်းရောင် မြက်ခင်းပြင်တစ်ခုရှိသည်။ အိမ်ကြီး၏ ဆင်ဝင်အောက်ဆီသို့ သွားသော ကျောက်လမ်းက ဖြူဖွေးတောက်ပနေ၏။ အိမ်၏ဘေးဘက်တွင် ကျောက်ပြားခင်းထားသော မြေညီကွက်လပ်ရှိနေသည်။ ထိုနေရာမှ အိမ်နောက်ဘက်သို့ သွား၍ရသည်။

အိမ်ကြီးရှေ့မှ ထီးဝိုင်းနှစ်ခုအောက်တွင် စားပွဲ၊ ကုလားထိုင်များ ရှိသည်။ ပန်းဥယျာဉ်ထဲတွင်မူ မဆီလျော်တော့သော ကျောက်ဘုံးဖြင့်ပြုလုပ်ထားသည့် တရုတ်မီးတိုင်များ တည်ရှိ၏။

နှယ်စားကြီး အပိုလီယိုသည် ပြုံးခဲ၊ ရယ်ခဲသော လူတစ်ယောက် ဖြစ်သည်။ သူ၏မျက်နှာသည် တည်ငြိမ်အေးချမ်းနေ၏။ ထူးထူးခြားခြား ယောကျ်ားချော ချောသည်။ ရောမအနွယ်နှာယောင်သွယ်သွယ်နှင့် ညီညာသောနှုတ်ခမ်းများသည် ပြတ်ပြတ်သားသား လုပ်တတ်သောစရိုက်ကို ဖော်ပြနေသည်။ အဝတ်အစားဆင်ယင်မှုမှာ နုံနယ်သပ်ရပ်လွန်းသည်။ မိန်းမဆန်သည်ဟု ထင်ရ၏။

သူ၏ ညီညာပိရိသော နှုတ်ခမ်းများက ပြုံးနေသည်။

'ကျွန်တော်ဟာ ယဉ်ကျေးတဲ့ လူတစ်ယောက် အဖြစ်နဲ့ ခင်ဗျားကို လက်ခံတွေ့ဆုံပါတယ် စိုင်းနော်ဂျူရယ်'

သူ့အင်္ဂလိပ်စကားသည် ပီပီသသ ရှိသည်။ အောက်စ်ဖို့ဘက္ကသိုလ်လေသံ ဖြစ်၏။

'ကြိုတင်ချိန်းဆိုထားခြင်း မရှိတဲ့အတွက် ခင်ဗျားကို ခဏတစ်ဖြုတ်ပဲညှေ့ခံနိုင်မယ်၊ ခင်ဗျားအချိန်ကိုမဖြုန်းတီးချင်စေဘူး၊ ကျွန်တော့်ဘက်ကလဲ အချိန်များများ မပေးနိုင်ဘူး၊ လွန်ခဲ့တဲ့တစ်နာရီလောက်က သတင်းတစ်ခု ရတယ်၊ အိုဆိုလာဖီလီဘာနို ကျွန်းကလူတစ်ယောက် ဆွစ်ဇာလန်က ကျွန်တော့်အိမ်နားမှာရှိတဲ့ ဂျနီဗာကန်ထဲမှာ ရေနစ်သေဆုံးနေတာ တွေ့ရတယ်တဲ့၊ ဒီကိစ္စနဲ့ပတ်သက်လို့ ခင်ဗျား ဘာသိလဲ'

'ကျွန်တော် ပြောနိုင်ပါတယ်၊ သူ့နာမည်က ဘရူးနိုးတယ်လာရီးယားတဲ့'

ဂျူရယ်က တိတိကျကျပြောပြလိုက်သည်။

'သိပ်သေချာတာပေါ့'

အပိုလီယိုသည် သူ့လက်ဝါးများကို ပင့်မြှောက်လိုက်သည်။ သူ့လက်ချောင်းကလေးများသည် အမြဲတမ်း မသိမသာ ဆုပ်လှုပ်ရွရွ ဖြစ်နေတတ်၏။ ထို့နောက် သက်ပြင်းချလိုက်၏။

'ကျွန်တော် စိတ်မကောင်းပါဘူး'

'စိတ်မကောင်းဘူး ဟုတ်လား၊ သူဟာ ခင်ဗျားရဲ့ရန်သူပဲ'

'ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စဟာ ခင်ဗျားနဲ့မသက်ဆိုင်ပါဘူး၊ ကျွန်တော့်ရန်သူကို ကျွန်တော်ကိုယ်တိုင် ကျွန်တော့်အလှည့် ရောက်လာတဲ့အခါ ရှင်းရမယ့်ကိစ္စပါ၊ သူဒီနည်းနဲ့သေသွားရတာ ကျွန်တော် စိတ်ထိခိုက်တယ်၊ ကျွန်တော် ကိုယ်တိုင်စီရင်ရမယ့် ပြဿနာပါ၊ အခုတော့ တခြားနည်းလမ်းနဲ့ ရှင်းသွားတယ်'

'ဒါဟာ လှည့်ကွက်လို့ ခင်ဗျားထင်နေသလား'

ဂျူရယ်က မေးသည်။

အပိုလီယိုက ခေါင်းညိတ်၏။

'ခင်ဗျားဟာ အကြားအမြင်ရှိတဲ့လူပဲ'

ဟု ပြန်ပြောလိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်ပြန်သည်။ သူသည် အဝေးဆီက အတိတ်ကာလကို မှန်းမျှော်ကြည့်နေ၏။ သူ့နှုတ်ခမ်းများကို တင်းတင်းဖိပြီး စေ့ထားသည်။ သေသူ့အပေါ် ထားသော ရန်ငြိုးသည် ကြီးမားလှ၏။

သူကိုယ်တိုင် လက်စားမချေလိုက်ရသောကြောင့် မကျေမချမ်း ဖြစ်နေသည်။ ခံစားချက် ပြင်းထန်လှသည်။ အမျိုးမြင့်မြတ်သော မိသားစုကြီးနှစ်ခုအကြားမှ ဆင်းသက်ခဲ့သော ကြီးမားသည့် အမုန်းတရားပင် ဖြစ်ပေ၏။

အပိုလီယိုသည် ဂျူရယ်ဘက် လှည့်လိုက်သောအခါ သူ့မျက်နှာသည် ပျော့ပျောင်းသိမ်မွေ့လာသည်။

'ဒီလူ သေသွားတဲ့အတွက် ကမ္ဘာကြီးပါ အေးချမ်း သာယာပါတယ်၊ ခင်ဗျားဟာ အမေရိကန်တစ်ယောက်မဟုတ်လား၊ ကျွန်တော့်မိန်းမလဲ အမေရိကန်သူပါ ဆိုင်းနော်ဂျူရယ်၊ မကြာသေးခင်က သူ ဂျနီဗာကို အလည်အပတ်သွားခဲ့သေးတယ်၊ သူက ခင်ဗျားတို့သံမှူးဆီမှာ အလုပ်လုပ်နေတဲ့ ဆိုင်းနော်တောဘွတ်ရဲ့ မိတ်ဆွေဖြစ်တယ်၊ ကျွန်တော်ပြောတာ မှန်ရဲ့လား'

'ဟုတ်ကဲ့ ထူးခြားပါတယ်'

ဂျူရယ်က ပြန်ပြောလိုက်ပြီး နားစွင့်ထား၏။

'ခင်ဗျား အံ့ဩသွားမလားမသိဘူး၊ ကျွန်တော်ဟာ ကေစာကျင့်တဲ့ဘဝနဲ့ နေထိုင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ကို ခြိမ်းခြောက်လာတဲ့ကိစ္စတွေမှာတော့ ပြတ်ပြတ်သားသား ဖြေရှင်းပါတယ်'

'ဟုတ်ကဲ့ ပြောပါခင်ဗျာ၊ ကျွန်တော့်အတွက် အတွေ့အကြုံရပါတယ်'

'ခင်ဗျားကို ကျွန်တော်နဲ့အတူ အရက်ထိုင်သောက်ဖို့ ဖိတ်ကြားမှထားပါဘူး၊ ဒါတွေဟာ အပေါ်ယံ ဟန်ဆောင် ယဉ်ကျေးမှုတွေပါ၊ ခင်ဗျားကို ကြိုဆိုလက်ခံဖို့ အစီအစဉ်လဲ မရှိပါဘူး'

အပိုလီယိုသည် အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။ သူ၏ဖြူဖွေးနေသော ဆံပင်များအကြားတွင် ဝါကျင်ကျင်ဆံပင်များ ကျိုးတိုးကျဲတဲရှိနေ၏။ ထိုဆံပင်များသည် ရိုးမန်နှင့်ကော်တွန်မျိုးနွယ်မှ အမွေများဖြစ်သည်။

သူသည် အပြာနုရောင် ဂျာကင်အင်္ကျီကို ဝတ်ထား၏။ သူ၏ရှပ်အင်္ကျီလည်ပင်းကြယ်သီးကို မတပ်ဘဲထားသည်။ လည်စည်းလျော့ရဲရဲသည် သူ့ဖိနပ်အနက်ရောင်နှင့် လိုက်ဖက်လျက်ရှိသည်။

ပန်းခြံထဲတွင် အေးစိမ့်ငြိမ်သက်နေသည်။ ဆိုရန်တိုပင်လယ်ကွေကို ဖြတ်သန်းလာသော လေပြည်လေညင်းသည် ညင်ညင်သာသာ တိုက်ခတ်နေ၏။

အပိုလီယိုက စကားဆက်ပြန်သည်။

'ခင်ဗျားဒီကိုလာတာ ကျွန်တော့်မိန်းမအကြောင်း ပြောမလို့လာတယ်လို့ ကျွန်တော်သံသယရှိတယ်၊ ဒါကိုတော့ ကျွန်တော်ခွင့်မပြုဘူး၊ သူ အခုံ ကျွန်တော်နဲ့အတူရှိတယ်၊ ဒါပေမယ့် သူ့ကိုတွေ့လို့မရဘူး၊ ဂျနီဗာမှာ သေဆုံးသွားသုနဲ့ နယ်စားကတော်ကို ဆက်ဆံမှုရှိတယ်လို့ ကျွန်တော် တစ်စွန်းတစ်စကြားပါတယ်၊ ဒါပေမယ့် မရေရာတဲ့စကားတွေကို လက်မခံဘူး၊ အခုခင်ဗျား အီဘလီကိုရောက်နေပြီ ဂျူရယ်၊ သက်ဆိုင်ရာရဲကို တိုက်ရိုက်သွားစုံစမ်းပါ၊ ခင်ဗျား အချိန်တွေကို အလဟဿ ဖြုန်းတီးပစ်ရာရောက်ပါတယ်၊ ခင်ဗျားအတွက် ဆွစ်ဇလန်ကိုပြန်သွားတာ အကောင်းဆုံးဖြစ်လိမ့်မယ်လို့ ကျွန်တော်အကြံပေးပါတယ်၊ ဒီကိစ္စကို မေ့ပစ်လိုက်ပါ'

'ကျွန်တော် ဒီကိုလာရတဲ့ အဓိကအကြောင်းကို နယ်စားကြီးသိပါသလား'

ဂျူရယ်က မေးလိုက်သည်။

'ခင်ဗျားဟာ ဆိုင်းနော်တောဘွတ်ရဲ့ အပေါင်းအပါဘစ်ယောက်လို့ ကျွန်တော်ယူဆတယ်၊ အဲဒီလူဟာ လက်ခံကြိုဆိုခြင်းမပြုတဲ့ ကျွန်တော့်မိန်းမဆီ လာရောက်တတ်ပါတယ်'

'ဒါပဲလား'

'တရားဥပဒေဘောင်အတွင်းက ဆက်ဆံမှုဖြစ်မှာပါ'

'မနေ့ညက ဘရှိုးဘယ်လာရီးယား သေဆုံးမှုအပါအဝင် လူသတ်မှုနဲ့ ဒွန်ပန်းချီကားခိုးယူမှုတွေ ဖြစ်ခဲ့တယ်၊ ခင်ဗျားဟာ ဥရောပမှာ တရုတ်ရှေးဟောင်း ပန်းပုလက်ရာတွေနဲ့ ပန်းချီကားတွေကို ရွေးချယ်စုဆောင်းတဲ့ ပုဂ္ဂိုလ်တစ်ဦးမဟုတ်လား၊ ဒီပစ္စည်းတွေဟာ အိုင်ဆိုလာဖီလီဘာနို ကျန်းပေါ်က ခင်ဗျားအိမ်မှာ ရှိတယ်လို့ ကျွန်တော်သိထားပါတယ်'

ဂျူရယ်က တိုတိုနှင့်ရှင်းရှင်းပင် ပြောလိုက်သည်။
အပိုလီယို၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။
'ပန်းချီကားခိုးမှုနဲ့ ကျွန်တော် လုံးဝမသက်ဆိုင်ဘူး'
'ဒွန်ပန့်ချီကားအကြောင်း ခင်ဗျားကြားဖူးပါသလား'
'အမှန်အတိုင်းပြောရရင်တော့ သိပါတယ်၊ ဒီပန်းချီကားတွေဟာ ဂန္ဆဝင်မြောက်လက်ရာတွေပါ'
'မကြာသေးမီအချိန်က ဖြစ်ရပ်ကိုကော ကြားလိုက်မိသေးလား'
'ခင်ဗျားဆိုလိုတာက ဒီပန်းချီကားတွေကို သူခိုးဆီကဝယ်ဖို့ ကျွန်တော်ကြိုးစားနေတယ်ပေါ့ ဟုတ်လား'
အပိုလီယိုကပြောပြီး ယဲ့ယဲ့ပြုံးလိုက်သည်။
'မဟုတ်ဘူးလို့ အဖြေပေးတယ်၊ ကျွန်တော် ဒီလိုလုပ်မယ့် လူစားမျိုးမဟုတ်ဘူး၊ ခင်ဗျားကို ကျွန်တော် နားလည်နိုင်ပါတယ်၊ ခင်ဗျားဟာ အမေရိကန်တစ်ယောက် ဖြစ်တယ်၊ ကျွန်တော့် ဇနီးဟာလဲ အမေရိကန်သူတစ်ယောက်ပဲဖြစ်တယ်၊ သူ့ကို နယ်စားကတော်အရာမှာ ထားခဲ့ပေမယ့် ယေဘုယျအားဖြင့် ကျွန်တော်ဟာ အမေရိကန်တွေကို မကြိုက်ဘူး၊ ဒါက တခြားအကြောင်းအရာတစ်ခုပါ၊ ကျွန်တော်နဲ့ ဘာမှမဆိုဆိုင်တဲ့ ပြဿနာအတွက် စွပ်စွဲစော်ကားတာကိုတော့ လက်မခံနိုင်ပါဘူး'

'ခင်ဗျားကို ယုံကြည်နိုင်စရာအကြောင်းရှိပါတယ်၊ ဒါပေယ့် ဒွန်ပန်းချီကားတွေခိုးမှုမှာ ခင်ဗျားဇနီးနဲ့ တောဘုတ်တို့ ပါဝင်ပတ်သက်နေတယ်'
အပိုလီယို မျက်တောင်တဖျပ်ဖျပ်ခတ်လာသည်။ မျက်နှာ နီလာ၏။
'ကျေးဇူးပြုပြီး အခုထွက်သွားပါ ဆိုင်းနော်'
'ခင်ဗျားသိဖို့လိုအပ်တာလေး ပြောပြီးရင် ခင်ဗျားဆန္ဒအတိုင်း ဖြစ်စေရမယ်'
'ဘာမှထပ်မပြောပါနဲ့တော့ ဒါလောက်ဆို လုံလောက်ပြီ'
'မပြည့်စုံသေးပါဘူး၊ ခင်ဗျားဇနီး အိမ်ထဲမှာအခုရှိတယ်တာ အမှန်ပဲလား'
'သေချာပါတယ်'
'ကျွန်တော်အကြံပေးပါတယ်၊ နောက် နာရီအနည်းငယ်အတွင်းမှာ ခင်ဗျားနဲ့အတူရှိနေမါ့စ၊ ဒီည အိုင်ဆိုလာဖီလီဘာနို ကျန်းကို မြန်တဲ့အခါ သူ့ကို စောင့်ရှောက်ထားဖါ၊ သူ့မှာ အန္တရာယ်ရှိတယ်၊ သူ အသတ်ခံရလိမ့်မယ်'
အပိုလီယို ပြုံးလိုက်ပြန်သည်။
'ဆိုင်းနော်၊ ခင်ဗျား ကျွန်တော့်ကိုခြိမ်းခြောက်နေတာပေး၊ ဒီလိုလုပ်လို့မရဘူး၊ ခင်ဗျားဘယ်သူလဲဆိုတာ ကျွန်တော် သိဘူး၊ ခြောက်လုံးလှန့်လုံးတွေနဲ့ ဒီကိုဘာပြုလို့လာရတာလဲ၊ ခင်ဗျားပြောတာတွေကို ကျွန်တော်လက်မခံဘူး၊ ခင်ဗျားဟာ အမေရိကန်အစိုးရအရာရှိဆိုရင်လဲ ကျွန်တော်နဲ့ ဘာမှမဟတ်သက်ဘူး၊ ဆက်သွယ်လိုတဲ့ဆန္ဒလဲမရှိဘူး၊ ခင်ဗျားဟာ သတင်းဆောင်းရေးတဲ့ သတင်းစာဆရာဆိုရင်လဲ ခင်ဗျားကို ကျွန်တော်လက်ခံကေားပြောမနေနိုင်ဘူး၊ ကျွန်တော့်မိန်းမမှာ အန္တရာယ်မရှိပါဘူး၊ ကျွန်တော်အသက်ရှင်နေသရွေ့ ဘေးရန်မရှိပါဘူး၊ တကယ်လို့ အန္တရာယ်ရှိမယ်ဆိုရင်လဲ ကျွန်တော့်နည်းကျွန်တော့်ဟန်နဲ့

ကာကွယ်မှာပါ၊ မင်္ဂလာဒို့သောနေ့ပါလို့ ခင်ဗျားကို နှုတ်ဆက်ပါတယ်ဆိုင်းနော်'

'ခင်ဗျားဇနီးမှာ ကျရောက်နေတဲ့ အန္တရာယ်ဇစ်မြစ်ကို ခင်ဗျားမမေးတော့ဘူးလား၊ ခင်ဗျားရဲ့ ခြံတံတိုင်းအပြင်ဘက်က အန္တရာယ်ကို ခင်ဗျား ဘယ်လိုကာကွယ်နိုင်မှာလဲ၊ ခင်ဗျား နားလည်ပါတယ်၊ အမြဲတမ်း မလုံခြုံနိုင်ပါဘူး'

အပိုလီယို့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားပြန်သည်။

'ခင်ဗျားဟာ သူစိမ်းတစ်ယောက်အနေနဲ့ ဒီကိုရောက်လာတယ်၊ လုံခြုံရေးတော် ခွင့်ပြုလက်ခံခဲ့တယ် ဆိုင်းနော်ဂျူရယ်'

'ဟုတ်ပါတယ်၊ ဘာကြောင့် ခင်ဗျား ထိတ်လန့်နေရတာလဲ'

'ကျန်တော် တာကိုမှမကြောက်ပါဘူး'

ဂျူရယ်ပြုံးသည်။ ပြီးတော့ ခေါင်းညိတ်၏။

'တော်တော့၊ ခင်ဗျား ကျန်တော့်ကို စော်ကားတယ်၊ ကျန်တော့် မိန်းမကိုပါ ထပ်စော်ကားတယ်၊ ခင်ဗျားအကြံပေးနေတာတွေကို နောက်ထပ် ကျန်တော် မကြားချင်တော့ဘူး၊ ကျေးဇူးပြုပြီးထွက်သွားပါ'

ဂျူရယ်ထရပ်လိုက်သည်။

'ခင်ဗျား လုံခြုံရေးသမားတွေ ခေါ်စရာ မလိုပါဘူး၊ ရဲကိုလဲ ခေါ်ဖို့မလိုအပ်ပါဘူး၊ ကျန်တော် အခုသွားမယ်၊ ခေါ်မယ့် ခင်ဗျား ကျန်တော့်ကို နောက်တစ်ခါ တွေ့ရလိမ့်ဦးမယ်'

ဂျူရယ်သည် တိတ်ဆိတ်စွာထွက်လာခဲ့၏။ တံခါးစောင့်သူ့ရှေ့မှ ခြေလှမ်းကျဲကျဲနှင့်သွားပြီး ခြံတံခါးကိုဖွင့် ပေးသည်။ လမ်းတစ်ဖက်တစ်ချက်တွင်ရှိသော ပန်းခြံများအတွင်းမှ ငှက်ငယ်ကလေးများကို မတွေ့ရတော့။ ဝေးရာသို့ပျံသွားကြလေပြီ။ ဂျူရယ်သည် အိမ်ကြီးဆီသို့ နောက်ပြန်လှည့်ကြည့်လိုက်၏။

နှစ်ပေါင်းနှစ်ထောင်ကျော်က ရောမတို့ တည်ဆောက်ခဲ့သော နေ့ရာသီနေအိမ်ကြီးမျိုးဖြစ်သည်။ ဂန္ဓဝင်မြောက် ခိုင်ခံ့သည့် ရှေးဟောင်းအဆောက်အအုံကြီးပင်။

ဂျူရယ်သည် ခေါင်းကိုခါရမ်းလိုက်ပြီး မတ်စောက်သောလမ်းမှ ရွာဘက်သို့ထွက်လာခဲ့သည်။ ထိုမှတစ်ဆင့် ဟိုတယ်အင်ပီရီရယ်သို့ ဦးတည်လိုက်၏။

★

အခန်း (၁၂)

တယ်လီဖုန်းသံမြည်လာသည်။ ဂျူရယ်သည် အမှောင်ထဲ၌ ဟိုစမ်းစမ်း သည်စမ်းစမ်း ဝမ်းပြီး ခုတင်ပေါ်မှ တယ်လီဖုန်းကို လှမ်းယူလိုက်သည်။

သူ့အမည်ကို ပြောလိုက်၏။ တယ်လီဖုန်း မလာမီကတည်း က သူ နိုးနေသည်။ တယ်လီဖုန်းစကားပြောခွက်ထဲမှ....

'စိုင်းရောက်နေပြီ'

ဟု ပြောသံကြားရ၏။

'သုံးမိနစ်စောင့်ပါ'

'ငါအောက်က ဧည့်ကြိုခန်းမှာရှိတယ်'

'ကောင်းပြီ'

'မင်းတစ်ယောက်တည်း မဟုတ်ဘူးထင်တယ်'

'ဘာများထူးခြားနေလို့လဲ'

'မင်းဟာ လူသားတစ်ယောက်ပဲလေ၊ ဒီလောက်တော့ ရှိမှာပေါ့၊ ငါ နားလည်တတ်ပါတယ်'

စိုင့်းဟင်ဆန်ကပြောလိုက်ပြီး ဖုန်းချလိုက်သည်။

လသာဆောင်တွင် လရောင်ဖြာနေသည်။ အင်ပီရီရယ် ဟိုတယ် အခန်းထဲမှ အမေရိကန်အက္ဘတီးလုံးများ သူ့နားထဲ ဝင်လာသည်။ အောက်ဘက်ပင်လယ်ကမ်းခြေသို့ ပြေးတက်လာသော လှိုင်းသံများက စည်းဝါးလိုက်နေ၏။ ဂျူရယ်သည် အိပ်ရာမှထရန် ဟန်ပြင်လိုက်စဉ် ဒိုင်ယာဒါက သူ့လက်မောင်းကို ဆွဲကိုင်ထားသည်။

'အချစ်ရယ်'

'စိုင်းလပ် အခုပဲခေါ်နေတယ်'

'ချက်ချင်းပဲလား'

'သူနဲ့ကိုယ် ကြုံတောင့်ကြုံခဲ အခုတစ်ခါပဲ ပူးတွဲ အလုပ်လုပ်ကြရတာ အချစ်'

'ကျွန်မ နားလည်ပါတယ်၊ တစ်နာရီလောက်တော့ အတူနေချင်သေးတယ်၊ တယ်လီဖုန်းမရှိတဲ့နေရာ၊ စိုင်းလပ်မရှိတဲ့နေရာ၊ ဘယ်သူမှမရှိတဲ့ နေရာမှာနှစ်ယောက်တည်း အတူတူနေချင်တယ်'

'ဩော်....အချစ်ရယ်၊ ကိုယ်ကလဲ မခွဲခွာချင်ပါဘူး၊ ဆုံဦးမှာပါ'

ဂျူရယ် အခန်းထဲမှ ထွက်လာသည်။ နယ်ပယ်မှ လာသည့် ဒိုင်ယာဒါအား စောင့်ရင်း ဂျူရယ် နှစ်နာရီခန့် မှေးစက်လိုက်ရသည်။

အခုအချိန်အထိ ဘာမှလှုပ်ရှားမှုမရှိသေး။ စိုင်းလပ်ကမီလန်မှ လေယာဉ်ဖြင့် နေ့လည်သုံးနာရီတွင်ရောက်လာသည်။ ဂျူရယ်သည် မိမိအား တမင်သက်သက် ဘေးဖယ်ထားသလားဟု သံသယရှိသည်။

သူသည် နယ်ပယ်မြို့အထိ တောဘွတ်ကို ခြေရာခံခဲ့သည်။ အငှားကားဌာနများသို့သွားပြီး စုံစမ်း၏။ နောက်ဆုံးမှသတ်မှတ်ထားသောနေရာသို့သွားကာ ဂျူရယ်ရှိမည့်နေရာကို မေးမြန်းပြီးလိုက်လာခဲ့သည်။ စိုင်းလပ်က ဧည့်ခန်းမှစောင့်နေ၏။ ဂျူရယ်ဆင်းလာသည်။

'ကျွန်တော် တောဘွတ်နဲ့ ရင်ဆိုင်တိုးခဲ့တယ်'

ဂျူရယ်က လေအေးအေးနှင့်ပြောပြသည်။

'ကျွန်တော့် နားရွက်ကို ဖြတ်ယူသွားတော့မလို့'

'မင်း သူ့ကို လွှတ်ပေးလိုက်သလား'

အက်ဖ်ဘီအိုင်ကြီးက စူးစူးရှရှအသံကြီးဖြင့် မေးလိုက်လေသည်။

တောဘွတ်က ဖရီမွန့်စာရွက်စာတမ်းနဲ့ ပုံစံတွေ ပက်(ခ)ာ မေးမယ်လို့ ခြိမ်းခြောက်ခဲ့တဲ့အကြောင်း ဂျူရယ်ကရှင်းပြသည်။

'ကေဂျီယူက မိတ်ဆွေကြီး....ဗိုလ်မှူးဟက်(ခ) ဆာစ်ခယာက် ကျွန်တော်တို့နဲ့ခက်က တကောက်ကောက်လိုက်နေတယ်'

'ပန်းချီကားတွေ....'

စိုင်းလပ်က တိုးတိုးမေးသည်။

'နယ်စားကတော် လက်ထဲမှာ၊ တောဘုတ်နဲ့ ကျွန်တော် အကြိတ်အနယ်ဖြစ်နေတုန်း ပန်းချီကားတွေကိုယူပြီး စင်တစ်စီ ဟိုတယ်က ထွက်ပြေးသွားတယ်၊ ဆီဇာဘယ်လာရီးယား လက်ထဲ ထည့်လိမ့်မယ်ထင်တယ်၊ ဟောဒီတောင်ကုန်းပေါ်ကဘုရားကျောင်း ပျက်ကြီးထဲမှာ ယာယီဝှက်ထားလိမ့်မယ်လို့ ကျွန်တော်ထင်တယ်'

'အဲဒီကို ငါတို့ သွားကြမလား'

'ဒီညသွားမယ်'

ဂျူရယ်သည် ဟိုတယ်ပေါ်သို့ ပြန်တက်လာသည်။ အပြင်ထွက်ရန် အသင့်ပြင်ဆင်သည်။ ခုတင်ဘေး စားပွဲမှ သေနတ်ကို ကောက်ယူလိုက်သည်။

ဒိုင်ယာဒါက ခုတင်ပေါ်တွင်ထိုင်ပြီး သူ့အား ညှိုးငယ်သော မျက်လုံးများဖြင့် ကြည့်နေသည်။ သူ့အပြုအမူကိုလည်း အံ့သြနေ၏။ အချိန်ပြည့် ချစ်ခင်မရတဲ့အချစ်အတွက် စိတ်ပျက်နေသည်။

'ဆမ်....'

သူက တိုးတိုးကလေး ခေါ်လိုက်သည်။

'ဆမ် ကျွန်မကို လက်ထပ်မှာလားဟင်'

'အချစ်ရယ်'

'ကျွန်မသိပါတယ်၊ ဆမ် ဒီအလုပ်မှာ ရှိနေသရွေ့ လက်ထပ်ကြမှာ မဟုတ်သေးပါဘူး၊ ဘယ်တော့မှလဲ အလုပ်ကထွက်လို့ရမှာ မဟုတ်ဘူး'

'တစ်နေ့နေ့သောအခါပေါ့ အချစ်ရယ်'

'အဲဒီရက်မရောက်မီ တစ်ခုခုဖြစ်သွားရင်၊ ဒါမှမဟုတ်ဒက်ရာ အနာတရဖြစ်ခဲ့ရင်.... အို....ကျွန်မ မုတ်ဆိုးရဲပါဘူး၊ ဆမ် မရှိရင် ကျွန်မ မနေတတ်တော့ဘူး'

'ကိုယ်သွားတဲ့အခါ တံခါးသော့ခတ်ထားပါ'

'ကျွန်မလဲ ဒီမှာ ကြာကြာမနေနိုင်ပါဘူး၊ ဆယ့်တစ်နာရီထိုးရင် ဒွန်အင်ဂျလိုရွှ ရွက်သင်္ဘောပေါ်မှာ ကျင်းပမယ့်ပါတီပွဲကို အရောက်သွားရမယ်၊ အဲဒီကမှ ရုပ်ရှင်ရိုက်ဖို့ အိုင်ဆိုလာ ဗီလီဘာနိုကျွန်းကို သွားကြမယ်၊ ရုပ်ရှင်ရိုက်ပြီး ရက်တစ်ပတ်လောက် အနားယူကြမယ်၊ အဲဒီမှာ ဖက်ရှင်ဆောင်းပါးကို ပြီးအောင်ရေးမယ်၊ ပြီးရင် ရောမကိုပြန်မယ်ဆမ်၊ ကျွန်မဟာ အလုပ်နဲ့လက်မပြတ်အောင် လုပ်နေတဲ့ မိန်းကလေးပါ၊ ဆမ် သိပါတယ်'

'မင်းထက်ပိုပြီး ချစ်စရာကောင်းတဲ့မိန်းကလေး မတွေ့ဖူးသေးပါဘူး အချယ်ရယ်'

ဂျူရယ်က ပြောပြီး ပြုံးလိုက်သည်။

ဒိုင်ယာဒါသည် တည်ကြည်လေးနက်စွာဖြင့်....

'ဆမ်ရဲ့အကြည့်ဟာ ကျွန်မကို ခြောက်လှန့်နေတယ်၊ ဒီညလုတစ်ယောက်ကို သတ်လိမ့်မယ်၊ ဒါမှမဟုတ် ဆမ် ကိုယ်တိုင် အန္တရာယ်တရ ဖြစ်လိမ့်မယ်၊ ကျွန်မ ရင်လေးတယ်၊ ဝမ်းနည်းတယ်'

'ဒါတွေ တွေးမနေပါနဲ့အချစ်ရယ်၊ ဒါ ကိုယ့်အလုပ်ပါ'

'ကျွန်မ သိပါတယ်၊ ကျွန်မကို မေ့ပြီးရင် ဆမ် သွားလိုက်သွားနိုင်တယ်'

'အချစ်ကို အနှောင့်ယှက်လိုရဲ့ ပျော်ပွဲရွှင်ပွဲမှာ တွေ့မယ်'

ဂျူရယ်သည် ပြုံးလိုက်ပြန်သော်လည်း သူ့မျက်နှာကထင်းခနဲပြီး ညှို့မှောင်နေ၏။ သေနတ်ကို စားပွဲပေါ်သို့ ပြန်ချလိုက်ကာ ဒိုင်ယာဒါကို နမ်းသည်။ ဒိုင်ယာဒါ၏နှုတ်ခမ်းများသည်အေးစက်နေ၏။

အမြဲတမ်း ပူနွေးသော နှုတ်ခမ်းများ၊ အိစက် ညက်ညောသော ကိုယ်လုံး၊ တစ်ဦးနှင့်တစ်ဦး အပေးအယူမျှခဲ့ကြသည်များကို သတိရမိသည်။

'၁၂ နာရီတိတိမှာ ကိုယ်လာခဲ့မယ်၊ ရောမသူဌေးကြီးတွေနဲ့ ကြာများမနေနဲ့နော် အချစ်ရဲ့'

ဂျူရယ်သည် ခြေလှမ်းသွက်သွက်ဖြင့် အခန်းအပြင်သို့ထွက်လာခဲ့၏။

စိုင်းလပ်သည် ရွက်ဖျော့များဆိုက်ကပ်ထားသည့်ပင်လယ်စပ်တွင် ထိုင်စောင့်နေသည်။

အက်ဖ်ဘီအိုင်ကြီး စိုင်းလပ်က သူ့ထံလျှောက်လာသူ ဂျူရယ်အား သရော်ပြုံးပြုံးလျက် နှုတ်ဆက်သည်။ သူတို့ နှစ်ဦးသည် ဟိုတယ်မှ အတော်ဝေးသော ရွာဆီသို့ ထွက်လာကြသည်။ပန်းခြံလက်ဖက်ရည်ဆိုင်နှင့် အစားအသောက်ဆိုင်များဆီသို့သွားသော လမ်းအတိုင်း လျှောက်ခဲ့ကြ၏။

တံငါသည်များနေထိုင်သော အိမ်များအကြားမှကျောက်တုံး လမ်းကျဉ်းကလေးများကိုကျော်ဖြတ်ခဲ့ကြသည်။ပန်းခြံတွင်း၌ ရှေးခေတ် ရောမပုံစံ ဘုရားကျောင်းတစ်ကျောင်းရှိ၏။ အနုပညာထွန်းကားစခေတ်က တည်ဆောက်ထားသော မြို့တော်ခန်းမကြီး၏ မြေကွက်လပ်တွင် လူငယ်အမျိုးသား၊အမျိုးသမီးများဘာသာရေးအစီအစဉ်အရ လှည့်ပတ်နေကြသည်။

'မြို့တွင်းမှာ ဘာထူးခြားလဲ'

ဂျူရယ်က မေးလိုက်သည်။

'ပက်(ခ)ရဲ့ အရိပ်အယောင်ကို မတွေ့ဘူး၊တောဘုတ်ကိုလဲ ခြေရာခံလို့မရဘူး'

'သူတို့နှစ်ယောက်စလုံး ဒီမှာရှိကြတယ်၊နယ်စားကတော်ရဲ့ လှုပ်ရှားမှုကို ခင်များဘာဆီလဲ'

'နယ်စားကတော် ရွက်သင်္ဘောတစ်ခုပေါ်က ပါတီပွဲကို တက်လိမ့်မယ်လို့ ယူဆတယ်၊ အဲဒီကနေ သူ့ယောကျ်ားနဲ့အတူအိုင်ဆိုလာဖီလီဘာနီကျန်းကို သွားလိမ့်မယ်'

စိုင်းလပ်သည်ရှပ်အင်္ကျီမီးခိုးရောင်နှင့်ညှိမှိုင်းမှိုင်းဘောင်းဘီပွပွကို ဝတ်ဆင်ထားသည်။ သူတို့နှစ်ဦးစလုံး လက်နှိပ်ခေတ်မီးအသေးစားကလေး တစ်လက်စီ အိတ်ထဲထည့်ထား၏။ ဂျူရယ်က သူ့သေနတ်ကို အတွင်းခံကိုယ်ကျပ်အင်္ကျီအတွင်း ထည့်ထားသည်။ ဆည်ညှာသေနတ်ကို သုံးရလိမ့်မည်။

'ဘုရားကျောင်းပျက်ကြီးက ထူးထည်ကြီးမား၊တဲ့အဆောက်အဦးကြီးပဲ'

ဂျူရယ် က စိုင်းလပ်ကိုပြောလိုက်သည်။

'ဒုနှစ်ပန်းချီကားတွေ အဲဒီကျောင်းပျက်ထဲမှာ ရှိလိမ့်မယ်၊ ဒါမှမဟုတ် ဒီညသူတို့လာဝှက်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ တောဘုတ်နဲ့ပါ ရင်ဆိုင်ထိုးနှိုင်တယ်'

မြို့၏အထက်ပိုင်း ဘုရားကျောင်းပျက်ကြီးဆီသို့ တက်လာရာ လမ်းတစ်လျှောက်ရှိ ချုံပုတ်များအကြားတွင် စိုင်းလပ်၏ သမ်သပ်ရပ်ရပ် ဖြီးသင်ထားသော ဆံပင် ဖြူဖြူဖွေးဖွေးကိုသာ မြင်ရသည်။

'ငါနဲ့တွေ့လိုက်ချင်စမ်းတယ် ဆမ်'

စိုင်းက တိုးတိုးကပ်ပြောလိုက်သည်။

'ငါသည်းမခံနိုင်တော့ဘူး၊ အယ်လန့်အဖြစ်ကို မစဉ်းစားဘဲ မနေနိုင်ဘူးကွာ'

'ဒေါသကို ထိန်းစမ်းပါ စိုင်း'

ဂျူရယ်က သတိပေးနှစ်သိမ့်၏။

ဘုရားကျောင်းပျက်ကြီးသည် ကျောက်ဥအစွန်းမှအပေါ်သို့ ထိုးထွက်နေသည်။ တောင်ထွတ်ကြီးတစ်ခုနှင့်တူနေ၏။

နံရံပျက်များကို လရောင်အောက်တွင် ထိုးထိုး ထောင်သောင် တွေ့ရသည်။ ပြိုလဲနေသော မုခ်မပေါက်များအောက်၌ လူသွားလမ်းတစ်လမ်း ရှိ၏။ လူသူအရိပ်အယောင် မတွေ့ရ၊ ရှေးဟောင်းအဆောက်အအုံကြီးများ ယိုယွင်းပျက်စီးနေသည်ကိုသာ ခံနည်းဖွယ်ရာ တွေ့ရသည်။

ဘုရားဝတ်ပြုသော ကျောင်းဆောင်တစ်ဆောင်ကို ဖြတ်ကျော်ပြီး ကျောင်းတော်ပတ်သို့ ဝင်ရသည်။ နှစ်ရာပေါင်းများစွာက ဖုန်မှုန့်များသည် လရောင်ထဲတွင် တထောင်းထောင်းထနေသည်။ ကျောက်တုံးများမှ အနှံ့အဆက်များကို ခံစားရ၏။

ထောင်ပေါင်းများစွာသော ဘုန်းတော်ကြီးများ၏ဝိညာဉ်များသည် လေထဲတွင် ပျံဝဲနေကြသည်ဟု ထင်မှတ်ရသည်။နံရံပျက်

တစ်ခုအနီး၌ ကျီးပဲ့နေသော ပလွင်တစ်ခုရှိ၏။ ဘုရားဝတ်ပြုရာ ကျောင်းဆောင်အပေါ်ထပ်သို့တက်သော ကြောင်လိမ်လှေကားကြီး ရှိသည်။

ဘုရားကျောင်းပျက်ကြီး အထဲပိုင်းတွင် မည်သည့်လှုပ်ရှားမှုကိုမျှ မတွေ့ရ။ တောင်ဘက်နံရံတွင် သစ်သားချောင်းများဖြင့် ယာယီသဘော ပြုလုပ်ထားသော ခြမ်းစင်တစ်ခုရှိနေသည်။

အောက်ဘက်တွင် အင်တေအကျိုးအပဲ့များပုံထားသည်ကို ဂျူရယ်၏ လက်နှိပ်ဓာတ်မီးရောင်ဖြင့် ဖျတ်ခနဲ တွေ့လိုက်ရ၏။ ဓတ်ကျောင်းဆောင်၏ ထောင့်တစ်ဆောင့်တွင် တာလပတ်ဖျင်ဟောင်းများ စုပုံထားသည်။

ဂျူရယ်က သူ့ဖိနပ်ဦးဖြင့် ထိုးကြည့်၏။ အာလပတ်ဖျင်ပုံအောက်တွင် ပန်းပုထူသော ဆောက်မျှား၊ တူများ၊ သစ်သားတုံးများ၊ ဂေါပြားတစ်ခုနှင့် ပန်းချီစုတ်တံများကို တွေ့ရသည်။

ဂျူရယ်သည် ဦးခေါင်းကို အပေါ်သို့မော့လိုက်ပြီး နံရံကို စူးစိုက်ကြည့်လိုက်၏။ ဗီရဂလီယို ရေဆေးပန်းချီများကို တွေ့ရသည်။ ထိုပန်းချီပုံများပေါ်တွင် နှစ်ပေါင်း ရာနှင့်ချီရှိနေသော အညစ်အကြေးများကို ဆီဇာဘယ်လာရီးယားက ဖယ်ရှားသုတ်သင် ဖော်ထုတ်ထားဟန်ရှိ၏။ အတော်အတန် သန့်ရှင်းကြည်လင်နေသည်။

'ဆီဇာလုပ်နေတဲ့အလုပ်ဟာ တကယ်လုပ်ဆင့်လုပ်ထိုက်တဲ့ အလုပ်ပဲ'

စိုင်းလပ်က လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

သူတို့နှစ်ဦးသည် အောက်ထပ်ကို အလျင်အမြန်လေ့လာစစ်ဆေးသည်။ လိုဏ်ဂူသဏ္ဌာန် ပြုလုပ်ထားသော မီးဖိုခန်းများ ရှိသည်။ အပြင်ဘက်သို့ ထွက်ပေါက်ရှိ၏။ အပြင်နံရံဘေးတွင် အဆောက်အအုံပျက် ကျောက်တုံး အကျိုးအပဲ့များ ပြန့်ကျဲနေသည်။ ပေါင်းကူး မုခ်ကြီးတစ်လျှောက်တွင် အခန်းငယ်ကလေးများရှိ၏။ ဝရန်တာ ပျက်ကြီးပေါ်တွင် အောဗျည်နေကြသော ပိုးမွှားတိရစ္ဆာန်များ ရှိနေသည်။

သူတို့နှစ်ဦး ချဉ်းကပ်သွားသောအခါ အသံရပ်သွားကြသည်။ ဘုရားရှိခိုးကျောင်းပျက်ကြီး၏ အပေါ်တွင် မျက်နှာချင်းဆိုင် အခန်းငယ်များ စီတန်းနေ၏။ ရှေးအခါက ဘုန်းတော်ကြီးများ နေထိုင်ပြီး အေးချမ်းစွာနှင့် တရားအားထုတ်ခဲ့ကြဟန် ရှိသည်။

'ကျောင်းပျက်ကြီးက အတော်ကို ကျယ်တာပဲ'

စိုင်းလပ်က သူ့အမြင်ကို ပြောပြသည်။

'ဒုန်ပန်းချီကားတွေ ဒီမှာဝက်ထားမယ်ဆိုရင် လူပေါင်းဘစ်ဒါဇင်လောက်နဲ့ ဆယ်ရက်လောက် ကျောက်တုံးတွေ လှန်လှောပြီး ရှာမှ တွေ့နိုင်မယ်'

'စောင့်ကြည့်ကြသေးတာပေါ့ စိုင်း'

ဂျူရယ်က လေသံသဲ့သဲ့ဖြင့် ပြောသည်။

'ကျန်တော်တို့ချည်း မဟုတ်ပါဘူး၊ မကြာခင်သူတို့ရောက် လာကြမှာပါ'

တောင်ပေါ်သို့ တက်သည့် တစ်ခုတည်းသော ခြေဆွဲလမ်းကလေးကို အပေါ်စီးကမြင်နိုင်သော ဒုတိယဆင်မှူအခန်းငယ်ကလေးကို ဂျူရယ် ရွေးချယ်လိုက်သည်။

သူနှစ်ခေါင်းတွင်းသို့ ဖုန့်နှံ့များ တိုးဝင်လာ၏။ နံရံပေါ်တွင် လိုဏ်ဂူငယ်ပမာ ထွင်းထားသည့်နေရာ၌ သစ်သားဖြင့်ပြုလုပ်ထားသော ခရစ်တော်နှင့် လက်ဝါးကပ်တိုင် ရှိနေသည်။ လှုပ်ရှားမှုအခြေအနေကို ဤနေရာမှ သူတို့စောင့်ကြည့်နေကြသည်။

ဒီအလုပ်က သူတို့အဖို့ လုပ်ရိုးလုပ်စဉ် ဖြစ်သည်။ ဂျူရယ့် အတွေးထဲ ဒိုင်ယာဒါ ဝင်လာပြန်သည်။ ထူးဘဝအစိတ်အပိုင်းမှာ ဒိုင်ယာဒါရဲ့ အပြုအစု၊ အယုအယတွေ လိုအပ်နေသည်။

ငြိမ်းချမ်း ဆာယာ လုံခြုံသော အိမ်တစ်ဆောင်တွင် နှစ်ယောက်အတူ ဘယ်သောအခါမှ အတည်တကျနေထိုင်ရမည်မသိ။

ပြုပြီခါရူတုပ် နေထိုင်ခဲ့စဉ်က ကလေးဘဝကို အသက်ထက်ဆုံး ပြန်ရောက်တေ့မည်မဟုတ်။ ထာဝရ ပျောက်ကွယ်သွားပြီ။

သူ့တို့ ဆက်၍စောင့်နေကြသည်။

တောဘုတ် ရောက်မလာသေး။ တစ်နာရီနီး ပါးရှိနေပြီ။

* * *

'စုံနံးမ၊ ယုတ်မာရက်စက်တဲ့ သစ္စာဖောက် ကဝေမ'

တောဘုတ် ရင်ထဲမှ ရေရွတ်နေသည်။ သူသည် တောင်ကုန်းများအကြား၌ အိပ်ခဲ့ရ၏။ သူ့ရင်တွင်း၌ ဒေါသမီး ဟုန်းဟုန်း တောက်နေသည်။

ဖရန်စစ်စတာ၏ သစ္စာဖောက်ဖျက်မှုကို သူ့ကို့ပြန်ရမည်။ ဘယ်နည်းနှင့်မျှ ခွင့်မလွှတ်နိုင်။ မထောက်ထား မည္သာတာနိုင်။ သူ့ဘဝကို ဖျက်ဆီးတဲ့ ဘီလူးမ။ မင်းသမီးယောင် ဆောင်တဲ့ ကဝေမ။ ဇာတ်သိမ်းမလုတဲ့ နတ်စိမ်းမ။

တောဘုတ်ရင်ထဲ၌ ပေါက်ကွဲလျက် ရှိနေ၏။ သူသည် ဘုရားကျောင်းပျက်ကြီးဆီသို့သွားရာ ခြေသွားလမ်းကလေးပေါ်တွင် ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာသည်။ သူ့သော် အလျင်အမြန်ကြီး မဟုတ်၊ သတိလက်လွှတ်မဟုတ်။

ဂျူရယ်ကို နယ်ပယ်မြို့မှာ သူ တွေ့ဆုံခဲ့၏။ အဲဒီတုန်းက အသေသတ်ခဲ့သင့်သည်။ ဖရန်စစ်စတာအတွက် နောက်ဆံတင်းရသဖြင့် မသတ်ဖြစ်ခဲ့။ ဖရန့်နောက်ကို အမီအရလိုက်ဖို့က သေရေးရှင်ရေး ဖြစ်နေသည်။ သူ ခေါင်းထဲတွင် ရှုပ်ထွေးသွားသည်။ ထို့ကြောင့် ဂျူရယ် အသက်ရှင်ခွင့်ရခဲ့၏။

ဘုရားကျောင်းပျက်ကြီးအတွင်း၌ သူ့ခြေသံတို့ သူကိုယ် တိုင်ပင် မကြားရအောင် ချဉ်းနင်းလျှောက်ခဲ့သည်။ အဓမ္မာင် တွင်း၌ သူ့ကိုယ်ခန္ဓာကြီးကို အတင်နိုင်ဆုံး ကျုံ့ထား၏။ သူ့ရင်တွင်းမှ နှလုံးခုန်သံကို သူကြားရသည်။

လူယုတ်မာ ဆီဇာနှင့်အတူ ဖရန့် ဒီကိုလာရမည်။ သူတို့နှစ်ဦးလုံးကို အမီဖမ်းရမည်။ ဒီကျောင်းတော်ပျက်ကြီးထဲက ဗုန်းအလိမ်းလိမ်းပေကျံနေတဲ့ ကြမ်းပြင်ပေါ်မှာ သွေးအိုင်ထွန်းသွားစေရမည်။

တောဘုတ်အတွက် မခံမရပ်နိုင်အောဇ် ဖြစ်နေသည်။ သူ့မျက်လုံးများ မီးဝင်းဝင်း တောက်နေ၏။

လွန်ခဲ့တဲ့ အရက်နှစ်ဆယ်တုန်းက ကဝေမ ဖရန်စစ်စတာက ရောမမြို့တွင် တောဘုတ်ကို ပြုစားခဲ့သည်။ ဖမ်းစားခဲ့သည်။

ဒုန်ဂျွေးဟောင်းပန်းချီကားများ ခိုးမှုကြီးဖြစ်ပေါ်အောင် လှုံ့ဆော်ပုံဖော်ခဲ့၏။ စနစ်တကျ အချိန်ကိုက်ပြီး ဇယားရေးဆွဲပေးခဲ့သည်။

သူ့ကို တောဘုတ်က မြတ်နိုးယုံကြည်ခဲ့မိ၏။ သူ့ညို့စွမ်းအားနှင့် ဖမ်းစားမှုမှ ရုန်းမထွက်နိုင်ခဲ့။

တစ်ချိန်က သူတို့နှစ်ဦးသည် အမေရိကန်ပြည်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်း ဒေသတွေမှာ ဆင်းရဲကြီးစွာ အတူနေခဲ့ကြရသည်။ ထို့နောက် မစ္စစ်စပီဒေသမှ ဝါဂွမ်းစိုက်ခင်းများထဲတွင် လည်းကောင်း၊ မစ်ဆိုရီပြည်နယ်မှ ဆတ္တနိုဂါးတွေထဲမှာလည်းကောင်း အငတ်ငတ်အပြတ်ပြတ်ဖြင့် လှည့်လည်နေထိုင်ခဲ့ကြ၏။

အခုတော့ ဖရန်စစ်စတာမှာ အိတလီပြည်၏ ယာယီ နယ်စားကတော် ဖြစ်နေသည်။ သံတမန်ကျမ်းကျင်သူအဆင့် ဖြစ်နေ၏။ သို့သော် သန်းပေါင်းများစွာ ချမ်းသာသော လင်တော်မောင်က သူသုံးစွဲဖို့ငွေကြေးကို အတိုင်းအတာနှင့် သတ်မှတ်ပေးထားပြီး သူနှင့်အတူ ဆယ်တော့မှမအိပ်သည့်အတွက် ဖရန့် စိတ်ဆင်းရဲနေသည်။

နောက်ပိုင်းတွင် လင်မြောင်နှင့် အလေလိုက်ပြီး ဆင်ကြဲကြခဲ့၏။ သူကိုယ်တိုင် သူဌေးဖြစ်မည့်အလုပ်ကို ယုတ်ယုတ်မာမာ ဇယားဆွဲခဲ့သည်။

တောဘုတ်၏ပါးစပ်မှ အဆက်မပြတ် ဆဲရေးတိုင်းထွာနေသည်။ ဖရန်စစ်စတာသည် သူ့အား ကယ်မြောင်၊ ကပ်ပါးအဖြစ် သာ သတ်မှတ်ခဲ့သည်။ နောက်ပိုင်းမှ တောဘုတ်၏ အပြောင်းအလဲများ အကြောင်းကို ပြည့်ပြည့်စုံစုံ သူမသိ။ အယ်လန်အမ်းဘရစ်ကို သတ်ခဲ့သလို ဖရန်စစ်စတာကိုလည်း အပြတ်ရှင်းရမည်။

တောဘုတ်သည် သူပုန်းခိုစောင့်ဆိုင်းရန်နေရာကို ဘုရားကျောင်းတွင်းမှ ကျိုးပဲ့နေသော ပလ္လင်နောက်ကွယ်ကို ရွေးချယ်လိုက်သည်။

အမျှောင်ရိပ်ဝယ် သူ့ကိုယ်လုံးကိုအတင်းဆုံးကျုံ့ထား၏။ ဖရန်စစ်စတာ သည်ကိုလာရမည်။ ဆေချာသည်။ ဆုည်ကောင်းပျက်ထဲမှာ ဖရန့်သည် ဆီဇာ့ကို ဒုန်ပန်းချီကားတွေ ပေးအပ်မည်။

ပြီးတော့ ပန်းချီကားဝယ်မည့်သူနှင့် အဆက်အသွယ် မရသေးခင် သည်မှာ ဝုက်ထားကြမည်။ ဖရန့်သည် သည်နေရာကို သူ့အား အမှတ်မထင်ပြောခဲ့သည်။ စင်စစ် သည်နေရာသည်ခက်ခဲသောနေရာမဟုတ်။ မိန်းမတွေဟာ တစ်ခါတစ်ရံ မယုံကြည်နိုင်လောက်အောင် မိုက်မဲကြသည်။ ယောကျ်ားအားလုံးကိုအမြဲတမ်း ညှိုင်ပြုစားနိုင်မည်ဟု မှတ်ထင်ကြ၏။

ဖရန့်ကိုသင်ခန်းစာကောင်းကောင်းပေးရမည်။တောဘုတ် ဆက်စောင့်နေ၏။

* * *

'တောဘုတ်အသံကိုကြားလား ဆမ်'

စိုင်းလပ်က လေသံသွဲ့သွဲ့ဖြင့် တိုးတိုးမေးသည်။

'ကြားတယ်'

'သူ အောက်တက်မှာရောက်နေပြီ၊ သူ့ကို ငါတို့ဖမ်းလို့ရပြီ'

'နေဦး....'

'ငါမစောင့်နိုင်တော့ဘူး၊ တွေးမိတိုင်း....'

'ကျွန်တော်တို့ လိုချင်တာက ပန်းချီကားတွေပါပါတယ်'

'ပန်းချီကားတွေ ဘယ်မှာရှိတယ်ဆိုတာကို သူမသိဘူး'

'သူလဲတို့လိုပဲ၊ ဖရန်စစ်စတာနဲ့ ဆီဇာ့အလာကို စောင့်နေဘာ၊ သူတို့ ဒီကိုလာပါ့မလား၊ မင်း အသေအချာ ပြောနိုင်သလား'

'ပါးစပ်ပိတ်ထားစမ်း စိုင်းလပ်'

'မသေချာမှာ စိုးလို့'

'ပန်းချီကားတွေကို ဆီဇာ့လက်ထဲအပ်ဖို့ အခက်အခဲ ရှိနေသေးပုံရတယ်၊ ခိုးရာပါစဉ်းလောက်ခံဝယ်ယူမယ့်သူ မတွေ့မချင်း ဒီမှာပဲ ဝုက်ထားလိမ့်ဦးမယ်'

'ဖရန်စစ်စတာရဲ့ ယောကျ်ားကကော....'

'ဒါ ကျွန်တော် မသိဘူး'

ဂျူရယ်က နှစ်ကိုယ်ကြား ဆက်ပြောသည်။

'ကျွန်တော်တို့နဲ့ တိုက်ရိုက်မတွေ့ဘဲ ဆီဇာက ပန်းချီကားတွေကို ဝုက်သွားရင် ခုနစ်ရက်လောက်၊ လူနှစ်ဆယ်နဲ့ မြေလှန်ပြီး ရှာကြရမယ်၊ အဲ့ဒီအချိန်မှာ မင်းသားကြီး သုဝဏ္ဏဖန်လဲကမ္ဘာဒီးယား ပြန်ရောက်နေပြီ၊ သတ္တုရောင်းဝယ်ရေး လုပ်ငန်းတွေလဲ ချက်တွေဆီ ယိုစီးပါသွားပြီပေါ့'

'ငါဒါကို ဂရုမစိုက်ဘူး'

'ကျွန်တော် ဂရုစိုက်တယ်'

ဂျူရယ်က တိုးတိုးနှင့်တင်းတင်းပြောသည်။

'ဒါ ကျွန်တော့် အလုပ်'

အခန်း (၁၃)

ဖရန်စစ်စတာသည် ဘုရားကျောင်းပျက်ကြီးဆီသို့ ခြေသွားလမ်းကလေးအတိုင်း ခြေလှမ်းသွက်သွက်ဖြင့် တက်လာ၏။အောက်ဘက် ပင်လယ်ကမ်းခြေဆီမှ ဝေ့၍တိုက်လာသောလေကြောင့် သူ၏စကတ်အောက်နားများပျံ့လွင့်နေသဖြင့် လက်တစ်ဖက်နှင့်အုပ်ဆိုစ်းကိုင်ထားသည်။

သူ့ရင်ထဲတွင် တင်းကျင်လှိုက်ဖိုနေ၏။ တောင်ပေါ်သို့အပြေးအလွှား တက်လာရခြင်းကြောင့်ထက် ဆီဇာနှင့် တွေ့ဆုံရန်ရင်လေးနေခြင်း ဖြစ်သည်။ သူ့လင် အပိုလီယိုဘာနာဒိုအား မိမိနေထိုင်မကောင်းသဖြင့် စောစောအိပ်မည်ဟုပြောကာအခန်းတွင်းသို့ စင်ခဲ့သည်။

အိပ်ရာပေါ်တွင် တပြောင်းပြန်ပြန် လူးလှိမ့်ရင်း သတ်မှတ်ထားသောအချိန်ကို စောင့်စားခဲ့ရ၏။ သူ စိတ်လှုပ်ရှားနေသည်။ ကနေ့ည အပိုလီယိုသည် ခါတိုင်းနှင့်မတူ ထူးခြားနေ၏။မနက်ဖြန်နံနက် အိုင်ဆိုလာဖီလီဘာနိုကျွန်းကိုပြန်ကြရမည်။ပြင်ပလောကနှင့် ကင်းကွာသော ကျောက်တောင်ကျောက်ခဲကျွန်းသို့ ပြန်ရမည်ကို သူ မနှစ်မြို့ချေ။

ဒွန်ပန်းချီကားများ ရောင်းချရန် သည်ညဆီဇာ ရောက်လာမည့်အတွက် သူ အားတင်းဖြေသိမ့်ရသည်။ပန်းချီကားများရောင်းရသော ငွေဖြင့် သူတို့နှစ်ဦး ဤဒေသမှ အပြီးအပိုင်ထွက်ခွာသွားကြမည်။ ယခုအကြိမ် ပန်းချီကားများ ဝှက်ထားရာ နေရာတွင် ဆီဇာနှင့် တိတ်ထိတ်ပုန်း ချိန်းတွေ့ရခြင်းမှာနောက်ဆုံးအကြိမ်ဖြစ်သည်။

သူသည် ဘုရားကျောင်း၏နောက်ဘက်ဝင်ပေါက်မှ ဝင်လာပြီး ဖုန်နံ့ တသောသောထနေသော မီးဖိုဆောင် အရိပ်တွင် ရပ်လိုက်သည်။ ဆီဇာက ရောက်မလာသေး။ ဤနေရာ စန်းကျင်၌ ဘာမှမရှိ။

ဟာလာဟင်းလင်းဖြစ်နေ၏။သို့သော် တစ်စုံတစ်ရာထူးခြားနေသလို သူ ခံစားရသည်။ ဘယ်သူ့ကိုမှလည်း မတွေ့ရ။ အရိပ်အယောင်ဟူ၍လည်း မမြင်ရ။သူမ သံသယဝင်လာ၏။ရှေ့သို့ဆက်မသွားဘဲ ရပ်နေသည်။

ရပ်နေရာမှ နောက်ဘက်ဝင်ပေါက်ကိုဖြတ်ပြီး အောက်ဘက်သို့ မျှော်ကြည့်လိုက်သည်။မှန်တီကက်ပိုလီမြို့သည် အိပ်မောကျနေ၏။ ပန်းခြံထဲမှ မီးရောင်များကို မြင်တွေ့ရသည်။မနက်ဖြန်ဆိုလျှင် အပိုလီယိုသည် သူ့အား အကျဉ်းသားသဖွယ် စည်းကမ်း အကန့်အသတ်၊အချုပ်အနှောင်နှင့်ထားတော့မည်။သူတို့လက်ထပ်ခဲ့သည်မှာ နှစ်နှစ်ရှိခဲ့ပြီ။ သူသည် အချိန်ကာလကို ပြန်လည်သုံးသပ်ကြည့်သည်။

အိုင်ဆိုလာဖီလီဘာနိုကျွန်းပေါ်မှ သူတို့ဘဝသည် ပျင်းရိဗြီးငွေ့ဖွယ်ကောင်းလှသည်။ သူ့လိုငယ်ရွယ်သူအတွက် တစ်သက်တစ်ကျွန်းကျသလို ခံစားရသည်။ သူက အတားအဆီး မရှိသော ပျော်ရွှင်လွတ်လပ်မှုကိုသာ လိုလားတောင့်တမိသည်။

အပိုလီယိုသည် ရန်ငြိုးကြီးစွာဖြင့်သူနှင့်ဆီဇာတို့နောက်ကို ခြေရာခံလိုက်ခဲ့သည်မှာ ကြာပြီ။သို့သော် နိုင်ငံတကာနယ်ပယ်သည် ကျယ်စန်းလှပေသည်။

ပန်းချီကားများရောင်းပြီးလျှင် အိပ်မက်နိုင်ငံသို့ လေဟုန်ငီးကာ ရွက်ကုန်ဖွင့်ရန် သူကစီစဉ်ပြီး။

ဤအဆောက်အအုံပျက်များအကြားတွင် ညပေါင်းများစွာ ဆီဇာ၏ရင်ခွင်၌ ခိုဝင်ပျော်ရွှင်ခဲ့ရသည်။ မှေးစက်ပျော်ပါးရေသည်။ ဤနေရာဤဒေသတွင် သူ နှံ့စပ်ကျွမ်းဝင်ပြီးဖြစ်သည်။

ဖရန့်သည် ဆီဇာအလာကို စောင့်ရန်အတွက် ဘုရားကျောင်းအပေါ်ထပ်ကို နောက်ဘက်ပေါက် လှေကားမှ တက်ခဲ့သည်။

ဆီဇာ့အစီအစဉ်အားလုံးကို အပြည့်အစုံမသိသော်လည်း ဆီဇာသည် ကနေ့ည သူနဲ့အတူ ဤအဆောက်အအုံပျက်များကြားတွင် အချစ်ဘုံဗိမာန် တည်ဆောက်ဦးမည်ဟု သူ နားလည်ထား၏။ သူသည် ဆီဇာ၏ညွှန်ကြားချက်များကို အတီအကျ လိုက်နာခဲ့သည်။

ဒွန်ပန်းချီကားအထုပ်ကြီးကို စင်တစ်စီဟိုတယ်မှ ဘူတာရုံသို့ယူလာခဲ့၏။ ဆိုရန်တိုသို့သွားသော မီးရထားဖြင့် သက်ဆောင်လာသည်။ ဘူတာရုံမှ မီးရထားထွက်ခွာသည်နှင့် သူ့ဘေးထိုင်ခုံပေါ်သို့ ဆီဇာ လှစ်ခနဲရောက်လာ၏။ သူ အံ့အားသင့်ခဲ့ရသည်။

'ရှေးဟောင်း အဆောက်အအုံပျက်တွေကြားမှာ အချစ်အလုပ်လုပ်နေမယ်လို့ ထင်နေတာ၊ အခု ဘယ်ကဘယ်လို ရောက်လာတာလဲဟင်'

'သားကောင်ကိုဖမ်းစဲ့နေရာမှာ မြေခွေးတွေဟာ အလွန်လိမ္မာပါးနပ်ကြတယ်အချစ်'

သူ့လက်ထဲမှပန်းချီကားထုပ်ကို လှမ်းယူပြီး ဆီဇာပြုံးရယ်နေသည်။

'စင်တစ်စီမှာ ဘာတွေဖြစ်ခဲ့သေးလဲ ပြောပြပါဦး'

ဆီဇာသည် ဖရန့်ပြောသမျှကို တစ်ဖက်သို့ ခေါင်းငဲ့ပြီး နားထောင်သည်။ တောဘွတ်အကြောင်းကို ပြောပြသောအခါ ဆီဇာ့ပါးစပ်မှ တောက်ခေါက်သံတစ်ချက် ပွင့်အံထွက်သည်။ ပြီးတော့ သူ ရထားပေါ်ရောက်လာရပုံနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်ကိုပြောပြ၏။

'ဘုန်းကြီးကျောင်းပျက်ကြီးကနေ တောင်ကုန်းတွေကိုဖြတ်သန်းပြီး ကိုယ်လာခဲ့ရတယ်အချစ်၊ မွန်တီကက်ပိုလီမြို့ကလူတွေ ကိုယ့်ကိုမမြင်နိုင်ကြဘူးပေါ့၊ ဘူတာရုံဂိတ်ကိုရောက်ဖို့ အတော်ဇေးဝေးလျှောက်ခဲ့ရတယ်၊ ဘယ်သူမှ အနံ့ခံလို့မရအောင် ကိုယ်

တို့ ဆက်လက်လှုပ်ရှားရမယ်၊ မွန်တီကက်ပိုလီမရောက်ခင် ဆိုရန်တို ဘူတာမှာဆင်းမယ်၊ အချစ်က အပိုလီယိုဆီကို တန်းတန်းမတ်မတ်ပြန်သွားတော့၊ နားလည်လား၊ ကိုယ်နဲ့အတူ လှုပ်ရှားနေတာကို ဘယ်သူမှမမြင်စေနဲ့'

'ရှင် ဘာဆက်လုပ်မယ်ဆိုတာ ကျွန်မနားမလည်ဘူး'

'မင်း နားလည်စရာမလိုပါဘူး၊ ခါတိုင်းလိုပဲ မင်းနဲ့ငါ အဲဒီမှာတွေ့ကြမယ်၊ ဘုရားကျောင်းပျက်ကြီးမှာ နေဘက်ဆုံးတစ်ညပေါ့'

'အန္တရာယ်မများလွန်းဘူးလား၊ အပိုလီယိုက....'

'ဟုတ်တယ်၊ ပန်းချီကားတွေကို အိုင်ဆိုလာဖိလီဘာနိုမှာရောင်းတာ အကောင်းဆုံးဖြစ်တယ်၊ ငါ အစီအစဉ်တွေပြောင်းလိုက်ပြီ၊ ဘုရားကျောင်းပျက်ကြီးထဲမှာ ပန်းချီကားတွေ ဝှက်မထားတော့ဘူး၊ အသေးအမွှားတွေကို မစဉ်းစားနိုင်ဘူး၊ ပန်းချီကားတွေကို ငါ့မော်တော်နဲ့ ဖိလီဘာနိုကိုယူသွားမယ်၊ မင်းမရောက်ခင် ငါ အရင်ရောက်ချင်ရောက်နေမယ်'

'ကျွန်မတို့ ဒီည တွေ့ချင်မှတွေ့ကြတော့မှာပေါ့'

ဆီဇာက အံကြိတ်ပြီးပြုံးသည်။

'ငါတို့နောက်က မြေခွေးတွေလိုက်နေတယ်၊ မင်းမသိဘူးထား၊ ငါက ခွေးတွေကိုအနံ့ပေးထားတယ်၊ ပန်းချီကားတွေ ငှက်ကြဖို့ လာတွေ့ကြတဲ့အနေမျိုးနဲ့ မင်းနဲ့ငါ တွေ့ကြမယ်၊ တို့နောက်ကလူတွေဟာ အရူးထွေမဟုတ်ဘူး ဖရန်စစ်စတာ၊ သိပ်အန္တရာယ်ကြီးတယ်'

'ကျွန်မ ဂျက်တောဘွတ်ကိုကြောက်တယ်'

'ဒီည ဒီကောင့်ကိုငါရှင်းမယ်၊ ဒီလုပ်ငန်းထဲမှာ သူ့ကို ထည်းခံပြီး ကြည့်မနေချင်တော့ဘူး၊ ဆွစ်ဇလန်မှာရှိတဲ့ အမေရိကန်တွေ သူ့ကိုအာရုံစိုက်ပြီး လိုက်နေကြပြီလို့ ငါထင်တယ်'

ဖရန်စစ်စတာက လေးလေးနက်နက် စဉ်းစားချင့်ချိန်၏။

'ကနေ့ည ဘုရားကျောင်းမှာ တောဘွတ်ကိုထောင်ဖမ်းဖို့ အစီအစဉ်ရှိလား၊ ကျွန်မတို့မလုပ်သင့်ဘူး'

'မသတ်သင့်ဘူးလို ပြောတာလား'

'ရှင်လုပ်ပုံတွေက အစကစီစဉ်တဲ့အတိုင်း မဟုတ်တော့ဘူး'

'ဂရုစိုက်စရာမလိုပါဘူး၊ မပူစမ်းပါနဲ့အချစ်ရယ်'

'ကျွန်မ နောက်ထပ် သံသရာမလည်ချင်တော့ဘူး'

ဖရန့်က ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။

'ငါတောင်းပန်ပါတယ်၊ ငါတို့ ဘုရားကျောင်းပျက်ကြီးမှာ ဆုံကြမယ်'

'ရှင် ငါးမျှားနေတာလား'

ဖရန့်က မယုံနိုင်သလို စကားစဆိုသည်။

'မင်းဟာ သိပ်ကိုလှပနေတုန်းပါပဲ အချစ်ရယ်၊ မင်းကို ငါ မခွဲခွာနိုင်သေးပါဘူးကွယ်'

ထို့နောက် သူတို့နှစ်ဦး လမ်းခွဲကြသည်။ အစီအစဉ်အတိုင်း ဆက်လက်လှုပ်ရှားခဲ့ကြ၏။

ဖရန်စစ်စတာသည် တောင်ကုန်းပေါ်သို့ ပြောင်ပြောင်ထီးထီး တက်လာခဲ့သည်။ သို့သော် နောက်ဆံတင်းနေ၏။ ဆီဇာကို သူ မယုံတစ်ဝက်ယုံတစ်ဝက် ဖြစ်နေသည်။ သူ့ကိုဒုက္ခပေးလိမ့်မည်။ ဂျက်တောဘွတ်ကို ဖယ်ရှားပစ်ခြင်းသည် ကောင်းသည်ဟု ယူဆသည်။

ဆီဇာနှင့်ပတ်သက်၍ သဘာဝမကျသော အချက်တော့ရှိသည်။ ပန်းချီကားတွေခိုးယူရန် ဆုံးဖြတ်ချက်ချလိုက်သည့်အချိန်တွင် ဖရန်စစ်စတာအား တောဘွတ်နှင့် ပွတ်သီးပွတ်သတ်နေရန် ဆီဇာညွှန်ကြားခဲ့သည်။ ယခု အခြေအနေတစ်မျိုး ပြောင်းပြန်သည်။ ဆီဇာသည် အမျိုးမျိုးအဖုံဖုံ ကမ်းကုန်အောင်လှုပ်ရှားနေ၏။

တိမ်မည်းညိုတို့သည် တဖြည်းဖြည်းရွှေလျားပြီး ဖုံးလွှမ်းသွားသည်။

ဖရန့်သည် ဘုရားကျောင်းအပေါ်ထပ်လှေကားထိပ်၌ ရပ်လိုက်၏။ ဝရန်တာ၏တစ်ဖက်တွင် တံခါးများ ယိုင်နဲ့ကျိုးပဲ့နေ

သော အခန်းငယ်များရှိသည်။ ဖရန့်ဖြန်းခနဲ ကြက်သီးမွေးညင်းထသွားသည်။

သူ့ရွှေတည့်တည့်ကျောက်သားကြမ်းပြင်ပေါ်တွင်လရောင်ကျနေ၏။ ဆီဇာ ဘယ်မှာလဲ။ သိုးငယ်တစ်ကောင်အား ကျားစာကျွေးသလို သူနှင့်မျှားပြီး တောဘွတ်အားထောင်ဖမ်းခြင်းသည် ဘရားမျှတမှုမရှိ။ သို့သော် အကြောင်းကြောင်းကြောင့် ဆီဇာ့အပေါ် ယုံကြည်ကိုးစားရတော့မည်။ နောက်ပြန်လှည့်ရန်အချိန်နှောင်းလေပြီ။

ဂျူရယ်နှင့်စိုင်းလပ်တို့ ပုန်းခိုစောင့်ဆိုင်းနေသော အခန်းပျက်ရှေ့က အဖြတ်တွင် သူ့နောက်နားမှခြေသံကြားလိုက်ရ၏။ တစ်ပြိုင်တည်းတွင် သူ့ပါးစပ်ကို လက်ဝါးဖြင့်ပိတ်ထားခြင်း ခံလိုက်ရသည်။

ခြေထောက်နှင့်ကန်ပြီး ရန်းကန်လိုက်သည်။အရာမရောက်။ ဂျူရယ်က သူ့အား အလွယ်တကူပင် အခန်းတွင်းသို့ ဆွဲသွင်းလိုက်သည်။ အခန်းတွင်းမှ စိုင်းဟင်ဆန်က အသင့် နေရာယူပြီးပြီ။

'ငြိမ်စမ်းဖရန့်၊ မင်းကို မထိခိုက်စေရဘူး'

ဂျူရယ်က လေသံဖြင့် တိုးတိုးတင်းတင်းပြောသည်။ ဖရန့်သည် တစ်ခဏမျှ သွေးရူးသွေးတန်းရှန်းကန်ပြီး စင်တစ်စီ ဟိုတယ်တွင် တွေ့ဆုံခဲ့သူမှန်းသိသည့်နှင့် ငြိမ်သက်သွားသည်။

'ဆီဇာ ဘယ်မှာလဲ'

ဂျူရယ်က လေသံဖြင့် မေးသည်။ဖရန့်က ခေါင်းခါသည်။ ဆံပင်များ ပခုံးနှစ်ဖက်ပေါ်တွင် ဝဲပျံသွားသည်။

'သူ ဒီမှာမရှိဘူးလား'

ဖရန့်က အော်ဟစ်ရန် ကြိုးစားသည်။ဂျူရယ့်လက်ဝါးကို ကိုက်၏။ ဂျူရယ်က ပိတ်ဖိထားသည်။

'တောဘွတ် မင်းကိုစောင့်နေတာမသိဘူးလား'

ဖရန့်သည် မတ်မတ်တောင့်တောင့်ရပ်လိုက်ပြီးမျက်လုံးပြူးသွား၏။ ခေါင်းဖြူဖြူနှင့် စိုင်းလပ်ကိုကြည့်သည်။ ဘယ်သူဘယ်ဝါ

မှန်း မအီ။ ဂျူရယ်ထက် တောဘုတ်ကို ဖရန့် ပိုကြောက်သည်
ဖရန့် ငြိမ်သက်သွား၏။

'မအော်နဲ့၊ ထွက်ပြေးဖို့မကြံနဲ့၊ မင်း ကျားစာ ဖြစ်သွား
မယ်'

ဖရန့် ခေါင်းညိတ်သည်။ ဂျူရယ်ကသူ့ပါးစပ်ပေါ်မှလက်
ကို ဖယ်လိုက်၏။ အခန်းနံရံကိုမှီလျက် ဖရန့် ပုံကျသွားသည်။ ဘူး
ပျက်၊ ကျောင်းပျက်များအကြားတွင် ဘာသံကိုမှ မကြားတော့
ဂျူရယ်က မားမားမတ်မတ် ရပ်၏။

'ဂျက်တောဘုတ် ဘယ်မှာလဲ'

ဖရန့်က အသံတုန်တုန်ယင်ယင်ဖြင့် မေးသည်။

'ဘုရားရှိခိုးဆောင်ပျက်ရဲ့ အောက်ထပ်မှာ'

'ဟုတ်လား'

'သူ မင်းကိုသတ်ဖို့စောင့်နေတယ်'

'ဟုတ်ကဲ့'

ဖရန့်အသံ အနည်းငယ် ကျယ်လာသည်။

'မင်းလာတာ ဆီဇာနဲ့တွေ့ဖို့လား'

'ရှင်က အကုန်လုံးသိနေတယ်'

'ဒွန် ပန်းချီကားတွေ သူ့လက်ထဲမှာပဲလား'

'ရှင် ဘာတွေပြောနေတာလဲ၊ မသိဘူး'

ဖရန့်၏အသံ မြင့်လာသည်။ ဂျူရယ်က လက်မြှောက်ပြ
သတိပေးလိုက်၏။ ဖရန့်သည် လည်ချောင်းထဲသို့ တစ်စုံတစ်ခုမျိ
လိုက်ပြီး ငြိမ်သက်နေသည်။

ဆီဇာအတွက် သူ စိုးရိမ်၏။ သူ့အားငါးစာအဖြစ် အသ
ချသည့်အတွက်မူ မခံမရပ်နိုင်ဖြစ်သည်။ ဂျူရယ်တို့မှာ ဆီဇာထ
သလို လူယုတ်မာတွေ ဟုတ်ဟန်မတူ။ဆီဇာ လွဲမှားသွားပြီ။ ဂျူ
ရယ်တို့ သည်မှာရှိလိမ့်မည်ဟု သူ မမျှော်လင့်ခဲ့။

'စိုင်းလပ်'

ဂျူရယ်က တိုးတိုးမျှင်မျှင် နှစ်ကိုယ်ကြားခေါ်သည်။

'အောက်ထပ်ဆင်းမြို့ တောဘုတ်ကိုသွားဖမ်း'

ခေါင်းဖြူဖြူနှင့်လူသည် အံကြိတ်ပြီးပြုံးကာ သူ့အိတ်ထဲမှ
သေနတ်တို့ ဆွဲထုတ်လိုက်သည်။ ဖရန့် မျက်လုံးပြူးသွား၏။

'သူ့ကိုမသတ်နဲ့၊ အရှင်ဖမ်း'

'ငါကျေနပ်ပြီ'

စိုင်းလပ်မဲ့ပြုံးပြုံး၏။

စိုင်းလပ်သည် ခြေသံလုံလုံဖြင့် ချက်ချင်းထွက်သွားသည်။
ဂျူရယ်က အခန်းကျဉ်းကလေးထဲတွင် အမျိုးသမီးနှင့်အတူကျန်ခဲ့
သည်။

အမျိုးသမီးအား အကဲခတ်ကြည့်လိုက်၏။ လရောင်သည်
ရှည်သွယ်သွယ် ပြတင်းပေါက်ကိုဖြတ်ပြီး ဖရန့်မျက်နှာပေါ် ကျ
နေ၏။ ရှင်းရှင်းလင်းလင်း မြင်ရ၏။သူ စိတ်ရှုပ်ထွေးပြီးကြောက်ရွံ့
နေပုံရသည်။ သို့သော် ပြုံးယောင်သန်းနေ၏။

'ရှင့်လူ ကျယ်သွားတာလဲ'

'တောဘုတ်ကို သွားဖမ်းတာ'

'ဆီဇာ့နောက်ကို တကယ်လိုက်နေသလား'

'ငါတို့လိုချင်တာ ပန်းချီကားတွေ၊ မင့်လူမဟုတ်ဘူး'

'ကျွန်မနဲ့ဆီဇာ့အပေါ် အမြင်မှားနေပြီ'

'ပါးစပ်ပိတ်ထား၊ ဘာမှမပြောနဲ့'

ရုတ်တရက် အသံတိတ်သွားသည်။ ဂျူရယ်သည် အောက်
ထပ်သို့ ဆင်းသွားသော စိုင်းလပ်၏အခြေအနေကို နားစွင့်နေ
၏။ ဘာသံမှမကြားရ။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်
နေသည်။

ဖရန့် ပြုံးနေ၏။ သူ့အပြုံးသည် မာယာပြုံး။ လရောင်
အောက်တွင် အိစက်ညက်ညောသည့် သူ့အသားအရေသည်စိုပြည်
ဝင်းပနေ၏။ကောက်ကြောင်းအားလုံး မို့မို့မောက်မောက်၊စွင့်စွင့်
ကားကား ရှိနေသည်။ အသက်ရှူမှားဖွယ် ရမ္မက်အလှကို ဆောင်
နေသည်။ သူ့တင်သားတစ်ဖက်ကို ကျောက်နံရံပေါ်ဖိပြီး ခပ်
စောင်းစောင်း ရပ်နေသည်။ ညနှင်းမီးပမာပင်။

ဂျူရယ်က ချက်ချင်းပြောင်းလဲတတ်သော ဖရန့်ကိုကြည့်ပြီး အံ့အားသင့်နေသည်။ သူစိတ်ဝင်စားသည်က တောဘုတ်ကို ဖမ်းချုပ်ရေးသာဖြစ်၏။ လိုအပ်သည့် ကတင်းအချက်အလက်များ မရခင် တောဘုတ်ကို စိုင်းလပ် အပြတ်ရှင်းပစ်မှာကို စိုးရိမ်နေသည်။ ဖရိုးမွန်အဖွဲ့၏ လုံခြုံမှုက လောလောဆယ် အရေးကြီးသည်။

'ဆီစာ ဒီကို ဘယ်အချိန်လာမလဲ'

ဂျူရယ်က အမျိုးသမီးကို မေးလိုက်သည်။

'မသိဘူး'

အမျိုးသမီးက အပြုံးယဲ့ယဲ့ဖြင့် ပြန်ပြောသည်။

'ရှင် တို့နှစ်ယောက်ဟာ မိန်းကလေးတစ်ဦးအတွက် အန္တရာယ်မရှိတဲ့ လူကောင်းတွေလို့ ကျွန်မနားလည်ပါတယ်'

'အဲဒီလိုမဟုတ်ဘူး၊ ဒီအမှုမှာ လူနှစ်ယောက်အသတ်ခံခဲ့ရပြီ၊ နောက်ထပ်....'

အသံတစ်သံကြောင့် ဂျူရယ် စကားရပ်လိုက်သည်။ စင်စစ် သူတို့လေသံကို အခန်းပေါက်ကပင်မကြားနိုင်။ သူကြားလိုက်ရသောအသံသည် စူးစူးရှရှနှင့် ထူးထူးခြားခြားရှိ၏။ ကျောက်သားကြမ်းပြင်ပေါ်သို့ ကျောက်စရစ်ခဲလုံးတစ်လုံးကျသော အသံမျိုးဖြစ်သည်။ ဂျူရယ် ခန်းမကြီးဘက်သို့ တိုးကပ်သွားသည်။ ထိုအခိုက် မိုးသားများ အုပ်ဆိုင်းမည်းမှောင်လာ၏။ ဝရန်တာတွင် ဘာမှမရှိ။ ရှင်းလင်းနေသည်။

သို့သော် မှောင်ရိပ်ကသောကြောင့် အသေအချာမပြောနိုင်။ အသံလာရာကို ဂျူရယ် မှန်းဆတွက်ကြည့်သည်။ နောက်ဘက်လေကားဆီကလား၊ ဘုရားဝတ်ကျောင်းဘက်ကလား။ သူ အတိအကျမဆုံးဖြတ်နိုင်။

ဂျူရယ် သေနတ်ကိုဆွဲထုတ်လိုက်ပြီး ဖရန့်အား သူ့ထံလာရန် လက်ဟန်ပြလိုက်၏။ ဖရန့်သည် သွက်လက်စွာဖြင့် အနားကပ်လာသည်။ အမှောင်ရိပ်ဝယ် သူတစ်ဦးတည်းမနေရဲပေ။

ဟင်ဆန်ထံမှ တုံ့ပြန်မှုရှိသင့်ပြီဟု ဂျူရယ် ယူဆသည်။ စောစောက ဈေးဝယ်ခန် ကြားလိုက်ရသောအသံသည် စိုင်းထံမှ အချက်ပေးသံများလားဟု စဉ်းစား၏။ တောဘုတ်ကိုဖမ်းဖို့ စိုင်းကို တာဝန်ပေးမိသည်မှာ မှားပြီလားမသိ။ စိုင်းက တောဘုတ်အပေါ် အခဲမကြေနိုင်သူဖြစ်သည်။ စိုင်းသည် ဆန္ဒစောပြီး လက်ညှိခြေလွန်လုပ်တတ်သည်။

ဂျူရယ်သည် ဖရန့်စစ်စတာအား သူ့နောက်သို့လိုက်ခဲ့ရန် သက်ဟန်ခြေဟန်ပြလိုက်သည်။

မိုးသားများသည် ကန့်လန့်ကာကို ဆွဲဖယ်လိုက်သကဲ့သို့ ရွှေ့လျားသွားသဖြင့် လရောင်ပြန်လင်းလာသည်။

သို့သော် အခန်းထဲမျာ်းအတွင်းတွင်မူ အရိပ်များကျရောက်နေသည်။ ဂျူရယ်က ဖရန့်အားစောင့်နေသည်။ နောက်ကျောဘက်တွင် ဖရန့်ကိုမထားချင်သဖြင့် သူ့ဘေးသို့ခေါ်လိုက်၏။ ဂျူရယ်သည် အခြေအနေကို အထူးအာရုံစိုက် အကဲခတ်နေသည်။ လွဲချော်သွားမှာ စိုးရိမ်နေ၏။ စောစောကအသံမျိုးကို ဆပ်ကြားရပြန်သည်။

ဂျူရယ်သည် ဖရန့်ဘေးသို့ ပူးကပ်စွာလာရပ်သည်။ ဖရန့်၏ အိစက်သောရင်သားအစုံသည် သူ့လက်မောင်းအား ဖိထားသလို လှုပ်လှုပ်ရွရွရှိနေ၏။ ထိုအခိုက် ခြေဆံကြားရသည်။

'ဘာသံလဲ'

'ဆီဇာဖြစ်နိုင်တယ်'

ဂျူရယ်က သူ့ထင်မြင်ချက်ကိုပြောသည်။

'မဟုတ်ဘူး၊ သူလာရင် နောက်ဘက်ပေါက်ကလာမယ်'

ဂျူရယ်သည် အမှောင်ထဲ၌ရင်လိုက်၏။

'မင်း....ငါနဲ့အတူနေပါ၊ အသက်အန္တရာယ်ရှိတယ်'

'ကျွန်မ မကြောက်ဘူး'

ဂျူရယ် ရှေ့သို့ တိုးသွားသည်။ ဖရန့် တုံ့ဆိုင်းနေပြီးမှ နောက်က လိုက်လာ၏။ လရောင်ပြာကျနေသော ကျောက်နံရံ

အကျီးအပဲ့များကိုဖြတ်ကျော်ပြီး ကျောင်းပျက်ကြီးဆီသို့တဖြည်းဖြည်း ရွေ့လျားလာကြသည်။

ခမ္မာရုံရွှေ့တွင် ကျောက်တုံးကြီးများ စုပုံနေ၏။ ဂျူရယ်သည် ဖရန့်နှင့်အတူ ကျောက်တုံးပုံကြီးကိုဖြတ်ကျော်ပြီး ပေါင်းကူးမှခ်ဆီသို့ ခပ်သုတ်သုတ်လျှောက်လာသည်။ ဤပေါင်းကူးမှာ ဝင်ပေါက်သည် သီးသန့်ဘုရားရှိခိုးဆောင်ဖြစ်သည်။

ဖရန့်စစ်စတာသည် ဂျူရယ်ဘေးတွင် ကပ်လျက် လိုက်ပါလာသည်။ သူ့အသက်ရှူသံကို ကြားနေရသည်။ ခရမ်းနုသင်းပျံပျံသည် သူ့နှာခေါင်းတွင်းသို့ ဝင်လာသည်။ အမျိုးသမီး၏ ကိုယ်လုံးသည် သူ့လက်မောင်းနှင့် ထိကပ်နေသဖြင့် အိစက်နူးညံ့သောအတွေ့ကို ခံစားရသည်။

'ဘာသံလဲ'

အမျိုးသမီးက မေးလိုက်သည်။

ခံစားမှုများ ရုတ်ခြည်း ပျောက်ကွယ်သွားသည်။

လူရိပ်တစ်ရိပ်သည် ခြေသံကိုမထိန်းသိမ်းဘဲ ကျောက်သားကြမ်းပြင်ပေါ်တွင် ပြေးနေသည်။ ထိုသူသည် ခမ္မာရုံကြမ်းပြင်ကို ဖြတ်ကျော်သွား၏။ ဂျူရယ်က....

'ရပ်....'

ဟု မအော်ဟစ် ကာဆီးလိုက်သည်။ နောက်ပြီး သေနတ်တစ်ချက် အပေါ်သို့ ထောင်ပစ်လိုက်၏။ သေနတ်သံသည် အဆောက်အဦး အပျက်အစီးများ အကြားတွင် နားကွဲလုမတတ် မြည်ဟိန်းသွားသည်။

တစ်ဆက်တည်းတွင် အော်ဟစ်သံကို ကြား‌ရ၏။ ဂျူရယ်သည် စိုင်းလမ်အတွက် စိုးရိမ်ဆန္ဒစောပြီး အမျိုးသမီးကိုထားခဲ့ကာ ရှေ့သို့ပြေးထွက်သည်။ အမှောင်ရိပ်အတွင်းမှ ကိုယ်ခန္ဓာကြီးတစ်ခုသည် သူ့ရင်ဘတ်ပေါ်သို့ ခုန်အုပ်ကျလာ၏။ ဂျူရယ် ကျောက်နံရံဘက်သို့ ယိုင်ကျသွားသည်။

ရှေ့သို့ ပြန်ပြီး အားယူ ထလိုက်ရသည်။ ထိုလူသည် ကြမ်းပေါ်တွင် ထေးဘက်ထောက်ကုန်းကွကွဖြစ်နေ၏။ စိုင်း မဖြစ်နိုင်း

ဆံပင်ဖြူဖြူကို မတွေ့ရ။ တောဘုတ်ဟုလည်း သူမထင်။ အခြားလူရိပ်က ခေါင်းမြောင်တဝင်းဝင်းဖြင့် ဝင်လာ၏။ ခေါင်းမြောင်သည် သူ့မျက်နှာနားမှ ဦးခနဲ ဖြတ်ကျော်ပြီး ကျောက်နံရံနှင့် ထိကာ 'ချွင်' ခနဲ မြည်သွားသည်။

ဂျူရယ်က ထိုသူ၏ဝမ်းဗိုက်ကို တစ်ချက်ပစ်ထိုးလိုက်သည်။ အဆုတ်ထဲမှလေများ ရှူးခနဲ ထွက်သွားသည်။ အီတလီစကားဖြင့် ဘဲဆိုသံ တွက်လာ၏။ အတော် အထီနာသွားသည်။ ထွက်ပြေးရန် ကြိုးစား၏။ ဂျူရယ်က သူ့သေနတ်ဒင်နှင့် ရိုက်ချလိုက်သည်။

ထိုသူသည် ဒယီးဒယိုင် ဖြစ်သွားပြီး ကြမ်းပြင်ပေါ်တွင် သိုင်းကွက်နင်း လျှောက်လှမ်း၏။ ထို့နောက် သူ့မျက်လုံးထဲတွင် ကြယ်တံခွန်တန်းကြီးကို မြင်လိုက်ရသည်။

ဂျူရယ်နောက်ကျောဆက်မှ ဖရန့်စစ်စတာ၊ သို့မဟုတ်.... ဘစ်ဦးတစ်ယောက်က သူ့ကိုရိုက်ချလိုက်သည်။ ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်ပြီး ကျောက်သားကြမ်းပြင်ပေါ် ဘုန်းခနဲ ထဲကျသွား၏။ သူ့အား ခလုတ်တိုက်ပြီး တစ်ချက်အကန့်ခံလိုက်ရပြန်သည်။ လက်နှစ်ဖက်နှင့် ဒူးတစ်ဖက်ကို ကြမ်းပေါ်ထောက်ပြီး ဆရန် ကြိုးစားသည်။

သူ့သေနတ် မရှိတော့။ ဘယ်လွင့်သွားပြီမသိ။ စိုင်းလမ်ကို အော်ခေါ်သည်။ ကိုယ့်အသံကို ကိုယ်တိုးတိုးသာ ကြားရသည်။ ဒီညအတွက် ဒုတိယအကြိမ် ခံလိုက်ရခြင်းဖြစ်သည်။ အရာအားလုံးသည် ရောင်စုံလင်းလက်ပြီး တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားလေသည်။

အခန်း (၁၄)

ဂျူရယ်သည် မာရသွန်ခရီးကို လေးဘက်ထောက်သွားခဲ့သလို ရှိ၏။ သတိကောင်းစွာမရ။ သူ့လက်မောင်းတစ်ဖက်သာလူတစ်ဦး၏ရင်ဘတ်ပေါ်သို့ ကန့်လန့်ဖြတ် တင်ထားလျက် ခိုးသည်။ထို့သူသည် ဖုတ်လိုက်ဖုတ်လိုက်ဖြင့် အသက်ရှူနေသည်။ထသူ့အသက်ရှူသံဟု သူ ထင်မိသည်။ မဟုတ်။ သူ့ကိုယ်အောက်တွင် လဲကျနေသောသူ၏ အသက်ရှူသံဖြစ်နေသည်။

ထိုသူ၏ဒဏ်ရာသည် ပိုမိုပြင်းထန်သဖြင့် မိမိဦးခေါင်းဒဏ်ရာကို မေ့ထားလိုက်ရသည်။

'စိုင်းလပ်....'

သူ တိုးတိုးခေါ်ကြည့်၏။

'ဘယ်လိုဖြစ်တာလဲ'

အက်ဖ်ဘီအိုဝ်ကြီးသည် လူးလွန့်လာပြီး သက်မှတ်ချလိုက်သည်။ သူ၏လက်မောင်းနှင့် ဘယ်ဘက်နံကြားတွင် များ ရဲရဲနီနေ၏။ ထို့ပြင် ဦးခေါင်းမှယိုစီးကျလာသော များကြောင့် စိုင်း၏ဖြူဖွေးသောဆံပင်များသည် ညစ်မည်းမဲဖြစ်နေသည်။

'မင်း မသေသေးဘူးနော်၊ သူ မင်းကို ကျောက်တုံးထုသွားတာ'

'ဘယ်သူလဲ'

'ငါ့အထင်တော့ တောဘုတ်ပဲ၊ ဟုတ်မဟုတ်တော့ မသိချာဘူး'

'ခင်ဗျား သူ့ကိုအရင်မဖမ်းဘူးလား'

'ဖမ်းဖို့ပြင်ဆင်နေတုန်း တခြားလူတစ်ယောက် ဆောက်လာတယ်၊ ငါ့ကို 'ခေးနဲ့ပစ်ပေါက်သွားတယ်'

'ဒဏ်ရာကြီးလား'

စိုင်းလပ်ဟင်ဆန့်က မကျေနပ်သံဖြင့်....

'သေလောက်အောင် မပြင်းထန်ပါဘူး၊ နံရိုးပေါ် ခေးရှပ်ထိသွားတယ်၊ လက်မောင်းက အခြေအနေ ကောင်းတယ်၊ ဆီဇာဆိုတဲ့ကောင်ပဲ ထင်တယ်'

'ဖြစ်နိုင်တယ်၊ ခင်ဗျားခေါင်းက ဒဏ်ရာကကော'

စိုင်းသည် အံ့သြစွာဖြင့် သူ့ဦးခေါင်းကို စမ်းကြည့်သည်။

'ဒီဒဏ်ရာကို သတိမရမိဘူး၊ ဆာလူးသီးပါ'

'အဲ့ဒီလူရဲ့ မျက်နှာကို ထင်ထင်ရှားရှား မမြင်လိုက်ရဘူးလား'

'မမြင်လို့ကိုက်ရဘူး၊ ဟိုအမျိုးသမီးရော၊ သူ့အခြေအနေ ဘယ်လိုလဲ'

'ဒုက္ခပဲ၊ ရှာကြည့်စမ်းပါဦး'

ဂျူရယ်သည် တစ်ဖက်သို့ ဖြည်းဖြည်းချင်း လှည့်လိုက်သည်။ အမျိုးသမီးသည် လရောင်အောက်မှ ကျောက်သားကြမ်းပြင်ပေါ်တွင် လဲနေသည်။ ပိတုန်းရောင် ဆံပင်များသည် ကျောက်တုံးပေါ်ပြန့်ကြဲနေသည်။

စကတ်က တင်ပါးပေါ်အထိလန်တက်နေ၏။ ဂျူရယ်သည် တုံ့ချည့်သောခြေလှမ်းများဖြင့်အမျိုးသမီးဆီသို့ လျှောက်သွား၏။ ယခုအခါ အသံမထွက်အောင် ထိန်းသိမ်းစရာမလိုတော့။ ဆီဇာသည် ခေါင်းတုံးပေါ်ထိပ်ကွက် သွားပြီ။သို့သော်တောဘုတ်ကိုမူ သူ့လမ်းကြောင်းပေါ်မှဖယ်ရှားမပစ်နိုင်ခဲ့။မည်သို့ပင်ရှိစေမန်းချီကားများကား ပျောက်ဆုံးလျက်ပင်။ ခြေရာကောက်ရှာမရသေး။ တောဘုတ်သည် မွန်တိကတ်ပိုလီတောင်ကုန်းများအကြား၌ ခိုနေနိုင်၏။

ဂျူရယ်သည် ဖရန့်၏ဘေးဌ် ဒူးထောက် ထိုင်လိုက်သည်။ ဖရန့် ပြန်သတိရလာသည်ကို တွေ့ရ၏။ အမျိုးသမီး၏ ပါးပြင်ကို သူ့လက်နှင့် ပွတ်လိုက်သောအခါ မျက်လွှာများ ပွင့်လာပြီး ဖွင့်ချည်ပိတ်ချည်ဖြင့် လှုပ်ရှားလာသည်။ ရှေ့လျှားရန် ရုန်းကန်၏။

'မင်းအခြေအနေ ကောင်းပါတယ်'

ဂျူရယ်က အားပေးနှစ်သိမ့်စကားပြောသည်။

'မင်း တော်တော်ခံလိုက်ရလား'

'မသိဘူး၊ ဘာ တွေဖြစ်ကုန်ပြီလဲ'

ဖရန့်သည် တစ်ဆို့သောအသံနှင့် ဗလုံးဗထွေး ပြောနေသည်။

'အို....ဘုရား....ဘုရား၊ ကျွန်မခေါင်း....၊ ကျွန်မ အဝတ်အစားတွေ စုတ်ပြဲကုန်ပြီ'

'တကယ့် အရေးကျတော့ ဆီဇာက မင်းကို စွန့်ပစ်သွားပြီလေ'

အမျိုးသမီးသည် မတ်မတ်ထိုင်လိုက်ပြီး ငေးကြောင်ကြောင် ကြည့်နေသည်။ မလုံမလဲဖြစ်နေသော်လည်းသိပ်ဂရုစိုက်ပုံမရ။

'ရှင်တို့ ရဲတွေလား၊ လူလိမ်တွေပဲ'

'မင်းနဲ့ဆီဇာက တောဘွတ်ကို ထောင်ဖမ်းဖို့ ကြိုးစားကြတယ်မဟုတ်လား'

'ရှင့်ပါးစပ် ပိတ်ထားစမ်း၊ ကျွန်မ ခေါင်းကိုက်နေတယ်'

'ထပါ....ဖရန့်၊ တို့ ဒီနေရာက ထွက်ခွာရမယ်'

'ရှင်တို့နဲ့အတူ မသွားဘူး၊ ကျွန်မတစ်ယောက်တည်း သွားတတ်လာတတ်တယ်'

'မင်း တို့နဲ့အတူလိုက်ခဲ့၊ မင်းကို အိမ်ပြန်ခေါ်ဖို့အပိုလိပ်ပို အကြောင်းကြားလိုက်မယ်၊ မင့်ယောကျ်ားသိသွားရင်အခြေအ ဆိုးဝါးသွားမယ်'

ဖရန့်သည် ဂျူရယ်အား ဂရုမစိုက်သလိုကြည့်၏။

'ရှင်တို့က ဘာကောင်တွေလဲ'

'တို့နဲ့လက်တွဲပါ'

ဂျူရယ်က ကမ်းလှမ်းသည်။ စိုင်းလပ်က လမ်းလျှောက်နိုင်ရန် ကြိုးပမ်း၏။ ခြေလှမ်းအနည်းငယ်သာ ထော့နဲ့ထော့နဲ့ဖြစ်ပြီး ပုံမှန်အတိုင်း လျှောက်လာနိုင်သည်။

အမျိုးသမီးမှာ ဘာမှ မဖြစ်ခဲ့သလို လမ်းကောင်းကောင်း လျှောက်နိုင်၏။ သူတို့သည် ကျောင်းပျက်ကြီးအပြင်ဘက်တွင် ခဏရပ်နားကြသည်။

သန့်စင်သောလေအေးသည်ဆို့ရန်တိုပင်လယ်ကွေ့ကိုဖြတ်ပြီး တိုက်ခတ်လျက်ရှိ၏။

'ခင်ဗျား ဆရာဝန်နဲ့ပြဖို့လိုတယ်'

ဂျူရယ်က စိုင်းကို အကြံပေးသည်။

'နည်းနည်းပါးပါး ဆေးတည့်လိုက်ရင် ရပါတယ်၊ ဒုံဏ်ရာ သိပ်မပြင်းပါဘူး'

'မနက်ဖြန်ဆို ပိုဆိုးသွားလိမ့်မယ်၊ မြို့ထဲမှာ ဆေးခန်းကလေးတစ်ခုတွေ့ခဲ့တယ်၊ ခင်ဗျားကို အဲဒီမှာထားခဲ့မယ်'

'ဘာလဲ မင်းက ငါ့ကို ဘေးဖယ်ထားခဲ့မှာလား ရဲဘော်'

'ဝမ်းနည်းပါတယ်၊ ရှေ့ဆက်ပြီး လုပ်စရာရှိတာ ကျွန်တော်ဆက်လုပ်သွားမယ်'

ဂျူရယ်က ရှင်းပြသည်။

သူတို့ တောင်အောက်သို့ ဆင်းလာသောလမ်းသည် အလာတုန်းက တက်လာသောလမ်းထက် ပိုဝေးသည်။ လမ်းခရီးတစ်လျှောက်တွင် စိုင်းလပ်အတွက် မကြာခဏနားခဲ့ရ၏။ အမျိုးသမီးသည် ဂျူရယ်နှင့် ပူးကပ်ပြီးလိုက်လာသည်။ စကားတစ်ခွန်းမှမပြော။ အထူးငြိမ်သက်လျက်ရှိသည်။

ဆေးခန်းသို့ စိုင်းလပ် တစ်ယောက်တည်း သွား တာအကောင်းဆုံးဖြစ်မည်ဟု ဆုံးဖြတ်လိုက်၏။ လူများလျှင် သံသယဖြစ်မည်။ ညဉ့်သန်းခေါင်မကျော်သေး၊ မွန်တီကက်ပိုလီမြို့တွင်းမှ အရက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များတွင် မီးထင်းလျက်ရှိ

နေသည်။ စားသောက်သူများ မပြတ်သေး။ အင်ပီရီရယ်ဟိုတယ် မြက်ခင်းပြင်တွင် စုံတွဲများ ကုလျက်ရှိနေသည်။

ဆေးခန်းပြတင်းပေါက်မှန်များမှ မီးရောင်ကိုမြင်ရသည်။ ဆေးခန်းထဲသို့ ဟင်ဆန်ဝင်သွားပြီး တံခါးမြန်ပိတ်၏။ ဂျူရယ်က အထဲမဝင်ဘဲ ဖရန်စစ်စတာစောင့်သော လမ်းထိပ်သို့ ပြန်လာခဲ့သည်။

ဖရန့်၏အဝတ်အစားများသည် ဖုန်အလိမ်းလိမ်းနှင့်ဖရိုဖရဲ ဖြစ်နေသည်။ သူ၏ပုံသဏ္ဌာန်သည် မိန်းဖရွင်တစ်ပိုင်း၊ နယ်စာ ကတော်တစ်ပိုင်း ဖြစ်နေသည်။ မကျေမနပ်ဖြင့် နှုတ်ခမ်းစူ သည်။

'ကျွန်မ ရှင့်ကိုပြောချင်တယ်'

ဖရန့်က ရုတ်တရက် စကားစလိုက်သည်။

'ကျွန်မယောကျ်ား ကျွန်မကိုစောင့်နေလဲ ဂရုမစိုက်သူ့ ဟာသူ စောင့်နေပေါ့၊ ဒီလိုနေရာမျိုးကြီးမှာ ကျွန်မကို ဆီ ပစ်ထားခဲ့တဲ့အကြောင်းကိုပဲ စဉ်းစားနေတယ်၊ ကျွန်မအတွ စိုးရိမ်စရာမလိုဘူး'

'ဟုတ်တယ်၊ သူလိုလူနဲ့ ရေရှည်ပေါင်းသင်းဖို့ မစဉ်း သင့်ဘူး၊ စိတ်မတည်ငြိမ်တဲ့ လောဘရမ္မက်အရူးအနှမ်းတွေ၊ ဆက်ပါတယ်၊ တို့သွားမယ်'

'ကျွန်မ စိတ်နောက်ကျိရှုပ်ထွေးနေတယ်၊ ရှင့်ဟိုတယ် ပြီး အရက်နည်းနည်းသောက်လို့ရမလား၊ ဘရန်ဒီဖြစ်ဖြစ်၊ ဝီ နည်းနည်းဖြစ်ဖြစ်ပေါ့'

'စီစဏီသောက်ကြတာပေါ့'

ဂျူရယ်ကပြောလိုက်သည်။ လမ်းများအတွင်း မှော ခိုပြီး ပန်းခြံကိုဝတ်ကာ ဟိုတယ်ဆီသို့ ဦးတည်သွားကြ၏။

အင်ပီရီရယ်ဟိုတယ်၏ တေးဂီတသံသည် လွှင့်ပျံလူ လျက်ရှိနေသည်။ ဧည့်သည်အားလုံးလိုလို အပြင်ဘက်မြက် ပြင်သို့ ရောက်နေကြ၏။ ပင်လယ်ကွေ့အတွင်းရှိ ရွက်သ

များပေါ်မှ ပါတီပွဲများကို ကြည့်နေကြသည်။ သဲသောင်စပ်တွင် ရေကူးသူတချို့ရှိ၏။

ဂျူရယ်က ဖရန်စစ်စတာအား သူ့အခန်းနံပါတ်ပြောပြ ပြီး အခန်းသော့ပေးလိုက်သည်။ သူက တားကောင်တာသို့သွား၍ စီစဏီဝယ်ပြီး အပေါ်ထပ်သို့တက်သည်။ သူ့နာမည်ကို ခေါ် သံကြားသဖြင့် နောက်သို့လှည့်ပြီး ငုံကြည့်လိုက်ရာ အင်တွန်ပက်ခ် ကိုတွေ့၏။

ပက်(ခ)သည် ဝတ်စုံဖြူကိုဝတ်ထားသည်။ သူ့မျက်နှာ သည် ကျောက်သားပြင်ကဲ့သို့ တင်းမာပြောင်ချောနေ၏။

'မစ္စတာဂျူရယ်၊ ခင်ဗျား ကနေ့ည အန္တရာယ်နဲ့ ရစ်ဆိုင် နေရတယ်ထင်တယ်'

'ခင်ဗျားပုံက မလခပါဘူး၊ ဒေါင်းတွေထဲမှာ ကျီးမည်း ကြီးရောက်နေသလိုပဲ့၊ အမြင်မတော် ဆင်တော်နဲ့ခလောက် ဖြစ် နေတယ်'

'ခင်ဗျားဟာ လူတစ်ယောက်ကို အတော်မှိုချိုးမျှစ်ချိုး မြောတတ်တဲ့လူ၊ ကနေ့ည ခင်ဗျား အရေးမလှခဲ့ဘူးမဟုတ်လား'

'လမ်းမဆုံးသေးဘူးလေ'

ဂျူရယ်က ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ပက်(ခ)ကလည်း....

'ဒွန့်ပန်းချီကာ တွေ ရေစုန်မျောပြီ မဟုတ်လား'

ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

'ခင်ဗျားလဲ မဆယ်နိုင်ပါဘူး'

'ပွဲမသိမ်းသေးဘူးလေ'

'ကြာသလားလို'

'ခင်ဗျားကို အကြံပေးမယ်၊ ရောမကိုဖြစ်ဖြစ်၊ ပါရီကိုဖြစ် ဖြစ် ခင်ဗျားသွားရင် အသက်ရှည်မယ်၊ ချမ်းသာကြီးပွားမယ်၊ အထက်လူကြီးတွေမသိအောင် ကျွန်တော် စီစဉ်ပေးမယ်၊ ခင်ဗျား ငွေဘယ်လောက်လိုချင်လဲ၊ ပြော'

'တောမှာသွားပြော'

ဂျူရယ်က လှည့်မကြည့်တော့၊ လှေကားပေါ် ဆက်တ
သွားသည်။

ရေချိုးခန်းထဲမှ ရေပန်းဖွင့်ထားသံများက သူ့ကိုဆီး
နေသည်။ ဖရန်စစ်စတာ၏ဝတ်စုံကို ခုတင်ပေါ်မှာ တွေ့ရ
ဖိနပ်များက ကော်ဇောထောင့်တွင် ရှိသည်။ ခြေအိတ်သ
ကုလားထိုင်ပေါ် ရောက်နေ၏။ ဂျူရယ်သည် ဝီစကီပုလင်း
ချထားလိုက်ပြီး ရေချိုးခန်းဆီသို့ လျှောက်သွားသည်။ ထိုအခိ
ဖရန်စစ်စတာက ရေပန်းကိုပိတ်လိုက်ပြီး ကန့်လန့်ကာနောက်
ထွက်လာသည်။

ဖရန့်က....

'ကျွန်မကို ဘာနာဒိုအပိုလီယိုက ရှေးဟောင်းဒဏ္ဍာရီပုံ
တွေ့ ပြောပြလေ့ရှိတယ်၊ ကျွန်မကိုယ်မှာ ဖုန့်တွေ့၊ ချွေးတွေ့
ကျွန်မ မနေတတ်ဘူး၊ ကိုယ့်အိမ်လို သဘောထားမိတဲ့အတွ
ကျွန်မကိုစိတ်ဆိုးသလား'

'မလိုအပ်ပါဘူး၊ ဆီဇာ့ကို ဘယ်အမျိုက်ပုံးမှာသွား စစ်မ

'သူ့ကို ကျွန်မ အရူးအမူးချစ်ခဲ့မိတာမှန်တယ်၊ ဒါပေ
အလွန်အန္တရာယ်များတဲ့နေရာမှာ ကျွန်မကိုပစ်ထားခဲ့တယ်'

'သူ အသက်လုပြီး ထွက်ပြေးတာပါ'

'ဖြစ်နိုင်ပါတယ်၊ ဂျက်တောဘွတ်က ကျွန်မကို သတ်မှ
အရေးကကော'

ဖရန်သည် မကျေမချမ်းဖြင့် ဆက်ပြော၏။

'ဆီဇာဟာ ကျွန်မကို အကာအကွယ်မှပေးဘူး၊ တာ
မယူဘူး'

'မင်း တောဘွတ်ကိုကော မထိန်းနိုင်တော့ဘူးလား'

'မလွယ်တော့ဘူး၊ ရှည်ကုန်ရှပ်ကုန်ပြီ'

'တို့ ဝီစကီပုလင်း ဖွင့်ကြစို့'

ဂျူရယ်က တောင်းဆိုလိုက်သည်။

'မင်းသောက်ဖို့လိုအပ်တယ်၊ ငါထည့်ပေးမယ်၊ ဝတ်စုံ ဝ
ပါ၊ အချိန်မရှိဘူး ဖရန့်'

'ကျေးဇူးတင်ပါတယ်'

ဂျူရယ်က သူတို့နှစ်ဦးအတွက် ဖန်ခွက်နှစ်လုံးထဲသို့ အရက်
များ လောင်းထည့်လိုက်သည်။ သူ့ခွက်ကို တစ်ချက်တည်းမော့ချ
လိုက်ပြီး နောက်တစ်ခွက် ထပ်ဖြည့်၏။

ဖရန့်က တစ်ငုံခြင်းသောက်နေသည်။ ဖရန့်၏ မျက်လုံးများ
ဝိုင်း၏။ ကြောက်စိတ်ဝင်နေသည်။ သူသည် ဝတ်စုံပြည့်မဝတ်
သေး။ သူ့ကိုယ်ကို မျက်နှာသုတ်ပဝါဖြင့် ပတ်ထားတည်း။ ဂျူရယ်
က သူ့အရက်ခွက်ကို ဖရန့်ရှေ့ မြှောက်လိုက်သည်။

'ဒွန် ပန်းချီကားတွေအကြောင်း ငါ့ကိုပြောပြပါလား'

ဂျူရယ်က စကားစလိုက်သည်။

'ဒီပန်းချီကားတွေကို ဆီဇာ ဘာလုပ်မှာလဲ၊ မင်း စင်တစ်စီ
ဟိုတယ်က ဒီပန်းချီကားတွေကိုယူသွားပြီး သူ့လက်ထဲ ထည့်လိုက်
တယ် မဟုတ်လား'

'ရှင်က အိကုန်သိနေပါလား၊ အားလုံးမှန်တယ်၊ ဟုတ်တယ်၊
ကျွန်မ ပေးလိုက်တယ်'

'သူ့ဆီမှာ အခုထိရှိသလား'

'ရှိတယ်လို့ ကျွန်မထင်တယ်'

'ဘယ်သူ့ဆီ သူရောင်းမလဲ'

'ကျွန်မ ယောကျ်ားဆီ'

'မင်းလိမ်နေတယ် ဖရန့်'

'မလိမ်ဘူး၊ သူ ကျွန်မယောကျ်ားနဲ့ အရောင်းအဝယ်လုပ်ဖို့
ဆက်သွယ်ထားပြီးပြီ'

'ငင်းယောကျ်ားဟာ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်
ယောက်ပဲ'

'ရှေးဟောင်းပန်းချီကားတွေနဲ့ပတ်သက်လာရင်သူဟာ လူ
ကြီးလူကောင်း မဟုတ်တော့ဘူး'

ဖရန့်က မဲ့ပြုံးပြုံးလိုက်၏။

'ကျွန်မ ဒီလောက်ပဲ ပြောနိုင်မယ်၊ ကျွန်မ ဆုံးဖြတ်ပြီးပြီ၊
ကျွန်မ ဆီဇာ့ကို မကျေမနပ်ဖြစ်နေတဲ့အပေါ်မှာ အခွင့်ကောင်းယူ

ပြီး ရှင် အမြတ်ထုတ်နေတယ်၊ ရှင်တို့က ကျွန်မကိုစောင့်ရှောက်ထားမယ်လို့ ဆီဇာ ယူဆနိုင်တယ်၊ သူတောဘုတ်နောက်ကို လိုက်တာ ဖြစ်မယ်၊ ဒါကြောင့် ကျွန်မကိုထားခဲ့ပြီးဘုရားကျောင်းပျက်ကြီးထဲက သူထွက်သွားတာ ဖြစ်နိုင်တယ်'

'ဘာပဲဖြစ်ဖြစ် ဆီဇာက သစ္စာမဲ့တယ်'

ဂျူရယ်က ဆက်ပြော၏။

'နယ်စားကြီးအပိုလီယိုအပေါ် ဘရူနိုး 'ဘယ်လာရီးယားမျိုးဆက်က ထားရှိတဲ့လက်စားချေရေးအလုပ်ကိုအပြီးသတ်လုပ်ဖို့ မင်းကို ဆီဇာ အသုံးချနေတာ'

'ဒါ ကျွန်မ မသိဘူး'

ဖရန့်အသံက တိမ်နေ၏။

'ဘယ်လာရီးယားမိသားစုနဲ့ အပိုလီယိုမိသားစုဆွေစဉ်မျိုးဆက်ရဲ့ ကျောင်းတော်ကရန်စအကြောင်း မင်း သိပါတယ်'

'အို....ဒါက ဟိုး....ရှေးရှေးက အဆွေးအမြည့် အဖြစ်ဟောင်းတွေပါ၊ ဒါတွေကို ဘယ်သူတွေကမှ ယုံကြည်လက်ခံမှုမရှိတော့ဘူး'

'စစ်အတွင်း၊ ဒါမှမဟုတ် စစ်ပြီးကာလမှာ ဒီရန်ငြိုးဟာ ပြန်ပြီး အသက်ဝင်လာတယ်'

ဂျူရယ်က အခိုင်အမာပြောပြသည်။

'မင့်ယောကျ်ားဟာ နိုင်ငံရေးသြဇာကိုအသုံးချပြီး ဘယ်လာရီးယား ညီအစ်ကိုတွေအပေါ် အနိုင်ကျင့်ခဲ့တယ်၊ ဘရူနိုးက တစ်နည်းမဟုတ်တစ်နည်းနဲ့ လက်တုံ့ပြန်ခဲ့တယ်၊ သူတို့ တစ်တွေက ခံခဲ့ရသူတွေဆိုတော့ ဘယ်တော့မှမမေ့ကြဘူး၊ ကမ္ဘာကြေပေမယ့် ဥဒါန်းမကြေကြဘူး'

ဖရန့်က မတ်တတ်ရပ်လိုက်သည်။ဂျူရယ်အား လှိုက်ပြီး ဖြင့်ကြည့်၏။

ဂျူရယ် စိတ်မရှည်နိုင်တော့။

'လက်တွေ့ကျကျ ကျင့်ကြံစဉ်းစားပါ ဖရန့်၊ဆန္ဒစွဲနဲ့ ဘက်မလိုက်ပါနဲ့၊ မင်းကိုသူတ်သင်ဖယ်ရှားပစ်မယ့် မီးတောင်မပေါက်ကွဲခင် အဖြစ်အပျက်အမှန်ကို နားလည်အောင် ကြိုးစားပါ'

'ဒါ ရှင့်အလုပ်မဟုတ်ဘူး'

ဖရန့်က ခပ်ပြတ်ပြတ် တုံ့ပြန်သည်။

'ကျွန်မကို မခြိမ်းခြောက်ပါနဲ့၊ သွေးမဆောင်ပါနဲ့၊ မဖြားယောင်းပါနဲ့၊ ရဲကိုခေါ်လိုက်ပါ၊ ကျွန်မဟာ နယ်စားကတော် အပိုလီယိုဆိုတာ ရှင်သိပါတယ်'

'မင်းနဲ့ငါ ရန်ဖြစ်ရမယ့်လူတွေ့ မဟုတ်ဘူးဖရန့်၊ မင်းရဲ့အကူအညီကို ငါလိုချင်တယ်၊ ဆီဇာဟာ ဖိလီဘာနိုကျွန်းကို သွားမယ် မဟုတ်လား၊ မင်းက မင်းယောကျ်ားနဲ့အတူသွားမယ်'

ထိုအခိုက်တွင်၊ ဒိုင်ယာဒါအခန်းတွင်းသို့ ဝင်လာသည်။ ဖရန့်ကိုတွေ့လိုက်တော့ ပြုန်းခနဲ ခြေလှမ်းတုံ့သွား၏။ ဖရန်စစ်စတာက လှောင်သလိုပြောင်သလိုရယ်၏။

'ကျွန်မရဲ့ မစ္စတာဂျူရယ်ဟာ အလွန်အလုပ်များတဲ့ပုဂ္ဂိုလ်အမှုန်ပါပဲ'

ဟု ဒိုင်ယာဒါကို ပြောသည်။

'ထုံချင်ယုံမယုံချင်နေ၊ သူ့လုပ်ငန်းတာ သိပ်ကို ကျော
ချမ်းစရာကောင်းတယ်၊နည်းနည်းကလေးမှ အတိမ်းအစောင်းမခံဘူး'

ဒိုင်ယာဒါက တည်တည်ငြိမ်ငြိမ်ရပ်နေသည်။ မျက်မှောင်ကြုတ်ပြီး ဂျူရယ်ကို စူးစမ်း၏။ ဂျူရယ် ပခုံးနှစ်ဖက်တွန့်သွားပြီး အဖြစ်အပျက်ကို ရှင်းပြရန် ပြင်ဆင်၏။ ဖရန့်စစ်စတာသည်ခုတင်ပေါ်မှ အင်္ကျီကို ကောက်ယူပြီး ခေါင်းပေါ်မှစုပ်ချလိုက်သည်။ အခန်းထောင့်မှ ဖိနပ်ကို သွားယူ၏။ သူ့လက်အိတ်ကိုရှာနေသည်။ ဒိုင်ယာဒါက ကြမ်းပေါ်မှ ကောက်ယူပြီး သူ့ကိုပေးလိုက်၏။ ပြီးတော့ မဲ့ပြုံးပြုံးလိုက်သည်။

'ချက်ချင်းကြီးသွားတော့မှာလား၊ ကျွန်မ ရောက်လာတဲ့အတွက်အနှောင့်အယှက်ဖြစ်စရာအကြောင်းမရှိပါဘူးနော်၊ ကျွန်မတို့ အိုင်ဆိုလာဖီလီဘာနိုမှာ ဆုံကြဦးမယ်မဟုတ်လား'

'ကျွန်မထက်ပိုပြီး သူ့ကိုနားလည်နိုင်တယ်ဆိုရင်သူကကြိုဆိုပါလိမ့်မယ်'

ဖရန့်က ငေါ့တော့တော့ပြောလိုက်သည်။

ဖရန့်စစ်စတာသည်အခန်းထဲမှအထွက်တွင် တံခါးကိုဆောင့်ပိတ်သွား၏။

ဂျူရယ်ဘာ ဝီစကီနောက်တစ်ခွက် ငဲ့လိုက်သည်။

ဒိုင်ယာဒါ ပခုံးတွန့်လိုက်၏။

'ဒီမှာဆမ်....မောင် လူရိုင်းတစ်ယောက် ဖြစ်နေပြီလား'

'ကိုယ်လဲ အဲဒီလိုပဲ ယူဆတယ်'

'ဆမ် ဒဏ်ရာရလာပြန်ပြီလား'

'ဆိုပါတော့၊ ဟင်ဆန်ကို ဒေသဆေးရုံမှာ တင်ထားရတယ်'

'အို....ဘယ်လိုဖြစ်ကြတာလဲ၊ တိုမိန်းမရှင်မကို မေးမြန်းနေတုန်း ကျွန်မကြားဝင်နှောင့်ယှက်မိတဲ့အတွက်တော့ဝမ်းမနည်းပါဘူး'

'ဒီမှာ အချစ်....မင်းရဲ့အကူအညီ ကိုယ် လိုအပ်နေတယ်၊ မသိချင်ယောင်ဆောင်မနေနဲ့'

'ကျွန်မ သဝန်မတိုတတ်ပါဘူး၊ ဘာအကူအညီလဲ'

ဒိုင်ယာဒါက စကားခဏရပ်လိုက်၏။

'တစ်ခုတော့ရှိ ဆမ်၊ မောင့်အလုပ်ထဲ ကျွန်မ မပါဝင်မပတ်သက်ချင်ဘူး၊ ဆမ့်လုပ်ငန်းနဲ့ စပ်လျဉ်းရင် မောင့်ဘက်ကလဲ အမြဲတမ်း တံခါးပိတ်ထားခဲ့တယ်၊ ဘာလဲ....အခုအပြောင်းအလဲဖြစ်တော့မှာလား၊ ကျွန်မတို့ဇာတိနိုင်ငံကိုပြန်ပြီး သာမန်အရပ်သူအရပ်သားဘဝနဲ့ ဆုတူနေကြရတော့မှာတဲ့လား မောင်'

'မဟုတ်ဘူး'

ဂျူရယ်က ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

ဒိုင်ယာဒါသည် သက်မ,တစ်ချက်ချပြီး စိတ်ညစ်သွားဟန်ရှိ၏။

'ကောင်းပြီ၊ ကျွန်မ ဘာလုပ်ပေးစေချင်သလဲ'

'အချိန်က ကိုယ်တို့ကိုမစောင့်ဘူး၊ တစ်နေ့နဲ့တစ်ညပဲ အချိန်ရတယ်၊ ပြစ်မှုကြီးတစ်ခုလုံးကို ဖြေရှင်းနိုင်ဖို့ နာရီ ၄၀ တောင် မကျန်တော့ဘူး၊ ဥရောပကိုရောက်နေတဲ့ ကိုယ့်ခဲ့ဘော်တွေ မသေစေချင်ဘူး၊ အခု....အိုင်ဆိုလာဖီလီဘာနိုကို သွားမယ်၊ နယ်စားကြီး အပိုလီယိုလဲ အဲဒီကိုသွားမယ်၊ သူက ကိုယ့်ကိုမဖိတ်ကြားဘူး၊ မင်းကလဲ ဒွန်အင်ဂျယ်လိုတို့နဲ့အတူ သွားမယ်မဟုတ်လား၊ ရှင်ရှင်အဖွဲနဲ့အတူ ကိုယ်လိုက်ခဲ့ချင်တယ်'

ဒိုင်ယာဒါသည် ဂျူရယ့်အား မျက်လုံးပြူးရှိကြည့်နေ၏။

'ဆမ်.... ကျွန်မဆို့ကလိုချင်တဲ့ အကူအညီဟာ ဒါပဲလား၊ ဖြစ်ပါတယ်၊ အိုင်ဆိုလာဖီလီဘာနိုကျွန်းကို ရောက်ဖို့မဟုတ်လား'

'လေယာဉ်တစ်စင်း ငှားလို့ရမယ်ဆိုရင်....'

'အိုင်ဆိုလာဖီလီဘာနို့ ကျွန်းမှာ လေယာဉ် ဆင်းလို့ရတဲ့မြေညီမြေပြန့် လေယာဉ်ကွင်း မရှိဘူး၊ ကျောက်ဘောင်တွေပဲရှိဘယ်၊ ကျွန်မ ဒွန်အင်ဂျယ်လိုနဲ့ စီစဉ်လိုက်ပါ့မယ်၊ ဆမ့်ကို အခုပဲသူ့ဆီခေါ်သွားမယ်'

ဒိုင်ယာဒါ၏ မီးခိုးရောင်မျက်လုံးများက အရောင်တောက်လာသည်။ နောက်ပြီး ကြည်ကြည်နူးနူး ရွှန်းရွှန်းလဲ့လဲ့ ပြုံးလိုက်သည်။

'ဒွန်အင်ဂျယ်လိုက မောင့်အတွက်ကူညီမှာပါ အချစ်ရယ်'

'ဘာပြုလို့လဲ'

ဂျူရယ်က မေးလိုက်သည်။

'သူက ကျွန်မကို လက်ထပ်ခွင့် တောင်းထားတယ်၊ သူ့ကမ်းလှမ်းချက်ကို ကျွန်မ စဉ်းစားသင့်ပါတယ်လေ'

☆

အခန်း (၁၅)

နောက်တစ်နေ့ နံနက် ၁၀း၀၀ နာရီတွင် အိုင်ဆိုလာဖီလီဘာနိုကျန်း၊ ကျောက်ကမ်းပါးယံအောက်ခြေ တစ်နေရာ၌ ဆိုက်ကပ်ထားသော ဒွန်အင်ဂျယ်လို၏ ရွက်သင်္ဘောကုန်းပတ်လက်ရန်းတွင် ဂျူရယ် ရပ်လျက်ရှိသည်။

နံနက်ခင်းသည် ကြည်လင်နေ၏။ နေရောင်က ပူနွေး၏။ ညက ပါတီပဲ့သို့တက်ရောက်ရန် ဖိတ်ကြားခဲ့သည်ကို အင်ဂျယ်လီသတိရ, မရတော့ ဂျူရယ် အသေအချာမသိ။ သို့သော် သူသည် ဒွန်အင်ဂျယ်လို့နှင့် အတူတွဲလျက် ရပ်နေသည်။

ဗိုင်ယာဒါသည် စပြမယ်များနှင့်အတူ ဦးခန်းတွင် နေရာရသည်။ ဂျူရယ်က ဝေတ်ပုံဆရာနှစ်ဦး၏ သီးသန့်အိပ်ခန်း၌ အိပ်ခဲ့ရသည်။ ဒီနေ့နံနက် ဗိုင်ယာဒါကို သူ မတွေ့ရသေး။ တစ်ချို့ခရီးသည်များက ကျန်းပေါ်တက်သွားပြီ။

အိုင်ဆိုလာဖီလီဘာနိုသည် ကျန်းငယ်ကလေး တစ်ကျန်းဖြစ်သည်။ လေးမိုင်ရှည်ပြီး တစ်မိုင်ခန့်ကျယ်၏။ အဓိက ဆိပ်ကမ်းတွင် တံငါရွာတစ်ရွာရှိသည်။ကမ်းခြေနှင့်ခပ်ဝေးဝေးပင်လယ်ထဲတွင် ငါးဖမ်းလှေများကို တွေ့မြင်နေရသည်။

တစ်ချို့ ရွက်လှေများသည် သူတို့ရွက်သင်္ဘော ဆိုက်ရောက်မလာမီ အချိန်အနည်းငယ်က ကမ်းခြေသို့ ရောက်နှင့်နေကြ၏။ ထိုလှေများဖြင့် တောဘုတ်တစ်ယောက် မှောင်ခိုလိုက်ပါလာနိုင်သည်။ ထို့ပြင် အင်ကွန်ပက်(ခ)၏ ထူးခြားသောအရည်အချင်းများကို သတိထားမိ၏။ ဘယ်တော့မှ မေ့မေ့လျော့လျော့နေမည် မဟုတ်။

'ဟိုနား က.....လေ'

ဂျူရယ်သည် ဆိပ်ကမ်းတစ်နေရာမှ လှေတစ်စင်းကို လက်ညှိုးဖြင့် ညွှန်ပြရင်း ပြောလိုက်သည်။

'အဲဒီစက်တပ် ရွက်သင်္ဘောကြီးဟာ နယ်စားကြီး အပိုလီယိုရဲ့ သင်္ဘောကြီးကလွဲလို့ အကြီးဆုံး ကိုယ်ပိုင်လှေကြီးနဲ့တူတယ်'

'အား... အဲဒီစက်လှေကြီးလား'

ဒွန်အင်ဂျယ်လိုက သူ့နဖူး ပြောင်ပြောင်ကို လက်ဝါးနှင့် ရိုက်ပြီး ပြောလိုက်သည်။ သူသည် ပိုးဆာရှပ်အင်္ကျီအဝါကို ဝတ်ထား၏။ မော်ရိုကို ခြေညှပ်ဖိနပ် စီးသွားသည်။

'ဆီဇာဘယ်လာရီးယား ပိုင်တဲ့ စက်လှေကြီး၊ ဒီလူဟာ လူငယ်လူချော တစ်ယောက်ပဲ၊ ဆီဇာဘယ်လာရီးယားနဲ့တော့ ကျွန်တော်တို့ ဘာပြဿနာမှ မရှိပါဘူး၊ ဒါပေမယ့်....အပိုလီယို၊ သူကတော့ ကြောက်စရာကောင်းတဲ့လူပဲ၊ သူက ကျွန်တော်တို့ ပိုင်တဲ့မြေကို ဝယ်ယူပြီး ကျွန်တော်တို့ကို မောင်းထုတ်ဖို့ ကြံစည်နေတယ်၊ ခြေတစ်လှမ်း သူ့ဘက်လှမ်းမိရင် ခွေးတွေနဲ့ မောင်းထုတ်တော့တာပဲ၊ သူက ကျွန်တော်တို့ကို တရားမ,ကြောင်းနဲ့ တရားစွဲထားတယ်၊ ပေါင်းလို့ သင်းလို့ မကောင်းတဲ့ လူကြီးလူကောင်း တစ်ယောက်ဗျ'

'ချမ်းသာတယ်နော်'

ဂျူရယ်က စိတ်မပါတပါဖြင့် မေးလိုက်သည်။

'ကျွန်တော်တို့ဝယ်ယူထားတဲ့ မြေအစိတ်အပိုင်းကလေးက လွဲလို့ ဒီတစ်ကျန်းလုံးကို အပိုလီယိုပိုင်တယ်၊ ကျောက်တုံးတိုင်း၊ အိမ်တိုင်း၊ တံငါတိုင်း၊ သူတို့မိန်းမတိုင်း၊ ကလေးတိုင်းနဲ့ခွေးတိုင်း၊ ဆိတ်တိုင်းကို သူပိုင်တယ်'

'ဘယ်သူမှ မနားကြရဘူးနော်'

ဂျူရယ်က ဒွန်အင်ဂျယ်လိုတို့ ရှုပ်ရှင်လုပ်ငန်းအခြေအနေကို လေ့လာသုံးသပ် ပြောဆို၏။

'ဟုတ်တယ်၊ လူမှုဆက်ဆံရေးဟာ ရုပ်ရှင်လုပ်ငန်းရဲ့အသက်သွေးကြောပဲ၊ ဖက်ရှင်ရှိုးကို ကျွန်တော့်နောက်ဆုံးရုပ်ရှင်ကားနဲ့ပူးတွဲဖြန့်ချီမယ်၊ စံပြမယ်၊ မိန်းမပျိလေးတွေကလဲ ဆွဲဆောင်မှုရှိကြပါတယ်'

ဂျူရယ်သည် ရုပ်ရှင်အဖွဲ့သားများ လှုပ်လှုပ်ရှားရှား အလုပ်လုပ်နေကြသည်ကို ကြည့်နေသည်။ လူပုံစံရုပ်တုများကို ဘီဂီနီရေကူးဝတ်စုံများ ဝတ်ဆင်ပေထား၏။ အလှမယ်အချို့သည် ကျောက်ဆောင်များပေါ်၌ ရေကူးဝတ်စုံများနှင့် နေပူခံနေကြသည်။ တစ်ချို့က ရေကူးနေကြသည်။ ဓာတ်ပုံဆရာရွာထဲသို့လှည့်ပြီး ဓာတ်ပုံရိုက်ကြ၏။

ဒွန်အင်ဂျယ်လိုက....

'ဆီဇာဘယ်လာရီးယားရဲ့စက်တပ်ရွက်လှေကြီးကို ခင်ဗျားကြည့်နေတာလား၊ ဆီဇာကို ခင်ဗျားသိသလား'

'ညက တွေ့မိသလားလို့ စဉ်းစားနေတယ်'

'သူက နယ်စားကြီး အပိုလီယိုရဲ့ဇနီးနဲ့ ရင်းနှီးတယ်၊ သူတို့ဇာတ်လမ်းက အလွမ်းနဲ့ဇာတ်သိမ်းလိမ့်မယ်လို့ ကျွန်တော်ပြောရဲပါတယ်'

'ဘယ်လာရီးယားမှာ ညီအစ်ကို သုံးယောက် ရှိတယ်လို့ ကျွန်တော် ကြားဖူးတယ်၊ ဒါပေမယ့် ဆီဇာ့အကြောင်းပဲ ကျွန်တော် သိတယ်'

ဂျူရယ်က တစ်ကွက်ထောက်ကြည့်လိုက်သည်။

'ကျွန်တဲ့ညီအစ်ကိုတွေကော ဒီမှာပဲ ရှိကြလား၊ အပိုလီယိုအပေါ် ဥဒါန်းမကြေတဲ့ ကြွေးကြော်သံကို အော်ဟစ် နေကြသေးသလား'

'ဘာ....ဥဒါန်းမကျေ ဟုတ်လား၊ အလွန်ထိမိတဲ့ စကားလုံးပဲ၊ ကျွန်တော် ဇာတ်လမ်းတောင်ရေးချင်တယ်၊ ဒါပေမယ့် မရေးရဲဘူး၊ နယ်စားကြီးက ခြေမြန်လက်မြန်နဲ့ ထက်မြက်တယ်၊ ဘယ်လာရီးယား မိသားစုဟာ ကျွန်းဦးထိပ်ကမြေကွက်ကလေးမှာ နေကြတယ်၊ ရွာရဲ့ ဟိုဘက်နားမှာ၊ တစ်ခါထုန်းက ရိုက်ကွင်း

ရှာရင်း ကျွန်တော် အဲဒီဘက် ရောက်သွားတယ်၊ ဘရှန်းဆိုတဲ့လူက ကျွန်တော်တို့ကို မောင်းထုတ်တယ်၊ ဒီလူဟာ တော်တော်ရိုင်းစိုင်းပြီး အန္တရာယ်ရှိတဲ့လူပဲ၊ အစ်ကိုအကြီးဆုံး ရက်ဖီးလ်ကတော့ လူအေး၊ ပျော်ပျော်ပါးပါး နေတတ်တယ်'

ဂျူရယ်က ဒွန်အင်ဂျယ်လို လက်ညှီးညွှန်ပြတဲ့ ကျွန်းဦးဆီလှမ်းမျှော်ကြည့်လိုက်သည်။ ရွာ၏ အပေါ်ဘက် အမြင့်ဆုံး ကျောက်တောင်ထိပ်မှာ တည်ဆောက်ထားသည့် အိမ်ကြီး တစ်ဆောင်ကို တွေ့ရ၏။ တောင်ထိပ် အမြင့်ဆုံးနေရာ၌ ရှိသော မီးတောင်ဟောင်းဆီသို့ ဂျူရယ် ကြည့်လိုက်ပြန်သည်။ အပိုလီယိုဏ်စံအိမ်ကြီးဟုသိရသော အဆောက်အအုံကြီးဆီမှ မှန်ပြတင်းများက နေရောင်အောက်တွင် ရောင်ပြန်ဟပ်နေသည်။

ဂျူရယ်သည် ဒိုင်ယာဒါနှင့်အတူ နံနက်စောစောစာစားရန် အောက်ထပ်သို့ဆင်းလာခဲ့သည်။

အိုင်ဆိုလာဖီလီဘာနို ကျွန်းပေါ်တွင် အငှားကားမရှိ။ မည်သည့်မော်တော်ယာဉ်မှမရှိ။ ဒီဇယ်အင်ဂျင်နှင့်မောင်းသော ရွာ၏လျှပ်စစ်မီးစက်သည် ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမနီစစ်သားများ တည်ဆောက်ခဲ့သော အဆောက်အအုံထဲ၌ရှိ၏။ ကျွန်းပေါ်တွင် ရေပူစမ်းများနှင့် ပြည့်နှက်နေသည်။ တောင်စောင်းများတွင် ရေနွေးစီးကြောင်းများကို မြင်နေရသည်။ (၁၆)ရာစုနှစ်လောက်ကစပြီး မီးတောင်ပေါက်ကွဲမှု မရှိတော့။ မြေငလျင်လှုပ်မှုကမူ နှစ်စဉ်ဖြစ်ပေါ်တတ်သည်။

ဂျူရယ်သည် ရွာထဲလမ်းလျှောက်သွားသောအခါ လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ရာလောက်ဆီကို ပြန်ရောက်သွားသလို ခံစားရသည်။

သူသည် နေ့လယ်စာစားပြီးသည်နှင့် ဤဒေသမှထွက်ခွာသွားရန် ပြင်ဆင်ထား၏။ ဒိုင်ယာဒါက စံပြမယ်များ ဓာတ်ပုံရိုက်မည်ကိုကြည့်ရန် တောင်းပန်ထားသဖြင့် အချိန်ဆွဲနေရ၏။

တောဘွတ် သို့မဟုတ် ပက်(ခ)တို့၏ အရိပ်အယောင်ကို ယခုတိုင်မှတွေ့ရသေး။ ပင်လယ်ကမ်းစပ် သဲသောင်ပြင်ပေါ်တွင်

ရုပ်ရှင်အဖွဲ့သားများနှင့် စံပြမယ်များကိုသာ တွေ့မြင်ရ၏။ ဆီဇာကိုယ်ယောင်ပျက်နေ၏။

ဂျူရယ်သည် ဒွိန်အင်ဂျယ်လိုထံမှ စစ်မြေပြင်သုံး မှန်ပြောင်းကို ငှားလာပြီး တောင်ထိပ်ပေါ်က ပန်းနုရောင်အိမ်ကြီးကို လေ့လာကြည့်ရှုသည်။

အလယ်ခေတ်လောက်မှ အဆောက်အအုံနံရံများ၊ လေးထောင့်မျော်စင်များနှင့် သံတံခါးကြီးများ တပ်ဆင်ထားသော ဂိတ်ပေါက်ကြီးကို လှမ်းမြင်ရ၏။ အစေခံတစ်ဦး သွားလာလှုပ်ရှားနေသည်ကို တွေ့ရသည်။

ပူပြင်းလှသော မြေထဲပင်လယ်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန် မလွယ်ကူပေ။ သို့သော် ရုပ်ရှင်အဖွဲ့သားများ နေ့လယ်စာစားပြီး၍ အနားယူကြချိန်တွင် ဂျူရယ် အပြင်သို့ထွက်လာခဲ့သည်။

ကျောက်ဆောင်ကျောက်စွန်းများ ပေါများသော ကမ်းခြေတစ်လျှောက် ရောက်သွားသည်။ လူသွားလမ်းကလေးသည် တစ်မိုင်ခန့်ရှည်လျားပြီး ရွာဆီသို့ဦးတည်နေ၏။ ကျောက်စွန်းများ၏အောက်ခြေမှ ရေလိုင်းသံများ တဝုန်းဝုန်းကြားနေရသည်။ လမ်းတစ်လျှောက်တွင် လူတစ်ယောက်မှမတွေ့ရ။ သက်ရှိသတ္တဝါဆို၍ ဆိတ်နှစ်ကောင်ကိုသာ တွေ့ရ၏။

မြင်းအိုတစ်ကောင်ကို မြက်ခင်းပေါ်၌ကြိုးချည်ပြီး လှန်ထားသည် ခပ်ဝေးဝေးမှ လှမ်းမြင်ရ၏။ ရွာအပြင်ဘက်တွင် သံလွင်ပင်များ တန်းစီနေ၏။ ညီညာသော မြေကွက်များတွင် ဥယျာဉ်များစိုက်ပျိုးထားသည်။ ရွာထဲမှယောကျ်ားများ ပင်လယ်တွင်းသို့ ငါးဖမ်းထွက်နေ၏။

ဂျူရယ်သည် ရှေးအစဉ်အလာအတိုင်း လုပ်ထားသော ကျောက်ထုံးခင်းလမ်းကျဉ်းကလေးအတိုင်း လျှောက်လာသည်။ အဝါရောင်၊ အပြာရောင် စသည့် ပြတင်းလိုက်ကာများနောက်ကွယ်တွင် မျက်လုံးပေါင်းများစွာ ရှိနေနိုင်၏။ ပန်းခြံထဲမှ အနက်ရောင်ဝတ်စုံများဝတ်ဆင်ထားသော အမျိုးသမီးများသည် သူ့

ကို ကြောက်ကြောက်လန့်လန့်နှင့်ကြည့်ကြပြီး တီးတိုးစကားဆိုနေကြသည်။ 'ဘွန်ဂျော်နို့' ဂျူရယ်က စကား ပြန်ပြောသောအခါ သူတို့အားလုံး တစ်ဖက်သို့လှည့်ပြီး ရှောင်ပြေးကြသည်။

ပန်းခြံထဲမှအရက်ဆိုင် ပိတ်သား၏။ ပင်လယ်ဘက်သို့မျက်နှာမူနေသော ရိုမင်ဘုရားရှိခိုးကျောင်းအတွင်းမှာ ဝတ်ရုံအနက်ဝတ်ထားသော စာဟောဆရာတစ်ယောက် ထွက်လာ၏။ ဗုန်တထောင်းထောင်းထနေသည်။ ပင်လယ်ကမ်းခြေ သဲသောင်ပြင်ဆီသို့ ဂျူရယ်ဆင်းသွားသည်။

အပိုလီယို၏ စက်တပ်ရှက်သင်္ဘောသည် ပေလေးဆယ်ရှည်၏။ ဒီဇယ်အင်ဂျင်စက် တပ်ထားသည်။ ကျောက်တန်းတစ်ခုနှံ့ကွယ်၌ ဆိုက်ထား၏။ သင်္ဘောတွင် တပ်ဆင်ထားသော ကြေးနီပစ္စည်းများနှင့် အရောင်တင်ထားသော မဟော်ဂနီအနှက်ရောင် သစ်သားဘောင်တန်းများသည် နေရောင်အောက်တွင် တဖိတ်ဖိတ်တောက်နေ၏။

ဆီဇာ၏လှေသည် ဆိပ်ခံအသေးကလေးတစ်ခု၏ အောက်တွင် ကြိုးချည်ပြီး ဆိုက်ကပ်ထားသည်။ သူ့လှေကြီးက ခပ်ဟောင်းဟောင်းပင်။ ပြုပြင်ထားခြင်းမရှိ။

အပိုလီယို၏သင်္ဘောပေါ်တွင် သင်္ဘောသားတစ်ဦးသည် ကြေးဝါပြားများကို တိုက်ချတ်ဆေးကြောနေ၏။ ဆီဇာ၏ ပေသုံးဆယ်ခန့်ရှည်သည့် လှေကြီးပေါ်တွင်မူ မည်သူ့ကိုမှမတွေ့မြင်ရ။ ဂျူရယ်သည် ရေစပ်သဲသောင်ပြင်တစ်လျှောက် လမ်းလျှောက်လာပြီး နီးနီးကပ်ကပ်ကြည့်နိုင်ရန် ဆိပ်ခံပေါ်တက်လာခဲ့သည်။

ဆီဇာ၏ စက်တပ်ရှက်လှေကြီးပေါ်တွင် လူရှိဟန်မတူ။ ဆီဇာကိုယ်တိုင်သည် လှေသမားစစ်စစ်မဟုတ်။ အပေါ်ထပ်လူနေခန်းကို ဆေးသုတ်မထား။ ဦးပိုင်းမှရွက်ထည်ဖျင်များနှင့် ရွက်တိုင်မှာ ဟောင်းနွမ်းနေသည်။ ပေါ့ပေါ့ဆဆ ကိုင်တွယ်သွားလာကြပုံရှိ၏။ ဂျူရယ်သည် ပဲ့ပိုင်းဝင်ပေါက်နှံ့နှံ့တွင် ခေါင်းဆဲပြီး အတွင်းသို့ဝင်လိုက်သည်။

ရွက်လှေကွင်းမှလေသည် ပိုရှိပူသည်။ ဖုန်မှုန့်များနှင့် ဆိုးရွားသော အနံ့အသက်များရှိနေ၏။ ရွက်လှေကြီးအတွင်းတွင် လျင်မြန်စွာ ရှာဖွေသည်။ နံရံကပ်အိပ်စင်များကို လှန်လှောင်၏။ အံဆွဲများကိုဆွဲဖွင့်ကြည့်သည်။ သံဗီရိုများကို ဖွင့်၏။

ထို့နောက် ဦးပိုင်းဘက်သို့ဆက်လျှောက်လာသည်။ အခန်းငယ်တစ်ခုအတွင်း၌ ကြိုးခွေအဟောင်းများနှင့် တိုလီမိုလီပစ္စည်းဟောင်းများ ရှိနေသည်။ စလင်ဒါလေးလုံးနှင့် ဂရေးအမျိုးအစားအင်ဂျင်မှာ တော်တော်ဟောင်းနေပြီ။ တချို့နေရာများတွင် သံချေးတက်နေ၏။ ပြုပြင်ရန်လိုအပ်နေပြီ။

ဂျူရယ်သည် စက်တဖ်ရွက်လှေကြီးအတွင်း၌ မိနစ်နှစ်ဆယ်တိတိ ရှာဖွေခဲ့သည်။ ကုန်းပတ်အောက်ဘက် ဝမ်းဗိုက်ထဲမှ အဝူဒက်ကို အောင့်အည်းသည်းခံ ရှာဖွေခဲ့ရသည်။ ဘယ်နေရာမှာမှ ပန်းချီကားများမရှိ။

ဂျူရယ်သည် အပေါ်တက်သော လှေကားကုန်းပတ်ပေါ်သို့ ပြန်တက်လာ၏။ အပေါ်သို့ရောက်သည်နှင့် ဒက်ခနဲအသံနှင့် အတူ အမိုးစွန်းမှသစ်သားစများ [illegible]နဲ လွင့်စဉ်သွားသည်။

သေနတ်ပစ်သံကို ဂျူရယ်ကြားလိုက်ရ၏။

အခန်းထဲသို့ပြန်ဝင်သွားလျှင် ထောက်ချောက်ထဲ ရောက်သွားသလိုဖြစ်မည်။ ထို့ကြောင့် ရှေ့သို့ တစ်ဟုန်ထိုး ခုန်ထွက်လိုက်ပြီး နံရံကိုအကာအကွယ်ယူသားလိုက်သည်။

ဒုတိယကျည်ဆန်သည် အခန်း၏အမိုးကိုမှန်ပြီး ပင်လယ်တွင်းသို့ သစ်သားစများ လွင့်စဉ်ကျသွားပြန်သည်။ ဤတစ်ချီမှ သေနတ်သံမကြားလိုက်ရ။ အသံထိန်းကိရိယာကိုအသုံးပြုပြီး ပစ်ခြင်းဖြစ်တန်ရာ၏။ ဤကိရိယာကို မောင်းပြန်သေနတ်များတွင်လည်း တပ်၍အသုံးပြုလေ့ရှိသည်။ ဤသေနတ်သည် တရားမဝင်ကိုင်ဆောင်သော သေနတ်ဖြစ်ရမည်။

ဂျူရယ်သည်, သင်္ဘောအခန်းနံရံများကပ်ပြီး ဝပ်နေစဉ် ပင်လယ်တွင်းမှဒီလှိုင်းသည် သင်္ဘောဝမ်းဗိုက်ကို တဝုန်းဝုန်းလာရိုက်နေ၏။ သူ့နောက်ကျောဘက်တွင် ကျောက်တန်းရှည်ကြီး

တစ်ခုနှင့် အပိုလီယို၏ ရွက်သင်္ဘောအဖြူကြီးရှိနေသည်။ သေနတ်ကျည်ဆန်သည် ကုန်းဘက်မှလာခြင်းဖြစ်၏။ အခန်း၏အစွန်းဘက်သို့ ရွှေ့လိုက်သည်။

ဆိပ်ခံ၏အပေါ်ဘက် ပင်လယ်ထဲသို့ထိုးထွက်နေသော အငူစွန်းပေါ်တွင် ဘယ်လာရီးယား၏ မြေနေရာရှိသည်။ ဘယ်ဘက်တွင် တံငါရွာရှိ၏။ ဖီလီဘာနိုကျွန်းမှ ငါးဖမ်းလှေများနှင့် ပုံစံမတူသော လှေအသစ်တစ်စင်း ဝင်ရောက်လာပြီး ဘယ်လာရီးယားမိသားစုဆိပ်ခံတွင် ဆိုက်ကပ်သည်။

ဤလှေသည် ပြင်ပမှလာသောလှေ ဖြစ်နိုင်သည်။ ထိုလှေနှင့် မည်သူ ပါလာနိုင်သနည်း။

'ဒက်....'

တတိယကျည်ဆန်က ရွက်တိုင်မကြီးကိုထိမှန်ပြီး ဘေးသို့လွင့်ထွက်သွား၏။ ချိန်မှတ်လွဲသွားသည်။နောက်ထပ်မပစ်တော့။

သူ့ကို မြင်ကွင်းသို့ ထွက်လာစေရန် ဆက်မပစ်တော့ဘဲ အသင့်နေရာယူချိန်ဆ စောင့်ဆိုင်းနေဟန်ရှိ၏။

ဂျူရယ်သည် လျှပ်တစ်ပြက် ခုန်ထွက်လိုက်သည်။ သင်္ဘောသက်တန်းကို လွှားခနဲခုန်ကျော်ပြီး ဆိပ်ခံပေါ်တက်သွား၏။ဆက်၍ ပြေးသည်။နောက်ထပ်ထူးထူးခြားခြား ဘာမှဖြစ်မလာတော့။ ကျည်ဆန်လည်း ရောက်မလာ။ ဆိပ်ခံပေါ်မှကုန်းပေါ်သို့ ဂျူရယ်ရောက်သွား၏။

ရွာလမ်းတစ်ခုထဲ ဝင်လိုက်သည်။ခြေလှမ်း သွက်သွက်ဖြင့် အကာအကွယ်ယူပြီး လျှောက်၏။ ပန်းခြံဘက်အကွေ့သို့ အရောက်တွင် ဒိုင်ယာဒါကို ခပ်လှမ်းလှမ်း၌တွေ့မြင်ရသည်။ အတော်ဝေးသေး၏။

ဂျူရယ်က ဒိုင်ယာဒါဆီ ဦးတည်လျှောက်လာသည်။ ဘုရားခြံခိုးဆောင်ရှေ့ ထိုင်ခုံတွင် အဘိုးအိုသုံးလေးဦး ထိုင်ပြီးအိပ်ငိုက်နေကြ၏။ ဘုရားကျောင်းကိုကျော်ပြီး ကွေ့လိုက်စဉ် အော်ခေါ်သံကြားလိုက်ရသည်။

'မစ်ပက်ဂက်'

ဒိုင်ယာဒါကို လှမ်းခေါ်သံဖြစ်၏။ ဒိုစ်ယာဒါတစ်ချက်ရပ်လိုက်ပြီး ဆက်လျှောက်သွားသည်။ ကျောက်သားရင်ပြင်ပေါ် တွင်စားပွဲ၊ ကုလားထိုင်များခင်းထားသော လက်ဖက်ရည်ဆိုင်ဆီသို့ သူမ ဦးတည်သွား၏။ ခေါ်သံကြားရာဘက်သို့ လှည့်ကြည့်လိုက်သည်။

လက်ဖက်ရည်ဆိုင်ထဲကလူမှာ အင်တုန်ပက်(ခ)ဖြစ်နေ၏။ နိမိတ်မကောင်းဟု ဂျူရယ် ယူဆလိုက်သည်။ ဒိုင်ယာဒါသည် ဂျူရယ်ကိုမြင်သဖြင့် ပက်(ခ)ကို လှည့်မကြည့်တော့ဘဲ ဦးတည်ချက်ပြောင်းလိုက်သည်။ သူ့ပေါင်တံရှည်များက ကျဲကျဲနှင့် မြန်မြန်လှမ်းလာ၏။ သူ့ဆံပင်များသည် နေရောင်ထဲ၌ ကုပ်ပေါ်တွင် ငံပြုံလျက် ရှိသည်။

'မောင့်အတွက် အားလုံးဆောင်ရွက်ပြီးပြီ'

ဂျူရယ် တွေးဝေနေ၏။ သေနတ်သမားမှာ မည်သူနည်း။

'ကိုယ် မင်းနဲ့မတွေ့ပါခင်စနဲ့လို့ ဆန္ဒပြုခဲ့တယ် အချစ်'

'လက်ဖက်ရည်ဆိုင်ထဲမှာ တွေ့ခဲ့တဲ့လူဟာနယ်ပယ်မြို့မှာတွေ့ခဲ့တဲ့လူပဲ၊ ကျွန်မနာမည်ကို သူသိနေတယ် မောင်'

'သူက အားလုံးကိုသိတဲ့လူ၊ အကုန်သိတဲ့လူ'

ဒိုင်ယာဒါသည်ပက်(ခ)အား ကြောက်စရာအကောင်းဆုံးလူသားအဖြစ် သတ်မှတ်ထားလိုက်သည်။

'ဆမ်ကြည့်ရတာ တစ်မျိုးပဲ၊ ဘာဖြစ်တာလဲ'

'ကံ့ကောင်းလို့ မသေတာ၊ ဆုံးချက်အပစ်ခံရတယ်၊ ဘာမှမဖြစ်ဘူး'

ဂျူရယ်က ဒိုင်ယာဒါ၏လက်မောင်းကို ဆုပ်ကိုင်လိုက်လေသည်။

'မင်းကို ကိုယ်နဲ့အတူ ပက်(ခ)တွေ့တာ နှစ်ခါ ရှိသွားပြီ၊ မင်း ဘယ်သူလဲဆိုတာ သူသိနေပြီ၊ သူဟာ ကွန်ပျူတာလိုပဲ မှတ်ဉာဏ်ကောင်းတယ်၊ ကိုယ့် ကိုယ်ရေးမှတ်တမ်းကို အလွတ် ပြောနိုင်တယ်၊ ကိုယ့်မှတ်တမ်းကတစ်ဆင့် မင့်အကြောင်းတွေ သူသိနေပြီပေါ့၊ သူက ကိုယ့်ကို ဒီပွဲထဲက ဆွဲထုတ်ပစ်ချင်နေတယ်၊ ကိုယ့်ကို

သူ အပိုင်ကိုင်ဖို့ကြိုးစားနေတယ်၊ မင်းကတစ်ဆင့် ဖြစ်ချင်ဖြစ်နိုင်တယ်'

ဒိုင်ယာဒါမျက်နှာ သေးဆုတ်သွားသည်။

'ကျွန်မ ဘာလုပ်ရမှာလဲ'

'ကိုယ့်အတွက်က လမ်းဆုံးတဲ့အထိ ဆက်လုပ်ရမှာလဲ၊ ဒါကိုယ့်အလုပ်၊ နောက်နာရီအနည်းငယ်အတွင်း မင်းကိုယ်နဲ့ နီးနီးကပ်ကပ်ရှိနေရင် ပိုကောင်းမယ် အချစ်'

'ပိုမကောင်းချင်နေပါစေ၊ ပုံမှန်အတိုင်းပဲ ဖြစ်ချင်တယ်'

ပက်(ခ)သည် သူ ထိုင်နေသော ဆိုင်ရှေ့စားပွဲမှ နောက်သို့ ပြောင်သိုနှင့် အလေးပြုသဖောခင် ဝိုင် အရက်ခွက်ကို ဂျူရယ်နှင့် ဒိုင်ယာဒါတို့အား မြွောက်ပြလိုက်သည်။ သူ၏ တုတ်ခိုင်လုံဝန်းသော ကိုယ်ခန္ဓာကြီးနှင့်ကုပ်ပိုးသားကြီးများက ကျောက်ဆစ်ရင်တုကြီးနှင့် တူနေ၏။ ဤကျွန်းပေါ်ရှိကျောက်တုံး မည်းမည်းများထဲမှ တိုးထွက်လာလေသလားဟု ထင်မှတ်ရသည်။

သူ၏အပြုံးသည် သေမင်းကခေါ်ယူရန် အချက်ပြလိုက်ခြင်းနှင့်တူသ၏။ ပက်(ခ)ကိုလှည့်မကြည့်ဘဲ ဂျူရယ်နှင့် ဒိုင်ယာဒါတို့ ဆက်လျှောက်လာခဲ့ကြသည်။

ဘယ်လာရီးယား အဆောက်အအုံ၏ အင်တေ သရိုးကိုင်ဆားသော အစြင်ဘက်နံရံပေါ်တွင် အခါရင့်ရင့်ဆေးရောင်များသုတ်ထားသည်။ ယခုအခါ ဆေးများ တစ်ဝက်တစ်ပျက်ကွာကျနေပြီ။ မိုးဒဏ်၊ လေဒဏ်၊ နေဒဏ်တို့ကြောင့် ဆေးရောင်များ ညစ်ထေး မွဲချောက်နေ၏။ ထိုယွင်းပြိုလဲပျက်စီးနေသည်။ ရှေးဟောင်း ဆယ်ခုနစ်ရာစုပုံစံမျိုးဖြစ်သည်။ ခြံဝင်းအလယ်၌ ပိသုကာလက်ရာကောင်းများဖြင့် မွမ်းမံထားသော ကျောက်တိုင်မောင်းကြီးရှိသည်။ သံထည်များဖြင့် ပြုလုပ်ထားသော ခြံဝင်းပေါက်ဘံခါးကြီး၏ သံပန်းလက်ရာများမှာ ပျက်စီးပြိုလဲနေ၏။

ဂျူရယ်သည် ဒိုင်ယာဒါနှင့်အတူ ခြံတွင်းသို့ဝင်လာသည်။ အဆောက်အအုံကြီး၏ အေားဘက်အဆောင်လေးခုစွာင် သုံးခုမှာ ဟာလာဟင်းလင်းဖြစ်နေသည်။ ပြတင်းပေါက်တံခါးများ ဟနေ

၏။ ညာဘက်ရှိ အစေခံတန်းလျားများဆီသို့ ဆက်လျှောက်သွားကြသည်။ တစ်ခါက ဝင့်ကြွားထည့်ဝါခဲ့သော အဆောက်အအုံကြီးနှင့် ခြံဝန်းကြီးအတွင်းရှိ တန်းလျားများတွင် လူများနေထိုင်လျက်ရှိ၏။

'ကျွန်မတို့ ဒီကိုဘာလုပ်ဖို့လာတာလဲ'

ဗိုင်ယာဒ ဂါကမေးသည်။ သူစီးထားသော ခုံမြင့်ဖိနပ်သည် ကျောက်စရစ်ခဲများပေါ် လမ်းလျှောက်၍ မလွယ်သဖြင့် ဂျူရယ်၏လက်မောင်းကို ဆုပ်ကိုင်မှီတွယ်ပြီး လျှောက်နေရသည်။

'ဒီနေရာတွေကို မောင် ဘယ်လောက်သိလဲ'

'ဒီဘက်က ကိုယ့်ကို သေနတ်နဲ့ပစ်တယ်၊ ဟောဒီ ပြတင်းပေါက် တစ်ပေါက်ပေါက်ကပစ်တာ၊ နာရီဝက်တောင် မကြာသေးဘူး'

'ကျွန်မတို့ ဒီလိုပဲ အကာအကွယ်မယူဘဲ သွားနေမလား'

'သေနတ်သမားနဲ့ရင်ဆိုင်ဖို့ ကိုယ်အသင့်ရှိတယ်'

သူတို့နှစ်ဦး တိုက်အိမ်အိုကြီးဆီသို့ ရောက်လုနီးနီးတွင် အသက်အရွယ်ကြီးသော လူကြီးတစ်ဦးထွက်လာ၏။ အဘိုးအိုသည် တုန်ယင်သောအသံဖြင့် သူတို့ကိုခေါ်လိုက်သည်။ ဤနေရာသည် ပုဂ္ဂလိကပိုင်ဖြစ်ကြောင်း ရှင်းပြသည်။

ဂျူရယ်ကလည်း အယဉ်ကျေးဆုံးသော အိတလီစကားဖြင့် သူတို့သည် လေ့လာရေးခရီးသည်များမဟုတ်ကြောင်းနှင့် ဆီဇာဘယ်လာရီးယားးကို တွေ့လိုရှာသူများဖြစ်ကြောင်း ပြောပြ၏။

'ငါ့ညီ ဒီမှာမရှိဘူး၊ ငါက ရက်ဖီးလ်ဘယ်လာရီးယားပဲ၊ ဆီဇာကို ဘာအကြောင်းနဲ့တွေ့ချင်တာလဲ'

'လေ့ဆိပ်မှာ သူ့စက်တပ်ရှက်လေ့ကြီးရှိတယ်၊ သူ ဘယ်မှာလဲ'

'ငါမသိဘူး၊ သိလဲမသိချင်ဘူး'

ဂျူရယ်တို့ အဘိုးအိုအနားသို့ နီးနီးကပ်ကပ် ရောက်သွားသောအခါ သူ့နဖူးပေါ်တွင် သေနတ်ဒဏ်ရာလို ဒဏ်ရာလတ်

လတ်ဆတ်ဆတ်ကို တွေ့ရသည်။ ဘယ်ဘက်နားထင်တွင်လည်း နီရဲပူးယောင်နေသောဒဏ်ရာနှင့် သွေးစများကိုမြင်ရ၏။

ရက်ဖီးလ်၏ ဖြူဖွေးသောဆံပင်များသည် သူ့နားရွက်တို့ကို ဖုံးအုပ်နေသည်။ ပြင်းထန်သော ရာသီဥတုဒဏ်များနှင့် ရင်ဆိုင်ခဲ့ရသော သူ့မျက်နှာနှင့် လက်များမှာ ဂျနီဗာတွင် သောဆုံးသွားသော သူ့ညီလိုပင် ကြမ်းတမ်းခက်ထန်သည့် တံငါသည်ရေလုပ်သားတွေအသွင်ပင် ဖြစ်၏။ ရှေးရိုးအတိုင်း ကော်လံထောင်ထောင်ရှပ်အင်္ကျီပေါ်တွင် ကိုယ်ကျပ်အင်္ကျီ ထပ်ဝတ်ထားသည်။ အပြာရောင်ရှင်းဘောင်းဘီက အကွက်မပေါ်တော့။ ပေါက်ပြဲ စုတ်ပြတ်နေသော ဖိနပ်ကိုစီးထားသည်။

ဤအဆောက်အအုံတွင် မိသားစု၏ အငယ်ဆုံးညီဖြစ်သူ ဆီဇာသုံးစွဲနေသော ခေတ်မီပစ္စည်းမျိုး တစ်ခုမှမရှိ။

'ကောင်းပြီ၊ မင်းတို့ ဒီအရပ်ကိုရောက်လာပြီဆိုတော့ ငါ့ရဲ့ ဘယ်လာရီးယားဖော်ရွေမှုနဲ့ ကြိုဆိုပါတယ်'

အဘိုးအိုက တည်တည်ငြိမ်ငြိမ်ပြော၏။

'မင်းနဲ့မိန်းကလေး အထဲကိုဝင်ကြပါ'

အတွင်းသို့ဖိတ်ခေါ်သည်။

'နဖူးပေါ်ကဒဏ်ရာက ဘယ်သူ ခားနဲ့ခုတ်သွားတာလဲ'

ဂျူရယ်က ကောက်ကာငင်ကာမေးသည်။

'ငါက အသက်ကြီးပြီဆိုတော့ ခံလိုက်ရတာပေါ့'

'ဆီဇာ့သေနတ်ဒင်နဲ့ အရိုက်ခံလိုက်ရတာလား'

အဘိုးအိုက မျက်ခုံးမျှားကိုပင့်လိုက်၏။

'ဆီဇာမဟုတ်ဘူး'

'ကျွန်တော် ဆီဇာ့ရှက်လေ့ကြီးပေါ်ရောက်တုန်းက သေနတ်နဲ့ပစ်တာ ဘယ်သူလဲ'

'သေနတ်သံ ငါမကြားပါဘူး'

'မောင်းပြန်သေနတ်မှာ အသံထိန်းကိရိယာတပ်ပြီး ကျွန်တော့်ကိုပစ်တယ်'

ဂျူရယ်က အောက်ဘက် ချောက်ကမ်းပါးဘေးတွင်ရှိသော ဆိပ်ကမ်းဆီသို့ လှမ်းကြည့်လိုက်သည်။ ရွက်သင်္ဘောများကို အရွယ်ကလေးတွေ့ပမာ တွေ့မြင်ရသည်။

'ဆီဇာမဟုတ်ရင် ဘယ်သူလဲ'

'နေဦး၊ မင်းတို့ကို ဝိုင်အရက်နည်းနည်းတိုက်ပါရစေ'

အဘိုးအိုက အသံတိုးတိုးဝါးဝါးဖြင့်ပြော၏။

ဂျူရယ်နှင့် ဗိုင်ယာဒါတို့က အိမ်ထဲသို့ ဝင်လိုက်သွားကြသည်။ ရက်ဖီးလ်သည် ဤအိမ်ကြီးအတွင်းရှိ အခန်းနှစ်ခန်းသာ အသုံးပြု၏။ ဧည့်ခန်းတစ်ခန်းနှင့် မီးဖိုတစ်ခန်းသာ သုံးသည်။ မီးဖိုထဲတွင် ရေနံဆီမီးဖိုတစ်လုံးရှိ၏။ လျှပ်စစ်မီးမရှိ။ မှန်အိမ်ကိုသုံးသည်။ စားပွဲကုလားထိုင်နှင့် တခြားပရိဘောဂအားလုံး ဟောင်းနွမ်းယိုင်ခဲနေသည်။ ဘချို ကျိုးပဲ့နေ၏။ တစ်ချိန်က အဖိုးတန်ပစ္စည်းများ ဖြစ်ဟန်ရှိသည်။

အဘိုးအိုရက်ဖီးလ်သည် ဧည့်ခန်းသို့ပြန်ထွက်လာပြီး ဖန်ခွက်သုံးခွက်တွင် ဝိုင်အနီများငှဲ့ထည့်လိုက်သည်။ ပြီးတော့ သူတို့နှစ်ဦးအား ငေးစိုက်ကြည့်နေ၏။

'မင်းတို့က ပြည်မကြီးကရဲတွေလား'

အဘိုးအိုက ဂျူရယ်ကိုမေးသည်။

'မဟုတ်ပါဘူး'

'ဒီ....အိုင်ဆိုလာဖီလီဘာနိုကျန်းမာ ရဲစခန်းရှိမို့လိုတယ်၊ ဒီမှာဥပဒေမရှိဘူး၊ နယ်စားအပိုလီယိုပါးစပ်က ပြောတဲ့စကားလုံးဟာ ဥပဒေပဲ၊ မင်းတို့ငါ့ညီလေးကို ဘာအကြောင်းနဲ့ လိုက်ရှာနေရတာလဲ'

'ဆီဇာဒုက္ခရောက်နေပြီ၊ မွန်တီကက်ပိုလီမြို့မှာ လူတစ်ယောက်ကို ခားနဲ့ထိုးသွားတယ်၊ နောက်ပြီး ဂျနီဗာမြို့က အဝိုးတန်တဲ့ အနုပညာပစ္စည်းတွေခိုးမှုမှာ ကြံရာပါနဲ့ သူခိုးလက်ခံပြစ်နေတယ်၊ တကယ်လို့ နယ်စားကြီးအပိုလီယိုနဲ့ အနုပညာပစ္စည်းအဆောင်းအဝယ်လုပ်ရင် သူ့အသက်အန္တရာယ်ပါ စိုးရိမ်ရတယ်'

'ဟုတ်တယ်၊ မင်းပြောတာတွေ အားလုံးမှန်တယ်'

'သူ့ကို အကာအကွယ်မပေးဘူးလား'

ဂျူရယ်ကမေးလိုက်သည်။

'ငါက အသက်အရွယ်ကြီးပြီ၊ သူက အသက်ငယ်တယ်၊ စိတ်မြန်တယ်၊ ကြမ်းတမ်းတယ်၊ သူဟာ မီးနဲ့ကစားတတ်တယ်၊ နယ်စားကတော်နဲ့ ရှုပ်ရှုပ်ယှက်ယှက်တွေရှိတယ်၊ ဒါကိုလူတိုင်းလိုလို သိကြတယ်။

'သူက နီအိမ်ကြီးကို ပြန်ပြင်ချင်တယ်၊ ငွေတွေအများကြီးလိုချင်တယ်၊ တစ်ခါက မျိုးရိုးစဉ်ဆက်ရဲကျော်ကြားမှုကို ပြန်လိုချင်တယ်၊ သူနဲ့ ဘရူနိုးအတွက် ဟိုတုန်းက ရှေးဦးဆောင်ခဲ့ရတဲ့ ခေတ်ကာလဟာကုန်ဆုံးသွားပြီ၊ ဘယ်တော့မှပြန်မလာတော့ဘူး၊ နဲပျိုမှုကို ငါ ပြန်မရနိုင်သလိုပါပဲ၊ ပြောဖြစ်သွားပြီ၊ ဘရူနိုးဟာ စစ်ကာလအတွင်းမှာ ဒီပြာပုံကို မှုတ်ပြီး မီးတောက်အောင်လုပ်ခဲ့တယ်၊ ဒီအကြောင်းတွေဟာ နားလည်ဖို့ခက်ပါတယ်၊ အတိတ်က အကြောင်းအရာတွေကို စိတ်ကူးယာဉ်အိပ်မက်မက်ရုံပဲ ရှိတော့တယ်၊ ဆီဇာက အဲဒီအိပ်မက်ကို အကောင်အထည်ဖော်ချင်တယ်၊ လက်ရှိအခြေအနေကိုလက်ခံပြီး အခုအတိုင်း နေချင်တဲ့သူဟာ ငါတစ်ယောက်ပဲ ရှိတော့တယ်'

'ဆီဇာကို မဆုံးမဘူးလား'

'အကြိမ်ပေါင်းများစွာ ပြောတယ်၊ သူက ရယ်တယ်၊ သူနဲ့ ဘရူနိုးက အစ်ကိုကြီး ငါ့ကို လှောင်ကြတယ်၊ ငါ့ကို အရူးကြီးလို့ ခေါ်ကြတယ်၊ ဒီတော့ ဘာဖြစ်လဲ၊ ဘရူနိုးသေသွားပြီလို့ ငါကြားသိရတယ်'

'ဟုတ်တယ်'

ဂျူရယ်က ခေါင်းညိတ်သည်။ ရက်ဖီးလ်က သူ့ကို ကြည့်ပြီး....

'မင်း သူ့ကိုသတ်သလား'

'အတိအကျတော့ မဟုတ်ပါဘူး၊ သူ သေသွားတာတော့ အမှန်ပါပဲ'

အဘိုးအို ဆက်ပြောခဲ့ချလိုက်သည်။

'မှားပြီ၊ ဘရူနိုး ဘာလုပ်ခဲ့လို့လဲ၊ အပိုလီယိုအပေါ် ပြုမူခဲ့တဲ့ တုံ့ပြန်မှုပဲ ဖြစ်ရမယ်၊ အပိုလီယိုကို ပစ်သတ်ခဲ့ရင် ဖိုကောင်းမယ်'

'ဘရူနိုး ဒီကျွန်းပေါ်မှာ အပေါ်စီးရတဲ့ အချိန်တုန်းက အပိုဖီယိုကို ဘယ်လိုလုပ်ခဲ့လို့လဲ'

'ငါ မပြောချင်ဘူး'

'ဘယ်လိုဖြစ်ခဲ့ကြတယ်ဆိုတာတော့ ဦးသိပါတယ်'

'ဟုတ်တယ်၊ ပြောလို့မကောင်းတဲ့ကိစ္စပါ၊ ဘရူနိုးဟာ ငါ့ညီ၊ သူ လူကောင်းမဟုတ်ဘူး'

အဘိုးအိုသည် ဒိုင်ယာဒါအား လှည့်ကြည့်လိုက်၏။

'မင်းက ချစ်စရာကောင်းတဲ့ မိန်းကလေးပဲ၊ ဒီအရပ်မျိုးကို မင်း လာဖို့မကောင်းဘူး'

'နေဦး....ကျွန်တော့််ကို သေနတ်နဲ့ပတ်တဲ့လူကို သိချင်တယ်'

ဂျူရယ်က ထပ်မေးလိုက်ပြန်သည်။

'လူစိမ်းတစ်ယောက်၊ မင်းတို့လို အမေရိကန်လူမျိုး'

'လူကောင် ထွားထွား၊ ဆံပင်နီကြောင်ကြောင်နဲ့လား'

'ဟုတ်တယ်၊ သူ ဆီဇာ့ကိုသတ်ဖို့လိုက်ရှာနေတယ်၊ သူ့ကို မြင်တာနဲ့ ဆီဇာ ထွက်ပြေးတယ်၊ လူစိမ်းဟာ သေးရှူးသေးတန်းနဲ့ ညာက လှေတစ်စင်းနဲ့ ရောက်လာတယ်၊ ဂူဆက်ပီရွှဲလှေလို့ထင်ရတယ်၊ လူစိမ်းက ဒီအိမ်ကြီးမှာရှိတဲ့ အခန်းလွတ်တွေထဲ ကမူးရှူးတိုးဝင်ရှာတယ်'

'သူ့နာမည် ဂျက်တောဘွတ်'

ဂျူရယ်က ဝင်ထောက်၏။

'ငါမသိဘူး၊ မေးလဲ မကြည့်မိဘူး'

ရက်ဖီးလ်သည်သူ့မျက်စိုးပေါက်ဒဏ်ရာကိုလက်နှင့်ဖိလိုက်သည်။

'သူ့မှာ မောင်းပြန်ရိုင်ဖယ်တစ်လက်ပါလာတယ်၊ ဆီဇာ့သင်္ဘောကို လှမ်းပစ်တယ်၊ ဆီဇာ့ကို ပစ်နေတယ်လို့ ငါထင်တယ်၊

သူ့အတွက် စိုးရိမ်မိတယ်၊ လူစိမ်းကို ငါတန်ပြန်ခုခံတယ်၊ ငါ့ကို ဩနတ်နဲ့ရိုက်ပြီး ထွက်ပြေးတယ်'

'ဘယ်အချိန်က ဆီဇာထွက်ပြေးလဲ၊ သူနဲ့အတူပန်းချီကားတွေ ပါလာသလား'

အဘိုးအိုက မျက်နှာရှုံ့မဲ့ပြီး ပြောသည်။

'ဆီဇာ အဲဒါတွေကို ယူသွားတယ်'

'လွှန်ခဲ့တဲ့ နာရီဝက်လောက်ကလား'

'ဟုတ်တယ်၊ သူဘယ်ကိုသွားတယ်ဆိုတာတော့ ငါမသိဘူး'

အဘိုးအိုစကားတို့ ဂျူရယ်ယုံကြည်သည်။ ရက်ဖီးလ်သည် အသက်အရွယ်ကြီးသူပီပီ လူကြီးလူကောင်း ဆန်သည်။ ရိုးသားသည်။ သူ့ညီမျှားနှင့် စရိုက်ချင်းမတူညီ။ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်၏။

'ရက်ဖီးလ်.... ကျွန်တော့််ကို ကူညီမလား'

ဂျူရယ်က ပွင့်ပွင့်လင်းလင်း မေးလိုက်သည်။

'ဆီဇာဟာ အခုထိ အသက်မခံရသေးဘူး၊ သူ့အတွက် ကျွန်တော် အကာအကွယ်ပေးမယ်'

'မင်း လူကောင်းတစ်ယောက်ပဲ၊ ဒီမိန်းကလေးအတွက်ပါ မင်းစိုးရိမ်နေတယ် မဟုတ်လား'

'ဟုတ်တယ်၊ တောဘွတ်က သူ့ကိုလဲ တိုက်ခိုက်မှာပဲ'

'မိန်းကလေးအတွက် ဒီမှာလုံခြုံပါတယ်'

'စိတ်ချရမလား၊ ပက်(ခ)ဆိုတဲ့လူကြီးက ရှိသေးတယ်'

'ဒီအိမ်အိုကြီးက အကျယ်ကြီးပါ၊ အထာမသိရင် ဘယ်သူမှ ရှာမတွေ့နိုင်ဘူး၊ ခက်ပါကြီးလို့ တည်ဆောက်ထားတယ်၊ အခန်းလွတ်တွေလဲ အများကြီး ရှိတယ်၊ ဆီဇာတောင် မသိတဲ့ အခန်းတွေရှိတယ်၊ မိန်းကလေး အနားယူနိုင်တယ်၊ ငါကိုယ်တိုင် စောင့်ရှောက်မယ်'

ဂျူရယ်ထ၍ ရပ်လိုက်သည်။

'ကိုယ်....အချိန်မကြာစေရဘူး'

ဒိုင်ယာဒါအက် လှည့်လိုက်၏။

'မင်းနားလည်ပါတယ် အချစ်၊ မင်း ကိုယ်နဲ့အတူရှိနေတာ ပက်(ခ) သိသွားပြီ။ တောဘုတ်ကလဲ မင်းအကြောင်းကို သိမှာပဲ၊ မင်းအတွက် ကိုယ်စိတ်ချသွားချင်တယ်'

'ကျန်မ ဆမ်နဲ့အတူ ရှိနေချင်တယ်'

'ဒီမှာက ပိုလုံခြုံပါတယ်၊ နာရီပိုင်းလောက်ပါ အချစ်ရယ်' ဒိုင်ယာဒါက အင်္ဂလိပ်စကားဖြင့် ပြော၏။

'ကျန်မ ဒီအတိုးကြီးကို ယုံကြည်ပါတယ်၊ ဒါပေမယ့်... ခွဲခွာမသွားစေချင်ဘူး၊ သေအတူ ရှင်မကွာ လိုက်ပါချင်တယ် မောင်'

'ကိုယ့်အတွက် မစွန့်စားပါနဲ့'

★

အခန်း (၁၆)

ဖရန့်စစ်စတာသည် ကျောက်တောင်ထိပ်မှ လမ်းကလေးတိုင်း အောက်သို့ဆင်းလာခဲ့၏။ သူက နယ်မြေကျွမ်းကျင်သည်။ လမ်းကို မနှစ်ကတည်းက တွေ့ထားသည်။ ဒွန်အင်ဂျယ်လိုတို့၏ ရှေ့ရှင် သရုပ်ဆောင်များနှင့် စံပြမောင်မယ်များ ပါဝင်ကျင်းပသည့် ပါတီပွဲသို့ သွားရောက်ရန်ပင်။

ယခုကာလသည် ပဒေသရာဇ်ခေတ် မဟုတ်ဘော့။ သူ့ကို ကျူး၊ တံတိုင်းနှင့် သံကွန်ခြာအုပ်ဆိုင်းပြီး ချုပ်နှောင်ထား၍မရ။ သည် အရွယ်ရှိသေးသော မိန်းမလှ ၁စ်ယောက်ဖြစ်၏။ အပိုလီနှင့် လက်ထပ်ခဲ့ခြင်းသည် သူ့အား ထောင်သွင်းပြီး အကျဉ်းသားခဲ့ခြင်းမျိုးဖြစ်ခဲ့လျှင် အမြဲတန်းဆန့်ကျင်ရန် သူ့ဘက်မှ သင့်ဖြစ်၏။

အပိုလီယို့ကမူ ပါတီပွဲများကို အလွန်မုန်းတီး၏။ တစ်ခါတစ်ရံ ကဲမ်းခြေဆီမှလေအဝှေ့တွင် ပါတီပွဲမှတေးဂီတသံများကို ကြားရတတ်သည်။ ထိုအခါမျိုးတွင် နယ်စားကြီးအပိုလီယိုသည် ဖရန့်စစ်စတာအား တင်းကျပ်စွာ စောင့်ကြည့် နေ တတ် သည်။ ကြက်စိအောက်မှ အပျော်က်မခံတော့။ လုံခြုံရေးများ အဆင်သင့်ထပ်ထပ် ချထားမြဲ ဖြစ်၏။

အပိုလီယိုသည် ဥစ္စာဓန၊ အနုပညာနှင့် အာဏာရှူး တစ်ယောက် ဖြစ်သည်။ သူ့ကို ဖရန့်မကြောက်။ ဆီဇာနှင့် မတွေ့ဆုံမည်ကိုသာ စိုးရိမ်တတ်ခဲ့၏။ ဆီဇာ့အကြောင်း တွေးမိသောခါ သူ ရင်ခုန်ရသည်။

ကျောက်သားများမှာ နေအပူရှိန်ကြောင့် ပူခြစ်နေသော်လည်း ဖိနဖ်မပါသော ခြေဖဝါးများဖြင့်နင်းပြီး သူလျှောက်နေသည်။ သူ့ခုံမြင့်ဖိနပ် နှစ်ဖက်ကို လက်မှာကိုင်ထား၏။ မိုးကုပ်စက်ဝိုင်းဆီသို့ လှမ်းကြည့်လိုက်သည်။ ပင်လယ်ပြာထဲကို မျက်စိတစ်ဆုံး မြင်ရ၏။

တံငါလှေနှစ်စင်းသည် ပင်လယ်နက်ထဲသို့ ဦးတည်ထွက်ခွာနေကြသည်။ ပင်လယ်လှိုင်းများက ကျောက်ကမ်းပါးအောက်ပြေးတက်လာကြ၏။ ဖရန့်သည် အောက်သို့ငုံ့မကြည့်ရဲ။ မူး၍ကျသွားမှာ စိုးသည်။ အောက်ဘက်မှ လေပင့်တိုက်လိုက်တိုင်း သူ့စကတ်သည် အပေါ်သို့ လွင့်ပျံတက်သွား၏။

ဒီနေ့ည သူလာသည်အထိ ပန်းခြံထဲမှစောင့်နေရန် ဆီဇာက ကတီပေးထား၏။ ဖရန့်သည် စိတ်ရှည်သူ မဟုတ်သည့်ပြင် အနှောင်အဖွဲ့ခံတတ်သူလည်း မဟုတ်ချေ။ အပိုလီယို၏လှောင်ချိုင့်ထဲတွင် တစ်မိနစ်၊ တစ်စက္ကန့်မျှ မနေလို။ အပိုလီယိုသည် ဖရန့်စစ်စတာအပေါ် နည်းပရီယာယ်အမျိုးမျိုးဖြင့် ချုပ်ကိုင်သည့်ပြင် အာဏာရှင်ဆန်ဆန်လည်း သံလက်သီးဖြင့် တိုက်ခိုက်တတ်သည်။

ကမ်းခြေတွင် ရုပ်ရှင်အဖွဲ့သားများနှင့် ရောထွေးယှက်တင် ဖရန့်ရှိနေလျှင် ဆီဇာစိတ်ဆိုးလိမ့်မည်။ သို့သော် ဒီပြဿနာမျိုးကို ဖရန့်ကိုင်တွယ် ဖြေရှင်းတတ်သည်။ ယောကျ်ားတစ်ယောက်ကို ကြောက်ရွံ့ခြင်းသည် မိုက်မဲရာကျလွန်းလှသည်။

ဂျူရယ်တစ်ယောက်ကိုကော သူ မည်သို့ သဘောထားခဲ့သနည်း။ အရပ်ရှည်ရှည်၊ ဆံပင်နက်နက်နှင့် သူ့အား ဖမ်းစားနိုင်စွမ်းရှိသော မျက်လုံးပြာများကို ဂျူရယ်ပိုင်ဆိုင်သည်။ သူ ရင်ခုန်ခဲ့ရ၏။ တစ်ခြားယောကျ်ားများနှင့် မတူ။ ထူးခြားချက်ရှိသည်။ သို့သော် ဤကျွန်းပေါ်သို့ ဂျူရယ် ရောက်လာနိုင်စရာ အကြောင်းမရှိဟု ဖရန့် ထင်မြင်မိသည်။

ဖရန့်သည် ချောက်ကမ်းပါးကြီး၏ အောက်ခြေအထိ ဆင်းလာခဲ့ပြီး နောက်ဆုံး ကျောက်တုံးကြီးပေါ် မှပူလောင်သောသဲပြင်ပေါ်သို့ ဖျတ်ခနဲ ခုန်ချလိုက်သည်။

သဲသောင်ပြင်က တရှိန်ရှိန်ဖြစ်နေသည်။ ခြေမနင်းနိုင်သဖြင့် ရေစပ်ဆီသို့ ပြေးလွှားသွားသည်။ လှိုင်းခေါင်းဖြူများ လှိမ့်ဘက်နေသော ရေစပ်တစ်လျှောက်အတိုင်း ဆက်လျှောက်လာခဲ့လေသည်။

ရုပ်ရှင်အဖွဲ့သားများ၏ တိုက်အိမ်ကလေးများသည်ဒုတိယကွေ့ ဟိုဘက်တွင် အတော်ဝေးသေးသည်။ ဤနေရာသို့အပိုလီယိုနှင့် အတူ သူသာတွေ့ရှိခဲ့သည်။ အပိုလီယိုသည် လမ်းတစ်လျှောက်လုံးတွင် သူ့ပန်းချီကားများအကြောင်းကို ရှည်ရှည်လျားလျားပြောသာတတ်၏။

ဖရန့်က လုံးဝ စိတ်မဝင်စားခဲ့။ ဖရန့် ဝါသနာပါသည်က မလုံ့တလုံ ရေကူးဝတ်စုံကိုဝတ်ပြီး ကျောက်ဆောင်ပေါ်တွင် နေရောင်ခံမည်။

နောက်ပြီး ရေကူးမည်။ သူ့ကို ဖရန့်မမြင်။ နောက်ကျသွားပြီ။ ရေတိုက်စားထားသော ကျောက်တုံးကြီးဘေးမှ ဖရန့်လျှောက်လာစဉ် ကျောက်ဆောင်ပေါ်တွင် မိကျောင်းကြီး တစ်ကောင်ပမာ ဝမ်းလျားမှောက်နေသော ထိုသူသည် ဝုန်းခနဲ ခုန်ချလိုက်ပြီး ဖရန်စစ်စတာ၏မျက်နှာကို ရိုက်ချလိုက်၏။ ဖရန့် တစ်ကိုယ်လုံး မီးပွင့်သွားပြီး သဲပြင်ပေါ် မှောက်လျက်လဲကျသွားသည်။ ဘာဖြစ်သည်ကို သူမသိလိုက်။ စဉ်းစားချိန်မရ။

အော်ဟစ်ရန် ကြိုးစားသော်လည်း သူ့ပါးစပ်သည် သဲပြင်ထဲ နစ်မြုပ်နေသည်။ ပါးစပ်ထဲရောက်နေသော သဲများကို ထွေးထုတ်နေရ၏။ ထိုသူက ကြီးမားလေးလုံသော သူ့ကိုယ်ခန္ဓာကြီးဖြင့် ဖိထားသည်။

ဖရန့်က အားကုန်ရှန်းကန်၏။ ရေစပ်ရှိ ကျောက်တောင်ကြီးများကို ပြေးလွှားရိုက်ခတ်နေသော လှိုင်းရိုက်သံကြီးများနှင့် အပြိုင် ထိုသူက ကြိမ်းမောင်းဆဲရေးတိုင်းထွာနေသည်။ ဖရန့်ကျောပြင်ကို ထပ်ထု၏။

ဒေါသကြီးပြီး တရှူးရှူးတရှဲရှဲဖြင့် သတ်မည်တကဲကဲ လုပ်နေ၏။ဖရန့်အဝတ်အစားများ ကြေမွစုတ်ပြဲကုန်သည်။ လက်ထဲမှ ဖိနပ်လွှင့်စဉ်သွား၏။

သန်မာကြီးထွားသော လက်မောင်းတစ်ဖက်က ဖရန့်အား ဆွဲမ,လိုက်သည်။ ဖရန့်က ရှန်းကန်ရင်းအော်၏။

'မင်း ဘာတတ်နိုင်သေးလဲ ဖရန့်၊မင်းဆက်ပြီးယုတ်မာနိုင်သေးလား'

သူ့မျက်နှာကို ဖရန့်ကွဲကွဲပြားပြားမမြင်ရ။ ထိတ်လန့်ခြင်းကြောင့် လည်ချောင်းထဲတွင် ခြောက်ကပ် တစ်ဆို့နေသည်။

အတန်ကြာမှ ကြည်လင်သော မိုးကောင်းကင်ကို နောက်ခံပြုထားသည့် သူ့ကိုယ်ခန္ဓာကြီးကို သတိထားမိလိုက်သည်။ သူ့ခေါင်းပေါ်တွင် အရောင်တောက်နေသော ဆံပင်ဝါဝါများကို တွေ့လိုက်ရ၏။

'ဂျက်....'

ဖရန့်က နာကျင်ညည်းတွားသံနှင့်ခေါ်လိုက်သည်။

'ဩော်....ငါ့ကို မင်း မှတ်မိသေးတယ်ကိုး၊ဟုတ်တယ်၊ဂျက်တောဘွတ်လေ'

လုံခြုံမှု ရှိသည်ဟု ယုံကြည်ခဲ့သော ဤဒေသတွင် ဂျက်ကို တွေ့လိုက်ရသဖြင့် မိုးကြိုးပစ်ခံရသလို ဖြစ်သွားသည်။ သူလျှောက်လှမ်းလာခဲ့သော လမ်းတစ်လျှောက်တွင် ဘာနာဒိုအပိုလီယို၊ဆီဇာနှင့် ဂျူရယ်တို့၏ အန္တရာယ်ကိုစဉ်းစားလာခဲ့သော်လည်းတောဘွတ် အကြောင်းကို ထည့်သွင်းမစဉ်းစားမိခဲ့ချေ။

တောဘွတ်က ဖရန့်ကို လက်ထဲမှလွှတ်ချလိုက်သည်။ ဖရန့်ပျော့ခွေသွား၏။ သဲပေါ်တွင် ဒူးထောက်လျက်ဖြစ်နေသည်။ ခြေနှစ်ချောင်းက ဆန့်ကားနေ၏။စကတ်အောက်နားစသည် ပေါင်လယ်အထိ လိပ်တက်နေသည်။ဆံပင်များသည်ဖရိုဖရဲဖြင့်လေထဲတွင် ယိမ်းထိုးနေ၏။

တောဘွတ်သည် ပိုရှ်ကြီးထွားလာသည်ဟုထင်မှတ်ရသည်။ သဲသောင်ပြင်တွင် စိုက်ထူထားသော ဧရာမရှေးဟောင်းကျောက်

ရှပ်ကြီးနှင့်တူနေသည်။ သူ့ဦးခေါင်းကို အောက်ငိုက်ဆားသည်။ ထက်ပြင်နှစ်ဖက်သည် ရှေ့သို့ ခပ်ကိုင်းကိုင်းကျနေသည်။ဧရာမနှင့် ဂျနီဗာတွင် ဖရန်စစ်စတာနှင့် တပူးတွဲတွဲ သွားလာနေစဉ်က ကဲ့သို့ ခန့်ချောချောသော မျက်နှာမျိုးနှင့် ဝတ်စားဆင်ယင်မှုမျိုးမဟုတ်ဘော့။

တင်းမာခက်ထန်နေသည်။သူ့မျက်လုံးရွဲကြီးများတွင်ရက်စက်မှု မီးတောက်မီးလျှံများ တောက်လောင်နေ၏။

'မင်း ငါ့ကို တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး မဟုတ်လား'

သူ့အသံသည် မာကြောလှသည်။ပင်လယ် လှိုင်းသံများကို လွှမ်းမိုးသွားလောက်အောင် ကျယ်လောင်၏။

'မင်းငါ့ကို ကျော်လို့မရဘူး ဖရန့်'

'ရှင် ဒီကို ဘယ်လိုရောက်လာတာလဲ'

'လှေ ခိုးစီးလာတာ၊ ဒါပဲ'

'ဂျက်....ရှင် ကျွန်မကို အထင်လွှဲနေပြီ'

'စုန်းမ'

တောဘွတ်က အော်ငေါက်လိုက်သည်။

'မိန်းမရှင်မ၊ နင့်ကိုငါ သတ်မယ်'

'ကျွန်မ ရှင်းမြပါရစေ၊ ပြီးရင် ရှင် သတ်ချင်သတ်လိုက်'

တောဘွတ်က စိတ်မထိန်းနိုင်ဘဲ ဖရန့်၏ပါးကိုရိုက်ချလိုက်ပြန်သည်။ သူ့လက်ဝါးကြီးသည် လေထဲတွင် ဝှီးခနဲမြည်ပြီး ဖရန့်ပါးပေါ် ဖြန်းခနဲ ကျရောက်သွား၏။ဖရန့် နောက်ပြန် လဲကျသွားကာ ခြေထောက်နှစ်ချောင်းက ဘေးသို့ ကားသွားပြီး ပိုးသားစကတ်သည် သူ့တင်ပါးပေါ်အထိ လန်တက်သွားသည်။ တောဘွတ်သည် တရှူးရှူးတရှဲရှဲဖြင့် သူ့တစ်ကိုယ်လုံး တုန်ယင်နေ၏။ ဖရန့်က အထိတ်တလန့်ဖြင့် အော်ဟစ်အကူအညီတောင်းရန် ကြိုးပမ်းသည်။

အကူအညီပေးနိုင်မည့်သူများ အနီးအနားတွင်ရှိသည်။ ကြွ
ဝန်းကျင်တွင် တိုက်အိမ်ကလေးတချို့ ရှိသည်။ အော်သံကို ကြား
လောက်၏။

သို့သော် သူ မအော်ရဲ။

သူ့ပါးတစ်ဖက်သည် အရိုက်ခံထားရသဖြင့် ဖူးယောင်
ကိုက်ခဲနေသည်။ သူ့ကိုယ်ပေါ် တောဘွတ်က ဖိထားသဖြင့်ပိပြား
နေ၏။ ခြေတစ်ဖက်သည် ပဲ့ရွဲနာကျင်နေ၏။ ပေါင်တံ အ
ကိုက်ခဲနာကျင်နေသည်။

သူ့ပါးပြင်ပေါ်မှ သဲမှုန်များကို ပွတ်ချလိုက်၏။ ပါးပြ
ပေါ်မှ မိတ်ကပ်များ ပျက်ကုန်ပြီ။ ပြုပြင်ထားသောဆံပင်များ ပြေ
ကျပြီး လည်ကုပ်ပေါ်တွင် ဝဲပျံနေသည်။ကမ်းခြေတွင် ဒီလှိုင်းလုံး
များ တအုံးအုံး ပြေးတက်ရိုက်ခတ်နေသည်။

အမေရိကန်ပြည် လယ်တောထဲတွင် အဖေဖတ်ပြခဲ့သော
သမ္မာကျမ်းထဲမှ ငရဲခန်းနှင့်တူလှသည်ဟု ဖရန့်ခံစားရသည်။ ငရဲ
ခန်းမှမာရ်နတ်သည် တောဘွတ်ဖြစ်၏။

တောဘွတ်သည် သူ့အပေါ် ကုန်းကုန်းကွကွဖြင့် စီးမိုး
ထားပြီး....

'မင်းအတွက် ဇာတ်သိမ်းပဲ့ပဲဖရန့်၊ မင်းဆီက ငါ တစ်
တည်းပဲလိုချင်တယ်၊ မင်းကိုသတ်ပစ်ဖို့ပဲ၊ မင်းအတွက် ငါအယူ
မာဆုံးအလုပ်ကို လုပ်ခဲ့ပြီးပြီ၊ ရောမမြို့မှာ မင်း ငွေပုံပေါ်မှာစံ
ငါနွားကျခံပြီး မိုက်လုံးကြီးခဲ့တယ်၊ လူသတ်ခဲ့တယ်၊ ဂျနီဗာမှာ
မင်း ကိုယ်ယောင်ဖျောက်သွားတယ်၊ မင့်လက်ထဲ ပန်းချီကားတွေ
အပ်ပြီးတာနဲ့ မင်းဖောက်ပြန်တယ်၊ မင်းတို့ရဲ့ အနားယူဂေဟာ
ကြီးကို ငါပြန်လာခဲ့တယ်၊ မင်းကိုမတွေ့တော့ဘူး၊ ငါစောင့်နေ
ခဲ့တယ်၊ မင်းပြန်မလာဘူး၊ ငါ မင်းနဲ့အတူမှအိပ်ခဲ့ရဘူး'

'ကျွန်မ ရှင့်ကိုစောင့်ပါတယ်၊ ယုံပါ'

ဖရန့်က အသံတိုးတိုးမျှဉ်းမျှဉ်းလေးဖြင့် လေပြည်ထိုးသည်
ဒီလိုအန္တရာယ်မျိုးနှင့် သူ ရင်မဆိုင်ခဲ့ဘူးချေ။ ထိုးမယ်၊ သတ်မယ်

တကဲကဲလုပ်ခြင်းခံနေရ၏။ သို့သော် ဖရန့်သည် အန္တရာယ်နှင့်
လျှင် ထွက်ပေါက်ရှာဖွေတတ်သူဖြစ်သည်။

'သူက ကျွန်မကို စည်းအပြင်ထွက်ပြီး တိမ်းရှောင်ဖို့ခြိမ်
ခြောက်ပါတယ်၊ ရှင်နဲ့တွဲပြီး ပူးတွဲတရားခံမလုပ်ဖို့ ကြိမ်းမောင်
ပါတယ်၊ ရိုးရိုးသားသား အမှန်အတိုင်း ကျွန်မပြောတာပါ
သူက ကျွန်မကို အကျပ်ကိုင်ခြောက်လှန့်တယ်'

'သူဆိုတာဘယ်သူလဲ'

'ဆီဇာ'

'မင်းရဲ့လင်ငယ်လား'

တောဘွတ်က ခပ်ရိုင်းရိုင်း ခပ်ပြတ်ပြတ်မေးလိုက်သည်

'အကြောင်းကြောင်းကြောင့် သူနဲ့ကျွန်မ မကင်းနိုင်ပ
ဘူး၊ အပိုလီယိုကို ရောမသွားခွင့်ပြုတဲ့အခါမှသာ ကြုံတွေ့ကြ
တာပါ'

'မင်း သူနဲ့အတူအိပ်ခဲ့တယ်၊ ငါသိတယ်'

'ဂျက်၊ ကျွန်မ ပြော....ပြော'

'မလိုဘူး ငါပြောတာနားထောင်၊ မင်းနဲ့ပတ်သက်သမ
ငါ အားလုံးစွန့်ပစ်လိုက်ပြီ ဖရန့်၊ ငွေထုပ်ကြီးကိုပိုက်ပြီး မင်းနဲ
အတူ ဘဝဟောင်းကိုပြန်ဖို့ဆိုတဲ့ အိပ်မက်ဟာလဲ ပျက်ပြယ်သွား
ပြီ၊ မင်းကဆင်ကြံကြံတယ်၊ ငါ့ကို ကလိမ်ကျတယ်၊ ငါ့ကိုအရူ
လုပ်ခဲ့တယ်'

တောဘွတ်က သူ့ကို ခြေဖြင့်ကန်လိုက်ပြန်သည်။ တင်ပါး
ဆုံကိုကန်မိပြီး သဲမှုနဲ့တွေ တထောင်းထောင်းထသွားသည်။ ဖရန့်
အားယူပြီးထ၏။ ရေစပ်သို့ ဒယီးဒယိုင်ဖြင့် လျှောက်သွားသည်။
တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။ နောက်ထပ် အထိုးအကြိတ်
အကန်အကျောက်ခံရမည်ကို ကြောက်ရွံ့ထိတ်လန့်နေ၏။ တော
ဘွတ်သည် သူ့အားဆွဲကိုင်ပြီး သဲသောင်ပေါ်ပစ်တင်လိုက်သည်။

တောဘွတ်၏ ကိုယ်လုံးကြီးက သူ့တစ်ကိုယ်လုံးပေါ်သို့
လှဲပြီးဖိထား၏။ အောက်ဘက်မှ သဲသောင်ပြင်က ပူလောင်လှ
သည်။ ဖရန့်တစ်ကိုယ်လုံး ပိပြားနေသည်။ လှုပ်၍မရ၊ တောဘွတ်

၏ ပါးကြမ်းကြမ်းကြီးက သူ့ပါးနုနုကိုပွတ်သည်။ ပွန်းပဲ့မတတ် ခံစားရ၏။ ထွက်သက်လေက ပူလောင်လျက်ရှိသည်။ ပါးစပ်မှ အရက်နံ့လိုင်နေသော တောဘုတ်၏မေးရိုးမှ အမွေးကြမ်းများဖြင့် ပွတ်လိုက်မိသောအခါ ကြက်သီးမွေးညင်းများထသည်။

'ပန်းချီကားတွေဘယ်မှာလဲ'

'ကျွန်မဆီမှာမရှိဘူး'

'ဘယ်သူ့ဆီမှာလဲ'

'ဆီဇာ'

'မေးသမျှ ဆီဇာပဲလား၊ သူဘယ်မှာလဲ'

'မသိဘူး'

'မင်း သူနဲ့သွားတွေ့မလို့ မဟုတ်လား၊ မင်းကို ငါသတ်ရမယ်'

'ရှင် ကျွန်မကို နှားမလည်နိုင်တော့ဘူးဆိုရင် ချက်ချင်း သတ်လိုက်၊ ကျွန်မ ဝဋ်မခံနိုင်တော့ဘူး'

'ငါမေးတာအရင်ပြော၊ ဆီဇာဘယ်မှာလဲ'

'သူ အိမ်ပြန်သွားတယ်'

ဖရန့်မငြင်းရဲတော့ မခံမရပ်နိုင်တော့။

'ပန်းချီကားတွေယူသွားတယ်'

'သူ့အိမ်မှာမရှိဘူး၊ ငါရောက်ခဲ့ပြီ၊ ပေါက်ကရမပြောနဲ့'

တောဘုတ်ရယ်လိုက်သည်။ သူ၏ရင်ဘတ်ကြီးတစ်ခုလုံးနှင့် မာတောင့်သောဝမ်းဗိုက်ကြီးက ဖရန့်ကိုယ်ပေါ်တွင်ဖိထားမြဲ။

'ပန်းချီကားတွေရောင်းဖို့ သွားမှာပေါ့'

'မင်းယောကျ်ားဆီကိုလား'

'ဖြစ်နိုင်တယ်'

'ဘယ်လောက်နဲ့ရောင်းမှာလဲ'

'ဒေါ်လာဆယ့်ငါးသန်း၊ ပြီးတော့....'

'ဆီဇာနဲ့အတူ မင်းတို့ ဒီဒေသက ထွက်ခွာကြမယ်မဟုတ်လား'

ဖရန့်ကဘာမှမပြော ငြိမ်နေသည်။

အတန်ကြာမှ လေသံသဲ့သဲ့ဖြင့် မျှဉ်းမျှဉ်းခွဲခွဲပြော၏။

'ရှင် ကျွန်မကိုယ်ပေါ်ကဖယ်ပါ၊ မခံနိုင်တော့ဘူး'

'ငါသတောကျတယ်'

တောဘုတ်က ခပ်ရွဲရွဲပြောလိုက်သည်။

'ဒီလိုနေချင်နေတာကြာပြီ၊ မင်းအော်မလို့လား၊ အော်ချင်ရင် အော်လိုက်လေ'

ဖရန့် ထောင်းခနဲဖြစ်သွား၏။ သူ ဘာလုပ်ရမည်နည်း။ စင်စစ် သူသည် ဖရန့်နီစမစ်ဖြစ်၏။ တစ်ချိန်တစ်ခါက ဆင်းဆင်းရဲရဲ မွဲမွဲတေတေနေခဲ့ရသည်။ သို့သော် ဒီလိုအန္တရာယ်ဆိုးမျိုးနှင့် မကြုံတွေ့ခဲ့ရဖူး။ သူ ဆက်ဆံရသော ယောကျ်ားများတွင် ဘတာဘုတ်လို ရက်စက်ကြမ်းကြုတ်သူမရှိခဲ့။ တောဘုတ်အပေါ် အလွန်ကြီးမားသော အမှုးကြီးတစ်ခုကို ကျူးလွန်မိခဲ့သည်။

သို့သော် သူသည် ကျွမ်းကျင်လိမ္မာစွာ မာယာကို အသုံးချပြီး အကျပ်အတည်းမှ အမြဲတမ်းရုန်းထွက်နိုင်ခဲ့၏။

ဖရန့်သည် ကြောက်ရွံ့လျက်ရှိနေသည်။ သို့သော်မကြောက်ဟန်ဆောင်နေ၏။ ဟန်ကိုယ့်ဖို့....ဟူသော စကားရပ်ကိုသူလက်တွေ့အသုံးချခဲ့ဖူးပေါင်းများပြီ။ ကြောက်ရွံ့နေသည်ကိုတောဘုတ် တီသွားလျှင် ပိုပြီးခြိမ် ခြောက်မည်။ ပိုပြီးရက်ရက်စက်စက်နှိပ်စက်လိမ့်မည်။

ဖရန့်သည် ခပ်တည်တည် ခပ်တင်းတင်းဖြင့် သူ့ကိုယ်သူ ပြန်လည်တည်ဆောက်၏။ တောဘုတ်၏ကိုယ်ခန္ဓာကြီးအောက်တွင် ပိပြားနေရာမှ ရုန်းကန်လှုပ်ရှားအော်ဟစ်သည်။ သူ အော်ချင်တိုင်း အော်၍မရ။

တောဘုတ်က သူ့ကိုယ်လုံးကြီးနှင့် ဖိမြဲဖိထားသည်။ သို့သော် ဖရန့်အသံကကမ်းခြေသို့တအုံးအုံးလှိုင်းတက်နေသောလှိုင်းသံများကို ထိုးဖောက်ကျော်သွားနိုင်သည်။

တောဘုတ် တအံ့တသြ ဖြစ်သွားသည်။ သူ့ကိုယ်ခန္ဓာကို အနည်းငယ် ကြံ့ပေးလိုက်၏။ ဖရန့် အနည်းငယ်အသက်ရှူချောင်သွားသည်။

တောဘွတ်က မျက်မှောင်ကြုတ်လိုက်၏။

'ဒီမယ် ဖရန်နီ၊ မင်းကိုငါ ဂုဏ်သရေရှိအမျိုးသမီးလို့ မှတ်သင်ခဲ့တယ်'

'ရှင့်အတိုင်းပဲ၊ ရှင့်ကိုကျွန်မ အသင်ကြီးခဲ့တယ်၊ ခုတော့အတူတူနဲ့အနှုနှုပါပဲ၊ ရှင်ဟာ ကလေကချေပဲ'

ဖရန်က အော်ဟစ်ပြောဆိုသည်။

'ကျွန်မဘဝကိုကျွန်မ ကျောင်းခဲ့တယ်၊ ကျွန်မမှာ အတတ်ပညာနဲ့ အရင်းအနှီးမရှိဘူး၊ ဒီတော့ လူကိုပဲ ရင်းရတယ်၊ ဒါဆန်းသလား၊ မှားသလား'

'မင်းက နယ်စားကြီးကတော် မဟုတ်လား'

'ဟုတ်တယ်၊ ဒါပေမယ့် မပြည့်စုံဘူး၊ မပြေလည်ဘူး'

'မင်းယောကျ်ားဆီက ခွဲတန်းတော့ရမှာပေါ့'

'မယားငယ်ကို ပေးသလိုတိုင်း ပေးတာ၊ ရှင် အီဘလီဥပဒေကိုနားမလည်ပါဘူး၊လူမိုက်၊ ရှင်နဲ့ကျွန်မဟာတစ်နိုင်ငံတည်းက လာခဲ့ကြတဲ့သူတွေပါ'

တောဘွတ်သည်သူ့ခေါင်းကိုဘေးသို့ဖယ်လိုက်သည်။ဖရန့်၏ စကားများကြောင့် အံ့ဩတွေဝေသွားသည်။

'လုပ်မနေနဲ့ ကဝေမ'

သူက ဒေါသဖြင့် ပြောသည်။

'မင်း ငါ့ကို အရှုးလုပ်တယ်'

'မဖြစ်နိုင်ဘူး၊ ရှင်နဲ့ကျွန်မ ဘဝတူ'

'မင်းကိုယ်တိုင် ဂုဏ်သရေရှိ အမျိုးသမီးတစ်ဦး မဖြစ်နိုင်တော့ဘူးလား'

ဖရန့်သည် တောဘွတ် နှိပ်စက်ထားသော ဒဏ်ရာများကြောင့် ဝမ်းဗိုက်နှင့်နံရိုးများပါ ထုံကျဉ်ကိုက်ခဲနေသော်လည်း မဲ့ပြုံးပြုံးလိုက်၏။

'ပြောချင်သလိုပြော'

'မင်းကိုငါ အထင်ကြီး မြတ်နိုးခဲ့ဖူးတယ်'

တောဘွတ်က အလေးအနက်ပြောလိုက်သည်။

'ကျွန်မ ပြောပြီးပြီ၊ ထပ်ပြောမယ်၊ အိုးရွဲနဲ့စလောင်းရွဲတွေ့ပါ'

ဖရန့်က သေမထူးနေမထူးအသံဖြင့် ပြောလိုက်သည်။

တောဘွတ် ငြိမ်သက်တွေဝေသွား၏။ သူ၏ဆိတ်ငြိမ်မှုသည် ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။နေရောင်သည်ပို၍ပူပြင်းလာ၏။ သဲသောင်ပြင်သည် ခြေချ၍မရလောက်အောင် လောင်ကျွမ်းနေသည်။

လှိုင်းလုံးကြီးများသည် ကမ်းခြေသို့ တစ်လုံးပြီးတစ်လုံး ဆင့်ကာ ထပ်ကာ ပြေးတက်လျက်ရှိ၏။တောဘွတ်သည် အသက်ရှူရပ်သွားသည်။ အသက်ရှူတိုင်း မြင့်ချည်နိမ့်ချည် ဖြစ်နေသော ဖရန့်၏ ရင်သားများကို တောဘွတ် ငေးစိုက်၍ကြည့်နေသည်။

'ငါ့ပစ္စည်းကို ငါပြန်ယူမယ်၊ မင်း ဘာလုပ်မလဲ'

တောဘွတ်က ရေရွတ်ဟိန်းဟောက်လိုက်သည်။သူ့စကားကို ဖရန့် ကောင်းစွာ သတောမပေါက်။

စင်စစ် ဖရန်စစ်စတာသည် ဒီလိုနည်းမျိုးဖြင့် ယောကျ်ားများ၏ ခြိမ်းခြောက်ခြင်းကို မကြောက်တတ်ခဲ့။ သို့သော် တောဘွတ်၏ ဘီလူးစီးသော ကြိမ်းဝါးခြင်းသည် သူ့အသည်းနှလုံးကို တုန်လှုပ်စေသည်။ သူ့တစ်ကိုယ်လုံး ပေါက်ကွဲ ကြေမွသွားစေသည်။ သူ့လက်တွင်းမှ ကိုယ်လွတ်ရုန်းရမည်။ မခံမရပ်နိုင်အောင် နှိပ်စက်တော့မည်ဟု ဖရန့်သိထားသည်။

တောဘွတ်၏ကိုယ်လုံး အနည်းငယ်အကြွတွင် လျှပ်တစ်ပြက်တစ်ဖက်သို့လှိမ့်ပြီး ရုန်းထွက်လိုက်သည်။ တောဘွတ် အံ့အားသင့်နေစဉ် လူးလဲထကာ တောင်ပေါ်လမ်းကလေးဆီသို့ ထွက်ပြေး၏။

တောဘွတ် လွှားခနဲခုန်လိုက်ပြီး လက်နှစ်ဖက်ကိုဆန့်ကာ ကာဆီးထားသည်။ ဖရန့်သည် လက်လှမ်းမမီနိုင်သောနေရာတွင် ရပ်လိုက်ပြီး လှစ်ခနဲ ကွေ့ဝိုက်၍ဆက်ပြေးသည်။ လှိုင်းခေါင်းဖြူများပြေးတက်နေသော ရေစပ်ဘက်သို့ ရောက်သွား၏။ သူ့ခြေလှမ်းကို လှိုင်းတစ်ချက်ပုတ်လိုက်သဖြင့် ရှေ့သို့ယိုင်လဲကျသွား

သည်။ ပင်လယ်ရေများ သူ့ပါးစပ်ထဲဝင်ကုန်၏။ ရေစိုနေသော အင်္ကျီအပြစများသည် သူ့ရင်သားပေါ် ကပ်လျက်ရှိနေသည်ကို သူပြန်ထ၏။ တောဘုတ်က သူ့အား ဖမ်းကိုင်ပြီး ရေထဲသို့ဆွဲမလိုက်သည်။

'ကြောက်....ကြောက်....ကြောက်ပါ'

ဖရန့်သည် လူးလှိမ့်ပြီး ထွက်ပြေးရန်ကြိုးပမ်းစဉ် နောက်ထပ်လှိုင်းကြီးတစ်လုံးသည် သူ့အပေါ် ဖုံးအုပ်လိုက်သည်။ တောဘုတ်က သူ့အား ဖမ်းကိုင်ထားသည်။ ဖရန့် အော်ရန်ကြိုးစားသည်။ အော်လို့မရ။ တောဘုတ်က တအားဖက်ထား၏။ ဒီလိုင်းများက သူတို့နှစ်ဦးပေါ် လှိမ့်တက်နေသည်။

'အခု ဆီဇာဘယ်မှာလဲပြော'

တောဘုတ်က အငေးမရ မေးမြန်းသည်။

'မင်းကို ရေထဲနှစ်သတ်မယ်'

'သူ့အိမ်ပြန်သွားတာအမှန်ပဲ'

ဖရန့်သည် မဖြောချင်ပြောချင်ဖြင့် ပြောလိုက်သည်။

'သူ့အိမ်မှာမရှိဘူး'

'ဒါ ကျန်မမသိဘူး၊ ရှင်တို့နှစ်ယောက် အရင်သတ်နိုင်တဲ့သူ အသက်ချမ်းသာမယ်'

တောဘုတ်သည် အခဲမကျေနိုင်သော ဒေါသမီးတောက်နေသည်။ ဖရန့်ကို သူ့ရင်ခွင်ထဲမှ ဆောင့်တွန်းလိုက်၏။

ဖရန့်က လှည့်မကြည့်တော့ဘဲ ကိုယ်လုတ်ရွန်း ထွက်ပြေးသည်။ တောဘုတ်က နောက်မှလိုက်၏။ လွတ်နိုင်ချေမရှိပေ။ ထို့ကြောင့် ကျောက်ဆောင်ကြီးများထူထပ်သော ကမ်းပါးယံကြီးများအောက်သို့ တိုးဝင်ကိုယ်ယောင်ဖျောက်၏။ တောဘုတ်က နောက်မှလိုက်လာပြီး သူ့ကို အော်ခေါ်သည်။ သူ လှည့်မကြည့်။ ကျောက်ဆောင်ကြားသို့ ကွေ့ပြီး ဆက်ပြေးသည်။ ကွေ့ဟိုဘက်တွင် ချောက်ကမ်းပါးကြီးရှိနေ၏။ မန်လယ်ထိုး

ထိုးထွက်နေသောကျောက်စွန်းတွင် အက်ကြောင်းကြီးရှိနေသည်။ ထိုအက်ကြောင်းကြီးမှာ အပေါ်ဘက်သို့တက်သော ခြေသွားလမ်းရှိ၏။ လွန်ခဲ့သည့် မိနစ်နှစ်ဆယ်လောက်က အကြောက်အခဲ့ကင်းမဲ့စွာနှင့် သူ့လျှောက်လာခဲ့သည်။

'ဖရန့်....'

တောဘုတ်၏အသံက နီးလာသည်။

'ဖရန့် မပြေးနဲ့၊ မင်းမလွတ်ဘူး'

သူသည် ကျောက်တုံးကြီးပေါ်သို့တက်ပြီး အက်ကြောင်းကြီးထဲသို့ ခုန်ချလိုက်သည်။ အက်ကြောင်းမှ ကျောက်အစွန်းအစများနှင့် သူ့ပခုံးစွန်းခြစ်မိ၏။ အပေါ်တက်ရာလမ်းဆီသို့ ပြေးသွားပြီး နောက်သို့ပြန်ကြည့်ရာ တောဘုတ်ကိုမတွေ့ရတော့။ ခပ်လှမ်းလှမ်း ကမ်းခြေတွင် တောဘုတ်ရပ်ကျန်ရစ်၏။ ဘာကြောင့် တောဘုတ်ဆက်မလိုက်သနည်း။

စင်စစ် ဖရန့်ကိုသတ်ရန် သူလာခဲ့ခြင်းဖြစ်၏။ သူ့အား အရှုံးလုပ်လှည့်စားပြီး ပန်းချီကားများခိုးယူရန် သွေးဆောင်ခဲ့ခြင်းနှင့် သူ့ဘဝကို ဖျက်ဆီးခဲ့သည့်အတွက် လက်စားချေရန် ရောက်လာခြင်းဖြစ်၏။ ဖရန့်သည် ချက်ချင်းပြောင်းလဲပြီး ဆီဇာဘက်တော်သား အချစ်တော်ဖြစ်နေ၏။

တောဘုတ် တည်ငြိမ်စွာရှပ်နေ၏။ ပင်လယ်ကွေ့သဲသောင်ဆီသို့ ကြည့်နေသည်။ ဖရန့်နောက်သို့ဆက်လိုက်ရန် စိတ်မဝင်စားတော့သလိုရှိ၏။ တစ်ဖက်သို့လှည့်၍ ထွက်သွားသည်။

သဘာယ်ကိုသွားမှာလည်း။ ဆီဇာ့အိမ်ကိုရောက်ခဲ့ပြီဟု သူပြောခဲ့၏။ ယခုအခါ ဆီဇာသည် အပိုလီယိုနှင့် ပန်းချီကားအရောင်းအဝယ်စကား ပြောဆိုနေလောက်ပြီ။ ဈေးတည့်လျှင် ဇာတ်လမ်းနိဂုံးချုပ်ပြီ။ အပိုလီယိုသည် ဤပန်းချီကားများကို အလွန်လိုချင်သည့်အတွက် သူတို့နှစ်ဦးတွေ့ဆုံရန် ယာယီငြိမ်းချမ်းရေး လုပ်ထားကြသည်။

ကျောက်တုံးပေါ်တွင်ရပ်နေရာမှ ဖရန့် ပြုံးခန့်ထိုင်ချလိုက်သည်။ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထား၏။ ဤအခြေမျိုးနှင့် အသက်ထက်ဆုံး တစ်ခါမှမကြုံဖူးခဲ့ချေ။ မစ်ဆိုရီတောင် တုန်များဆီ တမ်းတလိုက်မိ၏။

ဖရန့်သည် ရှိုက်ကြီးတငင်ငိုတော့သည်။

☆

တောဘွတ်တစ်ယောက် ရုပ်ရှင်အဖွဲ့သားတို့၏ တိုက်အိမ်များ နောက်ဘက် ကမ်းပါးယံစောင်းမှ ကမ်းခြေသို့ ဆင်းသွားသည်ကို မည်သူမျှ မမြင်လိုက်ကြပေ။ စုံပြမယ် အဖွဲ့သားများမှာလည်း ရေဒီယိုဇာတ်လမ်းတွင် စိတ်ဝင်စားနေကြသည်။

ဂျူရယ်သည် ဒွန်အင်ဂျယ်လိုအိမ်ဘေး မြေကွက်လပ် မြက်ခင်းပြင်တွင် ဒွန်အင်ဂျယ်လိုနှင့် စကားပြောနေသည်။

ရွာထဲမှာရော၊ဒီနေရာမှာပါတောဘွတ်၊သို့မဟုတ် ဆီဇာ၏ အရိပ်အယောင်ကို ဂျူရယ် မတွေ့ရချေ။

'မစ်ပက်ဂက်ဒိုင်ယာဒါကော'

ဒွန်အင်ဂျယ်လိုက မေးလိုက်သည်။

'သူ မကြာခင် ရောက်လာပါလိမ့်မယ်'

'သူ့လုံခြုံရေးအတွက် ခင်ဗျား စောင့်ရှောက်ထားတယ်လား'

'ဟုတ်ကဲ့၊ ကျန်တော့် အတွက်လို့ ဆိုပါတော့'

တောဘွတ်တစ်ယောက် ရုပ်ရှင်အဖွဲ့သားများ ကြားတွင် မရှိသည်မှာ ဆေချာပြီ။ ထို့ကြောင့် ဒိုင်ယာဒါထံပြန်ရန် အချိန်တန်ပြီဟု ဂျူရယ် စဉ်းစား၏။ မြက်ခင်းပြင် မြေကွက်လပ်မှ အောက်ဘက်သို့ဆင်းသည့် ကောက်ကွေ့သော ကျောက်လှေကားထစ်များသည် ရှက်လေ့များ ဆိုက်ကပ်ထားသော ဆိပ်ခံအထိ ရောက်သည်။ ရေကူးအဖွဲ့သားများသည် ကျောက်ဥအစွန်းကြီး၏ အရိပ်ကျရာ ဆိပ်ခံဘက်သို့ သွားနေကြ၏။

ထိုစဉ် တောဘွတ်သည် ရှေ့သို့တည့်တည့်မတ်မတ်ကြည့်ပြီး ဆိပ်ခံကိုဖြတ်ကာ ရွာဘက်လျှောက်လာသည်။ ရေစိုနေသော ဘောင်းဘီအောက်ပိုင်းနှင့် စုတ်ပြဲနေသောအင်္ကျီလက်မောင်းများများက ဗိုသီမတ်သီဖြစ်နေ၏။ အောက်နှုတ်ခမ်းနှင့် မေးရိုးပေါ်က ကုတ်ခြစ်ရာ အစင်းကြောင်းတို့က နီရဲပြီး သွေးစို့နေသည်။

'ခင်ဗျား အဲဒီလူကိုသိသလား'

ဒွန်အင်ဂျယ်လိုက တောဘွတ်ကို လှမ်းမျှော်ကြည့်ပြီး ဂျူရယ်အား မေးလိုက်သည်။

'မြင်ဖူးသလိုပဲ'

'ငါးဖမ်းလှေတစ်စင်းကို လာတ်ပေးပြီး အိုင်ဆိုလာဖီလီ ဘာနိုကျွန်းကို သူ လိုက်လာပုံရတယ်၊ ဒီကျွန်းပေါ်မှာ လူစိမ်းတစ်ယောက်အတွက် အိပ်စရာနေရာမရှိဘူး၊ သူ အမေရိကန်လား'

'ဟုတ်တယ်'

ဂျူရယ်က ရပ်လိုက်၏။

'ခွင့်ပြုပါဦး'

ဒွန်အင်ဂျယ်လို၏ဘေးမှ မိန်းကလေးနှစ်ဦးသည် ပြုံးပြီး ဂျူရယ်ကိုကြည့်နေကြသည်။ ဂျူရယ် ထွက်လာခဲ့သည်။ သို့သော် တောဘွတ်နောက်ကို မလိုက်တော့ဘဲ တောဘွတ်လျှောက်လာရာ လမ်းကြောင်းအတိုင်း နောက်ကြောင်းကို ပြန်လျှောက်သွားသည်။ မကြာ။ ဖရန်စစ်စတာကို သူတွေ့သည်။ ဖရန့်သည် ပင်လယ်ကွေ့မှ မှတ်တိုင်-၂ အပေါ်ဘက် ကျောက်တုံးထောင့်တွင် ထိုင်လျက် ရှိသည်။

နေက ဝင်လုဆဲဆဲ။ အရောင်တဖိတ်ဖိတ် တောက်နေသော ပင်လယ်ပြင်အစွန်းထိပ်တွင် မေးတင်လျက် ရှိ သည်။ ဖရန့်၏ ကတုန်ကယင် ညည်းညူသံကို ခပ်လှမ်းလှမ်းကပင် ဂျူရယ်ကြားခဲ့ရ၏။

ဂျူရယ် သူ့အနား ကပ်သွားသောအခါ ဖရန့်က မော့မကြည့်။ သူ့ဝတ်စုံက အပိုင်းပိုင်းအတစ်တစ် စုတ်ပြဲပြတ်တောက်နေသည်။ ခြေထောက်တွင် ဖိနပ်မရှိ။ ဆံပင်များက ဖွာလန်ကျဲပြီး

မျက်နှာပေါ်တွင် ရှုပ်ယှက်ခတ်နေ၏။ ဖရန့်အသက်ရှင်နေသည်ကို တွေ့ရသဖြင့် ဂျူရယ် စိတ်သက်သာရသည်။ ဂျနီဗာတွင်ဖြစ်ပျက်ခဲ့သော အယ်လန်အမ်းဘရစ်၏ အကြောင်းကို ပြန်စဉ်းစားမိ၏။ ဖရန့်ကို ဘာကြောင့် တောဘွတ် မသတ်သွားသနည်း။

'ဖရန်စစ်စတာ....'

ဂျူရယ်က ညင်ညင်သာသာ ခေါ်လိုက်သည်။

ဖရန်စစ်စတာသည် သူ့မျက်နှာကို အုပ်ထားသည့် လက်ဝါးများအား ဖယ်မချဘဲ အုပ်မြဲအုပ်ထားသည်။ ကျောက်တုံးချိုင့်ခွက်တွင် ဒူးတုပ်ကာ မှီ၍ထိုင်နေသော သူ့တစ်ကိုယ်လုံးသည် တဆတ်ဆတ် တုန်နေ၏။

'ကိုယ် ဘယ်လိုကူညီရမလဲ ဖရန့်'

ဖရန့်က မလှုပ်။ ညည်းညူသံတော့ တိတ်သွားသည်။ ဂျူရယ့်ကိုလည်း မကြည့်။

'မင်း သိပ်နာကျင်နေလား'

'နာတယ်၊ ကျွန်မနားမလာနဲ့၊ ထွက်သွားပါ'

'ဂျက်တောဘွတ် ဘာလုပ်သွားလဲ'

ဖရန့်က ဘာမျှပြန်မပြောသဖြင့် ဂျူရယ်သည် ဖရန့်ဘေးနားတွင် ဒူးထောက်ထိုင်လိုက်သည်။ အမှောင်ရိပ်များက သူတို့အပေါ် ကျရောက်လာ၏။ လူသူကင်းဝေးသောကျွန်း၏ ဤနေရာတွင် သူတို့နှစ်ဦးသာရှိသည်။ လှိုင်းပုတ်သံ ဝိုးတိုးဝါးတားကြားနေရ၏။ စင်ရော်ငှက်များက အော်ဟစ်တွန်ကျူးနေသည်။ ဂျူရယ်သည် ဖရန့်၏လက်ဝါးကိုကိုင်ပြီး အသာဆွဲဖယ်လိုက်သည်။ သူ့မျက်နှာပေါ်မှ ဒဏ်ရာများကို မြင်တွေ့ရ၏။

'မင်း....ထရပ်နိုင်လား၊ လမ်းကော လျှောက်နိုင်မလား'

ဂျူရယ်က အားပေးနှစ်သိမ့်သလို အရေးတယူ မေးလိုက်သည်။

'ကျွန်မ ဘယ်ကိုသွားရမှာလဲ'

'မင်းယောကျ်ားဆီ ပြန်ပေါ့'

'ဟင့်အင်း....ကျွန်မ သူ့ဆီပြန်လို့မရတော့ဘူး၊ သူနဲ့ကျွန်မ ဇာတ်လမ်းဆုံးပြီ'

ဖရန့်သည် သူ့အဝတ်အစားများ စုံတ်ပြုပြီး မှလုံမလဲ ဖြစ်နေရသည့်အတွက် နေရထိုင်ရ ခက်ခဲကျဉ်းကျပ်နေဟန်ရှိသည်။

'မင်းကိုင် ကူညီပါ့မယ်'

'ရှင်ဟာ ရဲတစ်ယောက်မဟုတ်ဘူးလား၊ ရဲဆိုကဘယ်တော့မှ အကူအညီရမှာ မဟုတ်ဘူး၊ ကျွန်မနော်က အမြဲတမ်း ခြေရာခံလိုက်နေကြတယ်၊ သူတို့ကိုကျွန်မ သိပ်မုန်းတယ်၊ ကျွန်မအိမ်ပြန်ရင် ဘယ်လိုနေရထိုင်ရမယ်ဆိုတာဘယ်သူမှမသိကြပါဘူး၊ ဘယ်တော့မှလဲ သိမှာ မဟုတ်ဘူး'

ဖရန်စစ်စတာ၏မျက်လုံးများ ပုတ်ခတ်လာသည်။ နောက်မှက်လှ်ာများ တင်းလာ၏။ မျက်နှာပေါ်မှမျက်ရည်စများကိုလက်ဝါးနှင့်ပွတ်၍ သုတ်နေသည်။

'ကျွန်မ ဘာလုပ်ရမလဲ၊ တောဘွတ်က ဆီဇာ့ကို သတ်လိမ့်မယ်၊ ကျွန်မသိတယ်၊ ဆီဇာနဲ့တွေ့တိုင်း ကြောက်လန့်ခဲ့ရတယ်၊ ရှင်သိပါတယ်၊ သူဟာ စိတ်မြန်တဲ့ အီတလီတစ်ယောက်၊ လှုပ်ရှားတတ်တယ်၊ မတည်ငြိမ်ဘူး၊ တောဘွတ်ကိုဆိုးတယ်၊ ရိုင်းစိုင်းတယ်၊ သွေးဆာတယ်၊ ဒီလူနှစ်ယောက်ဟာ တစ်ချိန်တည်းမှာ တစ်နေရာတည်းရှိနေတယ်၊ ကျွန်မ ဘာလုပ်ရမလဲ၊ ဘယ်ကိုသွားရမလဲ၊ ကျွန်မဘဝတစ်ခုလုံး ပျက်စီးဆုံးရှုံးပြီ'

ဖရန့်ဆည် စကားရပ်လိုက်ပြီး ဂျူရယ်ကိုကြည့်လိုက်သည်။

'ရှင် ဆီဇာ့ကို ကူညီမလား၊ ကျွန်မ အလဲထိုးခံလိုက်ရတယ်၊ ကျွန်မဟာ မိုက်မဲတဲ့ မိန်းမတစ်ယောက်ပါ၊ ကျွန်မဆီဇာ့ကိုချစ်နေမိတယ်၊ တောဘွတ်ကတော့ လူရမ်းကား၊ သူ ဆီဇာ့ကိုသတ်တော့မယ်'

ဖရန့်အသားတွေ တဆတ်ဆတ်တုန်လာပြန်သည်။

'တတ်နိုင်သလောက်ကူညီမယ်၊ ဒွန် ပန်းချီကားတွေနဲ့ ပတ်သက်လို့ အမှန်အတိုင်း ပြောပြမလား'

ဖရန့် ခေါင်းညိတ်၏။ ပင်လယ်ရေစိုနေသည့် သူ့ဆံပင်များသည် မျက်နှာပေါ် ပြန့်ကြဲကျသွား၏။

'အဲဒီ ပန်းချီကားတွေကိုရောမမြို့မှာ ခင်းကျင်းပြသတုန်းက ကျွန်မယောကျ်ားအပိုလီယိုနဲ့အတူ ကျွန်မတို့ သွားကြည့်ကြတယ်၊ သုံးပတ်တိတိ ကျင်းပခဲ့တယ်၊ ကျွန်မယောကျ်ားက အရှေ့တိုင်းရှေးဟောင်း ပန်းချီလက်ရာထိန်းသိမ်းစုဆောင်းရေးအတွက် အဲဒီပန်းချီကားတွေကို ရယူပိုင်ဆိုင်ချင်တယ်၊ ဝယ်ချင်တယ်၊ ဒါပေမယ့် မင်းသားကြီး သုဝဏ္ဏဖန်က မရောင်းဘူး၊ ဒီပန်းချီကားတွေရရင် အမေရိကန်ဒေါ်လာဆယ့်ငါးသန်းပေးမယ်လို့ ကျွန်မယောကျ်ားက ပြောတယ်၊ သူ ဒီလောက်တက်တက်ကြွကြွ မက်မက်မောမော ရှိတာကို တစ်ခါမှ မမြင်ခဲ့ဖူးဘူး၊ ကျွန်မ အကြံတစ်ခုရတယ်၊ ဘယ်သူ့ဆီကပဲရရ၊ ဘယ်နည်းနဲ့ပဲရရ အပိုလီယိုက ဝယ်မယ်ပြောတယ်'

'မင်းပြောတာတွေ အမှန်အတိုင်းပဲနော်'

'ကျွန်မလိမ်ညာနေလို့ဘာထူးတော့မှာလဲ၊ ကျွန်မဘဝပျက်တော့မယ်၊ မေမွန်ခိုရှေးဟောင်းပန်းချီ စျေးကွက်ထဲမှာ ဘယ်သူတွေ ဘာလုပ်နေတယ်ဆိုတာ ကျွန်မသိပါတယ်၊ ဒီအကြောင်းဆီဇာ့ကို ပြောပြတယ်၊ ဆီဇာနဲ့ကျွန်မ မကြာခဏ တွေ့ဆုံကြတယ်၊ အပိုလီယို မသိဘူး'

'သူ အစအဆုံးမသိနိုင်ဘူးလို့ မင်းပြောနိုင်သလား'

ဖရန့်က မော့ကြည့်လိုက်၏။

'ဘာဆိုလိုတာလဲ'

'ထားပါတော့၊ အဲဒီပန်းချီကားတွေကိုခိုးယူဖို့မင်းနဲ့ဆီဇာသဘောတူဆုံးဖြတ်ခဲ့တာလား'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ဘယ်လိုခိုးယူရမယ်ဆိုတာ မသိကြသေးပါဘူး'

ဖရန့်က လေသံနှင့်ပြောလိုက်သည်။

'အဲဒီနောက် ကျွန်မ တောဘွတ်နဲ့တွေ့တယ်၊ သူနဲ့ တွေ့ဖို့က လွယ်ကူပါတယ်၊ သူကလဲ ကျွန်မလိုပဲ ငွေကြေးနဲ့ပတ်သက်ရင် မိုက်မဲမဲ လုပ်ရဲတယ်၊ ကျွန်မတို့ဟာ ညစ်ပေယုတ်ညံ့တဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ ကြီးထွားလာခဲ့ရတဲ့သူတွေပါ၊ ပန်းချီကားတွေ

ကို စျေးကောင်းပေးပြီး ဝယ်မယ့်သူရှိတဲ့အကြောင်းသူ့ကို ကျွန်မ ပြောပြတယ်'

'မင်းကိုယ်တိုင်က ကတိပေးလိုက်တာလား'

'သူက ကျွန်မကို တကယ့်ဂုဏ်သရေရှိအမျိုးသမီးကြီးလို့ထင် နေတာ၊ နယ်စားကြီး အပိုလီယိုနဲ့ လက်ထပ်ထားတော့ အခွင့် အရေးပြည့်ဝတဲ့ နယ်စားကတော်အစစ်လို့ သူယူဆတယ်၊ ကျွန်မ ဟာ ပွဲတက်မယား မဟုတ်ဘူး၊ ရှင် သိပါတယ်၊ ဖြစ်ရပ်မှန်ကိုသူသိ သွားတဲ့အခါကျတော့ ကျွန်မနောက်ကို သူ မလိုက်တော့ဘူး၊ ဒါ ကြောင့် ကျွန်မ အသက်မသေတာ၊ ကျွန်မဟာ ဘာလဲဆိုတာ ကျွန်မကိုယ်ကျွန်မ သိပါတယ်၊ ဘာတွေ ဆက်ဖြစ်ဦးမယ်ဆိုတာလဲ သိတယ်'

'ဒီလိုဆို ဂျနီဗာမှာ တောဘွတ်က ပန်းချီကားတွေမှာလက် ထဲ အပ်တယ်ပေါ့၊ မင်းနဲ့ဆီဇာက သူ့ကို ခေါင်းတုံးပေါ်ထိပ်ကွတ် တယ်၊ မင်းက ဘဂျနိုးကို ခေါ်လာပြီး စာတိုက်ကနေ ပါဆယ်လှုပ် အပ်ခိုင်းတယ်၊ စင်တစ်စီဟိုတယ်က စောင့်ပြီး ပန်းချီကားတွေ ယူ လာတယ်၊ နောက်ပြီး ဆီဇာ့လက်ထဲအပ်လိုက်တယ်၊သူက ဘုရား ကျောင်းပျက်ကြီးထဲ ယူသွားပြီး ဝှက်ထားဖို့စီစဉ်တယ်၊ဒါပေမယ့် သူ စိတ်ပြောင်းသွားပြီး ဒီကိုယူခဲ့တယ်'

ဖရန့်စစ်စတာက ဖြည်းဖြည်းလေးလေး ခေါင်းညိတ်လိုက် သည်။

'ဒီရွေးဟောင်းဇွန်ပန်းချီကားတွေကို နယ်စားကြီးဘာနဲ့ အပိုလီယိုက ဝယ်မယ်လို့ မင်း ယုံကြည်သလား'

'သေချာတယ်၊ ယုံကြည်တယ်၊ ရှင် ငြင်းချင်လို့လား'

'သူ အခွံမုန်းဆုံးရန်သူဖြစ်တဲ့ ဆီဇာ ဘယ်လာရိုးယားဆီက ဒီပန်းချီကားတွေကို သူ ဝယ်ပါ့မလား၊ ဆီဇာနဲ့မင်းအကြောင်းကို သူသိထားတယ်ဆိုရင် မင်း ခေါင်းခါမှလား'

ဖရန့် နှုတ်ခမ်းဖြူသွားသည်။

'ရှင် ဘာတွေကြောင်သိတွေမြင်ထားလို့လဲ'

'ဆီဇာ့အနေနဲ့ကော မင်းယုံကြည်သလို လုပ်မှုတဲ့လား၊ အမုန်းတထားကြီးမားတဲ့ မျိုးဆက်ရန်သူကြီး အပိုလီယိုနဲ့အဆွေခင်း အဝယ်လုပ်မတဲ့လား၊ သူ့ဆီကငွေကို လက်ခံမယ်လို့ မင်း တကယ် ယုံထင်နေသလား ဖရန့်၊ မင်းအတွက် ရင်နာစရာပါပဲ'

'ရင်နာစရာ ဟုတ်လား'

ဂျူရယ်သည် ဖရန့်စစ်စတာကိုငုံ့ကြည့်ပြီး စိတ်မကောင်း ခွင့်အောင်ဖြစ်ရ၏။ မကြာသေးမီက ခံ့ညားထည်ဝါစွာလှုပ်နေ ခဲ့သော နယ်စားကတော်ကြီးသည် ခုတော့ စုတ်ပြတ်နေပြီ။ ခိုကိုး ရာမဲ့ဘဝသို့ ရောက်နေပြီ။ သူ့ဘဝသည် မျက်စိဘစ်မှိတ် လျှပ် ဘစ်ပြက်အတွင်း ပြောင်းလဲခဲ့ပြီ။

ဖရန့်က ဒယီးဒယိုင်ဖြင့် ထရပ်လိုက်သည်။ သူ့မျက်နှာတွင် အသွေးမရှိတော့ဘဲ ဖြူဖပ်ဖြူရော် ဖြစ်နေ၏။ သူ့နှုတ်ခမ်းများ တဆတ်ဆတ်တုန်ယင်နေ၏။ တစ်ခဏတာ ငြိမ်သက်နေသည်။

'ငါ အတတ်နိုင်ဆုံးကူညီမယ်'

ဂျူရယ်က ထိုစကားကိုထပ်ပြောသည်။

'အခြေအနေပေးမပေးကတော့ မင်းဆိုက်နဲ့မင်းကံပဲ'

ဖရန့် တြောက်ရှဲ့နေသည်။

'ကျွန်မဘာပြောရမလဲ၊ ကျွန်မကိုယ်ကျွန်မ ယောကျ်ား တွေအကြောင်း ကျမ်းကျေတယ်ထင်ခဲ့တယ်၊ ဒါပေမယ့် ခုတော့ ဘာမှနားမလည်နိုင်တော့ဘူး'

'ဒီလူတွေက သာမန်လူတွေမဟုတ်ဘူးလေ၊ ဆီဇာ၊ တော တ်နဲ့ အပိုလီယိုဆိုတဲ့ လူဆိုးတွေ'

'ရှင် ကျွန်မကို အထင်အမြင်လွဲအောင် ဘီးတပ်ပေးနေ တာလားဟင်၊ ဒါမှမဟုတ် ကူညီမလိုလိုနဲ့ အစ်အောက်ပြီး ချောက် တွန်းနေတာလား'

'လမ်းမဆုံးသေးဘူးလေ၊ အခု ဆီဇာဘယ်မှာလဲ'

'သူ အပိုလိုပို့ဆီသွားမှာပေါ့၊ သူတို့ အရောင်းအဝယ် လုပ်နေတုန်း ကျွန်မရှိမနေချင်ဘူး၊ ရှင်ပြောသလို အမှားအယွင်း မရှိဘူးဆိုရင် မမျှောင်ခင် အပြီးအပြတ်လုပ်ကြလိမ့်မယ်'

'ပန်းချီကားတွေ ရောင်းကြဝယ်ကြမှာလား'

'ဟုတ်တယ်၊ ဆီဇာက သူ့သဘောနဲ့ ဒီကိုယူလာခဲ့တယ်၊ ပြည်ပမှာ ဒီပစ္စည်းတွေထားခဲ့ရမှာ သူစိုးရိမ်တယ်'

'မေးစရာတစ်ခုရှိသေးတယ် ဖရန့်၊ စိုင်းဟင်ဆန်ကို ဘယ် သူ့ဝေးနဲ့ထိုးတာလဲ'

ဖရန့်သည် ငေးကြောင်ကြောင်ဖြစ်နေသည်။

'မနေ့ညက ဘုရားကျောင်းပျက်ကြီးထဲမှာ ငါနဲ့အတူရှိနေ တဲ့လူလေ၊ သူခိုလိုက်ရတယ်'

'အို....ဆီဇာထိုးတာ၊ အဖြစ်အပျက်တွေက လျှပ်ပြက်သင့် ဆိုတော့ ချက်ချင်းမသိလိုက်ဘူး'

'မနေ့ညက ပက်(ခ)ကိုကော တွေ့လိုက်သေးသလား'

ဖရန့် တွေတွေဝေဝေ ဖြစ်သွားပြန်သည်။

'သူ ဘယ်သူလဲ'

'အင်တွန်ပက်(ခ)'

'ကျွန်မမသိဘူး'

ကျူရယ်အတွက် ဖရန့်နှင့် စကားပြောစရာမရှိတော့။

'တော်ပြီ ဖရန်၊ မင်းကိုယ်မင်း ကျန်းမာအောင်ကြိုးစား ပါ၊ နောက်ပြီး မင့်ယောကျ်ားဆီပြန်သွားပါ'

'ဒီပုံစံမျိုးနဲ့တော့ ကျွန်မ ပြန်လို့မဖြစ်ဘူး'

'ပူမနေပါနဲ့၊ မင်းက အမှန်အတိုင်းဖွင့်ပြောရင်ပေါ့'

'အမှန်အတိုင်းဟုတ်ဘား၊ ကျွန်မပါးစပ်က ထွက်နိုင်လို့ မယ်မထင်ဘူး'

'သူ နားလည်နိုင်မှာပါ'

ကျူရယ်က အားပေးနှစ်သိမ့်သည်။ တစ်ဆက်တည်းတွင် သွက်ခွာရန်ဟန်ပြင်၏။

'ရှင် ဘယ်သွားမှာလဲ၊ ကျွန်မကို ဒီအတိုင်းပစ်ထားခဲ့မှာ သား'

'အချိန်မရှိဘူး၊ ငါဝမ်းနည်းပါတယ် ဖရန့်စစ်စတာ'

ကျူရယ်သည် ခြေလှမ်းတိုင်းကို မြန်နိုင်သမျှမြန်စွာလှမ်းပြီး သွက်သွား၏။

☆

အခန်း (၁၈)

ပင်လယ်ထက်မှ လထွက်မလာသေး။ ဂျူရယ်သည် တံငါ
ရွာ ပန်းခြံကိုဖြတ်ပြီး ဘယ်လာရီးယားရက်ဖီးအိမ်ကြီးဘက်သို့
သွားသောလမ်းသို့ ချိုးကွေ့လိုက်သည်။ တံငါရွာအရက်ဆိုင်
သည် မီးလင်းလျက်ရှိနေ၏။ အရက်ဆိုင်အတွင်းမှ စကားပြော
သံများကို ဗလုံးဗထွေးကြားရသည်။ ဘုရားရှိခိုးကျောင်းမျှော်စင်
ပေါ်မှ ခေါင်းလောင်းသံထွက်လာ၏။

လူတစ်ယောက်က ဦးထုပ်ကိုမြောက်ပြပြီး အီတလီဘာသာ
စကားဖြင့် သူ့အား နှုတ်ဆက်ဆွားသည်။ အမျိုးသမီးကြီးတစ်
ဦးသည် မိန်းကလေးနှစ်ဦးအားရှေ့ဆောင်ပြီး သူ့ဘေးမှ ဖြတ်
သွား၏။ သူတို့၏မျက်လုံးများသည် သူ့ဘက်သို့စောင်းငဲ့ပြီးအ
ခတ်သွားကြသည်။ လမ်းအဆုံးသို့ရောက်သောအခါ တံငါ
များဆိုက်ကပ်ထားသည့် ကမ်းခြေဘက်သို့ ဂျူရယ်ဆင်းလာသည်
ထိုမှတစ်ဖန် ဘယ်လာရီးယားအိမ်ကြီးဆီ တက်လာခဲ့သည်။

သူသည် စိုင်းလပ်အား တမ်းတမိသည်။ နှစ်နေရာကို
တစ်ယောက်တည်း တပြိုင်တည်း မသွားနိုင်။ နယ်စားကြီး
လီယိုအိမ်တွင် ဘာတွေဖြစ်နေပြီနည်း။ သူမသိ။ ထိုအိမ်သို့
ပထမ သွားသင့်သည်။ သို့သော် တောဘွတ်သည် လမ်းဟောင်
အတိုင်း တစ်ခေါက်ပြန်သွားသည်ကို ဂျူရယ် တွေ့မြင်ထားသည်
ဒိုင်ယာဒါအတွက် စိုးရိမ်ရ၏။ ဒိုင်ယာဒါသည် စည်းအပြင်ဘ
တွင် ရှိနေသည်။ အန္တရာယ်ကင်းစေသည်ဟု သူ အသေအ
မပြောနိုင်။

အလွန်ကြီးမားသော အိမ်ကြီးသည် မျှောင်ထဲ၌ ကျောက်
တောင်ကြီးပမာ ရပ်တည်နေသည်။ ဂျူရယ်သည် မြေကွက်လပ်ကို
ဖြတ်ပြေးပြီး အဆောက်အအုံကိုပတ်ကာ နောက်ဘက်သို့ ရောက်
လာ၏။ ပြတင်းပေါက်များတွင် မီးရောင်မတွေ့ရ။ ဒိုင်ယာဒါကို
အော်ခေါ်လိုက်ချင်သည်။ တိတ်ဆိတ်လွန်းနေသဖြင့် မအော်ဘဲ
လည်ချောင်းထဲ၌ မျိုချလိုက်ရသည်။ သူသည် အိမ်ကြီးဘက်သို့
ဆက်လျှောက်လာပြီး မှောင်ရိပ်တွင် ရပ်လိုက်၏။ ပြတင်းပေါက်
များဆီ ကြည့်လိုက်သည်။

ဘာမျှ လှုပ်လှုပ်ရှာ ရှား မတွေ့ရ။ ရက်ဖီးလ်နေထိုင်သော
အခန်းတံခါးပွင့်နေသည်။ ဂျူရယ်သည် မီးဖိုချောင်ကို ဖြတ်ပြီး
အိမ်အတွင်းဘက်သို့ ဝင်ခဲ့၏။ မီးဖိုဆောင်ထဲမှ ရေနံဆီမီးဖိုသည်
မီးတောက်ဆဲ။ ရက်ဖီးလ် ညစာချက်ပြုတ်နေဆဲ ဖြစ်မည်။ အညိုရောင်
ကြွေရည်သုတ် ရေနွေးကရားသည် မီးဖိုပေါ်၌ အငွေ့
တထောင်းထောင်း ဆူပွက်နေသည်။ ဂျူရယ်သည် အိမ်အိုကြီး
အတွင်း ဖုန်အလိမ်းလိမ်းရှိနေသည့် အပျက်အစီးအကျိုးအပဲ့များ
ကြားတွင် သတိကြီးစွာနှင့် လျှောက်နေရသည်။

အချိန်ကာလ ကြာမြင့်လှပြီဖြစ်သောကြောင့် သူတို့ တည်
ဆောက်ခဲ့သော အဆောက်အအုံတို့ ယိုယွင်းပြိုပျက်ခဲ့ရပြီ။ ခိုင်ခံ့
ခြင်း၊ လှပခြင်း ဟူသည်တို့လည်း ပျောက်ကွယ်ခဲ့လေပြီ။ တစ်ချိန်
က ဘယ်လာရီးယားနှင့် အပိုလီယို မိသားစုများသည် တန်းတူ
ရည်တူ ရှိခဲ့ကြသည်။ ယခုမူ ဘယ်လာရီးယားမျိုးဆက်တို့အတွက်
ကြီးကျယ်ခမ်းနားခြင်းဟူသည် ပျက်စီးယိုယွင်းခြင်းနှင့်သာ နိဂုံး
ချုပ်ရချေ၏။

ဂျူရယ်သည် ပေါင်းကူးမုခ်ကြီးပမာ မြင့်မားသောတံခါး
ပေါက်ကြီးမှ ဧည့်ခန်းမကြီးထဲသို့ ဝင်ခဲ့သည်။ ဧည့်ခန်းကြီးထဲမှ
မီးလင်းဖိုကြီးသည် နွားကြီးတစ်ကောင် ကင်လို့ရလောက်အောင်
ပင် ကြီးမားလှသည်။

'ရက်ဖီးလ်....'

ဂျူရယ်သည် အသံကိုနှိမ့်ပြီး ခေါ်ကြည့်သည်။ ဘာသံမျှ တုန့်ပြန်ထွက်မလာ။ ဒိုင်ယာဒါအတွက် ဘေးဥပါဒိဘစ်ခုခုတော့ ကျရောက်နေပြီ။ ခန်းမကြီးနှင့် တစ်ဆက်တည်းတွင် အိပ်ခန်း တစ်ခန်းတွေ့၏။ အခန်းတွင်းသို့ လရောင်ကျနေသည်။ သံခေါင်း လောင်း သေးသေးတစ်လုံးနှင့် အဝတ်အစားဘီရိုကြီးတစ်လုံးကို တွေ့ရသည်။

ရက်ဖီးလ်ဘယ်လာရီးယားသည် ခုတင်ဘေးကြမ်းပြင်ပေါ် ၌ မှောက်လျက်လဲနေသည်။ အဘိုးအို၏မုတ်ဆိတ်တွင် သွေးများ လိမ်းကျံနေသည်။ ရေနံဆီမီးခွက်က ကျိုးပဲ့ပျက်စီးနေ၏။ ကြမ်း ပေါ်၌ ပြန့်ကျဲနေသော ရေနံဆီများကြောင့် တခန်းလုံး နံစော် နေသည်။ ဂျူရယ်သည် အခန်းတွင်းသို့ဝင်လာပြီး ရက်ဖီးလ် ဘေးတွင် ဒူးထောက် ထိုင်လိုက်၏။ လက်ကိုကိုင်ပြီး သွေးစမ်း ကြည့်သည်။ ရက်ဖီးလ် မျက်လုံးဖွင့်လာ၏။

'ဘယ်လိုဖြစ်တာထဲ ရက်ဖီးလ်'

'ဟိုလူပြန်လာတယ်၊ မင့်အမျိုးသမီးကို ခေါ်သွားတယ်'

'ဗျာ....ဘယ်လောက်ကြာပြီလဲ'

'မသိဘူး၊ ငါသတိမေ့သွားတယ်၊ ငါ့ခေါင်းကို....၊ အို.... ငါ....ဘာမှ မမှတ်မိတော့ဘူး၊ မင့်အမျိုးသမီးနဲ့ အမေရိကန် အကြောင်း ပြောနေကြတုန်း သူ ရုတ်တရက် ဝင်လာတယ်၊ မိန်းကလေးက အလွန်ချစ်စရာကောင်းတယ်လေ'

ရက်ဖီးလ်သည် ချည့်နဲ့သောအသံနှင့် ပြောနေသည်။

'အကြမ်း ဖက်တယ်၊ ငါ့ခေါင်းကို တအားရိုက်တယ်၊ ငါ့ကို နည်းနည်းထူပေး၊ စိုင် နည်းနည်းတိုက်ပါ'

'တခြား ဘယ်နေရာတွေ ဒဏ်ရာရလဲ'

'အရင်တုန်းကဆို ငါ့ခေါင်းကို တုတ်နဲ့ရိုက်ရင် တုတ်သာ ကျိုးသွားမယ်၊ ငါ့ခေါင်း မကွဲဘူး၊အခုတော့ မခံနိုင်တော့ဘူး'

အဘိုးအို၏ အခြေအနေ ကောင်းလာသဖြင့် ဂျူရယ့်အဖို့ တစ်နည်း စိတ်သက်သာလာရသည်။ သို့သော် ဒိုင်ယာဒါအတွက် ခေါင်းမီးလောင်၏။ သူ့ရင်ထဲ၌ဒေါသမီး တောက်လောင်သည်။

'အဲဒီလူကို မှတ်မိလား'

'ဘယ်သူ့ကိုပြောတာလဲ'

ရက်ဖီးလ် သက်ပြင်းချသည်။

'တစ်ယောက်တည်းလား၊ ဒါမှမဟုတ် နှစ်ယောက်လားလို့ မေးတာ'

'ဟုတ်တယ်၊ နှစ်ယောက်၊ နောက်ထပ်တစ်ယောက်ပါလာ တယ်၊ ပထမလူက ငါ့ကိုရိုက်ပြီး ငါ့ညီလူမိုက် ဆိတာကိုမေးတယ်၊ မင့်အမျိုးသမီးကို မြင်တော့ သူ့ကိုခေါ်သွားတယ်၊ရှန်းကန်ငြင်း ဆန်တယ်၊ ဒါပေမယ့် သူတို့က အပြောအဆို ပျော့ပျောင်း သလောက် အတော်မိုက်ရိုင်းတယ်၊ အော်ဟစ်ဆဲဆိုတဲ့လူထက် ဆိတ် ဆိတ်နေတဲ့လူက ပိုကြောက်စရာကောင်းတယ်'

'ဒုတိယလူကကော'

ဂျူရယ်ကခပ်လောလောမေးလိုက်သည်။

'ငါ သတိရနေသေးတယ်၊ မိန်းကလေးကို ပါးရိုက်ပြီး ဆွဲ ခေါ်သွားတယ်၊ မိနစ်ပိုင်းအတွင်း ရှံစရာကောင်းတဲ့ စည်ပိုင်းကြီး လို လူတစ်ယောက်ရောက်လာတယ်၊ သူက ရှရှားလူမျိုးနဲ့ တူတယ်'

'မဟုတ်ဘူး၊ ချက်သူမျိုး၊ သူ့နာမည်က အင်တွန်ပက်(ခ) တဲ့'

'ဟုတ်တယ်၊ အခုမှ သတိရတယ်၊ မင်းကိုမေးတယ်၊ ချက် စကားပြောတယ်၊ နည်းနည်းမှ ကြည့်မရဘူး၊ပထမ မကောင်းဆိုး ဝါးထက် မိုဆိုးတယ်'

'ဒီဒုက္ခတွေကို သယ်ဆောင်လာမိတဲ့အတွက်ကျွန်တော်စိတ် မကောင်းပါဘူး ရက်ဖီးလ်'

'မင်းသယ်ဆောင်လာတာမဟုတ်ပါဘူး၊လက်စားချေခြင်း ရဲ့သားကောင် ငါ့ညီတွေက ဒီဒုက္ခတွေကို ဒီအိမ်ကြီးပေါ် ခေါ် လာတာပါ၊ တိရစ္ဆာန်ချင်းကိုက်ကြတဲ့ အလုပ်မျိုးပါကွာ၊ဒီအမုန်း တရားကို ဘာကြောင့် စတင်မျိုးစေ့ချခဲ့ကြတာလဲ၊ ဘာကြောင့် လက်ဆင့်ကမ်းခဲ့ကြတာလဲဆိုတာ မမှတ်မိနိုင်လောက်အောင်ကြာခဲ့ ပြီ'

'ဆံပင်နှိဝါဝါနဲ့လူက ဘာတောင်းဆိုလဲ'

'ဆီဇာ့အသက်ကို လိုချင်တယ်တဲ့၊ ဘာသတောလဲ'

ရက်ဖီးလ် သက်ပြင်းချလိုက်သည်။

'ဆီဇာ ဒီမှာမရှိတော့ မင့်အမျိုးသမီးကိုခေါ်ပြီးအဝိုလီယိုအိမ် သွားကြတယ်'

'ခေးစာခံပေါ့'

ဂျူရယ်က မဲ့ရွဲ့ပြီး ပြောလိုက်သည်။

'ကျွန်တော် ခင်ဗျားကို ထားပြီး သွားရတော့မယ်၊ သက်သာရွှဲလား'

'ငါမသေနိုင်ပါဘူး'

ရက်ဖီးလ်က ပြန်ပြောလိုက်ပြီး သွေးစွန်းနေသောမုတ်ဆိတ်မျှားအကြားမှ အားတင်းပြုံးပြသည်။

☆

အခန်း (၁၉)

နယ်စားကြီး ဘာနာဒို အပိုလီယိုသည် စိတ်လက် မကြည်မသာနှင့် ညီးငယ်နေသော လူယုံတော်ကြီး လွန်ဘာဝိုဒ်၏မျက်နှာကို အကဲခတ် ကြည့်သည်။ လွန်ဘာဝိုသည် သူ့အဖေ၏ လူယုံတော် ကိုယ်ရံတော်ကြီးလည်း ဖြစ်ခဲ့၏။အဘိုး၏ မြင်းထိန်းလည်း ဖြစ်ခဲ့သည်။

သူသည် အပိုလီယို၏စာကြည့်ခန်း တံခါးဝတွင် ရပ်နေ၏။ သူ့လက်မျှားက တုန်ယင်နေသည်။ အပိုလီယိုသည်ဆေးပြင်းလိပ်သေးသေးလေးကို မီးညှိ၏။ စာကြည့်ခန်းသည် ဖီလီဘာနိုတောင်ထိပ်ပေါ်တွင်ရှိသော အိမ်တော်ကြီးတွင် အပိုလီယို အနှစ်သက်ဆုံးအခန်းဖြစ်သည်။ အပေါ်ပိုင်းတွင် ပေါက်တူး ပုံသဏ္ဌာန် တည်ဆောက်ထားသော ပြတင်းပေါက်ကြီးများမှ တံငါရွာကိုလဆောင်အောက်၌ တွေ့မြင်ရသည်။

ကျွန်း၏တောင်ဘက်ကမ်းခြေ တစ်ခုလုံးကို လှမ်းမြင်နေရ၏။ အပိုလီယိုက နောက်ထပ်ဆောက်လုပ်ကြသော တိုက်အိမ်များနှင့် သီးခြားဖြစ်စေရန်အတွက် မိမိခြံမြေ၏ နယ်နိမိတ် အဆုံးတွင် သစ်ပင်များ စိုက်ထားသည်။ ကျောက်တံတိုင်းရှည်ကြီးများကို ခြံစည်ရိုးတစ်လျှောက်တွင် ကာရံထား၏။ အပေါ်ဘက်မှ သွပ်ဆူးကြိုးများ ဆင့်ကာထား သည်။ ခွေးကြီးများ လွှတ်ထား၏။ရှပ်ရှင်းသမားများ တစ်လက်မမှ ကျူးကျော်ဝင်ရောက်မလာနိုင်ရန် ပိတ်ဆို့ထားသည်။

ဤစာကြည့်ခန်းသည် သူ့ဘဝကိုရှောင်ပြန်ဟပ်သည်ဟု ယုံကြည်ကာ ဆူကြည်နူးနေတတ်သည်။ ရောမနှင့်ဂရိခေတ်က ရွှပ်တုမျှားရှိ၏။ တရုတ်ကျောက်ဆစ်ရုပ်များ၊ ပန်းချီကားများ၊ အပိုးမဖြတ်နိုင်သည့် ရှေးဟောင်းပစ္စည်းများနှင့် ပြည့်နှက်နေသည်။

သူသည် တံခါးဝတွင် ချည့်ချည့်နဲ့နဲ့နှင့်ရပ်နေသော အသက်အရွယ်ကြီးသူ လူယုံတော်ကြီးအား ကြင်ကြင်နာနာ ကြည့်နေ၏။ လွန်ဘာဒိုသည် စိုးရိမ်ပူပန်စိတ်ဖြင့် တုန်တုန့်ယင်ယင်ဖြစ်နေသည်။ အပိုလီယိုက ပြုံးလိုက်၏။

'နယ်စားကတော် ပြန်ရောက်ပြီလား'

'မရောက်သေးဘူး သခင်'

လွန်ဘာဒိုက ချက်ချင်းပြန်ဖြေသည်။ သူ့အသံသည် တုန်နေသည်။

'ဆီဇာဘယ်လာရီးယားကို ဘာပြန်ပြောလိုက်ရမလဲသခင်'

'သူ့ကိုအထဲခေါ်ခဲ့ပါ'

'သခင်မအပိုလီယို၊ ဒီကိစ္စမဖြစ်နိုင်ပါဘူး'

အဘိုးအိုသည် များပြားရှုပ်ထွေးလှသည့် သူ့အတွေ့အကြုံ များကြောင့် အပိုလီယို၏ဆန္ဒကို တားမြစ်လိုက်၏။ သူသည် နယ်စားကြီးနှင့် စကားပြောသည့်အခါတိုင်း ယခုတိုင် ကလေးငယ်ပမာ သဘောထားပြီး ပြောတတ်သည်။

'အလွန်အန္တရာယ်ကြီးလှပါတယ်၊ သူတို့နဲ့ မပတ်သက်ပါနဲ့သခင်'

'ကိစ္စမရှိပါဘူး၊ မစိုးရိမ်ပါနဲ့၊ သူ့လက်ထဲမှာ အထုပ်တစ်ထုပ်ပါလာသလား၊ ပါလာရင် ဝင်ခွင့်ပြုလိုက်ပါ'

'နယ်စားကတော်နဲ့ပတ်သက်လို့ကော သခင်'

'နောက်မှလိုက်ရှာမယ်၊ သွားနိုင်ပြီဘာဒို'

ပြန်လှည့်ထွက်သွားသော အဘိုးအို၏ခေါင်းသည် တုန်တုန်ယင်ယင်နှင့် ခေါင်းတခါခါလုပ်သွား၏။ အပိုလီယိုသည် သူ့စားပွဲခုံကြီးမှထကာ စာကြည့်ခန်းပြတင်းပေါက်မှ ခြံဝင်းဆီသို့ငုံကြည့်လိုက်သည်။

ငွေလက ကြည်ကြည်လင်လင်သာနေ၏။ တံတိုင်းနှင့် ရေးဟောင်းဂိတ်တံခါးကြီးတို့မှာ သုတ်ထားသည့် ဘော်ငွေရောင်သည် လရောင်တွင် ရှန်းလက်နေသည်။ သူစိမ်းဧည့်သည် ဆီဇာ ပုံသဏ္ဌာန်ကို ကောင်းစွာမြင်နေရ၏။ ဆီဇာဘယ်လာရီးယားသည်

ဤဒြံမြေပေါ်သို့ ယခင် တစ်ခါဖူးမျှ ခြေချဖူးသူမဟုတ်ချေ။ သူသည် လူးဝစ်နှင့် ဂါမာနိုတို့ကြားမှ သံကြိုးနှင့်ချည်ထားသော ခွေးကြီးတစ်ကောင်ခြံရံလျက် လျှောက်လာ၏။

အပိုလီယိုကြည့်နေစဉ် လွန်ဘာဒိုနှင့် ရင်ဆိုင်တွေ့ကြပြီး ခြံရံလာသော လူနှစ်ယောက်နှင့် စကားပြောနေကြသည်။ လူးဝစ်၊ ဂါမာနိုနှင့် ခွေးကြီးတို့ နောက်သို့ပြန်လှည့်သွား၏။

အပိုလီယိုသည် ဆီဇာ့မျက်နှာကို သဲသဲကွဲကွဲ မမြင်ချေ။ သူ့လက်ထဲမှ ပန်းချီကားလိပ်ကြီးကိုကား တွေ့မြင်နေရသည်။

အပိုလီယို၏ရင်ထဲတွင် ထောင်းခနဲဖြစ်သွား၏။ နင့်ခနဲခံစားလိုက်ရသည်။ မုန်းတီးခြင်းအငြိုက ချက်ချင်းနိုးထလာ၏။ ပေါက်ကွဲခြင်းမရှိစေရန် ထိန်းချုပ်ကာ အခန်းတွင်းသို့ပြန်လှည့်လာပြီး စားပွဲခုံကြီး၌ထိုင်နေသည်။

မကြာ။ လွန်ဘာဒိုနှင့်ဆီဇာ အခန်းဝရောက်လာသည်။ အဘိုးအိုသည် ဘာမှမပြောဘဲရပ်နေ၏။ အပိုလီယိုက လက်တစ်ဖက်ကို လှုပ်ယမ်းလိုက်သည်။

'သွားနိုင်ပြီ လွန်ဘာဒို'

'မလိုအပ်ဘူးလားသခင်'

'မလိုဘူး၊ သက်တောင့်သက်သာသွားနေပါ'

'ရင်လေ့းနေပါတယ်သခင်'

'မပူပန် မစိုးရိမ်ပါနဲ့'

အပိုလီယိုက ဆီဇာ့ဘက်လှည့်လိုက်၏။

'ထိုင်ပါဆီဇာ'

ဆီဇာကမထိုင်သေး။ အခန်းဝတွင်ရပ်နေသည်။ အရပ်ရှည်ရှည်၊ ကိုယ်လုံးတောင့်တောင့်ပေါ်တွင် အရောင်မှိုင်းမှိုင်းဘောင်းဘီပွပွနှင့် အနက်ရောင်ဆွယ်တာကို ဝတ်ထားသည်။ မျက်နှာလေးထောင့်နှင့် ဦးခေါင်းကို ရှေ့သို့အနည်းငယ်ငိုက်ထား၏။ သူ၏နှာတံရှည်ရှည်မှာ ဖြူဖပ်ဖြူရော်ရှိနေသည်။ သူ အသက်ရှူမြန်နေ၏။ အပိုလီယိုသည် ဆီဇာ့ကို ဂရုတစိုက် လေ့လာအကဲခတ်သည်။

ဆီဇာသည် အသက်လေးဆယ်ခန့်ရှိ၏။ သူ့ရန်သူ အဘိုးကြီးရှေ့တွင် ယုံကြည်စိတ်အပြည့်နှင့် ရပ်နေသည်။ အပိုလီယိုသည် ဆီဇာ၏မျက်နှာကို မှတ်မိနေသော်လည်း ယခုလို နီးနီးကပ်ကပ် မမြင်ဖူး၊ မတွေ့ဆုံဖူးချေ။

သူတို့မိသားစုနှစ်ခုကြား၌ ဆွေစဉ်မျိုးဆက်အငြိုးထားပြီး ခိုက်ရန်ဖြစ်ပွား သတ်ဖြတ်ခဲ့ကြသည်မှာ ယနေ့ထိပင်။

'ထိုင်ပါ'

အပိုလီယိုက ထပ်ပြောသည်။

'မင်း ပန်းချီကားတွေယူလာတာ ငါတွေ့ပါတယ်'

'ဟုတ်တယ်၊ ကျွန်တော်ယူလာခဲ့တယ်၊ ခင်ဗျား ငွေအသင့်ပဲလား'

ဆီဇာ့အသံက ကျယ်ကျယ်လောင်လောင်ဖြစ်၏။

'ရှိပါတယ်၊ ငွေသားချည်းပဲ အမေရိကန်ဒေါ်လာ ဆယ့်ငါးသန်း၊ အားလုံးအသင့်ရှိတယ်'

'ငွေချေပါ'

'ပန်းချီကားတွေကို ကြည့်ပါရစေဦး'

'လှည့်စားတဲ့အစီအစဉ်မျိုးမပါဖို့ ကျွန်တော် သတိပေးပါတယ်'

ဆီဇာ့အသံက တစ်းမာလှသည်။

သူသည် အထုပ်ကြီးကို စားပွဲပေါ်ချလိုက်၏။ သူ့မျက်နှာက ထီမထင်ဟန်ရှိသည်။

'ဒီမှာပန်းချီကားတွေ၊ အားလုံးလေးပုံ၊ လေးကား'

'ကျေးဇူးပြုပြီး အထုပ်ကိုဖြည်လိုက်ပါ'

အပိုလီယိုကပြောလိုက်သည်။

'ကျွန်တော့်ကိုမယုံဘူးလား၊ ဒါ ဒွန်ပန်းချီကားအစစ်တွေချည်းပါ'

'ဟုတ်တယ်၊ မင်းကို ငါမယုံဘူးဆီဇာ၊ မင်းကလူငယ်၊ တဇောက်ကန်းလုပ်တတ်တယ်၊ မင်း ငါ့အိမ်ထဲ မလိုတမာစိတ်နဲ့ ဝင်လာတယ်၊ အခု မင်းလုပ်တာစီးပွားရေးပါ'

'ခွင့်လွှတ်ဖို့ ကျွန်တော် တောင်းပန်ရဦးမှာလား'

ဆီဇာက အသံနှိမ့်၍ပြောလိုက်သည်။

'ကျွန်တော်တို့ မြန်မြန်အလုပ်လုပ်ကြရအောင်၊ ကျွန်တော် အလွန်သည်းခံစောင့်ဆိုင်းနေရတယ်'

'ငါ လွယ်လွယ်နဲ့ အလုပ်မလုပ်တတ်ဘူး'

အပိုလီယို စဉ်းစားချင့်ချိန်နေသည်။ သူ မစောင့်စည်းနိုင်လျှင် လူသတ်ပွဲဖြစ်သွားနိုင်သည်။ ဒေါသကို ထိန်းလိုက်ရသည်။ အောင့်အည်းထားရ၏။ လူငယ်တွေက သူတို့တတ်သိနားလည်သည်ဟု ထင်ကြသည်။ ဘယ်လိုပုံစံနဲ့ အလုပ်လုပ်ရမည်ဆိုတာ သူတို့မသိ။

အပိုလီယိုက ထပ်ပြော၏။

'ကျေးဇူးပြုပြီး အထုပ်ကိုဖွင့်ပါ၊ ဒါနဲ့ စကားမစပ်၊ ဘရှနိုးတစ်ယောက် ဂျနီဗာမှာသေသွားတာကို မင်းသိပြီလား'

ဆီဇာသည် ချက်ချင်းတောင့်တင်းသွား၏။

'ဖြစ်နိုင်ပါတယ်'

'ဘရှနိုးကို တစ်ယောက်ယောက်ကသတ်ပြီး ရေကန်ကြီးထဲ ပစ်ချထားတယ်'

ဆီဇာအသက်ရှူကျပ်လာသည်။ သူသည် အထုပ်ကိုတစ်ဝက်တစ်ပြက်ပဲ ဖြည့်ရှသေး၏။ သူထိတ်လန့်သွားသည်။

'ထားပါ၊ ဒါ ပြဿနာမဟုတ်ပါဘူး၊ ခင်ဗျားစကားကို ကျွန်တော်ယုံမယ်ထင်သလား၊ ဘရှနိုးက ခင်ဗျားအကြောင်းတွေ ပြောပြီးပြီ၊ ခင်ဗျားဟာ ဖက်ဆစ်တွေနဲ့ အလုပ်လုပ်ခဲ့တယ်၊ မဆိုလိုနီရဲ့မိတ်ဆွေ ဖြစ်ခဲ့ဖူးတယ်၊ ကျောမွဲတွေအပေါ် သွေးစုပ်နှိပ်စက်တယ်၊ အမေရိကန်တွေ ရောမမြို့ကိုသိမ်းပြီးတဲ့နောက် ဖြစ်ပေါ်လာတဲ့ အရေးအခင်းမှာ တံငါရေလုပ်သားတွေက ခင်ဗျားအိမ်တော်ကြီးကို တက်ပြီးဝိုင်းခဲ့ကြတယ် မဟုတ်လား'

'အဲဒီလူတွေကို ဘရှနိုးခေါင်းဆောင်ခဲ့တယ်'

အပိုလီယိုက တည်တည်ငြိမ်ငြိမ်ပြောသည်။

'ဟုတ်တယ်၊ ကျွန်တော့် အစ်ကိုဘဝရှိနိုး ခင်ဗျားနဲ့စာရင်း ရှင်းခဲ့တယ်'

'ဒီဘဝမှာ စာရင်းရှင်းလို့ ပြီးမှာမဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ပန်းချီကားတွေကိုကြည့်ကြရအောင် ဆီဇာ'

ဆီဇာသည် ပထမအစပိုင်းကလောက် မိမိကိုယ်ကိုယုံကြည်မှုမရှိတော့။ သူသည် ပန်းချီကားထုပ်ကိုပတ်ထားသော စက္ကူများကိုခွာပြီး သတိမထားဘဲ ကြမ်းပြင်ပေါ်သို့ပစ်ချလိုက်သည်။ အခန်းထဲတွင် မီးအိမ်နှစ်လုံးသာရှိ၏။ တစ်လုံးက စားပွဲကြီးပေါ်တွင်ရှိပြီး ကျန်တစ်လုံးက သားရေကုလားထိုင်၏ နောက်တွင်ရှိသည်။ ဆီဇာက အလင်းရောင်ရစေရန် ကိုယ်ကိုရွှေ့လိုက်သည်။ စားပွဲသည် မီးရောင်ဖြင့် ပြောင်လက်လာ၏။

ပန်းချီကားလိပ်ကို စားပွဲပေါ်ဖြန့်ချလိုက်သည်။

အပိုလီယိုသည် တစ်ဒင်္ဂမျှ အသက်ရှူရပ်သွား၏။ ရှေ့သို့ကိုယ်ကိုကိုင်းပြီး ပန်းချီကားများကို ငုံ့ကြည့်လိုက်သည်။ သူသည် အလှအပများကို မက်မောစုဆောင်း၏။ သို့သော် ဤပန်းချီကားများ သည်မျှထိ အတိုင်းမသိလက်ရာမြောက်သည်ကို သူကိုယ်တိုင် မှုခန့်မှန်းနိုင်အောင်ရှိ၏။ သူသည် စားပွဲခုံကိုပတ်ပြီး ဖြည်းဖြည်းချင်း လျှောက်ရင်း ပန်းချီကားများ၏ ဆေးရောင်များကို ရင်သပ်ရှုမောနေသည်။

ဆီဇာက မျက်မှောင်ကြုတ်ပြီး သူ့ကို ကြည့်နေသည်။ ဘုရား သတိမထားမိ။ အပိုလီယိုသည် ပန်းချီကားများကိုကြည့်ရင်းအရှေ့အားလုံးကို ခဏတာမျှ မေ့နေသည်။

အနုပညာရှင် ဂျီဒွန်သည် အကျော်အမော်ပန်းချီဆရာတစ်ဦးဖြစ်သည်။ဘုရားပူးနှစ်ဦးပုံနှင့် ရှုခင်းများကိုဆေးရောင်အပြည့်နှင့် ရေးဆွဲထားသည်။ ဂေရာင်ဘုရင်တို့၏ အမှတ်တံဆိပ်များနှင့် အာရှတိုက်၊ မင်းသားကြီးများ၏ လက်မှတ်တံဆိပ်တုံး ပုံများကိုကြည့်ပြီး အပိုလီယိုသည် သူ့ကုလားထိုင်သို့ပြန်ထိုင်လိုက်သည်။

သူ အလိုရှိလျှင် ဤပန်းချီကားများသည် သူ့ကိုယ်ပိုင်ပစ္စည်းများ ဖြစ်လာမည်။သူ့ဆီတွင် ရှိသည်ကိုဘယ်သူမှ သိမည်

မဟုတ်။ ယခုအခါ အိုင်ဆိုလာဖီလီဘာနိုကို သံသယရှိနေကြသည်။ ဒါလည်း အချိန်ကြာလာလျှင် မှေးမှိန်သွားလိမ့်မည်။ သူ့ဘဝ နောက်ဆုံးအချိန်မျှားတွင် ဤအလှအပလက်ရာများအတွင်း နှစ်မြုပ်ထားပြီး ကြည်နူးနေနိုင်ပြီ။ သူတစ်ဦးတည်း ပုဂ္ဂလိက လွတ်လပ်ခွင့်ဖြင့် စိတ်အေးချမ်းသာစွာ ခံစားနိုင်ပြီ။

သည်ပန်းချီကားတွေကို လက်ခံဝယ်ယူ ပိုင်ဆိုင်လိုက်ခြင်းသည် အောင်ပွဲတစ်ရပ်ဖြစ်လင့်ကစား ခိုးရာပါပစ္စည်း ဖြစ်သောကြောင့် သူ့အတွက် ဂုဏ်သိက္ခာ မည်မျှ ဆုတ်ယုတ်သွားမည်နည်း။

မိမိမယားနှင့် ဖောက်ပြန်နေသောသစ္စာမဲ့သည့်လူတစ်ဦးထံမှ အနုပညာပစ္စည်း ဝယ်ယူခြင်းသည် ရှက်သူ့ထံ လက်နက်ချရာမရောက်ပေဘူးလော၊ အဆိပ်ပင်ရလေခင်း မဖြစ်ပေဘူးလား။

ဆီဇာ၏ ရိသဲ့သဲ့ရယ်သံ တိုးတိုးကြားလိုက်သဖြင့် အပိုလီယို လှည့်သည်။

'ဒီမှာ အပိုလီယို၊ ခင်ဗျား ပန်းချီကားတွေ ကြည့်ပြီးပြီ၊ ကျွန်တော် ငွေထုပ်ကြည့်ချင်တယ်'

ဆီဇာက တင်တင်စီးစီးပြောလိုက်သည်။

အပိုလီယိုသည် အထင်သေးသည့်လေသံမျိုးဖြင့် စီးစီးပိုးပိုး အပြောခံလိုက်သောကြောင့် ဒေါသထောင်းခနဲ ထွက်သွားသည်။ သို့သော် လူလိမ္မာအမျက် အပြင်မထွက်ဆိုသကဲ့သို့ ထိန်းထားလိုက်ပြီး စားပွဲခုံ၏ အံဆွဲသေ့ကို ဖွင့်လိုက်သည်။

အံဆွဲထဲတွင် ငွေများရှိ၏။ နောက်ပြီး သေနတ်။အပိုလီယိုသည် ငွေအိတ်ကြီးတို့ ဆွဲထုတ်လိုက်သည်။စားပွဲပေါ်တွင် ရှိသော ခေးမြှောင်ကလေးဖြင့် ငွေထုပ်ပေါ်တွင်ချည်ထားသောကြိုးများ၊ စက္ကူများကို ဖြတ်တောက်လိုက်၏။ ခေးကိုဘေးသို့ ဖယ်ထားလိုက်ပြီး အမေရိကန်ဒေါ်လာများကို စားပွဲကြီးပေါ်ပုံလိုက်သည်။

'ရေချင်းလား၊ ရတယ်'

အပိုလီယိုက အေးအေးဆေးဆေးမေးလိုက်သည်။

'ခင်ဗျားဟာ ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးလို့လူတွေက ပြောကြတယ်၊ ရေစရာလိုသေးလား'

ဆီဇာက မဲ့ပြုံးပြုံးပြီး ရိတိတိပြန်မေး၏။

'သဘောတူသတ်မှတ်ထားတဲ့အတိုင်း အတိအကျပဲ၊ ဘာပဲဖြစ်ဖြစ် ရှင်းအောင် မင်း ရေချင်ရေကြည့်ပါ'

ဆီဇာသည်ငွေပုံကိုကြည့်ရင်းမျက်လုံးများအရောင်တောက်လာသည်။

'ဒီငွေတွေဟာ ရေလုပ်သားတံငါသည်တွေနဲ့ ဘယ်လာရီးယား မိသားစုရဲ့ ပိုင်ဆိုင်မှုတွေကို ခင်ဗျားခေါင်းပုံဖြတ် ထိပ်ကွက်ထားတာ မဟုတ်လား'

'ငါတို့ ဒါတွေပြောဖို့မဟုတ်ဘူး၊ ငါ့အိမ်မှာ အ,မင်္ဂလာစကားတွေ လာမပြောနဲ့၊ လက်မခံဘူး'

'ခင်ဗျားအိမ်က ကျက်သရေရှိလို့လား၊ ခင်ဗျားအခု ခိုးရာပါ ပန်းချီကားတွေကို ဝယ်ယူတယ်၊ ကျွန်တော်ဟာ ခင်ဗျားလောက် ယုတ်မာတဲ့ မှောင်ခို လူကြီးလူကောင်းမဟုတ်ဘူး'

အပိုလီယိုက အသံတိုးတိုးဖြင့် တုံ့ပြန်သည်။

'ငါ သူများမယားကို ကြာမခိုဘူး'

အပိုလီယိုသည် အံဆွဲထဲမှသေနတ်ကို ဆွဲထုတ်လိုက်ပြီး သူ့လက်ကို စားပွဲပေါ်တင်လိုက်၏။ ဆီဇာ့ဗိုက်ကို ချိန်ထားသည်။

စာကြည့်ခန်းထဲတွင် အပ်ကျသံ ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။ သူတို့နှစ်ဦးသည် ပြင်ပလောကကြီးနှင့် ကင်းကွာသွား၏။ လောဘ၊ ဒေါသ၊ မောဟနှင့်မာန်မာနများ ဖုံးလွှမ်းသွားပြီး အသိတရား ကွယ်ပျောက်သွားပြီ။ မှန်အိမ်မီးရောင်တွင် အပိုလီယိုဏ်မျက်နှာ ပြောင်းလဲသွား၏။ တင်းမာ ညှိုပုပ်လာသည်။

ဆီဇာက လှစ်ခနဲ နောက်သို့ခုန်ဆုတ်လိုက်သည်။ အပိုလီယိုလက်ထဲမှလေနတ်ကို တစ်ချက်ကြည့်လိုက်၏။ ပြီးတော့ အပိုလီယိုနှင့် မျက်နှာချင်းဆိုင်သည်။

'ခင်ဗျားကြီးအလုပ်ကဘာလဲ'

ဆီဇာက လေသံပြတ်ပြတ်နှင့် မေးလိုက်သည်။

'မင်းကိုသတ်မယ်၊ မင်းအစ်ကို ဘရူနိုးဟာ ငါ့ဘဝ ပျက်အောင် လုပ်ကြံခဲ့တယ်၊ မင်းက ငါ့မယားကို ခိုးတယ်၊ မင်း ငြင်းချင်သေးလား၊ မင်းကိုငါ သတ်မယ်'

'လုပ်မနေနဲ့၊ ဖရန့်ကို မယားစရိတ်ပေးမယ်ဆိုပြီး ခင်ဗျားကြီး ကြိုးရှည်ရှည်နဲ့လှန်ထားခဲ့တယ်၊ ဒွန် ပန်းချီကားတွေကိုမှောင်ခိုစျေးနဲ့ ခေါင်းပုံဖြတ်တယ်'

'အဲဒါတွေ မလိုဘူး'

'ကျွန်တော်နဲ့ပူးပေါင်းပြီး ပန်းချီကားတွေခိုးယူခဲ့ဖို့ ဖရန့်ကို ခင်ဗျား သွေးထိုးလှုံ့ဆော်ခဲ့တယ်'

'စည်းအပြင်က စကားမပြောနဲ့'

'ဒွန်ပန်းချီကားတွေကို ဒေါ်လာသန်းရာကျော်နဲ့ ခင်ဗျားပြန်ရောင်းမယ်ဆိုတာ ကျုပ်မသိဘူးမှတ်လား'

'မင်း တော်တော်လူပါးဝတဲ့ကောင်'

'ခင်ဗျားကြီး လူလည်လုပ်တာပါ၊ ဒီည ကျုပ်ကို ဒီကို ခေါ်တာ ကျုပ်ကိုသတ်ဖို့လား'

အပိုလီယိုသည် ပင့်သက်တစ်ချက် မှုတ်ထုတ်လိုက်၏။

'ဟေ့ကောင် .... ဘိန်းစားချင်းတူတူ တစ်လုံးပိုမရှူနဲ့၊ မင်းအကြံငါသိတယ်၊ ဒွန်ပန်းချီကားတွေ ငါ့ကိုရောင်းမယ်၊ ပြီးတော့ ငါ့လက်ထဲမှာ ပန်းချီကားတွေရှိတဲ့အကြောင်းကို သတင်းပေးမယ်၊ ဒါပဲ့မဟုတ်လား'

ဆီဇာက နှုတ်ခမ်းကိုတင်းတင်းထားပြီး ပခုံးတွန့်လိုက်၏။

'ကျုပ် ခေါင်းမခါတတ်ဘူး'

'မင်းက ငါ့မိန်းမကို အနိုင်ကျင့်ရုံတင်မကဘူး ငါ့ကိုပါ တရားခံစာရင်းထဲဆွဲထည့်တယ်'

ဆီဇာက အသံမြှင့်ပြီး အော်ဟစ်ပြော၏။

'ခင်ဗျားမိန်းမအပေါ် ခင်ဗျားက မေတ္တာထားတဲ့ လင်ယောကျ်ားမဟုတ်ပါဘူး၊ ဒါကြောင့် သူ အချစ်ကိုရှာတာ ကြင်နာမှုကိုရှာတာ၊ ဒါကတရားမျှတပါတယ်'

'တခြားလူတစ်ယောက်နဲ့ဖြစ်ရင်ထားတော့၊ ငါ့ရန်သူမင်းနဲ့ ဆိုတော့'

'သူက ကျုပ်ကိုချစ်တယ်လေ'

ဆီဇာက မခံချင်စရာ ရန်စ စကားပြောလိုက်သည်။

'ဟဲ....ဟဲ့....ဟဲ့ မင်းထင်လို့ပါ၊ ဖရန့်ဟာ သူ့ကိုယ်သူက လွဲလို့ ဘယ်သူ့ကိုမှမချစ်ဘူး'

'ခင်ဗျား သူ့အကြောင်းမသိပါဘူး၊ ခင်ဗျားသူနဲ့အတူ မအိပ်ပါဘူး၊ ခင်ဗျား ဘယ်တော့မှသိမှာမဟုတ်ပါဘူး'

'ဟော့ကောင်... ဆီဇာ မယုတ်မာနဲ့'

'ခင်ဗျားအကြောင်း ကျုပ်သိတယ်၊ ကျုပ်နဲ့ ဖရန့်စစ်စတာ ဖောက်ပြန်တယ်ဆိုတဲ့ သတင်းကို ခင်ဗျားကြီးလွှင့်မယ်၊ အပုပ်ခွမယ်၊ ကျုပ်တို့နှစ်ယောက်လုံးအတွက် ဘဝပျက်အောင် လုပ်မယ်၊ ပြီးတော့ ကျုပ်ကို သူခိုးဖြစ်အောင် တစ်ဖက်လက်နဲ့ လှည့်လုပ်တယ်၊ နောက်ဆုံး ကျုပ်ကို ဒီဇောက်အောင်ခေါ်ပြီး သတ်မှာလား၊ ဒါနဲ့မပြီးသေးဘူး၊ ရဲကိုခေါ်ပြီးအပ်မယ်၊ ခင်ဗျား ကိုယ်ခင်ဗျား သူခိုးဖမ်းတဲ့ သူရဲကောင်းလုပ်မယ်၊ ဒါပဲမှတ်လား'

'ငါ ခေါင်းမရှောင်တတ်ဘူး၊ မင်းပြောတဲ့အတိုင်း ဖြစ်နိုင်တယ်'

'ဖရန့်က ရေငုံနှုတ်ပိတ်နေမယ်လို့ ခင်ဗျားထင်သလား'

'ဒါမလိုဘူး၊ မင်းသေရင် ငါ့လက်ထဲက သူ ပြေးမလွတ်ဘူး၊ ငါစိမ်ရာ သူလိုက်နာရမယ်၊ ငါ့ရဲ့အကောင်းဆုံးမယား ဖြစ်လာလိမ့်မယ်'

ဆီဇာ့ကိုယ်တွင် ဇောချွေးများပြန်လာသည်။ သူ့မျက်နှာသည် အဆီပြန်နေ၏။ နှုတ်ခမ်းများကို လျှာဖျားဖြင့်ပွတ်လိုက်သည်။ အပိုလီယို့လက်ထဲမှသေနတ်ကို သူကြည့်နေ၏။

'ထောင်ချောက်ဟုတ်လား'

'ဟုတ်တယ်၊ ဒွန်ပန်းချီကားတွေအတွက် မင်းကို နှုတ်ပိတ်ရမယ်'

ဆီဇာက ရှဲ့.ရှဲ့.မဲ့မဲ့ဖြင့် နာနာကြည်းကြည်းပြော၏။

'ကျုပ် မတောင်းပန်တတ်ဘူး၊ သတ်လိုက်၊ ကျုပ်သေရင် ဖရန့်စစ်စတာ အမေရိကန်ကို ပြန်သွားလိမ့်မယ်၊ ဒါမှမဟုတ် ဒီပန်းချီကားတွေကိုခိုးယူလာခဲ့တဲ့ တောဘွတ်နဲ့ ပေါင်းမိသွားလိမ့်မယ်'

အပိုလီယို ဝုန်းခနဲထရပ်လိုက်သည်။

'အပြင်ထွက်လိုက်ပါ'

'မထွက်ဘူး၊ ဒီနေရာမှာပဲ ပစ်သတ်လိုက်'

'ဒီမှာမသတ်ဘူး၊ ခြံထဲသွားမယ်'

သေတွင်းနှုတ်ခမ်းရောက်နေပြီကို ဆီဇာသိသည်။ သူ့ရင်တဒိန်းဒိန်းခုန်နေ၏။ သွေးကြောများ ဖောင်းပုံ မာတင်းလာသည်။ သူ့အတွက် ဘာမှမထူးတော့။ အပိုလီယို့သေနတ်ကို လှမ်းခနဲခုန်လုလိုက်သည်။ အပိုလီယို့လက်ညှိုးက သေနတ်မောင်းကိုဆွဲလိုက်၏။ သေနတ်ပြောင်းဝ လင်းလက်သွားသည်။ ဆီဇာ့နံဘေးကိုထိမှန်သွား၏။ စားပွဲပေါ် မှောက်လျက်ကျသွားသည်။ သွေးရွှဲသွေးတန်း အရှိုင်းစိတ်စင်လာ၏။ စားပွဲပေါ်မှ ပိုက်ဆံများ ပြန့်ကျဲသွားသည်။ ကြမ်းပြင်ပေါ်သို့ ကစဉ့်ကလျား လွှင့်စဉ်ကုန်၏။ ဆီဇာသည် စားပွဲပေါ်မှ ပိုက်ဆံထုပ်ဖြည်သောခေါင်းကို ဆုပ်ကိုင်လိုက်သည်။ သေနတ်သံ နောက်တစ်ချက်ကြားလိုက်၏။ ဒုတိယအချက်သည် သူ့ကိုမထိ။ အပိုလီယို့ခုန်အထွက်တွင် ဆီဇာက သူ့လက်ထဲမှခဲဖြင့် တွက်လိုက်သည်။

အပိုလီယို့၏ဝမ်းဗိုက်တွင်းသို့ ခေးသွားစိုက်ဝင်ပြီး သွေးများအိုင်ထွန်းသွား၏။ အပိုလီယို နောက်ဘက်သို့လန်သွားသည်။ လက်ချမသွားသော်လည်း လက်ထဲမှသေနတ် လွတ်ကျသွား၏။ သူ့

ဝမ်းဗိုက်တွင်းစူးဝင်နေသော ဓားကိုကြည့်ကာ အံကြိတ်ပြီး မဲ့ပြုံးလိုက်သည်။

ဆီဇာသည် အပိုလီယိုကို တအံ့တသြကြည့်လိုက်သည်။ သူ့ခေါင်းထဲ ရှုပ်ထွေးယိမ်းလှိုင်သွား၏။ ကျည်ဆန်မှန်ထားသော သူ့နံဘေးမှဒဏ်ရာက သူ့တစ်ကိုယ်လုံးကို ပြန့်လာသည်။

ဆီဇာသည် နောက်သို့လှည့်လိုက်ပြီး အခန်းတွင်းမှ တိတ်ဆိတ်စွာ ထွက်ခွာသွား၏။

☆

အခန်း (၂၀)

ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ အပိုလီယို၏ အိမ်ကြီးရှေ့သို့ ဂျူရယ်ရောက်သွာ ၏။ အိမ်ရှေ့လမ်းပေါ်သို့ သူရောက်သည်နှင့် ဝင်းတံခါးကြီးပွင့်လာပြီး အပိုလီယိုထွက်လာသည်။ အပိုလီယိုသည် မောင်းပြန်ရိုင်ဖယ်သေနတ်ကို ညာလက်ဖြင့် ကိုင်ထား၏။ ဘယ်လက်က သူ့ဝမ်းဗိုက်မှဒဏ်ရာကို ဖိထားသည်။ လရောင်ထဲတွင် သူ့မျက်နှာမှာ အဆီပြန်နေ၏။

အပိုလီယို၏နောက်ဘက်တွင် လူယုံတော်အစေခံများဝန်းရံလိုက်ပါလာသည်။ အပိုလီယိုက သူ့လူများအား အိမ်ကြီး၏ နောက်ဖိုင်းကို စောင့်ရှောက်ထားရန် အမိန့်ပေးလိုက်၏။ သူ့အသံသည် မာကျောပြတ်သားလှသည်။

သို့သော် လူယုံတော်များက ပြန်လှည့်မသွားကြ။ တစ်လှမ်းနှစ်လှမ်းသာ နောက်ဆုတ်၏။ အပိုလီယိုအမိန့်ပေးသလို ခြံထဲဝင်ပြီး ပျောက်ကွယ်မသွားကြ။ သူတို့အထဲမှ အဘိုးအိုလွန်ဘာဒိုသည် ဂျူရယ့်ကိုမြင်လိုက်သည်နှင့် အော်ပြီး အချက်ပေးလိုက်၏ အပိုလီယိုသည် သေနတ်ကိုလျင်မြန်စွာမြှောက်လိုက်သည်။

'မစ္စတာဂျူရယ်၊ ခင်ဗျား ဖီလီဘာနိုကို ဘာလို့လာရတာလဲ'

'ကျွန်တော် ဆီဇာ့ကိုလိုက်ရှာတာ'

ဂျူရယ်က ပွင့်ပွင့်လင်းလင်းပြောလိုက်သည်။

'သူ ဒီမှာရှိခဲ့တယ်၊ အခုထွက်သွားပြီ'

'နောက်ပြီး....မိန်းကလေး မစ်ပက်ဂက်ဒိုင်ယာဒါ....'

'သူ့ကို ကျွန်တော်မသိဘူး'

'ဆီဇာနဲ့ ဘယ်သူမှ ပါမလာဘူးလား'

'မပါဘူး၊ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ၊ သူ့ကို တွေ့ရမယ်၊ ကျွန်တော်တို့ချင်း ဖြေရှင်းရမယ့်ကိစ္စရှိတယ်၊ ခင်ဗျားပန်းချီကား တွေအတွက် လာတာမဟုတ်ဘူး'

အပိုလီယိုက အံကြိတ်ပြီး ပြုံးလိုက်သည်။

'ကျွန်တော့်ကို ရောင်းဖို့ ကြိုးပမ်းတယ်၊ ကျွန်တော်တို့ အငြင်းအခုံဖြစ်ခဲ့တယ်၊ ကျွန်တော်ရဲ့မိုက်မဲမှုပဲ၊ ဒွန်ပန်းချီကားတွေ ကျွန်တော့်စာကြည့်ခန်းထဲမှာ ရှိပါတယ်၊ စိတ်မပူပါနဲ့၊ ခင်ဗျား အမျိုးသမီးတစ်ဦးကို လိုက်ရှာနေတယ်လို့ ကြားတယ်'

'သူ့ကို ဆီဇာခေါ်သွားတာ မဟုတ်ဘူးဆိုရင်....'

'မဖြစ်နိုင်ဘူး၊ ဒီကောင်မဖြစ်နိုင်ဘူး၊ ဒါနဲ့ ကျွန်တော့် မိန်းမကို တွေ့ခဲ့သလား'

'တွေ့တယ်၊ သူ ပြန်လာနိုင်ပါလိမ့်မယ်'

'ကဲ....လာ၊ ဆီဇာ့နောက် လိုက်ကြမယ်'

နယ်စားကြီးမှာ ဒဏ်ရာရထား သည့်အတွက် ဂျူရယ် တွေတွေငေးငေး ဖြစ်သွား၏။ အပိုလီယိုနှင့်အတူ ကျည်ဆန်ကပ်များနှင့် အမဲလိုက်ပစ္စည်းများထည့်ထားသည့် လက်နက်အိတ်ကြီး ပါသည်။ ချည်ဂျာကင်အင်္ကျီကို ထပ်ဝတ်ထား၏။

'ဆီဇာသွားမယ့်နေရာ ခင်ဗျား သိလား၊ သူ သွားလေ့သွားထရှိတဲ့ နေရာကို ကျွန်တော်သိတယ်၊ သူငယ်ငယ်ကတည်းက ပုန်းခိုလေ့ရှိတဲ့ နေရာပဲ၊ အဲ့ဒီကို သွားလိမ့်မယ်လို့ ကျွန်တော် ထင်တယ်၊ ကျွန်တော့်လက်ချက်နဲ့ သူဒဏ်ရာရသွားတယ်၊ ဒါပေမယ့် သူ ကောင်းကောင်း လမ်းလျှောက်နိုင်သေးတယ်'

အပိုလီယိုက ဖြည်းဖြည်းချင်း ပြောသည်။

'ခင်ဗျား တောင်တွေပေါ်မှာ ခြသေ့်ပစ်ဖူးသလား'

'တစ်ကြိမ်နှစ်ကြိမ်လောက်ပါပဲ'

'ဒဏ်ရာရသွားတဲ့ တိရစ္ဆာန်ဟာ ဘယ်လိုဖြစ်တတ်သလဲဆိုတာ ခင်ဗျားသိမှာပေါ့၊ ဝေးဝေးမပြေးနိုင်ပါဘူး၊ ကဲ....လာ၊ အချိန်မရှိဘူး'

အပိုလီယိုသည် နောက်သို့လှည့်လိုက်ပြီး သူ့လူများအား ခြံတွင်းသို့ ပြန်ဝင်သွားကြရန် အမိန့်ပေးလိုက်ပြန်သည်။

ထို့နောက် လှည့်မကြည့်တော့ဘဲ ဂျူရယ်နှင့်အတူ ဘယ်ဘက်သို့ ဆက်လျှောက်သွားသည်။ တောင်ကုန်းများထက် တက်သော ခြေလျင်လူသွားလမ်းလေးသို့ ရောက်လာကြ၏။ ဂျူရယ်သည် အပိုလီယိုနောက်မှ လိုက်လာခဲ့ရသော်လည်း တောဘွတ်ခေါ်သွားသော ဒိုင်ယာဒါအတွက် ရင်ပူ နောက်ဆံတင်းနေ၏။ တောဘွတ်သည် ဆီဇာ့ကိုလိုက်ရှာနေခြင်း ဖြစ်နိုင်သည်။

လရောင်သည် ကျောက်တောင်များထက်တွင် ရွှန်းလက်နေ၏။ ပန်းချီကားတစ်ချပ်နှင့် တူနေသည်။ အောက်ခြေပင်လယ်ကမ်းစပ် တံငါရွာမှ မီးရောင်မှိန်မှိန်များက ကြယ်ပွင့်လေးများနှယ် မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသည်။ ပင်လယ်လေသည် ခပ်ကြမ်းကြမ်း တိုက်ခတ်နေ၏။

'ဆီဇာသွားတဲ့နေရာကို ခင်ဗျားသိတာ သေချာရဲ့လား'

'စိတ်ချ၊ အဲဒီမှာ ဘယ်လာရီးယားမိသားစုပိုင် အဆောက်အအုံ တစ်ခုရှိတယ်၊ သူတို့အခုနေတဲ့အိမ်ထက် သေးတယ်၊ ဆီဇာငယ်ငယ်တုန်းက သူပုန်းနေကျနေရာပဲ၊ ဒဏ်ရာရသွားတဲ့တိရစ္ဆာန် ဘစ်ကောင်ဟာ ဝပ်ကျင်းထဲမှာ ပုန်းအောင်းနေတတ်သလို သူလဲ အဲဒီနေရာကိုသွားမှာ သေချာတယ်၊ တစ်ချိန်တုန်းက ဒီနေရာမှာ မူဆိုလိုနီကို ခင်ဗျားတို့ အမေရိကန်တွေ တိုက်ခိုက်ချေမှုန်းခဲ့တဲ့ နော်မန်ရဲဘိုက်ကြီး ရှိခဲ့တယ်'

'ခင်ဗျား ဆီဇာ့ကို တကယ်ပစ်သတ်မှာလား'

'သေချာတယ်'

ဂျူရယ်တို့ တောင်ထိပ်သို့ ရောက်ခါနီးတွင် အပိုလီယို ခွေကျသွားသည်။ ဝမ်းပိုက်မှ ဓားဒဏ်ရာကြီးနှင့် ဤမျှဝေးသည် အထိ လျှောက်လာနိုင်သော အပိုလီယို၏ ခံနိုင်ရည်ကို ဂျူရယ် အံ့ဩမိသည်။ ဤဒေသသည် လူသူကင်းမဲ့သောနေရာဖြစ်သည်။ မီးတောင်ဟောင်းကြီးတစ်ခုသည် သူတို့ဘေးတွင် ရှိနေ၏။

အပိုလီယိုသည် ရေပူစမ်းတစ်ခုဘေးစွင့် ဒူးထောက်ထိုင်နေသည်။ မောင်းပြန်ရှိုင်ဖယ် သေနတ်တစ်လက်က သူ့လက်ထဲမှ ကျောက်တုံးပေါ်သို့ လွတ်ကျသွား၏။ ရေပူစမ်းထဲသို့ ကျမသွားရန် ဂျူရယ်က ကောက်ယူလိုက်ရသည်။

'ဝမ်းနည်းပါတယ်၊ ကျန်တော် သွေးထွက်လွန်နေတယ်'

'ဘယ်နေရာမှာ ဒဏ်ရာရသလဲ'

ဂျူရယ်က ကြင်နာသောအသံဖြင့် မေးလိုက်သည်။

'ဝမ်းပိုက်ကို ဝေးထိုးခံရတယ်၊ ကျန်တော့် ကိုမှထိပါနဲ့'

အပိုလီယိုသည် အထိမခံနိုင်လောက်အောင် နာကျင်လွန်းသဖြင့် အော်ဟစ် တားမြစ်လိုက်သည်။

'ဘယ်လိုဖြစ်ခဲ့ကြတာလဲ'

'သူ့ကို ရဲလက်အုပ်ဖို့ ကျန်တော် ကြိုးပမ်းလှုပ်ရှားတယ်၊ ဒါဆို ဘယ်လောရိုးယားမျိုးဆက် ပြတ်သွားပြီ၊ ဒီစီမံချက်အတွက် ခွန်ပန်းခရီကားတွေကို ကျန်တော် ဝယ်မယ်လို့ ဖရန့်စစ်ဘာကို ပြောခဲ့တယ်၊ ဒါပေမယ့်.... စီမံကိန်း ပျက်သွားပြီ၊ ကျန်တော် ညံ့တယ်'

'သွေးသိပ်ထွက်နေတယ်၊ ဆရာဝန်ပြဖို့လိုမယ်'

ဂျူရယ်က အကြံပေးသည်။

'ကျေးဇူးတင်ပါတယ်'

'ခင်ဗျား ဒီနေရာမှာတင် သေသွားလိမ့်မယ်'

'သေပါစေ၊ သေရပါတယ်'

'ခင်ဗျားကို ကျန်တော် နားမလည်နိုင်တော့ဘူး၊ အခု တိတ်အောင် ကျန်တော် ကူညီပါရစေ'

အပိုလီယိုသည် ငြင်းဆန်ခြင်းမပြုတော့။ ဂျူရယ်က အပိုလီယို၏ အပေါ်အင်္ကျီကို ဆွဲဖွင့်လိုက်ပြီး အတွင်းမှဂျပ်အင်္ကျီ ကြယ်သီးများကို ဖြုတ်လိုက်သည်။ ဒဏ်ရာနှင့်မလွတ်သော သားရေ ခါးပတ်ကို ဖြည်းဖြည်းချင်း ဆွဲထုတ် လိုက်၏။ ဝမ်းပိုက်ပေါ်ဝယ် ဒဏ်ရာပေါ်လာသည်။ ဒဏ်ရာသည် အတော်ပြင်း၏။ အတွင်းသို့ မည်မျှ နက်သည်ကို မခန့်မှန်းနိုင်ချေ။

အပိုလီယို ငြိမ်သက်စွာ လဲလျောင်းနေသည်။ မျက်လုံးမှာ ပိတ်ထား၏။ လရောင်အောက်မှ သူ့မျက်နှာသည် လူသေမျက်နှာနှင့် တူနေသည်။

သူတို့နေရာကို တောင်များဝန်းရံလျက်ရှိ၏။ ရေပူစမ်းမှ ရေစီးသံသာ လှုပ်ရှားနေသည်။

ဂျူရယ်သည် အပိုလီယိုခြေထောက်မှအမာရွတ်ကြီးများကို တွေ့လိုက်ရသဖြင့် ရင်တွင်း၌ ဆို့နှင့်သွားသည်၊

'ခင်ဗျား ခြေထောက်တွေမှာ ဒဏ်ရာအကြီးအကျယ် ရခဲ့သလား'

'ဟုတ်တယ်'

အပိုလီယို၏အသံသည် ရင်ထဲမှနာကျင်မှုများကို အန့်ထုတ်လိုက်သလို ရှိသည်။

'စစ်အတွင်းကာလက ရခဲ့တဲ့ ဒဏ်ရာတွေပါ၊ မြေအောက်အဖွဲတွေမေ့လာပြီး ဖက်ဆစ်တွေကို မောင်းထုတ်တဲ့အချိန်မှာရတာ၊ သဘာဝအတိုင်းပဲ၊ သူတို့ ကျန်တော့်ဆီ ဦးတည်တိုက်ခိုက်လာကြတယ်၊ ဆန့်ကျင်ပုန်ကန်တယ်၊ ကျန်တော်က စစ်အုပ်ချုပ်ရေးအဖွဲနဲ့အတူ အလုပ်လုပ်ခဲ့ရတယ်၊ ဘရူနိုး ဘာလာရီးယားက မြေအောက်အဖွဲကို ခေါင်းဆောင်ခဲ့တယ်၊ အဆောက်အဦးတွေကို မီးရှို့၊ လုယက်၊ လူသတ်နဲ့ အဖျက်လုပ်ငန်းတွေအားလုံး လုပ်ခဲ့ကြတယ်၊ ကျန်တော်က သူတို့နောက်လိုက်အချို့ကို ပစ်သတ်ခဲ့တယ်၊ ဒါတွေဟာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ'

'ဒီ အမာရွတ်ကြီးတွေဟာ ဘရူနိုးက ပေးလိုက်တာပေါ့၊ ခင်ဗျားတို့အကြားက အာဃာတတွေ့မှာနှိမ်မာနတွေပေါ့'

'ဟုတ်တယ်၊ ဘရူနိုးက ဘယ်တော့မှအခဲမကြေဘူး၊ သူ ကျန်တော့်ကို သတ်နိုင်ခဲ့ရင် အပိုလီယိုမိသားစုမှာ ယောကျ်ားတစ်ယောက်မှ မကျန်တော့ဘူး၊ ဘယ်တော့မှလဲရှိတော့မှာမဟုတ်ဘူး'

'ဘရူနိုးကို ခင်ဗျား သတ်ခဲ့တာလား'

'ကျွန်တော်ကိုယ်တိုင် မသတ်လိုက်ရတဲ့အတွက်မပျော်
ဂျူရယ်သည် အပိုလီယို၏အင်္ကျီကိုဖြဲပြီးသွေးယိုစီးနေ
ဓားဒဏ်ရာအား ပတ်တီးစည်းပေးလိုက်သည်။ သူ့အမာရွတ်
များကို ပြန်လှည့်မကြည့်တော့။
'ခင်ဗျားနဲ့ဖရန်စမစ် လက်သပ်တာ ကြာပြီလား'
ဂျူရယ်က မေးသည်။
'နယ်စားကတော်အဖြစ် မြောက်စားထားတာ မကြာ
ပါဘူး'
'အိမ်ထောင်ရေး အဆင်ပြေရဲ့လား'
'ကျွန်တော်က အထီးကျန်တစ်ကိုယ်တော်ဖြစ်ခဲ့ရတယ်
အပိုလီယိုက တိုးတိုးသဲ့သဲ့ပြောသည်။
'ခင်ဗျားဘဝကို သူသိသလား'
'နောက်ပိုင်းမှာ သူ့ကိုပြောပြတယ်၊ နှစ်ဦး သဘောတူ
နိုင်တဲ့အစီအစဉ်တွေ လုပ်တယ်၊ သူ လွတ်လွတ်လပ်လပ်နေနိုင်တ
ကျွန်တော့်ရဲ့ဂုဏ်သိက္ခာကို မထိခိုက်စေခဲ့ဘူး၊ သူက ငွေပဲ လို
တယ်၊ သူဟာ အရိုင်းသတ္တဝါမလေးပါ၊ အသုက်အရွယ်နဲ့ကျန်း
ရေးကြောင့် ကျွန်တော် သူနဲ့ အတူမအိမ်နိုင်ခဲ့ဘူး၊ ဒီကိစ္စကို နာ
လည်မှုနဲ့နေလိုက်ကြတယ်၊ ဆီဇာနဲ့မတွေ့ခင်အချိန်အထိ အန္တရာ
မရှိနိုင်တဲ့ မိန်းကလေးပါ'
'ခင်ဗျား အိမ်ထောင်မပြုခဲ့သင့်ဘူး'
ဂျူရယ်က အသံအုပ်အုပ်ဖြင့် ပြောလိုက်သည်။
'မှန်တယ်၊ ဒါဟာ ရူးသွပ်ခြင်းပါပဲ့၊ စိတ်ကူးယဉ်
ကြောင့်လဲ ရူးသွပ်တယ်၊ သွေးသားကြောင့်လဲရူးသွပ်တယ်၊ အ
ကြောင့်လဲ ရူးသွပ်တယ်'
'ခင်ဗျား ဖရန်စစ်စတာကို ချစ်သေးလား'
'ချစ်တယ်'
'အခု ဗိုက်ကဒဏ်ရာနာသေးလား'
ဂျူရယ်က ရုတ်တရက် ဖြတ်မေးလိုက်သည်။
'မနာတော့ဘူး'

'ကောင်းတယ်၊ ခင်ဗျား ငြိမ်ငြိမ်နေရင် ပိုသက်သာ
မယ်၊ လမ်းပြန်လျှောက်ရင် သွေးပြန်ထွက်မယ်၊ ကျွန်တော်ကတော
ခင်ဗျားကိုထားပြီး သွားရလိမ့်မယ်'
'ကျွန်တော် နားလည်ပါတယ်၊ ခင်ဗျားကိုကျွန်တော်လ
ပြလိုက်ပါ့မယ်၊ လမ်းကတော့ အတော့်ကိုဆိုးတယ်၊ အန္တရာယ်
များတယ်၊ ဒီလမ်းကို ဆီဇာသိတယ်၊ စုံငါရေလုပ်သားနည်းနည
ပါးပါးလဲ သိတယ်၊ ဒီဘုရားပျက်၊ ကျောင်းပျက် အပျက်အ
ဟောင်းတွေဆီကို ဘယ်သူမှ မသွားကြဘူး၊ ကျိန်စာသင့်ထား
သုသာန်တစပြင်ဖြစ်နေတယ်'
'ကျွန်တော် ဘယ်လိုသွားရမလဲ'
အပိုလီယိုက လိုရင်းတိုရှင်း ပြောပြ လမ်းညွှန်၏။
နောက်ထပ် နာရီပေါင်းများစွာ လရောင်ရှိနေဦးမည်
အပိုလီယို၏ ဒဏ်ရာအတွက် ဂျူရယ် နောက်ဆံတင်းနေ၏။ ဂျ
တောဘွတ် လက်ထဲ ရောက်နေသည့် ဒိုင်ယာဒါကို မြင်ယောင်မိပြ
တော့ ကျာပွတ်နှင့်အရိုက်ခံရသော မြင်းပမာ ဒုန်းစိုင်းပြေး
သည်။ ဂျူရယ် ထွက်ခွာသောအခါ အပိုလီယို၏မောင်းပြန်ရိုင်ဖ
သေနတ်ကို ယူဆောင်သွားသည်။

☆

အရိပ်အယောင်ကိုမှ မတွေ့ရ။ အပိုလီယို မှားပြီးလမ်းညွှန်ထိုက်ပြီလား မသိ။

တောဘုတ်ကို တွေ့အောင်ရှာရမည်။ တောဘုတ်ဆည် ဆီဇာကို ခြေရာခံလိုက်နေသည်။ ဆီဇာ သည်နေရာမှာ ရှိမည်ဟု အပိုလီယိုက ပြောသည်။ တစ်ကျွန်းလုံးအနှံလိုက်ရှာရန်အချိန်မထုံလောက်တော့ချေ။

ဂျူရယ်သည် ဆက်မလျှောက်သေးဘဲ ရပ်လိုက်၏။ သူ့ရှေ့မှ အဆောက်အဦးပျက်ကြီးကို စူးစိုက်ကြည့်နေသည်။ လှပ်ရှားနေသော မိုးသားရိပ်များသည် သူ့ကို အမျိုးမျိုးလှည့်စား၏။ သူရှေ့သို့တိုးသွားသည်။ ဘုရားပျက်များအကြားဌာန မြင့်မားသော ကျောင်းပျက်ကြီးကို ထွေ့သည်။ သူသည် မုဆိုးတစ်ယောက်ပမာ သားကောင်၏ ခြေရာနှင့် အနံ့ကိုခံသည်။

ခြေသွားလမ်းပျက်သည် ရေပူစမ်းတစ်ခုဘေးမှ ကွေ့သွားသည်။ ရေနွေးငွေ့များ သူ့မျက်နှာကို ဟပ်၏။ ကန့်နံ့များကို ရှူရှိုက်ရသည်။ ရေပူစမ်းကို ဖြတ်ကျော်မိသောအခါ ကျောက်တုံးပြောင်ပြောင်ကြီးတစ်ခုပေါ် ဆောက်နေသည်။ ပျက်စီး ပြိုလဲနေသော ရဲတိုက်ကြီးနှင့် အလွန်နီးကပ်နေ၏။

တံငါမျိုးဆက်ပေါင်း များစွာတို့သည် သူတို့ရှာတွေ့ကျောက်တုံး တဲအိမ်များ တည်ဆောက်ရန်အတွက် ဤနေရာမှ ကျောက်တုံးမျိုးကို လှည်းများ၊ မြည်းများဖြင့် သယ်ယူကြသည်။ တံတိုင်းပျက်ကြီးတစ်ခုနှင့် တစ်ခြမ်းမှဲ့မျှော်စင်ကြီးတို့သည်ထုံးလုံးပက်လက် ဖြစ်နေ၏။ ဂျူရယ်သည် အရိပ်မိုးနေသော ထိုးထိုးထောင်ထောင် အပျက်အစီးဟောင်းများကို အသက်ရှူရပ်ပြီး အကဲခတ်ကြည့်သည်။

မကြာ။ ခိုင်ယာဒါ၏အသံကို ကြားလိုက်ရပြီး တစ်ဆက်တည်းတွင် သေနတ်သံကိုကြားလိုက်သည်။ ကျည်ဆန်က သူ့ခေါင်းပေါ်မှ ဖြတ်ကျော်သွား၏။ ရှိခနဲ မြည်သွားသည်။

တံတိုင်းအပျက်ကြီးဆီမှ ပဲ့တင်ရိုက်ခတ်သောအော်သံများကိုလည်း အဆက်မပြတ်ကြားနေ၏။ ကျောက်တုံးကြီး အောက်တွင်

အခန်း (၂၁)

ဂျူရယ် တောင်ထိပ်သို့ မရောက်မီကတည်းက ဘုရားပြိုကျောင်းပျက်များကို မြင်နေရသည်။ တိမ်တိုက်များကိုလရောင်က ငွေ့အနှံးကွပ်ထား၏။ ရှေးနှစ်ပေါင်း များစွာကပင် သံလွင်သစ်တောအုပ်ကို ဖြတ်ကျော်ခဲ့ရသည်။ သစ်ပင်များသည် တောင်စောင်းများတွင် သိပ်သည်းစွာ ဆင့်ထပ်ပိတ်ကျပ်နေ၏။ ပင်လယ်ဘက်မှ လေအတိုက်တွင် ဘယ်ညာယိမ်းထိုးလျက်ရှိသည်။ သစ်ပင်အုပ်ထိပ်ဘက်တွင် ကျောက်တုံးအိမ်ယ်ကလေးတစ်လုံးကိုတွေ့မြင်ရ၏။

တံခါးများ ကျိုးပဲ့ ပျက်စီးနေသည်။ အတွင်းဘက်ဆီမှ တိုရစ္စာန်ရိုင်းများ၏ အနံ့ရနေသည်။ တိရစ္ဆာန်များလဲလျောင်းအိပ်စက်ရာ နေရာဖြစ်မည်။ ဂျူရယ်သည် ရှေ့သို့ ဆက်လျှောက်သည်။

ဤခရီးကို မြေကြွေ ရှုံ့လိုက်ချင်သည်။ ဒိုင်ယာဒါအား ဘယ်လာရီးယား အိမ်ကြီးမှ ခေါ်ဆောင်သွားခြင်းခံရသည်မှစ၍ အချိန်သည်တန့်ဖိုးကြီးမားလွန်းလှ၏။ အမျိုးသမီးသည် အန္တရာယ်နှင့် ရင်ဆိုင်နေရပေမည်။ တောဘုတ်သည် အလွန် ရိုင်းစိုင်း၏။ ဆင်ခြင်စဉ်းစားခြင်း မရှိ၊ စိတ်ထင်ရာလုပ်တတ်သည်။

မီးတောင်ဟောင်းကြီး၏အပေါ်ပိုင်းသို့ ရောက်သွားသောအခါ လမ်းမှာ ပို၍ကျဉ်းမြောင်းသွားသည်။ သူရဲခိုနှင့် မျှော်စင်များ ရှိသည်။ တံတိုင်းကြီးများသည် မိုးထိမြင့်မား၏။ ဂျူရယ်သည် တဖြည်းဖြည်းနှင့် ခြေသံလုံလုံ လှမ်းလာသည်။ သူသည် မောင်းပြန်ရိုင်ဖယ်ကို ကိုင်ထား၏။ သူ့သေနတ်ကို ကုတ်အင်္ကျီအိတ်ထဲထည့်ထားသည်။ သက်ရှိသတ္တဝါ တစ်ကောင်တလေ

ဂျူရယ် ကွယ်လိုက်၏။ ကျည်ဆန်သည်သူ့ ကိုကျော်ပြီးနောက်ဘက်က ကျောက်တုံးကြီးကို ထိမှန်လွင့်စဉ်သွားသည်။ သူက ရိုင်ဖယ်ကို ပိုက်ပြီး မြေကြီးပေါ် လှိမ့်ချလိုက်သည်။

ပြီးတော့ တံတိုင်းပြိုမျှားကြားမှ လှောခနဲ ခုန်ထွက်သည်။ ဒုတိယ သေနတ်သံထွက်ပေါ်လာသည်။ ကျည်ဆန်သည်သူ့ ခေါင်းပေါ်မှ ၎ကျောက်တုံးကိုထိမှန်ပေါက်ကွဲသွားသည်။ သေနတ်သမား ကိုရှာရန် ကျောက်တုံးတေးမှ ဂျူရယ်ခေါင်းပြူကြည့်သည်။ ဘာမှမတွေ့။ လရောင်က ဝိုးတဝါး ဖြစ်နေ၏။

'ဆမ်....'

ဒိုင်ယာဒါ၏ အသံ။ နောက်ထပ်မကြားရတော့။ ပါးစပ်ကို လက်ဝါးနှင့်ပိတ်ထားပုံရသည်။ ဤနေရာတွင် ရှိနေခြင်းသည် သေနတ်ပြောင်းဝတွင် ရပ်နေခြင်းနှင့်တူ၏။ အောက်ဘက်သို့ ပြန်ဆုတ်မည်လော၊ ရှေ့တွင်ရှိသော ပေါင်းကူး ဝင်ပေါက်ပျက်ကြီးဆီသို့ ပြေးကပ်မည်လော။ သူသည် ဝမ်းနေရာမှ ခုန်ထလိုက်ပြီး ရှေ့သို့ တစ်ဟုန်ထိုး ပြေးသွားသည်။

နောက်ထပ် ကျည်ဆန်တစ်စေတာင့်သည် သူ့ကို ဖြတ်၍ကျော်သွားပြန်သည်။ သူသည်အဆောက်အဦးပျက်မျှားအကြား အမှောင်ရိပ်တစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းလာ၏။

ပေါင်းကူးဝင်ပေါက်ပျက်ကြီးဆီသို့ ပြေးကပ်၏။ ကျောက်တုံးပြိုမျှား၏ အေးစက်သော အထိအတွေ့ကို ခံစားလိုက်ရသည်။ လင်းတစ်လှည့် မှောင်တစ်ခါဖြင့် မိုးသားမျှားက ရွေ့လျားနေသည်။

'ဂျက်....'

ဂျူရယ့်အသံဆည်အဆောက်အဦးပျက်မျှားအကြားပဲ့တင်ထပ်သွား၏။ သူ ဂျက်တောဘုတ်ကိုစောင့်ကြည့်နေ၏။ နောက်ပြီး သူ့နောက်ဘက်လမ်းဆီသို့ လှည့်လိုက်၏။

ဟိုး....ရှေးအခါက ဤကျွန်းတစ်ကျွန်းလုံးနှင့် ပင်လယ်မြင့်၏ရန်သူကို ဤနေရာမှ စောင့်၍ တိုက်ထုတ်ခဲ့၏။ ခုခံ ကာကွယ်ခဲ့၏။

ထိုတိုက်ပွဲမျှားတွင်သေဆုံးခဲ့သူမျှား၏ဝိညာဉ်မျှားသည်နောက်ထပ် သွေးထွက်သံယိုမှုမျှားကို စောင့်မျော်နေကြသည်။

'ဒိုင်ယာဒါ'

ဂျူရယ်က အသံသဲ့သဲ့ဖြင့် ခေါ်ကြည့်လိုက်သည်။

သူ့ဘယ်ဘက်ဆီမှ ဖိနပ်သံနှင့်အတူ ဆဲရေးတိုင်းထွာသံကို ကြားလိုက်သည်။

နောက်ထပ် ခြေသံမျှား ထွက်ပေါ်လာသည်။ ကျောက်တုံးမျှား ပြန့်ကျဲနေသော ရှေးခေတ်ပေါင်းကူးမုခ်ပေါက်အောက်သို့ ဂျူရယ် ခုန်ကူးလိုက်၏။

အမှောင်ရိပ်ခိုပြီး ရပ်လိုက်သည်။ သူ့ရှေ့တွင် တံတိုင်းပျက်ကြီးတစ်ခုရှိ၏။ စပျစ်ပင်မျှား နှံ့ယှက်နေသည်။ လရောင်အောက်တွင် မှုန်ဝါးဝါး မြင်ရ၏။ တစ်ဖက်တွင် အတွင်းဘက်သို့ဝင်သော တံခါးပေါက်ပျက်မျှားရှိသည်။ တံခါးပေါက်ဘစ်ခုမှခြေသံကြားရ၏။ ဂျူရယ်လှည့်လိုက်သည်။

'ဂျူရယ်'

မှကောင်းဆိုးဝါးအော်သံပမာ တောဘုတ်၏ ခေါ်သံကို ကြားရသည်။

'ဒိုင်ယာဒါ့ခေါင်းကို သေနတ်နဲ့တေ့ထားတယ်၊ ခင်ဗျား အဲဒီနေရာကမလှုပ်နဲ့၊ ကျုပ်ပစ်ထည့်လိုက်မယ်'

'ရတယ်'

ဂျူရယ်က ပြန်ဖြေလိုက်သည်။

'ခင်ဗျား သနားလာရာထာလား'

တောဘုတ်က စိန်ခေါ်သံနှင့် ဟိန်းဟောက် ကြိမ်းမောင်းသည်။

'မင်းထောင်ပါသေမျိုးတွေပါ'

'ဒိုင်ယာဒါနဲ့ အလဲအလှယ်လုပ်ဖို့ ခင်ဗျားမှာ ဘာပါလဲ'

'ဒွန် ပန်းချီကားတွေရပြီ'

ဂျူရယ်က အသံမြှင့်ပြောလိုက်သည်။

'ခင်ဗျားနဲ့အတူ ပါလာသလား'
'မပါဘူး၊ ရှိတဲ့နေရာကို ငါသိတယ်'
'ဆီဇာ ဘယ်မှာလဲ'
'မင်းလိုပဲ ငါ လိုက်ရှာနေတယ်'

ဂျူရယ်သည် တောဘွတ်၏အသံလာရာတက်သို့ မှန်းဆမ်
သေး။ အသံတွေက အဆောက်အဦးပျက်ကြီးများကြားတွင် ပဲ
ထပ်နေ၏။ ဒိုင်ယာဒါ့အတွက် စိုးရိမ်သည်။ ဒိုင်ယာဒါ့အ
နောက်ထပ်မကြားရတော့။ သူ့ကိုမအော်နိုင်အောင် ရိုက်နှက်ထ
ပြီလော၊ ဒါ့ထက် ဆိုးဆိုးဝါးဝါး လုပ်ထားပြီလော။ သူ့အ
မကြားရတော့။
'ဒိုင်ယာဒါ၊ ကိုယ်ခေါ်တာ ကြားလား'
ဂျူရယ်က ခေါ်ကြည့်လိုက်ပြန်သည်။ တောဘွတ်၏ တ
ဟားရယ်သံသည် ပဲ့ဘင်ထပ်သွား၏။
'သူ့ပါးစပ်ကို ပိတ်ထားတယ်၊ သေနတ်နဲ့ တေ့ထား
'သူ့ကို စကားပြောခွင့်ပေးလိုက်ပါ'
'မပေးနိုင်ဘူး၊ ပန်းချီကားတွေ ဘယ်မှာလဲ'
'မိန်းကလေးကို အရင်လွှတ်လိုက်'
'ဈေးစကားပြောနေဖို့ အချိန်မရှိဘူး၊ ပန်းချီကား
ဘယ်မှာလဲ'
'မဟုတ်ဘူး'
'ဘယ်သူ့ဆီမှာလဲ'
'အမျိုးသမီးနဲ့ တွေ့ခွင့်ပေးပါ'
'ခင်ဗျား မောင်းပြန်ရိုင်ဖယ်ချလိုက်'

ဂျူရယ်သည် အပိုလီယို၏ရိုင်ဖယ်ကို အသံကြားလော
အောင် ကျောက်ပြားပေါ်သို့ ပစ်ချလိုက်၏။ ညာဘက်ထံ
ပေါက်ပျက်မှ တောဘွတ်အသံ ထွက်လာသည်ကို အသေ
သီရသည်။

တောဘွတ်က သူ့ကိုအသေပစ်လိမ့်မည်ဟုထင်၏။ သူ့တွင်
ကုတ်အင်္ကျီအိတ်ထဲ၌ ပိုင့် (၃၈)သေနတ်တစ်လက် ရှိသေးသည်။
သို့သော် ဒိုင်ယာဒါအတွက် အသက်ပေးစောင့်ရမည်။
'ဒိုင်ယာဒါ'
ဂျူရယ် ထပ်ခေါ်လိုက်ပြန်သည်။
'ဆမ်၊ မောင်ပြန်ပါ'
ဒိုင်ယာဒါက ထိတ်လန့်ချောက်ချားစွာ အော်ပြောလိုက်
သည်။
ဝင်ပေါက်အတွင်း အမှောင်ထဲတွင် ဘာတွေဖြစ်သည်မသိ။
ဖိနပ်သံကို သူ့နောက်မှကြားလိုက်သည်။ မီးတောင်ဟောင်းမှ
ရေပူစမ်းသည် ရေငွေများ တထောင်းထောင်းထွက်နေသည်။
တစ်ကြိမ်နှင့် တစ်ကြိမ်အကြား ငြိမ်သက်နေ၏။ ရေငွေများကို
အကာအကွယ်ယူပြီး တောဘွတ်လှုပ်ရှားနေသည်။
ဂျူရယ်သည် လှစ်ခနဲခုန်လိုက်သည်။ ရေပူစမ်းနောက်သို့
တောဘွတ်က ဒိုင်ယာဒါအား အတင်းဆွဲခေါ်သွား၏။ ဒိုင်ယာ
ဒါက အော်ဟစ်သည်။ တောဘွတ်၏ ဆဲဆိုကြိမ်းမောင်းသံများ
ပဲ့တင်ထပ်သွားပြန်သည်။

ဂျူရယ်သည် တောဘွတ်ထံသို့ တစ်ဟုန်ထိုးခုန်ဝင်လိုက်ပြီး
သူ့ဗိုက်ကို တအား ထိုးထည့်လိုက်၏။ သေနတ်ကိုင်ထားသော
တောဘွတ်၏လက်ကို ချိုးလိမ်ဖမ်းချုပ်ထားသည်။

လျှင်တစ်ပြက်အတွင်း လှုပ်ရှားရှုပ်ထွေးသွားသည်။ ဘုရား
ပြို ကျောင်းပျက်များကြားရှိ ရေပူစမ်းမှ ကန့်ငွေများသည်
ဂျူရယ်အား အသက်ရှူ ကျပ်သွားစေသည်။ တောဘွတ်က
သေနတ်ကိုင်ထားသော သူ့လက်ကို အတင်းရှန်း၏။ ထိုအခိုက်
အတွင်းဘက် အုတ်ပျက်ပုံကြီးဘေးရှိ တွင်းပေါက်ဘစ်ခုမှ ကန့်
ငွေများ ဝုန်းခနဲထွက်လာသည်။ ဂျူရယ်နှင့် တောဘွတ်တို့နှစ်ဦး
လုံးကို ရေနွေးငွေများ ဖုံးအုပ်သွား၏။

လုံးထွေးပြီး ဝင်ပေါက်အပြင်ဘက်တွင် စုံနှံးခနဲ လဲကျသွားကြသည်။ နှစ်ဦးလုံး ကျောက်တုံး အကျိုးအပဲ့များပေါ် လိမ့်၍ ပါသွားကြသည်။ အောက်တက် ခြေသွားလမ်းထိပ်မှ ကျောက်တန်းကြီးနှင့်တိုက်မိပြီး ရပ်သွား၏။

တောဘွတ်သည် ဂျူရယ်ကိုယ်ပေါ် ပစ်ကျသွားသည်။ ဂျူရယ်က တောဘွတ်၏သေနတ်ကိုင်လက်ကို ဆင်းတင်းဆုပ်ထားလျက်ရှိ၏။ ဂျူရယ့်ပခုံးနှင့် ခေါင်းသည် တောင်စောင်းတွင် တဲ့လောင်းဖြစ်နေသည်။ အောက်ခြေလွှတ်ပြီး လေဟာပြင်ထဲ ရောက်နေ၏။ ကိုယ်ကိုလိမ့်တွန့်ပြီး ဘေးသို့ စောင်းငဲ့ကြည့်သည်။ တောဘွတ်က သူ့အား ရဲရဲချောက်ကြီးထဲသို့ တွန်းချ၏။ ပေ ၃၀၀ ကျော်နက်ရှိုင်းသော ချောက်ကမ်းပါးကြီးက သေမင်း အော်သံခေါ်နေသည်။ တောဘွတ်သည် တွန်းချရန် အားကုန် လှုပ်ရှားကြိုးပမ်း၏။

'ခင်ဗျား သေပေတော့၊ ချောက်ကြီးထဲမှာ တရိုးတခြား အသားတခြားဖြစ်မယ်'

ဂျူရယ်က တောဘွတ်၏ကိုယ်လုံးကြီးကို အားကုန်ဆောင့် တွန်း၏။ တောဘွတ်သည် ကျောက်တန်းကို လက်တစ်ဖက်က အားပြုကိုင်ထားသည်။ ဂျူရယ့်ကိုယ်တစ်ဝက်နီးပါး ချောက်ထဲ သို့ရောက်နေပြီး တောဘွတ်၏ ကိုယ်လုံးကြီးအောက်မှ သူ့ခြေ ထောက်တစ်ဖက်ကို ဆွဲထုတ်လိုက်ပြီး ကျောကုန်းကြီးကို ဖိနှိပ် ဖနောင့်ခွာဖြင့် ဆောင့်ကန်ချလိုက်၏။ သေနတ်ကိုင်ထားသော တောဘွတ်လက်ကို ကျောက်တန်းနှင့် ပစ်ရိုက်လိုက်သည်။ တော ဘွတ်၏လက်ခုံရိုး အက်သွား၏။ တောဘွတ် အော်ဟစ်ကြိမ်းဝါး ဆဲဆိုသည်။

'ဘယ်မှာလဲ ပန်းချီကားတွေ၊ မပြော့ရင် မင်းကိုငါသတ် မယ်....'

တောဘွတ်သည် အရိုးကွဲသွားသော လက်ခုံမှဒဏ်ရာကို ဂရုမစိုက်။ ပန်းချီကားများရလိုစေဖြင့် ဒေါသကြီးနေသည်။

သို့သော် သေနတ်ကို တင်းတင်းမဆုပ်ကိုင်နိုင်တော့။ ဂျူရယ်က တောဘွတ်၏ သေနတ်ကိုင်ထားသောလက်ကို ဖမ်းချုပ်ထား၏။ တောဘွတ်အား ဘတစ်ပြန်ကျားတစ်ပြန် ချောက်ထဲတွန်းချရန် ကြိုးပမ်းသည်။ သို့သော် တောဘွတ်က အကောင်ကြီးသည်။ အင်အားကြီးသည်။ သူ့ကိုယ်လုံးကြီးဖြင့် အပေါ်မှဖိထားသဖြင့် ဂျူရယ် အသက်ရှူခက်နေ၏။

တိမ်တိုက်များက လကိုဖုံးအုပ်သွားသည်။ ရုတ်တရက် မှောင်မိုက်သွား၏။ ဂျူရယ်သည် တောဘွတ်ကို နောက်တစ်ကြိမ် ကျောက်တုံးနှင့် ဆောင့်ရိုက်လိုက်သည်။ တောဘွတ်က ကြိမ်းဝါး ဆဲဆိုပြန်သည်။ လေအုတိုက်တွင် ကန့်ငွေ့များက တောဘွတ်မျက်နှာကို ပက်ဖျန်းလိုက်သည်။ သူ့လက်မှသေနတ် ရုတ်တရက်လွတ် သွား၏။

တောဘွတ်ပြာသွားပြီး ထိတ်လန့်တကြား နောက်ဘက်သို့ လှန်ချလိုက်သည်။ ဂျူရယ့်လက်ထဲ သေနတ်ရောက်သွား၏။ တော ဘွတ် ထရပ်လိုက်သည်။ သူ့ခြေထောက်ကို ဆန့်ထုတ်လိုက်ပြီး ဂျူရယ့်ကိုချောက်ထဲကန်ချရန် လှုပ်ရှား၏။ ဂျူရယ် ဘေးသို့လှိမ့် ရှောင်လိုက်သည်။ တစ်ပြိုင်တည်းတွင် သေနတ်ကို ဆုပ်ကိုင်ပြီး ထလိုက်၏။

တောဘွတ်သည် နောက်သို့ခုန်ဆုတ်လိုက်သည်။

'ခင်ဗျား မပစ်ရဲပါဘူး'

တောဘွတ်က အသံတိုးတိုးနှင့်ပြောသည်။ ဂျူရယ်သည် ဒိုစ်ယာဒါကိုရှာကြည့်၏။ ဒိုင်ယာဒါမှာ တောဘွတ်ဝှက်ထားခဲ့ သောမုခဝေါက်ကြီးဘေးတွင်ရှိနေသည်။ အတွင်းဘက် ရေပူစမ်း မှ မှုတ်ထုတ်နေသော ကန့်ငွေ့များ ရစ်ဆိုင်းသွားသည်။ ဒိုင်ယာဒါ မှာ မူလပကတိပုံမှန်အတိုင်းပင်ရှိနေသည်။

'အချစ်'

'ကျွန်မအတွက် မစိုးရိမ်ပါနဲ့'

တောဘုတ်သည် နောက်ဘက်သို့ လှမ်းခနဲ ခုန်ဆုတ်လိုက်ပြန်သည်။ သူ့အသံ မကျယ်လောင်နိုင်တော့ချေ။

'လုပ်မနေနဲ့၊ အပေးအယူစကားပဲပြော'

'အလဲအလှယ်'

'မလုပ်နိုင်ဘူး'

ဂျူရယ်က ပြန်ပြောလိုက်သည်။

'ဖရီမွန်အဖွဲ့ရှိ စာရွက်စာတမ်းနဲ့ပုံစံတွေ ကျွန်တော့်ဆီမှာရှိတယ်၊ မနက်ဖြန် ပက်(ခ)ဆက်ထဲကိုရောက်တော့မယ်၊ မီလန်မှာတွေ့ဖို့ စီစဉ်ထားတယ်၊ အဲဒီအဖွဲ့ကိုပြန်ခေါ်ဖို့နဲ့ စက်ကိရိယာတွေဖျက်ဆီးပစ်ဖို့ နှစ်ရက်ပဲ အချိန်ရတယ်၊ ခင်ဗျားအဖွဲ့သားတွေ အသတ်ခံရတော့မယ်'

'ပက်(ခ)နဲ့မင်း ဆက်သွယ်တယ်လား'

တောဘုတ်အသံသည် ဝါးတားတားဖြစ်နေသည်။

'ကျွန်တော့်အကျိုးအတွက် ဘနဖူးသိုက်တူးရမှာပဲ'

'မင်း ဘယ်ထိယုတ်မာမိုက်ကန်းမှာလဲ၊ အယ်လန်အမ်းဘရစ်ကို ရက်ရက်စက်စက်လုပ်ကြံခဲ့တယ်'

ဂျူရယ်က တည်တည်တင်းတင်းပြောသည်။

'အယ်လန်'

'မင်း သူ့ကိုသတ်ပစ်တယ်'

ဂျူရယ်က ဒိုင်ယာဒါအာက်လှည့်လိုက်၏။

'ဒီဘက်ကိုလာ'

'ဘာလဲ၊ ခင်ဗျားက ကျုပ်ကိုအပြတ်ရှင်းမှာလား'

'ဟုတ်တယ်'

'ဘယ်နည်းနဲ့လဲ'

'ငါ အဖြေမပေးနိုင်ဘူး'

တောဘုတ်ကရယ်လိုက်သည်။ သို့သော် မကြာ။ ချက်ချင်းရပ်သွားသည်။ ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်စွာ ရှေ့သို့ကြည့်နေသည်။ ဒိုင်ယာဒါက ဂျူရယ်ဘေးသို့ ရောက်လာ၏။

အယ်လန်လို တောဘုတ် အသတ်မခံရသဖြင့် စိတ်သက်သာရာရသည်။

ယခု ဂျူရယ်လိုချင်တာတွေ ရပြီ။ သူ့ဘေးမှာ ဒိုင်ယာဒါရောက်နေပြီ။ သူရှာနေသော ပန်းချီကားများက အပိုလီယို၏ စာကြည့်ခန်းထဲမှ စောင့်နေသည်။

တောဘုတ်သည် သူ့သေနတ်ပြောင်းဝရှေ့တွင် ရောက်နေပြီ။ သူ ကန့်လန့်ကာနောက်ကွယ်တွင်ရှိသော သူ့ရဲဘော်များအရေးကို တွေးမိ၏။ တောဘုတ်ကိုယုံရခက်သည်။ ရန်သူ့လက်ထဲသို့ စာရွက်စာတမ်းနှင့် ပုံစံများပေးလိုက်လျှင် ရဲဘော်များအသက်ဆုံးရှုံးရပေတော့မည်။ ဤအရေးကို တောဘုတ်သာလျှင် ဖြေရှင်းနိုင်ပေမည်။

ဂျူရယ့်အတွက် သေနတ်ခလုတ်ကိုဖြုတ်၍ မဖြစ်ပြန်တော့။ သေနတ်ကိုင်ထားသော သူ့လက်ကို အောက်သို့နှိမ့်ချလိုက်ရ၏။ သူ့နောက်ဘက်မှ အသံတစ်သံထွက်ပေါ်လာသည်။

'ဘုရားကိုသာ အာရုံပြုပေတော့ မစ္စတာဂျူရယ်'

သူ လှည့်ကြည့်လိုက်သည်။ သူ့နောက်ဘက်၌ အင်တွန် ပက်(ခ)က မားမားကြီး ရပ်နေ၏။

'အပေးအယူ စကားပြောကြရအောင်၊ ခင်ဗျားနဲ့အဆက်အသွယ်ရဖို့ ကျွန်တော် ကြိုးပမ်းခဲ့ပါတယ် တပ်မှူး ပတ်(ခ)၊ ခင်ဗျားအတွက် ပစ္စည်းတစ်ခု ကျွန်တော့်ဆီမှာရှိတယ်၊ ခင်ဗျား သိပ်သဘောကျမှာပါ'

ပတ်(ခ)၏မျက်နှာသည် ကျောက်တုံးတစ်ခုကဲ့သို့ တင်းမာပြောင်ချောနေ၏။

'အားလုံး ကျွန်တော်သိပါတယ်'

'ဒါဖြင့် အလဲအလှယ်လုပ်မယ်'

'ဖရီးမွန်အဖွဲ့ ခေါ် အမေရိကန် သူလျှိုအဖွဲ့ရဲ့ နာဗည်တွေ ခင်ဗျားလက်ထဲမှာ ရှိတယ်မဟုတ်လား'

'ဟုတ်တယ်၊ ဂျနီဗာမှာ ကျွန်တော်ရခဲ့တယ်'

'ဒီစာရွက် ရာတမ်းတွေအတွက် ခင်ဗျား အယ်လန်အမ်းဘရစ်ဆိုတဲ့ အမျိုးသမီးကို သတ်ခဲ့တယ်မဟုတ်လား'

'ဟုတ်တယ်၊ ဒါပေမယ့်....'

'ထားပါ၊ ဖရီးမွန်သူလျှိုအဖွဲ့ရဲ့ နာမည်စာရင်း ဘယ်မှာလဲ'

တောဘုတ် ရယ်လိုက်သည်။

'ခင်ဗျားကို ကျွန်တော်ပေးဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် ကျွန်တော် လိုချင်တာမရဘူး၊ ပထမဆုံး ဒွန်ပန်း ချီကားတွေ ကျွန်တော်လိုချင်တယ်၊ ဒါတွေဟာ ခင်ဗျားအတွက်လဲ အကျိုးရှိပါတယ်၊ တကယ်လို့ မနက်ဖြန်ည မှာ ဒီပစ္စည်းတွေ မင်းသားကြီး သုဝဏ္ဏဖန်လက်ထဲ မရောက်ရင် သတ္တုလုပ်ငန်း အရောင်းအဝယ်အားလုံး တစ်မျိုးတစ်ပုံ ပြောင်းလဲသွားလိမ့်မယ်'

'ဟုတ်တယ်'

ပတ်(ခ)က ခပ်ပြတ်ပြတ် ပြောလိုက်သည်။

'ဒါကြောင့် အဲဒီပန်းချီကားတွေ အမြန်ဆုံးလိုချင်တယ်'

'ငါ့ဆီမှာမရှိဘူး'

'ကျွန်တော် ရှာနိုင်တယ်၊ ကျွန် တော် ယူလာတဲ့အခါ ခင်ဗျား မနှောင့်ယှက်ရဘူး၊ ဒါတွေကိုရောင်းလိုက်ရင် ကျွန်တော့်

အခန်း (၂၂)

ကေလီယူ အဖွဲ့ဝင်ကြီးသည် ကျားကြီး တစ်ကောင်ကဲ့သို့ ခြေတစ်လှမ်းချင်း ရှေ့သို့ရွေ့လျားလာသည်။ မိုန်ချည်ထင်းချည် ရှိနေသော လရောင်အောက်တွင် တုတ်တုတ်ခိုင်ခိုင် သူ့ကိုယ်လုံးကြီးသည် စည်ပိုင်းကြီးလို လှုပ်ရှားနေ၏။ ဖားပြုပ်ကြီးလို မှိုမောက်နေသော သူ့ပါးစပ်ကြီးက ပြုံးနေသော်လည်း မျက်လုံးများက တင်းမာနေသည်။ ဆူလက်ထဲမှ သေနတ် သည် ဂျူရယ်ကို ချိန်ရွယ်ထား၏။

'ကျွန်တော်တို့အားလုံး တိတိကျကျ ပီပီပြင်ပြင် လုပ်ကြရအောင်'

ပတ်(ခ)က လေးလေးနက်နက် ပြောလိုက်သည်။

ဂျူရယ်သည် တောဘုတ်ထံမှရထားသော သေနတ်ကို ကိုင်ထားဆဲ။ သူ့နှလုံးခုန်သံ မြန်နေသည်။ ပတ်(ခ)၏ လျင်မြန်ခြင်းနှင့် ရက်စက်ခြင်းဂုဏ်ပုဒ်ကို သူကောင်းကောင်းသိသည်။ ဘာပဲဖြင်ဖြစ် ပတ်(ခ)က သေနတ်ပစ်ခတ်ဖို့ အဆင်သင့်ဖြစ်နေ၏။

ပတ်(ခ)သည် ဒိုင်ယာဒါကိုပါ ချိန်ရွယ်ထားသည်။အမျိုးသမီးသည် ဂျူရယ်အနီးသို့ တိုးကပ်လာ၏။ သူ့အနားတွင် ဒိုင်ယာဒါ ရှိနေသည့်အတွက် အားတက်ရသည်။

ဂျက်တောဘုတ်က ပတ်(ခ)အနားသို့ တိုးကပ်သွားသည်။ သူ့အသံသည် သွက်သွက်လက်လက် တက်တက်ကြွကြွ ရှိနေ၏။ သူ၏ကိုယ်ခန္ဓာကြီးသည် ပေါ့ပါးသွက်လက်နေသည်။

ဘဝ တစ်မျိုးပြောင်းသွားမယ်၊ ကျွန်တော် ဒီကျွန်းပေါ်ကနေ ပြည်မကြီးကိုပြန်ဖို့ ကူညီပါ၊ ကျွန်တော့်လက် ကျိုးသွားတယ်၊ ပန်းချီကားတွေ မရောင်းရသေးခင် သုံးဖို့ငွေလိုတယ်'

'မင်းပါးစပ် ပိတ်ထားစမ်း'

ပက်(ခ)က ဟိန်းဟောက်တားမြစ်လိုက်သည်။

'ဘာ....တယ်'

'မင်း စကားသိပ်များတယ်၊ ဒီမှာ သေနတ်၊ အသက်ပျောက်သွားမယ်'

ပက်(ခ)က ဂျူရယ်ဘက်သို့ လှည့်လိုက်၏။

'ဒီမှာ မစ္စတာဂျူရယ်၊ ခင်ဗျားဟာ လူကြီးလူကောင်းတစ်ယောက်ပါ၊ ဒီကောင်က လူ့အန္တ၊ ကျေးဇူးပြုပြီး ခင်ဗျားလက်နက်ကို အခုချလိုက်ပါ'

ဂျူရယ်သည် တောဘွတ်ထံမှရယူသားသော သေနတ်ကို လွှတ်ချလိုက်သည်။ ကျောက်ပြားပေါ်၌ ချမ်းခန့်မြည်သွား၏။ တောဘွတ်က သေနတ်ကို ကောက်ယူရန် ကိုယ်ကို ညွှတ်လိုက်ပြီး ပက်(ခ)ကို ကြည့်လိုက်သည်။ သူ မယူရဲတော့။ ထိုနေရာမှာပင်တားလိုက်သည်။

ဂျူရယ်က အခြေအနေကို စောင့်ကြည့်နေသည်။ သူပိုင်ပို့ဝင် ၃၀ သေနတ်က သူ့အိတ်ထဲတွင် ရှိနေသေးသည်။ ဂျူရယ်က ကေဂျီယူသူလျှိုကြီးကို သတိပေးစကားပြောကြား၏။

'ခင်ဗျား ဘာမှလုပ်လို့မရဘူး ပက်(ခ)၊ ဒီကျွန်းပေါ်က ထွက်သွားလို့မရဘူး၊ ခင်ဗျား တောဘွတ်ကို ဘယ်လိုမှအကူအညီ မပေးနိုင်ဘူး၊ ခင်ဗျားကိုယ်တိုင် ဘာမှအဓိပ္ပာယ်မရှိဘူး၊ အပိုလီယိုက ဒီကျွန်းတစ်ကျွန်းလုံးကို အုပ်ချုပ်ထားတယ်၊ အိုင်ဆိုလာဖီလီဘာနိုကျွန်းမှာရှိတဲ့ လှေသင်္တောတွေ အားလုံး ထွက်ခွာခွင့်မပြုတော့ဘူး၊ ခင်ဗျားတို့ ထောင်ချောက်မိနေပြီ'

ပက်(ခ)က ပြုံးရယ်လိုက်သည်။

'ကျွန်တော် အပိုလီယိုကို လမ်းမှာတွေ့ခဲ့တယ်၊ သူဒဏ်ရာရထားတယ်၊ ပဒေသရာဇ် သြဇာအာဏာတွေကို သုံးလို့မရတော့ပါဘူး'

ပက်(ခ) မျက်နှာကြီးတစ်ခုလုံး ဘေးသို့ကားထွက်သွားအောင် ဟားတိုက်ရယ်မောလိုက်သည်။

'ကျွန်တော် သူ့ကို မသတ်ခဲ့ပါဘူး၊ ခင်ဗျား သူ့အတွက် ကျွန်တော် စိုးရိမ်တယ်'

'အခုလို ဓနရှင် ယဉ်ကျေးမှုရှိတဲ့သူနဲ့ တွေ့ရတာ အလွန်ကံကောင်းပါတယ်၊ ကျွန်တော်တို့ဟာ ဇန်သူတွေဖြစ်ကြပေမယ့် ဂျနီဗာမှာ မိတ်ဆွေတွေလို ဆက်ဆံခဲ့ကြပါတယ်၊ ပါရီကိုသွားဖို့ပဲ ကျွန်တော် အကြံပေးခဲ့တယ်၊ ခင်ဗျားက မပြန်ချင်ဘူး၊ အဲ့ဒီအကျိုးဆက်ကို ခင်ဗျားနဲ့ ခင်ဗျားအမျိုးသမီး တန်ပြန်ခံစားရမယ်၊ ဒါပဲ'

'ဒိုင်ယာဒါကို ဒီကိစ္စထဲ ဆွဲမထည့်ပါနဲ့၊ သူဘာမှမသိဘူး၊ ဒါ သူ့အလုပ်မဟုတ်ဘူး'

ဂျူရယ်က တည်ဘည်ငြိမ်ငြိမ် ပြန်ပြောသည်။

'ခင်ဗျား ဘာကြောင့် သူ့အတွက် စိုးရိမ်နေရတာလဲ'

ပက်(ခ)သည် တောဘွတ်ဘက် လှည့်လိုက်၏။

'မင်း တင်ပြတာကို ငါလက်ခံတယ် တောဘွတ်၊ မင်းပန်းချီကားတွေကို ရသင့်တယ်၊ အပိုလီယိုရဲ့ အိမ်တော်ကြီးထဲမှာရှိတယ်လို့ ငါယုံကြည်တယ်၊ မင်းသားကြီး သုဝဏ္ဏဖန်က အမေရိကန်တွေကို စိတ်ပျက်သွားစေတဲ့ ပန်းချီကားတွေကို ငါစိတ်ဝင်စားတယ်၊ ငါ အချက်တစ်ချက်ပဲ တောင်းဆိုမယ်၊ မနက်ဖြန် နေဝင်တဲ့ အချိန်အထိ ဒီကျွန်းပေါ်မှာ ရှိနေကြဖို့ပဲ၊ ငါ့ရဲ့မင်းကြီး ပေးတဲ့ ရာဇသံအချိန် ကုန်ဆုံးတဲ့အထိပေါ့၊ ပန်းချီကားတွေသုဝဏ္ဏဖန်လက်ထဲ ပြန်မရောက်ရင် ဂျနီဗာမှာ ငါတို့ရဲ့သတ္တုလုပ်ငန်းစာချုပ်ချုပ်ဖြစ်လိမ့်မယ်၊ ငါတို့အောင်နိုင်မယ်၊ ငါတို့ အတတ်ပညာရှင်တွေကို သူ့နိုင်ငံအတွင်း ဝင်ခွင့်ပြုလိမ့်မယ်'

'ခါဟာ အပေးအယူပဲ'

တောဘုတ်က အသံအက်ကွဲကွဲနှင့် ဆန္ဒပြုလိုက်ပြီး ဂျူရယ့်ဘက် လှည့်လိုက်၏။

'ဒီလူကို သတ်မယ်၊ ကျွန်တော်ကိုယ်တိုင် သတ်မယ်'

'မိန်းကလေးကိုကော'

ပက်(ခ)က ကြားဖြတ်မေးသည်။

'သူ့ကိုလဲ နှုတ်ပိတ်ရမယ်'

'ဒါမင်းအတွက် ထမင်းစားရေသောက်ပါ'

'စ့်မယ်'

'မင်းကို ငါပြောစရာတစ်ခု ကျန်သေးတယ် တောဘုတ်၊ ပန်းချီကားတွေကို မင်းဆီက ငါတို့ဝယ်မယ်၊ တန်ဖိုးငွေကို ဆုစ်ဘဏ်မှာ စာရင်းဖွင့်ပေးမယ်၊ မင်း ကြိုက်တဲ့ကြေး ပြော၊ တစ်ခါတည်း ငွေချေမယ်၊ တစ်လလောက် ကြာတဲ့အခါမှာတော့ သုဝဏ္ဏဖန်ရဲ့ အမွေအနှစ် ပန်းချီကားတွေကို ငါတို့ တွေ့ရှိဖမ်းဆီးရလို့ ပြန်ပို့ဘယ်ဆိုပြီး မင်းသားကြီးဆီ ပြန်ပို့လိုက်မယ်၊ အဲ့ဒီအချိန်မှာ ငါတို့ ပိုအလုပ်ဖြစ်မယ်၊ သိပ်ပြီး ကျေးဇူးတင်သွားမယ်၊ ငါတို့ချက် တွေက အမေရိကန်အဖေါ် အောင်ပွဲဆက်ခံမယ်၊ ကဲ....ဘယ်တော့ အလုပ်စ့်မလဲ'

'နှစ်ဖက်လုံ အလုပ်လား'

တောဘုတ်က ပြန်မေးသည်။

'ကျွန်တော့်ဘက်က မသေချာဘူး'

'မင်းနိုင်ငံ မင်းချစ်နေတုန်းပလား၊ သူတို့ကမင်းကိုနှိမ့်ချကြတယ်၊ ဝိုင်းပယ်ကြတယ်၊ မင်းရဲ့တိုးတက်မှုအခွင့်အရေးတွေကို ငြင်းဆိုကြတယ်'

တောဘုတ်က နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ပြီး ခပ်ပြတ်ပြတ် ပြော၏။

'ကျွန်တော့်နိုင်ငံကိုပဲ ကြိုက်တယ်'

'ကောင်းပြီလေ၊ ဒီအကြောင်းနောက်မှပြောကြတာပေါ့၊ အခု ဖရီးမွန်အဖွဲ့ကလူတွေရဲ့ နာမည်စာရင်းကို လိုချင်တယ်၊ ဘယ်လို ရှယ်ပြောင်းရွှပ်လဲ လုပ်ထားတယ်ဆိုတာကို သိချင်တယ်၊ ဒီနေ့ အယ်လန်အမ်းဘရစ်ညက ယူသားတဲ့ စာရွက်စာတမ်းနဲ့ပုံစံတွေ ပေးပါ'

'လွယ်လွယ်နဲ့ မရဘူး၊ တန်ဖိုးကြီးတယ်'

'ဖြစ်ရမှာပေါ့၊ မင်းရဲ့ အသက်ထက်တော့ တန်ဖိုး မရှိပါဘူး'

'ခင်ဗျား ကျွန်တော့်ကို မသတ်ရဘူး'

တောဘုတ်က တောင်းဆိုသည်။

'ထားပါလေ၊ နာမည်တွေ လိုချင်တယ်'

'မီလန်မှာ ရှိတယ်၊ခင်ဗျားနဲ့ကျွန်တော် သိုးသန့်ဆွေးနွေးမယ်'

'ဒီမှာ တောဘုတ်၊ မလိမ့်တစ်ပတ် မလုပ်နဲ့၊ မီလန်မှာ မရှိဘူး၊ မှင်း ဂျနီဗာ အယ်လန်ရဲ့အိမ်ကထွက်လာပြီး တစ်လျှောက်လုံး မရပ်မနားလှုပ်ရှားခဲ့တယ်၊ လေယာဉ်ကွင်းကို သွားတယ်၊ မီလန်နဲ့ နယ်ပယ်မှာ မွေ့တယ်၊နောက်တယ်၊နောက်ပြီး ဒီကျွန်းပေါ် ရောက်လာတယ်၊ စာတိုက်ကို ဝင်ပို့ အချိန်မရခဲ့ဘူး၊ တစ်ယောက်ယျောက်ကိုပေးဖို့ အကြောင်း မရှိခဲ့ဘူး၊ ဖုန်းထားဖို့ လုံခြုံတဲ့ နေရာ မရှိခဲ့ဘူး၊ မှင်း ကိုယ်ပေါ်မှာပဲ ရှိတယ်၊ ငါ့ကို ပေးပါ'

'ကျွန်တော်....'

'ဟော့ကောင်....ကလိမ်ကကျိစ်မလုပ်နဲ့'

ပက်(ခ)၏အသွင် ပြောင်းသွားသည်။ စည်ပိုင်းကြီးနှင့်တူသော ကိုယ်လုံးကြီးသည် သံမဏိတုံးကြီး ဖြစ်သွားသည်။

ငွေလမင်းသည် တိမ်တိုက်ကြားမှထွက်လာသည်။ကျောက်ဘုံဝိုင်း ပျက်တန်းနှင့် အဆောက်အဦးအပျက်အစီးများအကြား မှ ကွက်လပ်ကလေးပေါ်တွင် လရောင်လင်းနေသည်။ အောက်

ဘက် ဟိုးအဝေး ပင်လယ်ကမ်းခြေဆီမှလှိုင်းပုတ်သံများကိုကြား နေရ၏။

ဂျူရယ့်ရင်ထဲ၌ နှလုံးခုန် မြန်နေသည်။ ပက်(ခ)သည် တောဘုတ်ကို အတိအကျ ကိုင်လိမ့်မည်ဟု သူသိသည်။သူနှင့် ဒိုင်ယာဒါကိုလည်း ပက်(ခ) သတ်လိမ့်မည်။ကေဂျီယူက အမေရိကန် တစ်ယောက် ဖြစ်သည့် တောဘုတ်ကို တကယ်အသုံးချလိမ့်မည် မဟုတ်။ သူ့ကိုမယုံကြည်။

ဂျူရယ့်တွင်မိမိကိုယ်ပိုင် သေနတ်ရှိနေသေးသည်။ပက်(ခ) ကို အာရုံပြောင်းရန် အတွက် တောဘုတ်ထံမှ ရထားသည်။ သေနတ်ကို လှုတ်ချပြထား၏။ သူတို့ လှုတ်မြောက်ရေးအတွက် အခြားအားထားစရာ အခွင့်အရေး တစ်ခုကျန်နေသေးသည်။

အမျောင်ရိပ်မှ ဆီဇာ လျှောက်လာနေသည်ကို ဖျတ်ခနဲ ဂျူရယ် တွေ့လိုက်သည်။ ဆီဇာသည် ခံတပ်ပျက်ကြီးဆီသို့ တစ်ဖြေး ဖြေး လှမ်းလာနေ၏။

ဆီဇာ့ကို သေနတ်နှင့် ပစ်လိုက်သည်ဟု နယ်စားကြီးက ပြောခဲ့သော်လည်း ဆီဇာသည် ပေါ့ပါးသွက်လက်စွာလှုပ်ရှားနေ၏။ အမျောင်ရိပ်တစ်ခုမှ တစ်ခုသို့ ကျော်ဖြတ်နေသည်။အဆောက် အဦးပျက်များ ကွယ်နေသဖြင့် သူလာနေသောဘက်ကို ဂျူရယ်မှ တစ်ပါး မည်သူမှမမြင်နိုင်ချေ။

တောဘုတ်သည် သေတ္တင်းနှုတ်ခမ်းဝတွင် ဈေးစကား ပြောနေ၏။ ဆီဇာ ရပ်လိုက်သည်။ ဝမ်းဗိုက်ပေါ်မှလက်ကို ဖယ်လိုက်ပြီး သေနတ်ကို မှတင်လိုက်၏။ ဘယ်သူမှ မမြင်ကြ။

သေနတ်သံ ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ သူ့ကိုယ်ပေါ်တွင် စာရွက်စာတမ်းနှင့် ပုံစံများများ မရှိကြောင်း ကာကွယ်ပြောဆိုသည့် လူထွားကြီး တောဘုတ်၏ နဖူးတည့်တည့်ကို သေနတ်ကျည်ဆန် ဖောက်ဝင်သွားပြီး ဦးခေါင်းခွံ ပွင့်ထွက် သွားသည်။

သွေးများ၊ ဦးခေါင်းခွံများနှင့် ဦးနှောက်များ နောက် ဘက် ကျောက်နံရံပေါ် ပြန့်ကျဲသွားသည်။ ဖွင့်ခန့်ပင်လျှင်

သည် ဒိုင်ယာဒါအား ပစ်ကွင်းမှလွတ်ရန် ဘေးသို့ ဆွဲဖယ်လိုက် ၏။ ပြီးတော့ မြေကြီးပေါ်သို့ လှဲချလိုက်သည်။ တစ်ချိန်တည်း မှာပင် လက်တစ်ဖက်သည် အိတ်ထဲမှသေနတ်ကို လျှပ်ပြက်သလို ဆွဲထုတ်လိုက်၏။

သို့သော် ပက်(ခ)က သူ့ထက် နှာတစ်ဖျား သာသည်။ ပက်(ခ)သည် သူ့ကိုယ်လုံးကြီးကို ခါးလိမ်လှည့်ကာ ဆီဇာ့အား သုံးချက်တိတိ ဆက်ပစ်လိုက်သည်။ဂျူရယ့်ခေါင်းထဲအတွေးတစ်ခု ချက်ချင်းဝင်လာ၏။

ပက်(ခ) ပစ်လိုက်သော ကျည်ဆန်များသည် ပစ်မှတ်ကို တည့်တည့် ထိမှန်ကြ၏။ ဆီဇာသည် ဒယီးဒယိုင်ဖြင့် သူတို့ဆီ လျှောက်လာသည်။ ကျောက်တုံးကြီးတစ်ခုကိုတိုက်ပြီးလဲကျသွား ၏။ သူ့လက်သည်းက သေနတ်မောင်းခလုတ်ကို ဆွဲသည်။သေနတ် သံများ ဆက်ကာဆက်ကာ ထွက်ပေါ်လာ၏။ ကျည်ဆန်များ နေရာအနှံ့အပြားသို့ ထိမှန်လွင့်စဉ် ပေါက်ကွဲသည်။

ဂျူရယ်က ပက်(ခ)အား အော်ဟစ်သတိပေး၏။ပက်(ခ) သည် ဂရုမထား။ သေနတ်ကို မြှောက်လိုက်သည်။ သည်တစ်ခါ ဂျူရယ်က သူ့ထက်မြန်၏။ နှာတစ်ဖျားအသာဖြင့် ပြန်ပစ်သည်။ မလွဲသာမရှောင်သာ ဆုံးဖြတ်ချက်ချလိုက်ရသည်။ သူက တစ်ချက် တည်းသာ ပစ်လိုက်သည်။ နောက်ထပ်ပစ်ရန်မလိုတော့။

ပွဲတင်ထပ်နေသော သေနတ်သံများမှာ တောင်ကြားများ နှင့် အဆောက်အဦး အပျက်အစီးများကြားတွင် အချိန်အတော် ကြာ ပေါက်ကွဲပြန့်လွင့်နေသည်။ထို့နောက် ပင်လယ်ရေလှိုင်းသံမှ အပ တိတ်ဆိတ်ငြိမ်သက်သွားတော့၏။

ဂျူရယ်သည် သူ့သေနတ်ကိုအောက်တက်သို့ နှိမ့်ချလိုက် သည်။

'ဒိုင်ယာဒါ'

ဒိုင်ယာဒါက....

'ကျန်မ အန္တရာယ်ကင်းပါတယ် ဆမ်'

ကျူရယ့်ကို ဒီဝင်ယာဒါလှည့်မကြည့်တော့၊ ချာခနဲလှည့်ပြီး လေယာဉ်ကြီးပေါ် တက်သော ပိုက်ပြန်ကြီးထဲ ဝင်ရောက်ပျောက်ကွယ်သွားသည်။

မကြာ။ လေယာဉ်ကွင်းကြီးထဲမှ ပီအေအေဂျက်လေယာဉ်ကြီး အရှိန်ယူပုံတက် ထွက်ခွာသွားသည်။

ဟိုအဝေး မိုးတိမ်ထဲတွင် လေယာဉ်ကြီးပျောက်ကွယ်သွားသည်ထိ ဆမ်ကျူရယ် ငေးမျော်ကြည့်နေ၏။ ကျောက်ရုပ်လို ရပ်ကျန်ရစ်သည်။

'ထောက်လှမ်းရေး တာဝန်ဝတ္တရားတွေထဲမှာပဲ မောင့်ကို နေ့ရစ်ခွင့် ပြုပါဦး အချစ်ရယ်'

'သူးလေဦးတော့....အချစ်'

ဆမ်ကျူရယ်ရင်ထဲ ဘာမှမကျန်တော့။

ဟာကျန်ရစ်သည်။ နာကျန်ရစ်၏။

ဖြီးပါပြီ။

အောင်ကျော်ကျော်

လေသံသဲ့သဲ့ဖြင့် ပြန်ပြောသည်။ သူက ကျောက်တန်
အနီး ခြေသွားလမ်းပေါ်ရောက်နေသည်။ သူ ထ၍ ရပ်လိုက်
အနည်းငယ် တုန်လှုပ်နေသည်။

'ဒီလိုအဖြစ်မျိုးနဲ့ ကြုံရလိမ့်မယ်လို့ ဘယ်တုန်းကမှ ကျွန်
မမျှော်လင့်ခဲ့မိဘူး'

'ဒါတွေကို စဉ်းစားမနေနဲ့တော့ အချစ်'

'ကျွန်မ တုန်လှုပ်တယ်၊ ချောက်ချားတယ်၊ စိတ်ထိခိုက်
တယ်'

ဂျူရယ်သည် ဒိုင်ယာဒါအား ထားခဲ့ပြီး အင်တွန်ပက်(ခ)
ဆီသို့ လျှောက်သွား၏။ ပက်(ခ)သေနေပြီ။ ဆီဇာ့ထံသို့လျှောက်
သွားပြီး သူ့ဘေးတွင် ဒူးထောက်ထိုင်လိုက်သည်။ ဆီဇာ့ မျက်နှာ
သည် အဆီပြန် ပြောင်လက်နေသည်။ သူ့ဝမ်းဗိုက်ပေါ်တွင်သွေး
များ စိုရွှဲနေ၏။ ညာဘက်အဆုတ်မှ ယိုစီးကျနေသည်။

'ကျွန်တော် သေရတော့မယ်'

ဆီဇာက အသံတိုးတိုးဖြင့် တစ်လုံးချင်းပြောသည်။

'ပထမဆုံးအပို ယို၊ နောက် ဒီလူကကျွန်တော့် ကိုပစ်သတ်
တယ်'

ကြမ္မာရဟတ်ဟာ တစ်ပတ်လည်တတ်ပါတယ် ဆီဇာ'

ဂျူရယ်က တရားပြနှစ်သိမ့်၏။

မကြာ။ ဆီဇာ ငြိမ်သက်သွား၏။ အသက်ထွက်သွားသည်
ဖြစ်ရပ်အားလုံးက စိတ်မကောင်းနိုင်စရာပင်။ လောဘ၊ ဒေါ
မာန်မာနနှင့် အာဃာတတရားတို့၏သားကောင်များ အားလုံး
ဇာတ်သိမ်းမလုကြချေ။

ဂျူရယ်အတွက် အချိန်မရ။ သတ်မှတ်ထားသော ရက်
နက်ဖြန်ညသည် နောက်ဆုံး။ ဆီဇာ့အလောင်းဘေးမှ တစ်ဆင့်
တောဘွတ်လ်ကျ အသက်ပျောက်နေရာသို့ ခုန်ပျံကျော်လွှားရောက်
ရှိသွားသည်။

တောဘွတ်၏ ခန္ဓာကိုယ်ပေါ်မှ ဝတ်စုံများအတွင်း လှန်
လှော ရှာဖွေ၏။ ဂျူရယ်တွက်ထားသည့်အတိုင်းပင်။ တောဘွတ်

၏ အောက်ခံအတွင်းအိတ်ထဲမှ ဖရီမွန် အမေရိကန်သူလျှိအဖွဲ့၏
စာရွက်စာတမ်းများနှင့်ပုံစံများကိုပြည့်ပြည့်စုံစုံ ပြန်လည်သိမ်းဆီး
ရရှိသည်။

ဂျူရယ် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်၏။ ဘယ်သူ့ကို
မှ ငွဲညှာထောက်ထားပြီး အချိန်ကုန်မခံနိုင်တော့။ ဒိုင်ယာဒါ့ထံ
လွှားခနဲ ရောက်သွားပြီး သူ့လက်ကိုဆွဲကာဘုရားပြိုကျောင်းပျက်
များကြားမှ ထွက်ခွာလာခဲ့၏။

'နေရစ်တော့ ဆန့်ကျင်ဘက် လုပ်ဖော်ကိုင်ဖက်တို့ရေ'

အချိန်ကသန်းခေါင်ကျော်ပြီ။ ဟို... အဝေးအနောက်ဘက်
ပင်လယ်ကမ်းခြေတွင် ငွေလက ဝင်တော့မည်။

☆

အခန်း (၂၃)

အချိန်မိုင်းအတွင်းမှာပင် ဆောင်ရွက်ရန်ကိစ္စ မြောက်မြား စွာကို ပြီးပြတ်အောင် တက်သုတ်နင်းပြီး ဂျူရယ်လုပ်ကိုင်နိုင်ခဲ့သည်။

တောင်ကုန်းဒေသမှ အပြန်လမ်းတွင် အပိုလီယိုတို့အဖွဲ့နှင့် တွေ့သည်။ အပိုလီယိုအဖြစ်မှာ မျော်လင့်ချက်မရှိတော့။ ဝမ်းပူမှု ဝေးဒဏ်ရာက မသေးငယ်သည့်ပြင် သွေးတအား လွှန်နေပြီ။ ကျောက်တောင်ကြီးထက်တွင် သေငယ်ဇောနှင့် သူ မြောနေပြီ။

သူ့အသက်မထွက်မီ ဂျူရယ်က သူ့စံအိမ်ကြီး၏ စာကြည့် ခန်းကြီးထဲတွင်ရှိနေသော ဒွန် ရွှေဟောင်း ပန်းချီကားများကို မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်ရပ် မေတ္တာရပ်ခံ တောင်းပန်သည်။

အပိုလီယိုက မငြင်းဘော့။ သူ့ကိုယ် သူ သိနေပြီ။ သူ ကြာရှည်နေရတော့မည်မဟုတ်။ အပိုလီယို ခေါင်းညိတ်သည်။

ဂျူရယ်ကို နှုတ်ဆက်စကားနှင့် ကတိတစ်ခု တောင်းခံခြင်း မဟုတ်။ သူ ကွယ်လွန်ပြီးနောက် သူပိုင် စည်းစိမ် ချမ်းသာနှင့် ဥစ္စာပစ္စည်းအားလုံးကို ဇနီးဖြစ်သူဖရန်စစ်စတာနှင့် သူ လူယုံတော် ဝန်ထမ်းများအား အချိုးကျ မျှဝေပေးရန်ပင်။

အပိုလီယို သေဆုံးသည့်အချိန်ထိ ဂျူရယ်တို့ မစောင့်နိုင် ကျောက်တောင်ကုန်းဒေသမှ အမြန်ဆုံးဆင်းလာကြ၏။ စံအိမ်ကြီး တွင် ဒွန် ရွှေဟောင်းပန်းချီကားများ ဝင်ယူသည်။ အခက်အခဲ မရှိ။

အပိုလီယို၏ဆက်ဆံရေးတစ်ယောက်ပါလာသဖြင့် အိမ်တော် ဝန် လူယုံတော်ကြီး လွှန်ဘာဒါက ပန်းချီကားများကို ယုံယုံကြည် ကြည် ပေးအပ်လိုက်၏။

ဒွန်ရွှေးဟောင်း ပန်းချီကားများ ရသည်နှင့် အိုင်ဆိုလာ ဖီလီဘာနိုကျွန်းမှ အမြန်ဆုံး ထွက်ခွာရန် ဂျူရယ် ဒုန်းစိုင်း ဆောင်ရွက်သည်။

အားလုံးအဆင်ပြေ၏။ ဝေလီဝေလင်းတွင် ထွက်ခွာသော ရွပ်ရွင်နှင့် စံပြမောင်မယ်များ လိုက်ပါသည့် ရွက်သင်္ဘောတွင် ဂျူရယ်နှင့် ဒိုင်ယာဒါတို့ အချိန်မီ လိုက်ပါနိုင်ခဲ့ကြသည်။

မာရသွန် ခရီးစဉ်အဖြစ် တရကြမ်း ခရီးပြင်း နှင်ခဲ့ကြရာ နယ်ပယ်မြို့သို့ ရောက်၏။

ထိုမှတစ်ဆင့် လေကြောင်းခရီးဖြင့် မုန်တိုင်းဆင်ပြီး မရပ်မနား လေဟုန်စီးကာ နောက်ဆုံး ဂျင်နီဗာသို့ရောက်၏။

အချိန်ကား ညနေစောင်းနေပြီ။ မိုးချုပ်လျှင် မင်းသားကြီး သုဝဏ္ဏဖန်နှင့် တွေ့နိုင်တော့မည်မဟုတ်။

သို့ဆိုလျှင် ခဲလေသမျှသဲရေကျတော့မည်။ မင်းသားကြီးက သည်ည လေယာဉ်ခရီးစဉ်(၁၀၃)နှင့် သူ့နိုင်ငံသို့ ပြန်မည်။

ဂျူရယ့်အဖြစ်က အမောအပန်း ဖြေရကောင်းမှန်း မူသိ။ ကျွန်ဝယ်ရုတွင် သူ့နောက်မှ ဒိုင်ယာဒါက အဆစ်ပါနေ၏။ ဒိုင်ယာဒါက အမေရိကန်မှ သတင်းအေးဂျင်းဌာနသို့ ပြန်ရမည်။ ရက်စေ့နေပြီ။

ဖြစ်နိုင်လျှင် ဂျူရယ့်ကိုပါ အမေရိကန် ပြန်ခေါ်သွားရန် သူ့နောက်မှ တကောက်ကောက် ပါလာခဲ့ခြင်းပင်။ နှစ်ယောက်လုံး အတူက် ပီအေအေ လေယာဉ် ခရီးစဉ် (၂၀၅)လက်မှတ်ရပြီး ဖြစ်သည်။

မင်းသားကြီး သုဝဏ္ဏဖန် တည်းခိုရာ ဂျီနာဘို တော်ဝင် ဟိုတယ်ကြီးသို့ ဌာနဆိုင်ရာကားဖြင့် တက်သုတ်ခင်ပြီး ဂျူရယ်တို့ ရောက်သွားသည်။ အချိန် မီရုံပင်၊ နောက် နာရီပိုင်း ဆိုလျှင် သုဝဏ္ဏဖန် ထွက်ခွာတော့မည်။

ဂျူရယ်က ဒုန်ရွေးဟောင်းပန်းချီကားများကို မင်းသားကြီးအား ပေးအပ်၏။

ထို့နောက် ဖြစ်ကြောင်းကုန်စဉ်ကို စာရွက်စာတမ်း ပုံစံအထောက်အထားများဖြင့် ပြည့်ပြည့်စုံစုံ တင်ပြ ရှင်းလင်းသည်။

မင်းသားကြီး အားရဝမ်းသာဖြစ်သွားသည်။ သူမထွက်ခွာမီ ဒုန်းရွေးဟောင်း ပန်ချီကားများကို အချိန်မီ ပြန်ရသည့် အတွက် ရွှင်လန်းကြည်နူး ကျေနပ်တက်ကြွနေ၏။

အမေရိကန် သတ္တုကုမ္ပဏီအပေါ် မယုံမကြည် ဖြစ်ပြီး ထားရှိခဲ့သော အာသာတမျှလည်း ရွတ်ခြည်းလွှင့်စဉ် ပျောက်ကွယ်သွားသည်။

ချက် သတ္တုကုမ္ပဏီနှင့် စာချုပ်ရန် အစီအစဉ်ကို ချက်ချင်း ရပ်ဆိုင်းပြီး ဖရမ်ကိုကုမ္ပဏီနှင့် ဆက်လက်ဆောင်ရွက်ရန် ကတိပြုလေသည်။

သည်တော့မှ ဂျူရယ် မငံ့သက်ချနိုင်ပြီး မင်းသားကြီး သုဝဏ္ဏဖန်ကို ဂါဂရဝပြု နှုတ်ခွန်းဆက်ထွက်ခွာလာခဲ့သည်။

သို့တိုင် သူတို့မနားနိုင်ကြသေး။ အမေရိကန်သူ ဒိုင်ယာဒါအချိန်မီပြန်နိုင်ရန်နှင့် မိခင်ဌာနသို့ သတင်းပို့နိုင်ရန် သည်ညထွက်ခွာမည့် ပီအေအေလေကြောင်းခရီးစဉ်(၂၀၅)ဖြင့် လိုက်ပါနိုင်ရေးအတွက် အင်္ဂါကားဖြင့် လေယာဉ်ကွင်းသို့ ဦးစိုင်းဆင်းခဲ့ကြပြန်၏။

သူတို့ လေယာဉ်ကွင်းရောက်တော့ ပီအေအေ လေယာဉ်ကြီးက ထွက်ခွာတော့မည်။ ကြည့်ရှုနေပြီ။ အချို့ ခရီးသည်များ လေယာဉ်ပေါ် ရောက်ကုန်ပြီ။

'ဆမ်....မောင့်ရဲ့ ဆိုရန်တိုထောက်လှမ်းရေး လုပ်ငန်းတွေ အားလုံးပြီးဆုံးပြီ မဟုတ်လား....ဟင်'

'အမောပြေပါရစေဦး....အချစ်ရယ်'

'ဒီမှာ....မောင့်အတွက်ပါ လေယာဉ်လက်မှတ် ယူထားတယ်'

'ဟင်....'

ဦးဝင်းယာဒါက ပီအေအေခရီးစဉ် (၂၀၅) လက်မှတ် နှစ်စောင်ကို ထုတ်ပြ၏။

ဆမ်ဂျူရယ် တအံ့တသြဖြစ်သွားသည်။

'ကျွန်မက သတင်းသမားပါ၊ ကြုံတင်လျှို့ဝှက် စီစဉ်တတ်ပါတယ် မောင်'

'မောင် တောင်းပန်ပါတယ် အချစ်'

'မဟုတ်ဘူးလေ၊ မောင့်နောက်ကို ကျွန်မ မရပ်မနား တကောက်ကောက် လိုက်ခဲ့ပြီးပြီ၊ ဒီတစ်ခါ ကျွန်မနောက် မောင် မလိုက်နိုင်ဘူးလား'

'သိပ် လိုက်ချင်ပါတယ်အချစ်'

'အန္တရာယ် ထူပြောလွန်းတဲ့ မောင့်ရဲ့ ထောက်လှမ်းရေး အလုပ်ကို အပြီးအပိုင် စွန့်လွှတ်လိုက်ပါကော၊ ကျွန်မကပဲ တာဝန်ယူပါရစေ မောင်'

'ဒါလောက် မလွယ်ပါဘူး....အချစ်၊ မောင် ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းအားလုံးကို မိခင်ဌာနအဆင့်ဆင့်နဲ့ အထက်လူကြီးတွေဆီ သတင်းပို့ရပါဦးမယ်၊ အမိန့်မရတဲ့ မောင် ဂျီနီဗာက ထွက်ခွာခွင့် မရှိပါဘူး'

'မောင် ဆုံးဖြတ်ပြီးပြီလား'

'မောင်ဟာ ထောက်လှမ်းရေးဝန်ထမ်းပါ၊ ကိုယ့်ကိုကိုယ် မပိုင်ပါဘူး၊ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် မရှိပါဘူး အချစ်'

ဒိုင်ယာဒါပြုံးသည်။ သို့သော် သူ့မျက်လုံးအိမ်ဝယ် မျက်ရည်စများ ဝဲနေ၏။

'မောင့်အတွက် ကျွန်မရင်နာတယ်'

'မောင်ကိုယ်တိုင်လဲ အသည်းနာ ရင်နှင့်ရပါတယ် အချစ်ရယ်'

'မောင့်ကို ကျွန်မ နှုတ်မဆက်တော့ဘူး၊ ကျွန်မ ငိုချတယ်....'

'ဒီဝင်္ကပ် မကျွတ်သေး သမျှတော့... ဝမ်းနည်းပါတယ် လို့ပဲ ဆင့်ကဲဆက်ကာ ပြောပါရစေဦး အချစ်ရယ်'